www.burmeseclassic.com

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု

# မင်း၏စိတ္တ

အနှစ်နှစ်ထောင်အကျဉ်းခံမာလာစိ



www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



# မင်းစက္က

---

## အနှစ်နှစ်ထောင်အကျဉ်းခံမာလာဝီ

www.burmeseclassic.com

www.burmeseclassic.com

ပဥ္စ ဂုဏ် အပ်ဝန္ဒာမိ

# မင်းစက္က

## (အနှစ်နှစ်ထောင်အကျဉ်းစံမာလာဝီ)


| | | |
|---|---|---|
| အဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၃၁၅၁၁၁၁ |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀၉၄၂၀၁၁၁ |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် ၂၀၁၂ခုနှစ်၊ဇန်နဝါရီလ |
| အုပ်ရေ | - | ၅၀၀ အုပ် |
| တန်ဖိုး | - | ၁၃၀၀ ကျပ် |
| အဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဒေါ်ခင်ချိုချိုမြင့် ထောင်းဆုအော့ဖ်ဆက် အမှတ် (၅၂)၊ ရွှေထင်းဘောလမ်း၊ ၁၃ရပ်ကွက်၊ ရန်ကင်း။ |
| ထုတ်ဝေသူ | - | ဦးထွန်းနိုင်(မြိတ်စာပေ) အမှတ်(၆၆)၊ မိုးဥက္ကာလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | - | မြိတ်စာပေ (ဖုန်း-၅၀၄၄၉၀) ၂၂၁၊ ၃၁-လမ်း(အထက်)၊ ရန်ကုန်။ |
| မျက်နှာဖုံး | - | ထိုထွန်းနိုင်(မြိတ်) |
| အတွင်းဖြန့်ချိရေး | - | နုပါးစာပေ(ရွှေသေး) |
| ဖြန့်ချိရေး | - | ထွန်းဦးစာပေ(ရွှေသေး) |

၈၉၅. ၈၄

မင်းစက္က

အနှစ်နှစ်ထောင်အကျဉ်းခံမာလာဝီ/မင်းစက္က - ရန်ကုန်၊ မြိတ်စာပေ၊ ၂၀၁၁။

၁၉၅ - စာ ၊ ၁၂ × ၁၈စင်တီ

(၁)အနှစ်နှစ်ထောင်အကျဉ်းခံမာလာဝီ။


BURMESE CLASSIC



### အခန်း(၁)

ဒကာကြီး .....

ဦးဇင်းစာရေးလိုက်ပါတယ် ...

ရှေးဟောင်းပစ္စည်းအရောင်းဆိုင်ကိုဖွင့်ထားတယ်ကြားရလို့ဒီစာကိုရေးလိုက်ရတာပါ။ဦးဇင်းတို့သီတင်းသုံးတဲ့တောင်ခြေမှာ "ဓမ္မသုခ" အမည်ရှိ ကျောင်းတစ်ကျောင်းရှိပါတယ်။

ကျောင်းထိုင်ဆရာတော်ကတော့ ပျံလွန်တော်မူသွားပါပြီ၊ ကျန်ရစ်ခဲ့တဲ့ပစ္စည်းအချို့ကိုတော့ ဦးဇင်းကိုစွန့်ကြဲခဲ့ပါတယ်။အဲဒီပစ္စည်းတွေထဲကမှ "အာသံတိုက်ပွဲ"လို့ခေါင်းစဉ်ရေးထားတဲ့ ပုရပိုဒ်ကိုတွေ့ရတာကြောင့် ဒကာကြီးရဲ့ဝါသနာကို ဦးဇင်းသိထားတာနဲ့ အထောက်အကူရလိုရငြားဖြင့် ပေးပို့လိုက်ပါတယ်။

စီရင်ရေးသားသူမြို့ဝန် နေမျိုးလကျ်ာမင်းထင် မှာ ဓမ္မသုခ ဆရာတော်ဘုရားကြီး၏ ဘေးတော်စပ်ကြောင်းမှတ်သားရဘူးပါတယ်။

ကြီးပွားချမ်းသာကြပါစေ

ဦးဥာဏဗလ

ဓိးတောကြီးကျောင်းတိုက်

ငဖဲမြို့။

နေအောင်စိုး ....

ငါမရမ်းခေါင်ဇင်ပါ။

တို့များဟိုးတနှစ်က မြစ်ကြီးနားမှာဆုံပြီးကတည်းက နောက်ထပ် မတွေ့ကြရတာခုဆို လေးနှစ်တောင်ရှိသွားပြီနော်။

www.burmeseclassic.com

www.burmeseclassic.com



မင်းမိန်းမရပြီလား၊ငါတော့ ကလေးအဖေ အခေါ်ခံရတော့မယ်၊ တို့မင်္ဂလာပွဲကိုအကျဉ်းရုံးလိုက်တာမို့ မင်းဆီကိုဖိတ်စာမပို့တာ ခွင့်လွှတ်ပါကွာ ...

အခုမင်းဆီစာရေးရတဲ့အကြောင်းကတော့ မြို့ဟောင်းသတင်းတစ်ပုဒ်ရလာလို့ပဲ။ အရင်အပတ်က ငါ 'ဂူဘား' ကိုရောက်သွားတယ်၊အဲဒီမှာရှေ့မီနောက်မီ တိဗက် အဘွားတစ်ယောက်ရှိ တယ်၊ နာမည်က အဘွားဝွန်တဲ့၊ သူ့မြေးအင်ဂျန်နဲ့ငါက အမဲလိုက်ဖက်ပေါ့ကွာ ...

အင်ဂျန်တို့အိမ်မှာ တစ်ညစတည်းချပြီး ကတိုးကောင်လိုက်ကြတယ် သိပ်တော့ဝေးဝေး မသွားဖြစ်ကြဘူး 'တဆူဘိုရာကီ' တောင်ခြေရင်းက ရေခဲပြင်ထဲမှာဘဲ အဲ ... ဆောရီးကွာ နေအောင်စိုး၊ ငါအဓိကရေးချင်တာက အင်ဂျန်အိမ်မှာ အိပ်တဲ့ညက ရောက်တတ်ရာရာပြောရင်း ရှေးဟောင်းမြို့တွေအကြောင်းရောက်သွားတယ် ငါကပုဂံမြို့ဟောင်း၊မိုင်းမောမြို့ဟောင်း၊ဗိဿနိုး၊ဟန်လင်း၊သရေခေတ္တရာမြို့ဟောင်းတွေအကြောင်း အင်ဂျန်ကိုပြောပြရတယ်။ ပြီးမှ တစ်ခေါက်တစ်ခါတော့သွားပြီးလေ့လာသင့်တဲ့အကြောင်းပေါ့ကွာ ...

ဒီမှာတင် အင်ဂျန်တို့အဘွားက 'မင်းတို့ဝေးဝေးလံလံသွားကြည့်နေစရာမလိုပါဘူး၊ မြို့ဟောင်းကြည့်ချင်ရင် 'ဟုန်လာလခါး' တောင်ကြားမှာသွားရှာပါလား'တဲ့၊'မီရှဒန္တ' မြို့ဟောင်းလို့ပြောတယ်၊ ရေခဲတွေအရည်ပျော်တဲ့အခါ တွေ့ချင် တွေ့မယ်တဲ့ကွ၊ အဘွားဝွန်ရဲ့ အဆိုအရတော့ သူတို့ဇာတိ 'ဟိုက်လနယ်' က သက်ကြီးရွယ်အို အတော်များများက 'မီရှဒန္တ' မြို့ ဟောင်းအကြောင်း သိကြသတဲ့၊ အဲ . . . ပြီးတော့ သူတို့ဘိုးဘေးဘီဘင်ထဲက တစ်



ယောက်ယောက်ဟာ 'မီရှဒန္တ' မင်းနေပြည်မှာ အမှုထမ်းဘူးတယ်လို့လည်း ပြောပြတယ် ။

အဲဒီ မီရှဒန္တ မြို့မှာ နေကြတာကတော့ 'ဒေါ'လူမျိုးစု တွေတဲ့၊ ငါသိထားတာတော့ တို့မြန်မာပြည်မှာ ဒီနာမည်နဲ့ လူမျိုးစုနွယ်မရှိခဲ့သေးဘူး၊ မင်းစိတ်ဝင်စားရင် လာခဲ့ပါလား နေအောင်စိုး၊ သွားရမှာကတော့ အဝေးကြီးပဲ၊ ခရီးလမ်းကြမ်းတမ်း ခက်ခဲတာကတော့ ပြောစရာမလိုဘူးပေါ့ကွာ၊ ဒီဘက်မှာခရီးသွားလို့ အကောင်းဆုံးအချိန်က ဆောင်းပဲကွ၊ အေးအေးဆေးဆေး ဆောင်းမှာလာပြီး ဟုန်လာလခါးနဲ့ အနီးဆုံးမှာ ခြေကုပ်စခန်းတစ်ခု ဆောက်ပြီး ရေခဲတွေပျော်မှ 'မီရှဒန္တ' ကိုရှာဖွေမယ်ဆိုရင် အသင့်တော်ဆုံးပဲ နေအောင်စိုး၊ မင်းလာမယ်ဆိုရင် လိုက်ပို့ဖို့က ငါ့ တာဝန်ပဲ။

အော် ... ဒါနဲ့ နေအောင်စိုး–ငါပူးတွဲပြီး ထည့်ပေးလိုက်တဲ့ ဓါတ်ပုံက အဖွားဝွန်ဆီမှာ ရှိနေတဲ့ ပန်းချီကားကို ခဏငှားပြီး ဓါတ်ပုံရိုက်ထားတာ၊ 'မီရှဒန္တ' မြို့ ကောင်းစားစဉ်အခါက'ဒေါ' လူမျိုးစုရဲ့ အရှင်မ လို့ ဆိုတာပဲ၊ သူတို့ ဆွေစဉ်မျိုးဆက် သိမ်းလာတဲ့ ပစ္စည်းတစ်ခုပေါ့ကွာ၊ တောင်းလို့ ဝယ်လို့ မရတာနဲ့ ငါလဲခဏငှားပြီး ဓါတ်ပုံရိုက်ပို့လိုက်တယ်ကွာ။

ဒါပဲကွာ ...မင်းကိုဘုရားသခင် ကောင်းချီးမင်္ဂလာ သွန်းလောင်းပါစေ ။

မင်းရဲ့ ...

မရမ်ဒေါင်ဇင်

နမ့်ခမ်းရွာ။

www.burmeseclassic.com

www.burmeseclassic.com



ခလုပ်တိုက်မှအပြန်တွင် အထက်ပါစာနှစ်စောင်က နေအောင်စိုးအား ဆီးကြိုနေပါ၏။ နေအောင်စိုးသည် စာများကို တတိယအကြိမ် ဖတ်ရှုပြီးနောက် ကိုယ်ရေးစာများ ဖိုင်တွဲတွင် သေသပ်စွာ ထည့်သွင်းညှပ်ထားလိုက်သည်။

ဦးဇင်းကြီး ဦးဉာဏဗလ ပို့လိုက်သော ပုရပိုက်မှာ ပုရပိုက်ဖြူဖြစ်၏။ အေးအေးဆေးဆေးမှ ဖတ်တော့မည် စိတ်ကူးပြီး ကြက်သွေးရောင် ကတ္တီပါအိတ်လေးဖြင့် ပြန်လည်ထည့်သွင်းသိမ်းထားလိုက်သည်။

မရမ်ဒေါင်ဇင် ထည့်ပေးလိုက်သော ဓါတ်ပုံမှာ အနည်းငယ်ဝါးနေ၏။ ပန်းချီကားကို ပြန်လည်ရိုက်ထားရသဖြင့် ပြတ်သားကြည်လင်မှု နည်းပါးနေသည်ပဲလား၊ မူလပန်းချီကား ကပင်ပီပီပြင်ပြင် မရှိ၍ပဲလား မသိရပါ။

သို့သော် ရက်ရက်စက်စက် ချောမည့် ကေရီတစ်ပါးဟု တော့ အလွယ်တကူ ခန့်မှန်းနိုင်ပါ၏။ ရင်ညွန့်အထက်ပိုင်း ပခုံးများကို သဘာဝအတိုင်း လှစ်ပြထားသော ဝတ်စားဆင်ယင်မှုမှာ ပုံထဲက မိန်းမချောနှင့် လိုက်ဖက်နေပါသည်။

ပြတ်သားကြည်လင်မှုမရှိသော ဓါတ်ပုံတွင် ခန္ဓာကိုယ်ကောက်ကြောင်းအလှကမူ ပီသပေါ်လွင်လျက်ရှိနေ၏။

ဒေါ တို့၏အရှင် .....

မိရှဒန္ဓ မြို့ဟောင်း .....

ထိုအမည်နာမ နှစ်ခုမှာ နေအောင်စိုးအတွက် အသစ်အဆန်းဖြစ်နေ၏။ ကျောက်စာ၊ မှန်စာ၊ ပေစာ၊ ရွှေပြားစာ၊ ပုရပိုက်၊ ကျူရွက်စာ စသည့်လက်လှမ်းမှီသရွေ့ လေ့လာဖတ်ရှုခဲ့ရသည်ထဲတွင်



ယင်းအမည်နာမမျိုး မတွေ့ဘူးသေးပါချေ။

သို့ဆိုပါမူ .....

ဒေါနှင့်မိရှဒန္ဓ ရေခဲပြင်မြို့ မှာ သမိုင်းမတင်မီခေတ်က မြို့တစ်မြို့နှင့် လူမျိုးစုတစ်မျိုး မဖြစ်နိုင်ပါသလော။

တွေးရင်းက နေအောင်စိုး၏ မျက်လုံးများမှာ စိတ်ဝင်စားမှုကြောင့် အရောင်တလက်လက် တောက်ပလာခဲ့၏။ မိရှဒန္ဓကို ငါဘာကြောင့် ခြေရာမကောက်နိုင်ရမှာလဲ။

‘ သားရေ ...ကိုစိုး... အဝတ်အစားလဲတော့လေ၊ ရေပါ တစ်ခါတည်း ချိုးလိုက်ပါလား၊ ထမင်းစားကြမယ် ’

စာနှစ်စောင်ဖြင့် အတွေးလွန်နေသော နေအောင်စိုး၏ ရှေ့တွင် မိခင်ကြီး ရပ်လာသည်။

‘ အော် ... မေမေ၊ သားမဆာသေးလို့ ပါ၊ ပြီးတော့ ရှာစရာ တစ်ခုလည်း ရှိလို့ မစားသေးဘူး၊ ဆာရင်စားနှင့်ပါ မစောင့်နဲ့ တော့နော် မေမေ ’

‘ စောင့်ရတာပေါ့တော် ... ကျုပ်သား ကိုစိုးမျက်နှာလေး ကြည့်စားမှ ကျုပ်ကထမင်းမြိန်တာ ’

‘ အော်... မေမေကလဲ၊ ကဲ--ကဲ -- စားမယ်၊ စားမယ်၊ ရှာစရာရှိတာ ညမှပဲရှာတော့မယ်ဗျာ ’

သူမစားမချင်း ထမင်းစားမည် မဟုတ်သော မိခင်ကြီး အကြောင်းကို အတတ်သိနေသဖြင့် နေအောင်စိုးသည် မဆာပါဘဲ လျက် ထမင်းစားခန်းသို့ ထလိုက်သွားရပါတော့သည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

မြန်မာဘယ်ကစသနည်း။

သည်မေးခွန်းကို သမိုင်းပညာရှင်များပင် တိကျသော အဖြေကို ပေးနိုင်ခြင်းမရှိသေးပေ။

ယခုအချိန်ထိ ခန့်မှန်းအဆင့်မှာပင် ရှိနေပါသေးသည်။ ပြဿနာတစ်ခုအနေဖြင့်သာ ရှိနေပေသေးသည်။

'မြန်မာဘယ်ကစ' ဟူသောအမေး၏ သမိုင်းရေးအဖြေကြီးတစ်ရပ်ကို တူးဖော်လေ့လာခြင်းဖြင့်သာ ဖော်ထုတ်စွမ်းဆောင်နိုင်မည်သာဖြစ်သည်။

သို့စေကာမူ လောလောဆယ်အားဖြင့် 'ရှေးဟောင်းသုတေသနဦးစီးဌာန' သည် အခြားသော သမိုင်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ကွင်းဆင်းလုပ်ကိုင်ရန် ရှိနေသေးသဖြင့်လည်းနေအောင်စိုး စိတ်ဝင်စားနေသော 'မြန်မာဘယ်ကစ' ဟူသောကောက်ကြောင်းကိုရရန် အခြေအနေမပေးသေးပေ။

တူးဖော်မှုပြုရန် တိကျသော ပြဌာန်းချက် မရှိသေးဟုယူဆရသည်။

သမိုင်းပညာရှင်များက အက္ခရာမှတ်တမ်းအတိအကျ မတင်နိုင်သေး၍သာ 'မြန်မာဘယ်ကစ' ကိုမိမိက ကောက်နိုင်ခဲ့ပါလျှင် မူရှေးဟောင်းသုတေသန ဦးစီးဌာန၏တာဝန်ကို ကူညီခွဲဝေယူဆောင်ရွက်ရာကျသည် မဟုတ်ပါလော။

မြန်မာအစကို ကောက်ရာ၌ မိမိနှစ်သက်သော သည်းလိုက်ရင်တုန် အတွေ့အကြုံများလည်း ရနိုင်စရာရှိ၏။

မြန်မာအစသည် မဟာဝိဇ္ဇာတန်း တက်စဉ်ကပင် နေအောင်



စိုး အား ပြုစားလျက်ရှိသည့်ပြဿနာဖြစ်ခဲ့သည်။

ယခု 'မိရဒန္တ' နှင့် 'ဒေါ' လူမျိုးစုက ဖမ်းစားပြန်လေပြီ။

'ဒေါ လူမျိုးသည်ပင် မြန်မာအစလော'

'မြန်မာအစသည်ပင် မိရဒန္တမြို့ပင်လော'

မြန်မာပညာရှိကြီးများ ပြုစုရေးသားသော မှန်နန်းမဟာရာဇဝင်တော်ကြီးတွင် 'မြန်မာအစ တကောင်းက' ဟုဆိုထား၏။

မြန်မာလူမျိုးတို့သည် အရှေ့မြောက်ဘက် ယူနန်နယ်မှဝင်ရောက်လာသည် ဟူသော အခြားအဆိုတစ်ရပ်ကလည်း ရှိနေပေသေးသည်။

မြန်မာပညာရှိကြီးများ၏ မှန်နန်းမဟာ ရာဇဝင်တော်ကြီးတွင်–

'ဂေါတမဗုဒ္ဓ' ပွင့်တော်မမူမီ မဇ္ဈိမဒေသ (ကပိလဝတ်) ပြည်မှအဘိရာဇာမည်သော သကျသာကီဝင်မင်းသည် မြန်မာနိုင်ငံသို့ရွှေ့ပြောင်းလာ၍ တကောင်းပြည်ကို တည်ထောင်သည်။

တဖန် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိနေ့ချိန် ကပိလဝတ်ပြည်ပျက်၍ 'ဓဇရာဇာ' သာကီဝင်မင်း ရောက်ရှိလာ ပြန်ကာယခင်ရောက်နှင့်ပြီးသော သာကီဝင်ဆက်နှင့် ဆက်သွယ်မိပြီးလျှင် တကောင်းပြည်ကို ပြန်လည်တည်ထောင်ခဲ့သည်ဟု ဆိုထားပေ သည်။

ဒုတိယအဆိုနှင့် ပတ်သက်၍ ရန်ကုန်တက္ကသိုလ် ကမ္ဘာ့ အရှေ့များဆိုင်ရာ နိုင်ငံများ သမိုင်းဌာန အတူးပါမောက္ခ ဒေါက်တာဂျီအိပ်ချ်လုခ် ၏ ရှာဖွေတွေ့ ရှိချက်များ၊ ယူဆချက်များမှ ကောက်နုတ်ဖော်ပြရပါမူ...

မြန်မာအစုဝင်တို့ အပါအဝင် ဖြစ်သောတိဗက်မြန်မာအနွယ်ဝင်တို့ဒေသသည် ရှေးတိဗက်နှင့် တရုတ်တို့၏ မူရင်းနေရာ နှစ်ခု

www.burmeseclassic.com

www.burmeseclassic.com



စပ်ကြားရှိ တရုတ်ပြည်မ၏ အနောက်မြောက်ဘက်နှင့် တိဗက်ပြည် အရှေ့မြောက်ဘက်ရှိ ကန်စုနယ် တောင်ပိုင်းဒေသ ဖြစ်ခဲ့ဟန်တူ၏။

မြစ်ဝါမြစ် မြောက်ဘက် မိုင်ရှစ်ဆယ်ခန့် အကွာရှိ 'အန်ယင်' ဒေသတွင် တွေ့ရှိခဲ့သော ဘီစီတစ်ထောင့်တစ်ရာခန့်က ရေးခဲ့သည်ဟု ခန့်မှန်းရသည့် တရုတ်အရိုးစာများအရ သိုးထိန်းခြင်းဖြင့် အသက်မွေးသော 'ချီအင်' ခေါ်လူမျိုးတစ်မျိုးမှာ 'အန်ယင်' အနောက်ဘက်ပိုင်းတွင် နေထိုင်ခဲ့ကြောင်း အထောက်အထားတွေ့ရ၏။

တရုတ်မင်းဆက်များ အင်အားကြီးလာသောအခါ 'ချီအင်' များကို တိုက်ခိုက်ကြသည်။ 'ချီအင်' တို့သည် တရုတ်တို့ ဘေးရန်မှ ကင်းဝေးအောင် အနောက်ဘက်သို့ ရွှေ့ပြောင်းခဲ့ရာ ဘီစီ ငါးရာခန့်တွင် 'အန်ယင်' အနောက်ဘက် မိုင် ၆၀၀ ကွာသော ဒေသသို့ ရောက်နေခဲ့ကြသည်။အချို့မှာ တောင်ဘက်သို့ ရွှေ့ပြောင်း၏။ နောက်ဆက်ခံသော တရုတ်မင်းတို့လိုက်လံတိုက်ခိုက် မှုကြောင့် တောင်ဘက်သို့ ရွှေ့ပြောင်းလာသော 'ချီအင်' တို့သည် ခရစ်နှစ် အစလောက်တွင် 'စုချွမ်' နယ် အနောက်ပိုင်းနှင့် ယူနန်နယ် မြောက်ပိုင်း အထိရောက်နေခဲ့ပြီဖြစ်ကြောင်း 'တန်' ရာဇဝင်ကျမ်း များမှတဆင့် သိရပေသည်။

ဤ 'ချီအင်' တို့မှာ တိဗက်မြန်မာ အနွယ်ဝင်များ ဖြစ်ကြ၏။ အေဒီ ၃၅၀ လောက်တွင် တိဗက်မြန်မာ အနွယ်ဝင်တို့၏ ရှေးပြေးလူမျိုးစု ဖြစ်သော ပျူတို့သည်လည်းကောင်း၊ သက်၊ ကဒူးနှင့် ချင်းတို့သည်လည်းကောင်း မြန်မာနိုင်ငံတွင်းသို့ဝင်ရောက်နေပြီ ဖြစ်ကြောင်း ရှေးဟောင်း တရုတ်စာပေများတွင် တွေ့ရှိရ၏။

'ကန်စု' နယ်မှ ရွှေ့ပြောင်းလာစဉ် သက်၊ ကဒူးနှင့် ချင်းတို့သည် အနောက်ဘက်ကြောင်းမှ တိဗက်ပြည်နှင့် နီးကပ်စွာ ရွှေ့ပြောင်းကြ၍ မြန်မာနိုင်ငံ အနောက်မြောက်ဘက် အာသံပြည်ဘက်မှ မြန်မာနိုင်ငံ အတွင်းသို့ ဝင်ရောက်ခဲ့ကြ၏။



'ရှေးမြန်မာ' တို့မှာမူ အရှေ့ဘက်ကြောင်းမှ တောင်ဘက်သို့ တရုတ်ပြည်နှင့် နီးကပ်စွာ ရွှေ့ပြောင်းလာခဲ့ခြင်းဖြစ်၍ မြန်မာနိုင်ငံ အရှေ့မြောက်ဘက် 'ယူနန်' နယ်ဘက်မှ မြန်မာနိုင်ငံ အတွင်းသို့ ဝင်ရောက်ခဲ့ကြ၏။

အာရှတိုက်အလယ်ပိုင်း 'ဂိုဘီ' သဲကန္တာရအလွန် သမပိုင်းဇုံအတွင်း ကျရောက်သော မူရင်းဒေသမှ တောင်ဘက်သို့ရွှေ့ပြောင်းချိန်တွင် ရှေးမြန်မာတို့သည် တရုတ်တို့နှင့် တန်းတူဖြစ်သော ယဉ်ကျေးမှု အဆင့်အတန်းကို ရရှိနေပြီးဖြစ်၏။

ဤသို့ အဆင့်ဆင့် ရွှေ့ပြောင်းခဲ့ရာတွင် နေထိုင်မှုစနစ်ကို အကြိမ်ကြိမ် ပြောင်းခဲ့ရပုံပေါ်သည်။

မူရင်းဒေသဖြစ်သော မြက်ခင်းတွင် သိုးကျောင်းသားဘဝ။
နောက်... သဲကန္တာရသားဘဝ...
တောင်ဘက် ရေခဲလွှမ်းကုန်းမြင့်ဒေသ အနောက်ဘက်တွင် ရေခဲမြစ်သားဘဝ...
'စုချွမ်းနယ်' တောင်ဘက် ဝါးမြောင် စိမ့်စမ်းတွင် တောတွင်းသားဘဝ ...
ယူနန်နယ် သစ်တောပါး ကုန်းပြင်မြင့်တွင် ကုန်းမြင့်သားဘဝ ...

ဤသို့ဖြင့် ရာသီဥတု၊ ပတ်ဝန်းကျင်ဒေသ၊ အခြေအနေ၊ လုပ်ကိုင်စားသောက်မှု မှအစ ကွဲပြားခြားနားသည့် လူနေမှုစနစ်

www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးပြောင်းလဲ နေထိုင်ခဲ့ကြရသည်။

ရွှေ့ပြောင်းရာ ခရီးရှည်ကြီးတွင် တစ်ထောက်နားရသည့် ဒေသဖြစ်သော ယူနန်နယ် အနောက်ပိုင်း နန်ကျောက်ပြည်သို့ ရောက်နေစဉ် အေဒီ ၇၀၀ စုနှစ်မှ ၉၀၀ ရာစုနှစ်အတွင်း ရှေးမြန်မာတို့အကြောင်းကို ခေတ်ပြိုင် တရုတ်စာပေ အထောက်အထားတို့မှ သိရှိကြရ၏။

ထိုအတွင်း ယူနန်နယ် အနောက်ပိုင်း နယ်များကို စုပေါင်း၍ 'နန်ကျောက်ပြည်ထောင်စု' ဟူ၍ ပေါ်ပေါက်လာခဲ့သောအခါ တွင်ကား တိဗက်၊ တရုတ်၊ နန်ကျောက် သုံးပွင့်ဆိုင် တန်ခိုးအာဏာ အင်အားပြ တိုက်ခိုက်မှုများအကြား ရှေးမြန်မာတို့သည် ဖြတ်သန်းရွှေ့ပြောင်းသွားလာ နေထိုင်ခဲ့ကြရသည်။ ယှဉ်ပြိုင်တိုက်ခိုက် မှုများတွင် ပါဝင်ဆင်နွှဲခဲ့ရသည်လည်း ရှိခဲ့သည်။

နန်ကျောက်နယ် ရောက်နေစဉ် ရှေးမြန်မာတို့သည် 'မြန်မာ' ဟု မခေါ်တွင်သေးပေ။

လူမျိုးစု တစ်ခုအမည်ကို ယင်းလူမျိုးအား အုပ်စိုးသူကို ခေါ်ဝေါ်သည့် ဝေါဟာရအတိုင်း တရုတ်တို့က ခေါ်ဝေါ်ခဲ့ကြ၏။ သို့ဖြစ်၍ ရှေးမြန်မာတို့သည် မိမိတို့ကို အုပ်စိုးသူ၏ အမည်ဖြင့်သာ အမည်တွင်ခဲ့ကြရသည်။

ယင်းလူမျိုးတို့မှာ 'မန်'သို့မဟုတ် 'မန်ကျောင်း' 'ဝမ်ကျူး' 'ဝမ်ဝိုင်ယူ' 'ဖူ' စသည်တို့ဖြစ်သည်။ မန်မှာ မင်းဖြစ်၍ မန်ကျောင်းမှာ 'မင်းစော' ဖြစ်၏။ မြန်မာတို့၏ အကြီးအကဲ ဘုရင်ကို ခေါ်သော ဝေါဟာရပင် ဖြစ်ပါ၏။

'ပေါင်ရှန်မြို့' အနောက်မြောက်ဘက်တွင် 'ဝမ်ဝိုင်ယူ'



လူမျိုးစု နေထိုင်ခဲ့သည်။ ဝမ်ဝိုင်ယူတို့သည် ရန်သူတို့ရပ်တည်ခုခံနိုင်စွမ်းမရှိအောင် စစ်ထိုးပြင်းထန်၍ စစ်လက်နက်အဖြစ် လှံများ၊ လှံပုဆိန်များနှင့် သစ်သားလေးများကို ကိုင်စွဲတတ်ကြ၏။

'တာလီဖူမြို့' တောင်ဘက် မဲခေါင်မြစ် အရှေ့ဘက်ဒေသမှာ 'ဝမ်ကျူး' လူမျိုးစု၏ ဒေသဖြစ်သည်။ ယင်းတို့မှာ မြင်းရေး၊ လှံရေးတွင် အထူးကျွမ်းကျင်သူများ ဖြစ်ကြ၏။ နန်ကျောက်ဘုရင်မတော် စစ်ချီသောအခါတိုင်း 'ဝမ်ကျူး' တို့၏ မြင်းတပ်သည် စစ်ဦးမှ လိုက်ပါရစမြဲ ဖြစ်သည်။ ဝမ်ကျူး အမျိုးသားများနှင့်အတူ ဝမ်ကျူး အမျိုးသမီးများလည်း ပါဝင်ကြ၏။ မြင်းကို ကုန်းနှီးမပါဘဲ စီး၍ လှံနှင့်လှံပုဆိန်တို့ကို ဝင့်ကာဝင့်ကာ လျှပ်ပြက်သည့်နှယ် တိုက်ခိုက်နိုင်သူများလည်း ဖြစ်၏။

'ဖူ' လူမျိုးတို့သည် ပေါင်ရှန်မြို့ အနောက်မြောက်ဘက်တွင်နေထိုင်ခဲ့ကြသည်။ အရုပ်အမောင်းမြင့်မား၍ ခွန်အားကြီးသူများ၊ စစ်သွေး စစ်စိတ်ပြည့်ဝ၍ ရဲရင့်သူများ၊ သတ္တိပြောင်သူများ ဖြစ်ကြ၏။ အကြီးအကဲကို ချီယူ (စိုး) ဟုခေါ်ကြသည်။ စက်ဝိုင်းပုံကာ အငယ်စားများ၊ လှံများ၊ ဝါးဖြင့်ပြုလုပ်ထားသော လေးတို့ကို ကိုင်စွဲ တိုက်ခိုက်ကြ၏။

ပေါင်ရှန်မြို့တောင်ဘက် ယရုသိန္ဓုနယ်တွင် မန်ကျောင်းခေါ်မင်းစောလူမျိုးစုတို့ နေထိုင်ကြ၏။ ယင်းတို့၏ အကြီးအကဲများကို မန် (မင်း)ဟုခေါ်ကြသည်။ မင်းစောလူမျိုးစု အတော်များများရှိ၍ ရောနှော နေထိုင်သည်။ ကျွဲလောက်သာ ရှိသော ဆင်ပုလေးများကို မွေးမြူ၍ ထွန်ယက်စိုက်ပျိုးကြ၏။ အမျိုးသားများမှာ ဘောင်းဘီပြာများကို ဝတ်ဆင်၍ အနီရောင်ပုဝါပါးများကို သျှောင်ထုံးထား သော

www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်း၌ ပေါင်းထားတတ်ကြ၏။

နန်ကျောက်၌ နေစဉ် ရေးမြန်မာတို့သည် နန်ကျောက်၏ လက်အောက်ခံဖြစ်ခဲ့ရသည် မှန်သော်လည်း မိမိတို့လူမျိုးစု ဆိုင်ရာ အကြီးအကဲများနှင့် တစ်သီးတစ်ခြား နေထိုင်ခဲ့ကြသူများ ဖြစ်၏။ နန်ကျောက် ပြည်ထောင်စု တာဝန်များနှင့် စစ်ဆင်ရေး၊ ကာကွယ်ရေးတို့တွင် ရှေ့တန်းမှနေ၍ ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြသူများဖြစ်ပါသည်။

တရုတ်နိုင်ငံ၊ တိဗက်နိုင်ငံ၊ အာရှအရှေ့တောင်ပိုင်း နိုင်ငံတို့နှင့် ဆင်နွှဲခဲ့ရသည့် နန်ကျောက်တို့၏ စစ်ပွဲများတွင် ရေးမြန်မာတို့မှာ ဆိုးတူကောင်းဖက် ပါဝင်ဆင်နွှဲခဲ့ကြသည်သာ ဖြစ်သော်လည်း နန်ကျောက်မင်း ' ယိမိုယွန်း ' လက်ထက် အေဒီ ၇၉၄တွင် နန်ကျောက်တို့၏ ကိုက်ခိုက်ခြင်းကို ခံခဲ့ကြရလေသည်။

ထို့ကြောင့်လည်း လွတ်လပ်ရေးကို အမွန်အမြတ်ထားကြသူများပီပီ လွတ်လပ်စွာ တိုင်းပြည်ထူထောင် နေထိုင်နိုင်မည့် အခွင့်အလမ်းပွင့်လာသဖြင့် ၂၁ရာစု ကုန်ခါနီးလောက်တွင် မိမိတို့ အရင်က မြေစမ်းခရမ်းပျိုးသည့်သဖွယ် မြန်မာနိုင်ငံဟု ခေါ်တွင် လာမည့် ဒေသသို့ တစိမ့်စိမ့် ရွှေ့ပြောင်းလျက်ရှိသော သားချင်းရေးမြန်မာတို့၏ခြေရာအတိုင်း အင်တိုက်အားတိုက် အလုံးအရင်းနှင့် လျင်မြန်စွာ ရွှေ့ပြောင်းခဲ့ကြသည်ဟု ယူဆရပေ၏။

ဤသို့ ရွှေ့ပြောင်းမှုတွင် ရေးမြန်မာလူမျိုးစုဟူသရွေ့ တစ်ယောက်မကျန် ရွှေ့ပြောင်းလာခြင်းမျိုးကား မဟုတ်ပေ။ နန်ကျောက်ပြည် မူရင်းဒေသတွင် နေရစ်ခဲ့သူများလည်း ရှိသေးသည်သာဖြစ်သည်။ မြေပြန့်သို့အဆင်းကုန်းမြင့် အစွန်ရောက်ခါမှ မလိုက်တော့ဘဲ ချန်ရစ်နေခဲ့ကြသူများလည်း ရှိ၏။ ရှေးယခင်ကတည်းက တရွေ့ရွေ့ တဖြည်းဖြည်း ရွှေ့ပြောင်း ရောက်ရှိကာ မြန်မာနိုင်ငံ မြေပြန့်တွင် အခြေစိုက် နေထိုင်လျက်ရှိပြီး ဖြစ်သော ရေးမြန်မာတို့လည်း ရှိမည်သာ ဖြစ်ပါ၏။



ဤသည်ကား ဒေါက်တာဂျီအိပ်ချ်လုခ်၏ ရှာဖွေလေ့လာတွေ့ရှိချက်များပင်ဖြစ်ပါသည်။

အပြန်ပြန် အလှန်လှန် အဖန်တလဲလဲ စိစစ်တွေးတောအပြီးတွင်မေးခွန်းအချို့မှာ နေအောင်စိုး ဦးနှောက်ထဲ ဝင်ရောက်လာတော့၏။

နန်ကျောက်တွင် တစ်ထောက်နားသလို မိရှဒေသ တွင် တစ်ထောက်နားပြီးမှ နောင်အခါတွင် မြန်မာဟု ခေါ်တွင်လာမည့် လူမျိုးစုများသည် မြစ်ကြောင်းအသီးသီးတစ်လျှောက် ဆက်လက်ရွှေ့ပြောင်း စိမ့်ဝင်လာခြင်းပင် ဖြစ်သလော။

ယူနန်မှ မြန်မာပြည်တွင်းသို့ ' နမ်နီလခါး ' တောင်ကြားမှ ဝင်လာမည်။ ပြီးမှမြောက်စွန်း ဒေသကို ဖြတ်သန်းမည်၊ ' ဟုန်လာလခါး ' တောင်ကြားတစ်ဝိုက် ရောက်တော့မှပင် တစ်ထောက်နားကြ၏။ ထိုနေရာတွင် ကြိုက်နှစ်သက်သည့် ပတ်ဝန်းကျင် အခြေအနေမျိုးရှိ၍လည်း ဖြစ်ပေမည်။ ထိုသို့ တွေး၍ လည်း ရနိုင်သည်ပဲ။

ဒေါသည် ' ဝမ်ဝိုင်ယူ ' ' ဖူ ' ' ဝမ်ကျူ ' ' မန်ကျောက် ' တို့၏ မျိုးနွယ်ဆက် အကြွင်းအကျန်လော။

သီးခြားလူမျိုးနွယ်ပင် ဖြစ်သလော။

ဒေါသည် ' ဝမ်ဝိုင်ယူ ' ' ဖူ ' ' ဝမ်ကျူ ' ' မန်ကျောက် '

www.burmeseclassic.com

www.burmeseclassic.com



တွေထက် အနှစ် ၄၀၀ ခန့် စော၍ ယူနန်နယ်မှ ပြောင်းရွှေ့လာသော မြန်မာကြီးများပင် ဖြစ်သလော။

ဒေါသည် 'ဝမ်ပိုင်ယူ' 'ဖူ' 'ဝမ်ကျူ' 'မန်ကျောက်' စသည့်လူမျိုးစုများနှင့် အတူလိုက်ပါလာပြီးမှ အပူရပ်ဝန်း ဧရာဝတီတစ်ဝိုက်သို့ မလိုက်ပါဘဲ နောက်ချန်နေခဲ့သော လူမျိုးစုများထဲမှ တစ်စုပင်ဖြစ်သလော။

ရှေးမြန်မာကြီးများသည် နောင်မြန်မာပြည်ဟု ခေါ်တွင်လာမည့် နေရာဒေသသို့ လမ်းကြောင်းအသီးသီးမှ ဝင်ရောက်လာကြစဉ် နောက်ချန်နေခဲ့သော ရှမ်းပြည်နယ်၊ မြေလတ်ဒေသမှ ဓနု၊ တောင်ရိုး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းမှ မဂူ၊ အဓိ၊ လရှိ၊ မိုင်းလားမွန်းတို့မှာ သက်သေအဖြစ် ရှိနေပေသေးသည်။

မှန်နန်းရာဇဝင်တော်ကြီး၏အဆိုနှင့် ဒေါက်တာဂျီအိပ်ချ်လုခ်၏ လေ့လာတွေ့ရှိချက်များမှာ တူညီခြင်းမရှိပါ။

ရာဇဝင်များတွင် မတူညီသည့်အချက်၊ ညှိနိုင်း၍ မရသည့်အချက်များ ရှိနေခဲ့သည်မှာ အထင်အရှားရှိနေဆဲပင်။

ကြိုက်ရာယူသော်ရ၏ ဟုပဲဆိုရပါတော့မည်။ ယခုလည်း နေအောင်စိုးသည် ဒေါက်တာ ဂျီအိပ်ချ်လုခ်၏ အယူအဆကို ဘရင်းထား၍ 'မြန်မာအစ'ခြေရာကို ကောက်တော့မည်ဟု ဆုံးဖြတ်လိုက်တော့၏။

'ဒေါ'သည်မြန်မာအစ ဖြစ်နိုင်ဘိ၏။

'မိရဒန္တ'သည်မြန်မာအစ ဖြစ်နိုင်ဘိ၏။

*****



အခန်း(၃)

'သားရေ... ကိုစိုး'

'ခင်ဗျာ ... မေမေ'

'ဟောတော့... မေမေတောင် ဘုရားကပြန်လာပြီ၊ သားအခုထိ ခထသေးဘူးလား၊ နေမကောင်းလို့လား၊ မှန်းစမ်းပါဦး'

အသံနှင့်မရှေးမနှောင်း မိခင်ကြီး၏ နူးညံ့သော လက်ဖဝါးတစ်ဖက်က နေအောင်စိုး၏ နဖူးပြင်ပေါ် နေရာယူလာ၏။

'ကိုယ်နွေးသလိုပဲ၊ အဖျားတိုင်းရမယ်'

'ဘာမှမဖြစ်ပါဘူး မေမေရယ် အိပ်ရေးမဝသေးလို့ပါ'

'ဟုတ်ပတော့ ဖြစ်ရမှာပေါ့၊ညက တချွတ်ချွတ်နဲ့ အိပ်မှမအိပ်ဘဲ၊ ဖျားနေရင် ဒေါ်သိန်းနွဲ့ဆေး သောက်ရလိမ့်မယ်နော်'

'ဒေါ်သိန်းနွဲ့ဆေးဆို၍ နေအောင်စိုး မျက်နှာရှုံ့သွားမိသည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး ဆေးသုံးရာ၌ သားအမိ နှစ်ယောက်မှာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်၏။ သူကအနောက်တိုင်းဆေး၊ မိခင်ကြီးက တိုင်းရင်းမြန်မာဆေး ။

'ကိုင်း... ရှုံ့မဲ့မနေပါနဲ့၊ ပါးစပ်ဟ... အဖျားတိုင်းမယ်'

'ဘာမှမဖြစ်ပါဘူး မေမေရဲ့'

မျက်နှာကို ထပ်မံရှုံ့မဲ့ပစ်မိရင်း နေအောင်စိုး ထထိုင်၏။ စောင်ကို ခွာပစ်လိုက်၏။

'စကားအထွန့်မတက်ပါနဲ့ကိုစိုး၊ အိပ်ရေးပျက်ရင် ဖျားတတ်သတော့'

မည်သို့ပင် ဖြစ်စေကာမူ သာမိုမီတာမှာ နေအောင်စိုး၏ လျှာအောက်သို့ ရောက်သွားပြီဖြစ်ပါသည်။ မိခင်ကြီးကတော့ ဒီလိုပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ သားတစ်ယောက်တည်းမွေးထားသဖြင့် တုန်နေအောင် ချစ်ရှာ၏။ အသေးစိတ်ဂရုစိုက်၏။ အိမ်ဖော်ရှိသော်လည်း သား၏ ဝေယျာဝစ္စကို ကိုယ်တိုင်လုပ်ပေးရမှ ကျေနပ်၏။ သားမိန်းမယူလျှင် အပြုအစုမတတ်သည့် မိန်းမ၊ လင်၏အပြုအစုကိုသာ တစ်ဖက်သတ် ခံယူလိုသည့် မိန်းမမျိုးနှင့်တိုးမှာ အလွန်အမင်း စိုးရိမ်နေရှာ၏။

'အဖျားလဲမမရှိပါဘူး'

'ဟား … တော်ပါသေးရဲ့၊ ဒါနဲ့မေမေ ဘုရားကပြန်လာတာ စောလှချည်လား'

'အလိုတော် … ဘယ်ကစောရမှာလဲ၊ နာရီများကြည့်ပါဦး ကိုစိုးရယ်၊ ဘယ်နှစ်နာရီ ထိုးပြီးပြီလဲ'

'ဟာ … ဆိုင်ပြေးဦးမှပဲ မေမေ၊ ချိန်းထားတာရှိတယ်'

'မဖြစ်ဘူး၊ မဖြစ်ဘူး၊ နင့်ကိုတော့ မိန်းမပေးစားမှ'

'ဗျာ'

သားယောကျ်ား မွေးဖွားပြီး ယခုအသက်အရွယ်ထိ ကလေး တစ်ယောက်ဟုသာ မြင်နေသော မိခင်ကြီးထံမှ တစ်ခါမျှ မကြားဘူးသည့် စကားမျိုး ထွက်လာသဖြင့် နေအောင်စိုး 'ဗျာ' လိုက်မိ၏။

'ဟုတ်တယ်လေ၊ ဒါမှစားချိန်မှန်မယ်၊ အိပ်ချိန်မှန်မယ်'

'မဆိုင်လိုက်တာ မေမေရယ်'

'ôမေမေရယ် မလုပ်နဲ့၊ နင့်အတွက် မိန်းမတွေ့လာခဲ့ပြီ'

မိခင်ကြီးထံမှနောက်ထပ် စကားထွက်မလာခင် နေအောင်စိုး သည်ရေချိုးခန်းသို့ ထပြေးလေတော့သည်။

'အဟုတ်ပေးစားနေရင် အခက်ပဲ၊ မေမေက ငါ့ကို အသေး စိတ်ဂရုစိုက်တတ်တဲ့ မေမေ၊ ဒီအမေ့စကားမှ ခေါင်းမညိတ်နိုင်ရင်



လောကမှာ ငါ့လောက်မိုက်တဲ့လူ ရှိမှာမဟုတ်ဘူး၊ အဲ … ငါကလဲ ငါမယူချင်ဘဲနဲ့ မယူချင်ဘူး၊ ဘုရားမယလို့ မေမေ နောက်နေတာ ဖြစ်ပါစေဗျာ'

ဤသည်က မျက်နှာသစ်ရင်း တွေးနေသည့် နေအောင်စိုး၏ အတွေးများပင်။

'မိန်းကလေးနာမည်က ခင်ဖုန်းမူတဲ့ သားရဲ့ 'တော်တော့ ကိုလှတယ်၊ ယဉ်ပြီးတော့ နုနုလေးလှတာ၊ မှန်နေအောင်လဲ ချောတယ်'

'အဲဗျာ …'

ရေချိုးခန်းဝမှ စောင့်ကြိုရင်း မိခင်ကြီး၏ အလှတရား ကြောင့် နေအောင်စိုးခေါင်း ဆင်နင်းပါတော့သည်။ သူနှင့် ပေးစား ရမည့် မိန်းကလေးတွေ့ပြီဆိုသော' စကားမှာ တကယ်ပင် ဖြစ်နေ ကြောင်း ရိပ်မိသွားလေတော့သည်။

'မနက်က မေမေ မဟာမြတ်မုနိဘုရားမှာ ငယ်သူငယ်ချင်း တစ်ယောက်နဲ့ ဆုံမိတယ်သားရဲ့၊ ကွဲသွားကြတာ နှစ်သုံးဆယ် လောက်ရှိပြီ… အဲဒါ… သူနဲ့ပါလာတဲ့ သမီးကလေးကို မေမေ မျက်စိကျလာတာကွဲ့၊ လှရုံတင်မဟုတ်ဘူး၊ ယဉ်ကျေးသိမ်မွေ့ လိုက်တာလဲ လွန်ပါရောပဲ…'

'သူတို့ ချမ်းအေးသာဇံမှာ နေကြတယ်၊ မေမေလိုက်သွား ကြည့်တယ်၊ မိန်းကလေး ကိုယ်တိုင်ချက်ပြုတ်ပြီး မနက်စာတောင် ကျွေးလိုက်သေးတယ်၊ အိမ်မှာဆိုလဲ သပ်ယပ်သန့်ရှင်းနေတာပဲ၊ ခင်မကြီး – အဲ … လေ မိန်းကလေးရဲ့ အမေကိုလည်းပြုစုလိုက်တာ အလွန်ပဲ…'

'ခင်မကြီးနဲ့မေမေနဲ့က သိပ်ချစ်ကြတဲ့ ငယ်သူငယ်ချင်းတွေ

www.burmeseclassic.com

www.burmeseclassic.com



ကွယ့်၊ မျိုးရိုးလည်းကောင်းတယ်၊ သူ့ယောကျ်ား ဘက်ကကော၊ ခင်မကြီး ဘက်ကကော တွင်းစားမျိုးရိုးတွေ၊ အင်မတန် မျိုးရိုးသန့်တယ်၊ အဲဒါမေမေ အကြိုက်ဆုံးအချက်ပဲသားရဲ့...'

'ခင်ဖုန်းမူ ကပါလှနေ ချောနေ ယဉ်နေပြန်၊ ပညာလေး ကလဲ တတ်ပြန်တော့ ၊ မိန်းကလေးပီသတာတွေ ပါပေါ့လေ၊ မေမေ ပိုပြီး သဘောကျလာတယ်ကွယ့်၊ သူတို့မှာလဲ စပ်ဟပ်ထားတာတွေ ရှိနေတယ်၊ ဆယ့်လေးငါးယောက်တောင်ပဲ၊ မိန်းကလေးက လိမ္မာရေးခြားလည်းရှိ၊ လှကလည်းလှတော့ ဝိုင်းဝိုင်းလည်နေတာ ပေါ့သားရယ်၊ အဲဒီထဲကမှ ခင်မကြီးက မေ့မေ့ဆန္ဒကို လိုက်လျော ရှာတာ အင်မတန်ချစ်တဲ့ ငယ်သူငယ်ချင်းမို့ပဲကွယ့်...'

'မေမေကတော့ ခင်ဖုန်းမူကို လက်လွှတ်မခံချင်ဘူး၊ သားက ခေါင်းသာညိတ်လိုက်၊ ပိုင်ပိုင်နိုင်နိုင် စေ့စပ်ကြောင်းလမ်း လိုက်မယ်'

'ဗျာ ...'

မိခင်ကြီး ပြောသမျှ ငူငူငိုင်ငိုင်ကြီး နားထောင်နေသော နေအောင်စိုး မှာ ထိတ်လန့်တကြား ဗျာ လိုက်မိပြန်၏။

'ဘာဖြစ်နေတာလဲ သား...'

'ဟို ... အဲ ... ဆိုင်း ... ဆိုင်း ... ပါဦးမေမေ '

'ရည်းစားသနာများ တွေ့ထားသလား ကိုစိုး '

'ဟာ ... မဟုတ်ပါဘူး မေမေရယ် '

'ဒါဖြင့် ဘာဖြစ်လို့အလန့်တကြားဖြစ်နေရတာလဲ '

'မေမေ့မျက်စိထဲမှာ ကျွန်တော့်ကို ကလေးလိုပဲ မြင်နေစမ်း ပါမေမေရာ နော် '

'မြင်နိုင်ပေါင်တော် ... ကျုပ်မျက်စိထဲမှာ ကျုပ်သားက



လူလားမြောက်နေတဲ့ ယောကျ်ားရင့်မကြီး ဖြစ်နေပြီတော့...'

'ဟောဗျာ... ဘယ်တုန်းကများ လူလားမြောက်သွားရတာလဲ မေမေ '

'စကားအထွန့်မတက်ပါနဲ့ကိုစိုး ...၊ ညနေကျရင်နင့်ကိုလွှတ် လိုက်မယ်လို့ ခင်မကြီးကို မေမေပြောခဲ့ပြီးပြီ၊ အပြန်အလှန် အကဲခတ် ရတာပေါ့၊ ခင်မကြီးကတော့ မေမေ့သားမို့ သဘောတူပြီးသားပါ၊ သားကသာ ခင်ဖုန်းမူကို အကဲခတ်ကြည့်ပါ၊ တော်ကြာမှ ခင်ဖုန်းမူကို မြင်မှ မေမေမိန်းမ အရွေးတော်မှန်း သိလိမ့်မယ် ကြားလား '

'ခက်တော့တာပါပဲဗျာ '

'လွယ်ပါတယ်တော်၊ ဒီလောက်ချော၊ ဒီလောက်လှ၊ ဒီလောက် လိုချင်တဲ့သူတွေ ဝိုင်းဝိုင်းလည်နေတဲ့ မိန်းကလေးမျိုး သားမြင်ရင် သဘောကျမှာသေချာပါတယ်၊ သွားသာကြည့်ချေပါ'

'အဲ ... ဟို ... ဟို ... သူကကော '

'ခင်ဖုန်းမူ သဘောလား၊ အလိမ္မာတုံး၊ အလိမ္မာခဲကလေးပဲ တော်၊ သူ့အမေ စီစဉ်တာ ခေါင်းညိတ်တာပေါ့၊ မေမေ မေးခဲ့ပြီးသားပဲ'

'မလွယ်ဘူး '

'ဒီမယ်... ကိုစိုး အချိန်ဖြုန်းဘို့မကြိုးစားနဲ့၊ ဟုတ်ပလား ဒီနေ့ ခင်ဖုန်းမူကို သွားကြည့်၊ ရင်းနှီးအောင်လုပ်ခဲ့၊ ကြာရင်လက် လွှတ်သွားလိမ့်မယ်၊ တော်သဘော အတိုင်းသာဆိုရင် ကျုပ်တော့ သေတာတောင် မြေးချီသွားရမှာ မဟုတ်ဘူး '

'ကျုပ်မှာ တော့်သံယောစဉ်နဲ့ ဒီအသက်ရှယ်ထိ ရိပ်သာ မဝင်နိုင်သေးဘူး၊ ဒီသံယောစဉ်ကို လက်ပြောင်းခဲ့မှ ဖြစ်တော့မယ်၊ ဒါမှ ကျုပ်စိတ်ချလက်ချ တရားအားထုတ်နိုင်မှာ '

www.burmeseclassic.com

www.burmeseclassic.com



နေအောင်စိုး စောဒက မတက်ရက်တော့ပါ၊ မိခင်ကြီး ပြောတာ အမှန်တွေချည်းဖြစ်ပါ၏။ အသက်လည်း ၃၀ ပြည့်တော့မည်၊ ဒီအရွယ်ကြီးကျခါမှ မိဘစကားကို ပယ်ရှားသည့် လူမိုက်မဖြစ်ချင်တော့ပါ၊ ဘာပဲဖြစ်ဖြစ် မိခင်၏ဆန္ဒကို လိုက်လျောရပါမည်၊ အဝတ်လဲရင်း နေအောင်စိုးစဉ်းစားနေ၏။

‘ ဒီနေ့တော့ အချိန်မရဘူး ထင်တယ်မေမေ၊ မနက်ဖြန် ခရီးထွက်ဖို့ အစီအစဉ် လုပ်ရဦးမှာမို့ပါ၊ ဆိုင်မှာလဲ ပစ္စည်းလာပြမယ့် သူနဲ့ချိန်းထားတာ ရှိသေးတယ်၊ အဲဒီလူမလာရင် သူ့ရှိရာကို လိုက်သွားရမှာ၊ ဒီလိုလုပ်ပါလားမေမေ၊ ခရီးထွက်က ပြန်လာမှ ခင်ဖုန်းမူ ကို သွားတွေ့ရင် ဖြစ်တယ်မဟုတ်လား၊ မကြာပါဘူး၊ လေးငါးရက်တည်းပါ၊ အဲဒီမှာ ရှေးဟောင်းပစ္စည်း လေလံပွဲတစ်ခု ရှိတယ်မေမေရဲ့ ’

‘ အလုပ်ကိစ္စဆိုတော့လည်း သွားပေါ့သားရယ်၊ အေးလေ ပြန်လာတော့မှပဲ ခင်ဖုန်းမူကို သွားကြည့်တာပေါ့၊ သိပ်တော့ မကြာစေနဲ့သား ’

‘ စိတ်ချပါ၊ မေမေ့ဆန္ဒ ပြည့်ဝဖို့ ရာနှုန်းပြည့်နီးပါး သေချာပါတယ်ဗျာ၊ ကိုစိုးကတိပေးပါတယ် ’

‘ သာဓုပါသားရယ်၊ သာဓုပါ၊ ဒါမှ မေမေ့သား ’

မျက်ရည်တွေပြည့်အိုင် လာနေသော မိခင်ကြီး၏ မျက်လုံးများကို ငေးစိုက်ကြည့်ရင်း သူ့ဆန္ဒသဘောကို လုံးဝချေဖျက်ပစ်လိုက်မိတော့သည်။

*****



## အခန်း(၄)

‘ ဒင် ... ဒင် ... ဒင် ... ဒင် ... ဒင် ’

တိုင်ကပ်နာရီကြီးက ငါးချက်တိတိ တီးခတ်လိုက်၏။

‘ ဟင် ... ငါးနာရီတောင်ထိုးပြီ ’

ဒေါ်ခင်မကြီး အိပ်ရာမှ ကပျာကယာ လူးလဲထလိုက်သည်။ ခါတိုင်း သည်အချိန် မတိုင်မီ သမီး ခင်ဖုန်းမူ က လာ၍နှိုးနေကျ။ သားအမိ နှစ်ယောက် မဟာမြတ်မုနိဘုရား သွားနေကျ ဖြစ်၏။

သည်နေ့ ဥပုသ်နေ့ပင်။

မနေ့က အိပ်ရာဝင်ခါနီး၌ ယနေ့စောစော နှိုးဖို့ ခင်ဖုန်းကို မှာထားခဲ့သေး၏။ ယခုတော့ တစ်အိမ်လုံး အိပ်ချက်သား ကောင်းနေသည်။ ဆွမ်းချက်သံ၊ အိုးခွက်ပန်းကန်း ဆေးကြောသံလေးပင် မကြားရ။

‘ ငါများစောပြီး နိုးနေသလားပဲ၊ မဟုတ်သေးပါဘူး၊ ခုပဲ ငါးနာရီ ထိုးတဲ့ဟာ ... ’

အိပ်ခန်းနှင့် တစ်ဆက်တည်းရှိ ရေချိုးခန်းတွင် ခပ်မြန်မြန် မျက်နှာသစ်ရင်း ဒေါ်ခင်မကြီး စဉ်းစားနေမိ၏။

မျက်နှာသစ်အပြီး ပြေကျလာသော ဆံပင်များကို ဖြစ်သလို ဆွဲပတ်၍ ဝရန်တာတံခါးဖွင့်ပြီး ငုံ့ကြည့်လိုက်သောအခါ ဒရိုင်ဘာ မောင်ထွေးပင် ကားထုတ်ပြီးနေလေပြီ။

‘ ကြည့်စမ်း၊ ခင်ဖုန်း အိပ်ပျော်နေတာဖြစ်မယ် ’

အဝတ်အစား မလဲနိုင်သေးဘဲ သမီးအခန်းသို့ ပြေး[illegible]သည်။

ခင်ဖုန်းမူကို နှိုးထားခဲ့၊ အဝတ်အစားလဲ၊ အောက်ထပ်က အိမ်ဖော် မိထူးပြင်ဆင် လာပို့မည်ဖြစ်သော ဆွမ်းပွဲကို ဘုရားကပ်၊

www.burmeseclassic.com

www.burmeseclassic.com



ပေါက်ဆိန်ပေါက် ဦးချ၊ ကော်ဖီတစ်ခွက် ကမန်းကတန်းမော့၊ ခြံထွက် သစ်ခွပန်းစည်းကြီးကိုယူ၊ မောင်ထွေး မောင်းပို့သောကား နှင့် မဟာမြတ်မုနိဘုရားကျုမှ အေးအေးဆေးဆေး ကျကျနန ဘုရားကန်တော့၊ ပုတီးစိပ်၊ အပြန်တွင် ဇီဝိတသံဃာ့ ဆေးရုံဝင်၊ ဆေးဝါးကုသနေကြသော သံဃာတော် အရှင်မြတ်များအား ယနေ့နံနက် နေ့ဆွမ်းစာအတွက်ငွေလှူ။

ယနေ့နံနက်ခင်း အစီအစဉ်ကို အကြမ်းဖျင်း စိတ်ကူးရင်း ခင်ဖုန်းမူ၏ အခန်းတံခါးကို တွန်းဖွင့်လိုက်၏။

ခင်ဖုန်းမူ မနိုးသေး၊ အိပ်ပျော်နေဆဲဖြစ်၏။

'ခင်ဖုန်းရေ... သမီး၊ ထ ... ထ ... ဒီနေ့တော့ လုပ်နေကျ အလုပ်တွေအားလုံး နောက်ကျကုန်ပြီ သမီးရေ'

'အင်...'

ခင်ဖုန်းမူ နိုးလာ၏။ ပတ်ဝန်းကျင်ကို အကြည့်စိမ်းဖြင့် ကြည့်၏။ ဒေါ်ခင်မကြီးကို မမြင်ဘူးသူလို ကြည့်၏။

'ဘာဖြစ်တာလဲသမီး ...၊ နေမကောင်းဘူးလား ဟင်၊ မှန်း'

နဖူးအစမ်းမှာပဲ ခင်ဖုန်းမူကိုယ်ကို နောက်သို့ ရှိ့လိုက်သည်။ မျက်လုံးမှာ တည်ငြိမ်နေသော်လည်း အကြည့်က ဖျတ်ခနဲ ဖျတ်ခနဲ ဟိုသည်ရွေ့လျားနေ၏။

အိပ်ခန်းထဲရှိ အလှပြင်မှန်တင်ခုံ၊ အဝတ်ဗီရို၊ စာရေးစားပွဲ၊ မီးအုပ်ဆောင်း၊ အလှစိုက်ပန်းအိုး၊ ပန်ကာ၊ ခင်းထားသော ကော်ဇော အရာခပ်သိမ်း လိုက်လံကြည့်လျက်ရှိသော အကြည့်က စိမ်းလျက်ရှိသည်။

ထို့နောက် အကြည့်စိမ်းသည် ဒေါ်ခင်မကြီး၏ မျက်နှာပေါ်



သို့ ဒုတိယအကြိမ် ကျရောက်သွားပြီး စကားစတင်ပြော၏။

သို့သော် ဒေါ်ခင်မကြီး နားမလည်ပါ၊ ခင်ဖုန်းမူက ခပ်ရှည်ရှည် ပြောနေသည်။ တစ်စုံတစ်ရာကို ရှင်းလင်းပြသနေသည့် ပုံမျိုးဖြစ်၏။ မည်သည့် ဘာသာစကားနှင့် ပြောနေမှန်း ဒေါ်ခင်မကြီး မမှန်းဆတတ်ပါ။ ခင်ဖုန်းမူသည် ယခင်က ဤဘာသာစကားမျိုး မပြောတတ်ပါချေ။

'ဘာတွေပြောနေတာလဲ ခင်ဖုန်းမူ၊ ဟင်...'

ခင်ဖုန်းမူ ဆက်ပြော၏။ စောစောကပြောသည့် စကားတွေပင်ဖြစ်၏။ ထပ်ကာထပ်ကာ ပြော၏။ အကြောင်းအရာ တစ်ခုကို ထပ်တလဲလဲ ပြောနေကြောင်း ဒေါ်ခင်မကြီး ရိပ်မိလာသည်။

'ဒုက္ခပါပဲ မိထူးရေ၊ နေဘုန်းဦးရေ၊ နေဘုန်းထူးရေ၊ လာကြပါဦးဟဲ့၊ ဒီမှာ ခင်ဖုန်း ဘာဖြစ်နေတာလဲ မသိဘူး'

အိမ်မှာရှိသည့် လူကုန်အောင် ဒေါ်ခင်မကြီး လှမ်းအော်ခေါ်လိုက်သည်နှင့် ခင်ဖုန်းမူ ဝုန်းကနဲ ခုန်ထလေတော့သည်။

'ခင်ဖုန်းမူ...'

သန်မာသော လက်ချောင်းများဖြင့် သူမ၏ပခုံးမှ တဘက်ကို ဆုပ်ကိုင်ပြီး ခင်ဖုန်းမူက ဘေးသို့ဖယ်ပစ်သဖြင့် ဒေါ်ခင်မကြီး၏ အော်ဟစ်သံက စိတ်ဆိုးမာန်ဆိုး ထွက်ပေါ်လာ၏။

'မအေကို ဘာလုပ်တာလဲ ဒါ...'

ခင်ဖုန်းမူ ခေါင်းကို ခပ်သွက်သွက် ယမ်းခါ၏။ ရှုပ်ထွေးသောအကြည့်၊ တွေဝေသောအကြည့်မှ ခက်ထန်သော အကြည့်သို့ ပြောင်းလဲသွားသည်။

'သမီး... ခင်ဖုန်းမူ၊ ဘာဖြစ်နေတာလဲဟင်... ' အိပ်မက်

www.burmeseclassic.com

www.burmeseclassic.com



မက်နေသလား၊ ဘုရားသွားမယ်လေ၊ အဝတ်လဲတော့လေ၊ မေမေပြောတာ ကြားလား၊ နားလည်သလား ... '

သို့သော် ခင်ဖုန်းမူက ဂရုမစိုက်ပါ။ ဒေါ်ခင်မကြီးအား ရုတ်တရက် တွန်းဖယ်၍ လှစ်ခနဲနေအောင် ပြေးလေတော့၏။

'ဟဲ့... ဟဲ့... လုပ်ကြပါဦး၊ ခင်ဖုန်းမူ ပြေးပြီ၊ နေဘုန်းဦးရေ၊ နေဘုန်းထူးရေ ဖမ်း... ဖမ်း... '

ဒေါ်ခင်မကြီး အောင်သံကြောင့် အိပ်မှုန်စုံမွှားဖြင့် ပြေးတက်လာသော နေဘုန်းဦးအား လှေခါးတစ်ဝက်တွင် ခင်ဖုန်းမူက လက်ပြန်တစ်ချက် ပေးသွား၏။ နေဘုန်းဦး အော်ချိန်မရ၊ ဝရုန်းသုန်းကား လိမ့်ကျကျန်ခဲ့သည်။

' ဟဲ့ ...အမလေးတော်၊ နေဘုန်းဦးကို ရိုက်သွားတယ်၊ နေဘုန်းထူး...၊ နေဘုန်းထူး၊ဟဲ့ ...မောင်ထွေး ဖမ်းစမ်းပါဟဲ့ ... ဖမ်းစမ်းပါ '

လှေကားထိပ်တွင်ဒေါ်ခင်မကြီးဆွေ့ဆွေ့ခုန်နေစဉ် ခင်ဖုန်းမူသည် မီးဖိုထဲမှ ဆွမ်းပွဲနှင့်ထွက်လာသော မိထူးကိုပါ တီးသွားပြန်ပါသည်။

မိထူး၏အော်သံ၊ ဆွမ်းပန်းကန်များ မှောက်ကျသံကြောင့် ခြံတံခါး သော့ဖွင့်နေသော နေဘုန်းထူး နောက်သို့ ပြန်၍လှည့်ပြေးလာ၏။

'မောင်ထွေး... မောင်ထွေး ဆီးဖမ်းထားစမ်း၊ မလွှတ်နဲ့ ငါလာခဲ့မယ် '

ဝရန်တာအောက်သို့ ငုံ့ကြည့်ပြီး ဒေါ်ခင်မကြီး သံကုန် အော်ပြန်၏။



'ခင်ဖုန်း... ခင်ဖုန်း မလုပ်နဲ့လေ... မလုပ်နဲ့ '

ဘုမသိ ဘမသိဖြင့် ဆီးဖမ်းသော ဒရိုင်ဘာ မောင်ထွေးအား ခင်ဖုန်းမူက ခုန်၍ခြေထောက်ဖြင့် ဆောင့်ကန်လိုက်သည်။ ကုန်းကုန်းကွကွ လဲကျနေသော မောင်ထွေးကိုယ်ပေါ်မှ ခုန်လွှား၍ ခြံဝသို့ ပြေး၏။ နေဘုန်းထူး နှင့် တွေ့ပါလေပြီ ။

'မမခင်ဖုန်း '

သူ့ရင်ဘတ် တည့်တည့်သို့ ခင်ဖုန်းမူ၏ ဦးခေါင်းက ဝါးလုံးထိုး တိုးဝင်လာသဖြင့် အံ့အားကြီးသင့်နေသော နေဘုန်းထူး ရှောင်ချိန်မရလိုက်ပဲ ခွေခနဲမှောက်သွား၏။

'အမလေး... သေပါပြီတော်၊ ခင်ဖုန်းရယ်၊ ဘယ်လိုများ လုပ်လိုက်တာတုံးဟဲ့၊ ငါပဲသေလိုက်ပါတော့ဟယ်၊ အမလေး... ဖမ်းပေးကြပါ၊ ဖမ်းလိုက်ကြပါ '

ထဘီမနိုင်၊ဘီးဆံပတ်မနိုင်ဖြင့်လိုက်လာသည့် ဒေါ်ခင်မကြီး ဟီးချငိုမိပါတော့သည်။ ခင်ဖုန်းမူကတော့ ခြံတံခါးကို လွှားခနဲခုန်ကျော်၍ ပြေးလေတော့သည်။ နံနက်စောစော အပြေးလေ့ကျင့်နေ သောအားကစားသမားများ အကူအညီကြောင့် ခဏအကြာတွင် ခင်ဖုန်းမူအား ဖမ်းမိသွားတော့၏။

မကြာမီ နေဘုန်းဦး ကိုယ်တိုင်မောင်းသော တိုရိုတာဆလွန်း အပြာရောင်သည် နေရာတစ်ခုသို့လျင်မြန်စွာ ပြေးလွှားလျက်ရှိ သည်။

*****

www.burmeseclassic.com

www.burmeseclassic.com



'ဘာတဲ့ရဲ... ဟင်၊ ပြောပြစမ်းပါဦး၊ ပြောပြပါဦး၊ မမေ့ကိုတော့ ဖုံးမထားကြပါနဲ့'

ညီအကိုနှစ်ယောက် ဘာဖြေရမည်မသိ ဖြစ်နေ၏။ ငိုက်နေသော ဦးခေါင်းများက ပိုပြီးငိုက်ကျ သွားတော့သည်။ မိခင်အား ဆရာဝန်၏ မှတ်ချက်ကို ပြောပြရန် ဝန်လေးနေမိကြ၏။

'ပြောပြစမ်းပါဦး၊ ဘာပဲဖြစ်ဖြစ် ပြောပြစမ်းပါ'

'ဟို... မေမေ၊ ဒီလိုလေ... ဆရာဝန်က ဟစ်စတီးရီးယားစကျူ ဒါမှမဟုတ် စတီရီဖရီးနီးယား ပါလာန္တိုက် လက္ခဏာတွေက ရောထွေးနေတယ်လို့ ပြောပါတယ် မေမေ'

'အမလေး... သားတို့ရယ်၊ ဒါဆိုငါ့သမီးကြီး ရူးတယ်လို့ ပြောလိုက်တာပါပဲ၊ ခုဘယ်လိုလုပ်ပေး၁လဲ၊ မြန်မြန် ပြောစမ်းပါ၊ ရောဂါ ရိုက်သလား၊ အမလေး... အမယ်လေး ... ငါ့သမီးကြီးတော့ မချိမဆံ့ ဖြစ်နေ၍ာမယ် ထင်ပါရဲ့၊ ဟီး ... ဟီး ... ။

'နားထောင်ပါဦး မေမေရဲ့၊ ရောဂါမရိုက်သေးပါဘူး၊ မမခင်ဖုန်းက အိမ်မှာသာကြမ်းတာ၊ ဟိုကျတော့ ငြိမ်လို့၊ စကားလည်း တစ်လုံးမှ မပြောဘူး'

'အမလေး... ငါသာရူးလိုက်ပါတော့နော်၊ ငါသာရူးလိုက်ပါတော့'

ရင်ကိုထု၍ ငိုရင်းက ဒေါ်ခင်မကြီး ဗိုင်းခနဲ လဲတော့သည်။

'ဟာ ... မေမေ ... မေမေ'

'ခြေမ ချိုးပါဟ ဘုန်းထူးရဲ့၊ ဖျို... ကိုထွေး လာစမ်းပါ၊ လုပ်ပါဦး၊ မထူး... မထူး... အော်ဒီကလုံးယူခဲ့စမ်းပါ၊ မြန်မြန်... မြန်မြန်'



'ငယ်ထိပ်ကိုမှုတ်... ငယ်ထိပ်ကိုမှုတ်'

ဗျာများနေကြသည့် ခြံထဲသို့ ဖြည်းညှင်းစွာ မောင်းဝင်လာသော ကားသံကို ဘယ်သူမှမကြားမိ ။

'ဘာဖြစ်နေကြတာလဲကွ ... ဟေ'

အောင်မြင်သော အသံဝါကြီး ။ နောက်လှည့်ကြည့်လိုက်မိကြ၏။

'ဟာ ... ဘဒွေး'

'မမ ဘာဖြစ်နေတာလဲ၊ ပေးစမ်းငါ့ကို၊ဟာ ... အော်ဒီကလုံးနဲ့ ရမလားကွ၊ သွားသွား နီးရာဆရာဝန်သွားခေါ်ကြစမ်း၊ မြန်မြန်လုပ်၊ ခင်ဖုန်းမှုဂေဟ'

'အမယ်လေးဗျာ၊ အဲဒီမမခင်ဖုန်းကြောင့် မေမေဒီလိုဖြစ်သွားတာ ဘဒွေး'

'ဟဲလို ... ဟဲလို ...'

'ဟော့ကောင် ခေါ်မနေနဲ့ကြာတယ်၊ ငါကားနဲ့ သွားခေါ်ခဲ့မယ်'

'အေးလေ၊ မင်းလာနေတာ ငါကဖုန်းနဲ့ ပြောထားမှာပေါ့ သွားလေကွာ'

ဤသို့ ဖြင့် ခင်ဖုန်းသစ်ခွ ဥယျာဉ်လေးမှာ ယနေ့အဖို့ ဒုတိယ အကြိမ်မြောက် ရှုတ်ရှုတ်သဲသဲ ဖြစ်ရပြန်ပါသည်။

* * * * *

www.burmeseclassic.com



## အခန်း(၅)

'ဟေး ... နေအောင်စိုး'

ရင်းနှီးနေသည့် အသံဖြစ်၏။ လှည့်ကြည့်လိုက်ရာ ပုဂံပြတိုက်မှ ပြတိုက်မှူး မျိုးညွန့်ကို တွေ့ရ၏။

သူက မင်းဘူးသား၊ တက္ကသိုလ် မဟာဝိဇ္ဇာတန်းတွင် နေအောင်စိုးနှင့် အတူနေဖူး၏။

'ဟော... ကျန်ရစ်မင်းကြီး ဘွဲ့ခုထိမဖြုတ်သေးဘူးလား'

'မဖြုတ်တဲ့အပြင် ပဉ္စမမြောက် ဘွဲ့ထပ်ရထားတာအဲ ... ခြောက်လလောက်ပဲ ရှိသေးတယ်၊ ဟား ... ဟား ... ဟား ..., ရထားထွက်တော့မယ်၊ သွားမယ်ဗျာ၊ ခင်ဗျားလဲ ဒီရထားနဲ့ပဲလိုက်မလို့လား'

'အေးလေဗျာ'

နှစ်ယောက်သား တွဲပေါ်သို့ ခုန်တက်ပြီး လက်မှတ်များကို ထုတ်ကြည့်သောအခါ ကံအားလျော်စွာ ထိုင်ခုံတစ်ခုတည်း ဖြစ်နေသည်။ သူတို့နှစ်ယောက်သား မမျှော်လင့်ပဲ မကြာမကြာ ဆုံမိတတ်ကြ၏။

ထိုင်ခုံတွင် ထိုင်မိသည်နှင့် ရထားလည်း အရှိန်ရစပြုပြီ ဖြစ်လာသဖြင့် နေအောင်စိုးသည် လက်ဆွဲအိတ်တွင်းမှ ပုရပိုဒ်မှတ်တမ်းကို ဆွဲထုတ်လိုက်၏။

မြို့ဝန် 'နေမျိုးလကျော်မင်းထင်'၏ ပုရပိုဒ်မှတ်တမ်းမှာ 'ရတနာပူရ' နေပြည်တော်မှ ထွက်သည်ကစ၍ ရေးသားမှတ်သားထား၏။ သို့သော် အသေးစိပ်မဟုတ်ပါ။ အကြမ်းဖျဉ်းသာဖြစ်၏။

အာသံနယ်စပ်အထိ ချီတက်ရာ စစ်လမ်းကြောင်း တစ်



လျှောက် တွေ့ကြုံရသော ဖြစ်စဉ်မှာ အကျဉ်းရုံးထားသော်လည်း အရေးကြီးသည့် အကြောင်းရပ်များကား ပါဝင်နေပါသည်။

မြို့ဝန်မင်း တပ်များအနက် ချင်းတွင်းမြစ်ရိုး တမံသီ တစ်ဝိုက်မှ စစ်သည်ရဲမက်များ အမည်စာရင်းကို ရွေးချယ်ရေးသား မှတ်ထားကြောင်း တွေ့ရ၏။

ထိုတပ်ကို တပ်မှူးကြီး မြို့စား 'မင်းရဲပျံချီ' ကအုပ်ချုပ်၏။ မဏိပူရ တိုက်ပွဲတွင် မြို့စားကြီး မင်းရဲပျံချီတပ် ပါဝင်ခဲ့ခြင်းမရှိ။ နေပြည်တော်၏ နောက်ချန်အထူးတပ်ဖြစ်၍ စစ်ကြောင်းကြီး တစ်ခုလုံးတွင် အလန်းဆန်းဆုံး တပ်ဖြစ်ကြောင်း၊ တစ်လျှောက်လုံး ပင်မ စစ်ကြောင်းကြီးနှင့် လိုက်ပါသည် မဟုတ်ဘဲ 'နန်းယွန်း' အနီးတွင် လမ်းခွဲထွက်ခွာ သွားကြောင်း၊ မြောက်ဘက်သို့ အထူးတာဝန်တစ်ရပ်နှင့် ချီကြောင်း ဖတ်ရှုရ၏။ မည်သည့် တာဝန်ဟု ရှင်းရှင်းလင်းလင်း ဖော်ပြမထားပေ။

နောက်အာသံတိုက်ပွဲကို သီးခြားခေါင်းစဉ်ဖြင့် အသေးစိတ် ရေးဖွဲ့ထား၏။

ရာဇဝင် သမိုင်းစာအုပ်များတွင် အာသံတိုက်ပွဲမှာ အသေးစိတ်မကျ၊ အကြမ်းသာသာဖြစ်၏။ တိုတုတ်လွန်း အားကြီး၏။ ရာဇဝင်ဆရာတို့ ချုံးလွန်းအားကြီးသည်ဟု နေအောင်စိုး ယူဆ၏။

အပြီးသတ်အောင် တောက်လျှောက် ဖတ်အပြီး အကြည့်ကို ရထားပြူတင်း ပြင်ပသို့ ပို့ထားရင်း ကျေနပ်နှစ်သက်သော အပြုံးကို ပြုံးနေမိသည်။

ပြည့်စုံကျနလှ၍ သမိုင်းအတွက်လည်း ကြီးစွာသော အထောက်အကူ ဖြစ်၏။ မိမိအတွက်လည်း တန်ဖိုးမဖြတ် နိုင်သည့်

www.burmeseclassic.com

www.burmeseclassic.com



ပုရပိုဒ်တစ်ဆူ ပါလားဟု နှစ်ထောင်းအားရ ဖြစ်လွန်းသဖြင့် ပေးပို့သူ အစ်ကိုဝမ်းကွဲ ဘုန်းကြီးဦးဉာဏဗလအား အခါခါဦးတင်မိတော၏။

ရထားမှာ အရှိန်ဖြင့် ခုတ်မောင်းနေပါ၏။ အိပ်ပျော်နေသော မျိုးညွန့်ကား တုတ်တုတ်မျှ မလှုပ်။

'အာသံတိုက်ပွဲ ဤတွင်ပြီးဆုံးသတည်း 'ဟုရေးထားလေသည်။ အောက်တွင် စာကြောင်းစာပိုဒ်များ ရှိနေသေး၏။ စိတ်ဝင်စားစွာ ဆက်လက်ဖတ်ရှုရာ အောက်ပါအတိုင်း တွေ့ရတော့၏။

အာသံအရေး အောင်မြင်ပြီးဆုံး၍ နတ်တော်လ၌ မြောက်ဘက်တွင်'သီးခြားအထူးတာဝန် 'ထမ်းဆောင်ပြီး မြို့စား 'မင်းရဲပျံချီ' ၏တပ်လည်း အာသံသို့ရောက်လာ ပေါင်းစည်းမိလေသည်။

'မင်းရဲပျံချီနှင့် ဒေါ်အရှင်မတို့၏ အဖြစ်အပျက်'

'ဟာ ...'

နေအောင်စိုး မျက်လုံးတွေ ပြူးထွက်လာရ၏။

'ဒေါ်အရှင်မ ... တဲ့၊ ဒေါ် ... ဒေါ်'

ရင်ထဲမှ တဒိုင်းဒိုင်း ခုန်လာ၏။ ပုရပိုဒ်ပေါ်မှ စာလုံးများ ကို ပျောက်ပျက်သွား တော့မည့်နှယ် အငမ်းမရ အပြေးအလွှား ဖတ် မိ၏။

'ကျွနုပ် မင်းရဲပျံချီသည် ဖြစ်စဉ်အားလုံးကို ခြွင်းချန်သည် မရှိဘဲ ဤပုရပိုဒ်၌ ရေးသွင်းမှတ်တမ်း ပြုပါအံ့သတည်း'

' ကျွနုပ်သည် မြောက်ဘက်နယ်စပ် တစ်လျှောက် စစ်အင်အား ပြရန်အတွက် လည်းကောင်း၊ ရန်ဆူးရန်ညှောင့်များ ရှိလျှင် အပြီးအပိုင် နှုတ်ပယ်ရန်အတွက် လည်းကောင်း၊ တိုက်ဆင် လေးရာ မြင်းလေးထောင်၊ ရဲမက်နှစ်သောင်းနှင့် ခရီးကြမ်းလှည့်လည်ခဲ့ရာ လမ်းကြောင်း၌ ရေခဲများပျော်ကျသည့် နယုန်လတွင် ကျောက်တောင်



ကျောက်ဆွယ်အချို့ ပေါ်ထွက်လာရာ မြို့ပျက်ကြီးတစ်ခု ထိပ် ပိုင်းဟုသူဆရသောအစိတ်အပိုင်းများလည်း ရောနှောပေါ်ပေါက် ၍လာ၏'

'အမယ်လေး လေး ... သွားပါပြီဗျာ၊ ကုန်ပါပြီ'

နေအောင်စိုး၏ မချိမဆံ့ ရေရွတ်လိုက်သံကြီးကြောင့် အိပ်နေသော ပုဂံပြတိုက်မှူးကြီး မျိုးညွန့်နိုးလာ၏။ မျက်နှာချင်းဆိုင် ထိုင်ခုံမှ သက်ဖက် စားနေသော အမျိုးသမီးကြီးနှစ်ဦး အထိတ်တလန့် ကြည့်၏။

'ဟော့ ... ဆရာကြီး၊ ဘာဖြစ်တာလဲ'

မျိုးညွန့်အမေးကို မဖြေနိုင်၊ စာလုံးများ ဖတ်မရအောင် ပါးနေသော နေရာကိုသာ လက်နှင့် ထောက်ပြမိ၏။

'အေးဗျာ... ကျန်တဲ့သုံးမျက်နှာလည်း ဒီအတိုင်းပဲ ပျက်နေပါလား၊ နေဦး... ဟောဒီဟာလေး ဖတ်ရမလိုလိုရှိတယ်'

ပုရပိုကဒကို ဟိုလှန်ဒီလှော်ဖြင့် မျက်မှန်ထဲမှ မျက်လုံးကြီး ဒီဂရီကုန် မျိုးညွန့် ကြည့်နေ၏။

'ကိုယ်ဖတ်ပြမယ်၊ နည်းနည်းပါးပါး ဖတ်လို့အာတွေ့တယ်၊ နားထောင်...'

'တိဗက်၊အာသံ၊မြန်မာ သုံးပွင့်ဆိုင်အတွင်းရှိမြို့ပျက်...'

'ဆင်ဖြူတစ်ကောင်မြင်လျှင် ဖမ်းအံ့ဟု ... ဆင်ဖမ်းကျော့ကွင်းအားမြှားတစ်စင်း လာစိုက်၍ ဖြတ်တောက်လိုက်သဖြင့် ကြိုးကွင်းပြတ်ထွက်သွားရာ ကျွနုပ်လည်း အမျက်ဒေါသ...၊ အဖြူ ရောင်ကိုယ်ရုံလွှားအပ်သော လှပသောမိန်းမလှ...၊ အမျက်ခြောင်ခြောင်းထိုင်စွဲအပ်သော လေးသည် အရပ်နှင့်အမျှ ...၊ ဒေါင်းအုပ်တို့၏ အလယ်မှ မိန်းမလှ...၊ အထူးတင့်တယ် လှပသော ပန်းရောင်စုံများ

www.burmeseclassic.com

www.burmeseclassic.com



မြင့်မိုရ်ရှိုင့်ဝှမ်း... '

'ဘာ... မြင့်မိုရ်ရှိုင့်ဝှမ်း... ဟုတ်လား '

'ဟာ... နေကြီး၊ ဒီနေ့ဘာဖြစ်နေတာလဲ၊ အလန့်တကြား ချည်းပါပဲလား '

'မြင့်မိုရ်ရှိုင့်ဝှမ်း ဆိုတော့ သေချာပြီဗျာ၊ ကိုမျိုးညွန့် သေချာပြီ '

'ဘာတွေများ သေချာနေတာလဲ ... နေကြီး '

'မိရဒန္တကိုခင်ဗျား ဘယ်လိုဘာသာပြန်မလဲ ကိုမျိုးညွန့် '

'မိရဒန္တ ဆိုတာ အဲ ... မြင့်မိုရ်တောင် ချိုင့်ဝှမ်းပေါ့ဗျာ '

'ဟုတ်တာပေါ့ မျိုးကြီးရယ် '

'အဲဒီ မိရဒန္တ ဆိုတာဘာတုံးဗျ၊ ရှင်းစမ်းပါဦး '

'ဒါနဲ့ကိုမျိုးညွန့်၊ ဒေါ်လှမျိုးစုဆိုတာ ခင်ဗျားကြားဘူးသလား '

'နေဦးဗျ ... အဲဒီနာမည်မျိုး တစ်နေရာရာမှာ မြင်ဖူးသလိုလိုပဲ '

စိတ်အားကြီးမှုကြောင့် နေအောင်စိုး၏ ကိုယ်ကြီးက ထိုင်ခုံနောက်မှီမှ မတ်မတ်စန့်၍ လာတော့၏။

'အဲ... ပြည်ပြတိုက်မှာ လုံတစ်ချောင်း တွေ့ခဲ့တယ်ဗျ၊ ကိုယ်ပြည်ကပြတိုက်မှာ သင်တန်းသွား ပို့ချတုန်းက ပြည်ပြတိုက် မှူးကပြလို့တွေ့ရတာ၊ လုံအောက်က စာတန်းက မှုန်တိမှုန်မွှားပဲရှိတော့တယ်၊ ဒါပေမယ့် ဖတ်လို့ရတယ် ဆိုပါတော့၊ ဒီလိုဗျာ လုံအောက်က စာတမ်းက ဒေါ်တို့၏အရှင် 'မဟာဝီရ' သခင်ကိုင်ခဲ့တော်မူသော လုံလျှင်တော်တဲ့ '



'မဟာဝီရ ... ဟုတ်လား '

'အေးဗျ၊ ကိုယ်ဖတ်လို့ရတာကတော့ မဟာဝီရသခင်တဲ့ '

'ဒေါ်တို့၏အရှင် မဟာဝီရနဲ့ ကေသရီတို့ဟာ အဆက်အစပ်ရှိမယ်ထင်တယ် '

'ကေသရီ.. ဟုတ်လား၊ တော်တော်လှတဲ့ အမည်ပါလား '

'ဒီထဲမှာ ပါတယ်လေဗျာ၊ ခုနက ခင်ဗျားဖတ်တဲ့ အဖြူရောင်ကိုယ်ရုံလွှားအပ်သော၊ လှပသော မိန်းမလှဆိုတာ ဒေါ်တို့ရဲ့ သခင်မကေသရီပဲ ဖြစ်ရမှာပေါ့ '

ထို့နောက် နေအောင်စိုးက ပုရပိုဒ်ပါ အကြောင်းအရာအားလုံးကို မျိုးညွန့်အား ပြောပြ၏။

'နေဦးဗျ.. ခင်ဗျားဟာ အာသံတိုက်ပွဲနော် '

'အေးလေဗျာ '

'ကိုယ်ဖတ်ဖူးသလားလို့ '

နေအောင်စိုးက ပြုံး၍ကြည့်၏။ နှာခေါင်းပေါ် လျှောကျလာသော မျက်မှန်ကို လက်ညှိုးကလေးဖြင့် ပင့်တင်ရင်း မျိုးညွန့်နားဝေတိမ်တောင် ဖြစ်နေ၏။

'သိပ်စဉ်းစား မနေပါနဲ့ ကိုယ့်လူရယ်၊ ခင်ဗျား တက္ကသိုလ်ကြည့်တိုက်မှာရှိတဲ့ မဏိပူရတိုက်ပွဲ ဖတ်ဖူးတာဖြစ်ပါလိမ့်မယ်'

'ဟုတ်ပြီ... ဟုတ်ပြီ၊ အဲဒါပဲ၊ အခုခင်ဗျားဟာက အာသံနော်'

'ဟုတ်ပကိုယ့်လူ၊ ဒါက မြန်သက္ကရာဇ် (၁၁၈၃)မှာ မင်းကြီးမဟာဗန္ဓုလ ဦးစီးပြီး အာသံကိုချီတဲ့ပွဲ၊ အာသံမင်း 'ချန်ဒရာကန်ဘာဆင်း 'ခြားနားတဲ့ကိစ္စ၊ ဘကြီးတော်မင်း လက်ထက်မှာဗျ'

'ဟုတ်ပြီ ... ဟုတ်ပြီ၊ ဘကြီးတော် လက်ထက် မတိုင်ခင် '

www.burmeseclassic.com



ဘိုးတော်ဘုရား 'လက်ထက်မှာတင် မူးမတ်တွေက နှစ်ကြိမ်တိုင် တိုင် နန်းချထားတဲ့ စော်ဘွား၊ ဘိုးတော်ဘုရား အကူအညီနဲ့ နှစ်ခါ လုံးလုံး နန်းပြန်ရတဲ့ စော်ဘွား၊ မြန်မာလို ပီပီသသ ခေါ်တော့ စန္ဒရ ဂန္ဓရိန် '

'ဗိုလ်မင်း မင်းရဲပျံချီနဲ့ ကေသရီရဲ့ ဓာတ်လမ်းဟာ ဒီပုရပိုဒ် နောက်ဆုံးက သုံးလေးမျက်နှာနဲ့တော့ မပြီးနိုင်ဘူး ထင်တယ်ဗျ ဒုတိယ ပုရပိုဒ်တစ်ဆူ ရှိရဦးမယ် '

'ခင်ဗျား ဦးပဋ္ဌင်း ဆီမှာ ကျန်ဦးမလားပဲ '

'ကိုယ်တော့ မထင်ဘူး၊ ရှိရင်ချန်ထားမှာ မဟုတ်ဘူး၊ အား လုံး ပို့ပေးမှာပဲ '

'ပိုသေချာသွားအောင် ငဖဲကို လိုက်သွားကြည့်ရအောင် '

'ခင်ဗျားပါ လိုက်မလား '

'နေဦးဗျ ... ခရီးစဉ်လေး ဆွဲရအောင်၊ ပထမ တောင် တွင်းကြီးကနေ ကုက္ကိုစုရွာကို သွားမယ်ဗျာ၊ အဲဒီက လေလံပွဲဆိုတော့ ရက်လွှဲလို့မရဘူးဗျ '

'တောင်တွင်းကြီး ဆိုတော့ ကိုယ်တို့ပျဉ်းမနား ဘူတာမှာ ဆင်းရမှာပေါ့၊ အဲဒီကမှ ဆက်သွားရမှာ '

'ဟုတ်တယ် ... တောင်တွင်းကြီးကို ပြေးတဲ့ ဟိုင်းလပ်ကား တွေရှိတယ်ပြောတယ် '

'ကားကတော့ ပေါပါ့ဗျာ၊ ဒါနဲ့နေပါဦး၊ လေလံပစ်မှာက ဘယ်သူ့ ပစ္စည်းတွေတဲ့လဲ '

'ဦးရွှေခင် ဆိုတော့ ...၊ အဲ ... နေဦးဗျ၊ ဟို ... လုံလှူတဲ့ နာမည်နဲ့ ဆင်ဆင်တူနေတယ် '

'မဟာဝီရ သခင်ရဲ့ လုံလျင်တော်ဆိုတာလား '



'ဟုတ်တယ်... ကိုနေအောင်စိုး၊ ပေးပို့လှူဒါန်းသူက ဦးရွှေတင် တဲ့ '

'ဦးရွှေခင် မဟုတ်ဘူးလား '

ငဖဲမြို့ ဇီးတောရွာမှ ပေးပို့သော မြို့ဝန်ကြီး 'နေမျိုးလကျော် ခင်းထင် '၏ပုရပိုဒ် ။

ကုက္ကိုစုရွာမှ လေလံတင်သည့် ရှေးဟောင်းပစ္စည်းများ ။

ပြည်ပြတိုက်ရှိ ဦးရွှေတင် လှူဒါန်းထားသော ဒေါတို့၏ အရှင် မဟာဝီရသခင်၏ လုံလျင်တော် ။

'မရမ်းဒေါင်ဇင် 'ပို့ လိုက်သည့် ဒေါအရှင်မ ပုံတူ '

ထိုအရာများမှာ တစ်ခုနှင့်တစ်ခု အဆက်အစပ် ရှိပုံရ၏။ ပြတ်နေသော ကွင်းဆက်ကလေးများ ဖြစ်ခြိမ့်မည်။ ဆက်စပ်ပုံဖော် နိုင်လျှင် သူစိတ်ဝင်စားနေသည့် 'မြန်မာအစ 'ရုပ်လုံးမှာ ပီပြင်လာ နိုင်ကောင်းစရာရှိ၏။

မဟာဝီရ ...

ကေသရီ သို့ မဟုတ် မိန်းမလှ ...

မြို့စားကြီး မင်းရဲပျံချီ ။

မြင့်မိုရ်ချိုင့်ဝှမ်းရှိ မြို့ပျက် ...

နောက် .....

ယောကျ်ားများနှင့် တန်းတူလေးမြှား လက်နက်စွဲကိုင်၍ စစ်တိုက်သည့် ဝမ်ကျူအမျိုးသမီးများ .....

မိန်းမလှဆိုသူပင် 'ဝမ်ကျူ 'ဆက်၏ အကြွင်းလော ...

နေအောင်စိုး ပျော်ရွှင်လန်းဆန်း သွားပါလေတော့၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၆)

ဒေါ်ခင်မကြီး အိပ်ရာထဲမှ မထနိုင်တော့။

လေ့ကားမှ ချော်ကျသဖြင့် ခြေမျက်စိရိုး အက်သွား၏။ သမီးစိတ်ကလည်း နှိပ်စက်တာပါ၏။

'မောင်လေး … မင်းတူမအခြေအနေ '

မောင်ဖြစ်သူ၏ မျက်နှာကို အားကိုးတကြီး ကြည့်နေရာမှ ဒေါ်ခင်မကြီး အသံက တစ်ဝက်တစ်ပျက်ဖြင့် ရပ်တန့်သွားကာ မျက်ရည်တွေ စီးကျလာ၏။

'မငိုပါနဲ့ မမရယ်၊ အခြေအနေ ဘာဆိုတာ မသေချာသေးပါဘူး၊ ဆရာဝန်က တစ်မျိုးယူဆတယ်၊ ကျွန်တော်က တစ်မျိုးတွေးမိတယ်၊ ဘယ်သူမှန် သလဲဆိုတာ အချိန်ကဆုံးဖြတ် ပေးပါလိမ့်မယ်၊ အချိန်တော့ နည်းနည်းလိုတယ် မမ '

'ဆရာဝန်က … ဆရာဝန်က '

မျက်ရည်များကိုအင်္ကျီလက်ဖြင့် ပွတ်သုတ်ရင်း ဒေါ်ခင်မကြီး စကားမဆက်နိုင်ပြန် ။

'စကီဇိုဖရီးနီးယား လို့ပြောလိုက်တယ်မမ၊ ကျွန်တော်ကတော့ အဲဒီလိုမယူဆဘူး '

'မနေ့က ပြောလိုက်တော့ ဟစ်စတီးရီးယားစကျူပါဆို '

'အမယ်လေးတော့… တော်ကြစမ်းပါဟဲ့၊ ဘာနာမည် ပေးပေးရူးတာပါပဲဟဲ့၊ အရူးလို့ဆိုလိုက်တာပါပဲ၊ ဟီး… ဟီး '

အရေးထဲ ဝင်ပြောသော နေဘုန်းဦးမှာ မိခင်ကြီးက ဟီးတိုက်ငိုချလိုက်သဖြင့် အသာကုပ်သွားတော့၏။

'ဒါက ဒီလိုရှိပါတယ် မမ၊ စိတ်ပညာရှင်တွေ အနေနဲ့ ခင်ဖုန်းမူ



ရောဂါကို စကီဇိုဖရီးနီးယား လို့အမည်ပေးတာဟာ မှန်ကန် ပါတယ်။ စကီဇိုဖရီးနီးယား လက္ခဏာတွေ အတော်များများ ပဲတွေ့ နေရတယ်'

'ဒါနဲ့ …ခုနကပြောတော့ မင်းကအဲဒီလို မယူဆဘူးဆို '

'မှန်ပါတယ်၊ကျွန်တော့်အမြင်ကဆိုရင်တော့မယူဆပါဘူး'

'ဘာတွေတုံး မောင်လေးရယ်၊ ငါခေါင်းရှုပ် မျက်စိလည်လှပြီ'

'အချိန်လိုတယ် မမ၊ အမှန်ဆုံးအဖြေကို အချိန်ကပေးမှာပဲ'

'စကီဇိုဖရီးနီးယား လက္ခဏာတွေက ဘာတွေလဲ ဘကြီး '

နေဘုန်းဦး၊ နေဘုန်းထူး အမြွှာညီနောင်ထံမှ တန်ပြန်အမေး ထွက်လာ၏။

'ဒီရောဂါရဲ့ လက္ခဏာဟာ အချက်ကြီး ငါးချက်ကွ၊ ပထမအချက်က အတွေးအခေါ် လွဲမှားမှု၊ မဖြစ်နိုင်တာကို တွေးတယ်၊ ဥပမာ– ကမ္ဘာကြီး ပျက်တော့မယ်၊ သူသာ ကမ္ဘာကို အုပ်စိုးနိုင်တယ်၊ အရင်ဘဝက ဘာဖြစ်ခဲ့တယ်၊ ကြော်ဝတေးမင်း၊ အဲ …မင်းသမီး၊ ဘုရား စသည်ဖြင့်ပေါ့ကွာ … '

'အဲဒီအချက်နဲ့ မမခင်ဖုန်းနဲ့ ဆိုင်နေလို့လား ဘကြွေး '

'အေးပေါ့ကွာ၊ ပထမအချက်နဲ့တင် ခင်ဖုန်းမူက ' ငြိ ' နေပြီလကွာ၊ အဲဒီထဲမှာ အဓိပ္ပါယ်မဲ့တဲ့ စကား၊ အဓိပ္ပါယ်ရှိတဲ့စကားတွေ ပြောခြင်းဆိုတာကလည်း ပါနေသကွ၊ ခင်ဖုန်းမူ ပြောတာတွေ မင်းတို့ နားလည်သလား '

'နားမလည်ဘူး ဘကြွေး၊ ဘာတွေမှန်းကို မသိဘူးခင်ဗျ '

'အေးကွ၊ အဲဒါပေါ့၊ အဲဒါကြောင့် စကီဇိုဖရီးနီးယား လက္ခဏာရဲ့ ပထမအချက်နဲ့ အကျုံးဝင်သွားတာပေါ့ '

'ဒီတစ်ချက်တည်းနဲ့လား '

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ကလိမ့်မလဲ၊ ဒုတိယအချက်က စိတ်လှုပ်ရှားလွယ်ခြင်းတဲ့၊ ဝမ်းနည်းစရာ တွေ့ရင် အော်ဟစ်ပြီး ငိုမယ်ကွာ၊ ဝမ်းသာစရာ တွေ့ရင် အော်ဟစ်ပြီး ရယ်မယ်ကွာ၊ စိတ်မထိန်းနိုင်ဘူး၊ ငိုချင်ငို ရယ်ချင်ရယ်၊ အဲဒီလိုပေါ့ကွာ၊ ငါကအကြမ်းဖျင်း ပြောတာကွ'

'မမ ခင်ဖုန်းကတော့ ငိုတယ်ဘဒွေး'

'အေး...ဟုတ်ပြီ၊ ဆေးရုံရောက်နေတဲ့ သုံးရက်အတွင်း ဘာအစားမှမစားဘူး၊ အိပ်လည်းမအိပ်ဘူး၊ ငိုချည်းနေတယ် မဟုတ်လား...'

'ဟုတ်ကဲ့ ... အဲဗျ ...အသေချာပဲ၊ ဒီဒုတိယ အချက်နဲ့ သေသေချာချာကြီး ငြိတာပေါ့'

'ကဲ ...တတိယ အချက်ကို ကြည့်ကြရအောင်၊ အဲဒီအချက်က စိတ်နဲ့စိတ်ဆန္ဒကို ထိခိုက်လာခြင်းတဲ့၊ အလုပ်တစ်ခုပြီး တစ်ခု ပြောင်းလုပ်ချင် လာတာ၊ လုပ်ရကောင်းနိုး၊ မလုပ်ရကောင်းနိုး ချီတုံချတုံဖြစ်နေတာ၊ သူလုပ်မယ့် ကိစ္စတွေကို အခြားလူတွေ ကြိုသိနေတယ်၊ နှောက်ယှက်နေတယ်လို့ထင်တာ'

'မမ ခင်ဖုန်းက အဲဒီအချက်နဲ့တော့ လွဲမယ်ထင်တာပဲ ဘဒွေး'

'အေး... ဆရာဝန်ကလည်း အဲဒီအချက်ကိုတော့ အလေးထားပြီး မပြောဘူးကွ၊ အဲ... စတုတ္ထအချက်က ကိုယ်လက်လှုပ်ရှားမှု ပြောင်းလဲ ဖောက်ပြန်လာခြင်းပဲ၊ မလှုပ်မယှက်ကြီး နေချင်နေမယ်၊ ရိုက်နှက်ဖျက်ဆီး ကြမ်းတမ်းမယ်၊ အော်ဟစ်ဆူညံ နေမယ်၊ အဲ... စကားလုံးဝ မပြောဘဲ နေချင်နေမယ်၊ ပြောရင်လဲ စကားတွေ အပ်ကြောင်း ထပ်နေမယ်၊ တွေ့တဲ့လူကို ထိုင်ရှိခိုးချင် ခိုးမယ်၊ တစ်ခုခုကို လက်ညှိုးတစ်ထိုးထိုး လုပ်ချင်လုပ်မယ်၊ အဲ...သူ့နဂို မူလရှိရင်းစွဲ



အမူအယာတွေနဲ့ ဆန့်ကျင်ဘက် ဖြစ်သွားတယ် ဆိုပါတော့'

'ဟုတ်ပြီ... ဘဒွေးရေ၊ ဒီစတုတ္ထ အချက်နဲ့ ကတော့ မမခင်ဖုန်း ဖြစ်ပုံက ကွက်တိပဲဘဒွေး၊ ကျွန်တော်တို့ကိုဆော်ပြီး ထွက်ပြေးတာ တစ်ချက်၊ ဘာတွေမှန်း မသိတာကို ထပ်တလဲလဲ အပ်ကြောင်းထပ်အောင် ပြောနေတာက တစ်ချက်၊ လက်ညှိုးကြီး တယမ်းယမ်းနဲ့ ဘာမှန်းမသိဘဲ အော်ဟစ် ကြိမ်းမောင်းနေတာ တစ်ချက်၊ အဲ့ပြီးတော့ .....'

'ဆေးရုံရောက်တာနဲ့ လုံးဝစကားမပြောတော့တာ တစ်ချက်ကွ'

'ဟုတ်ပြီလေ...ဟိုတုန်းက ခင်ဖုန်းမှုဟာ သိမ်မွေ့နူးညံ့သလောက် အခု ခင်ဖုန်းမှုက ကြမ်းတမ်း သန်းစွမ်းနေတယ် ဆိုပါတော့ ဟုတ်လား၊ ပိုဆိုးတာက ဆေးရုံမှာ မထတမ်း ရှိခိုးနေတာပဲဗျာ...'

'ဟာ ... လူတွေကိုလား ဘဒွေး'

'ဘယ်ဟုတ်မလဲကွ၊ ဘုရားရှိခိုးနေတာပေါ့'

'အဲဗျ ... ဘဒွေးက ဘယ်လို သိတာလဲ'

'မင်းတို့ ညည ဘုရားကန်တော့ရင် ဘာတွေဆိုသလဲကွာ'

'ဩကာသပေါ့ ဘဒွေး'

'အခုလည်း ဒီလိုပေါ့၊ ခင်ဖုန်းမှု ရွတ်ဆိုတာတွေ ကြားတော့ ငါက ဘုရားရှိခိုးတာလို့ အတပ်စွဲတယ်၊ အဲဒီမှာတင် ဆရာဝန်ကအကိုဖိုဖရီးနီးယား လို့အသေအချာ စွဲတော့တာပါပဲကွာ၊ ဟား ဟား ဟား'

ဆေးတံကို ပါးစပ်မှ ချွတ်ယူ၍ ဆေးချေးများ တဒေါက်ဒေါက်ခါချရင်း တဟားဟား ရယ်နေသော သူတို့ဘဒွေးကို အမြွာညီ

www.burmeseclassic.com

www.burmeseclassic.com



နောင်မှာ မျက်လုံးအပြူးသား ဖြင့်ကြည့်နေကြသည်။

'ဘာမျက်လုံးပြူး ကြည့်နေကြတာလဲ… ဟော၊ အဘိုးကြီး အာချောင်သွားပြီ ထင်လို့လား'

'ဟုတ်… အဲ… ဟုတ်ပါဘူး၊ မမ ခင်ဖုန်းပြောတာ ဘာ့ခွေး ဘယ်လို နားလည်တာလဲ လို့ စဉ်းစားမရလို့ပါ'

'ဒါက လျှို့ဝှက်ကွ၊ ခုပြောလို့မဖြစ်သေးဘူး၊ ကဲ… ကဲ… စကီဗိုဖရီးနီးယား လက်ွှာဏာ ပဋ္ဌမအချက်ကို ကြည့်ကြဦးစို့၊ ယုံကြည်မှု လွဲမှားခြင်းတဲ့၊ သူတို့ကိုသူတို့ဘုရားလို့ထင်၊ ဘုရင်လို့ ထင်၊ ဘုရင်မ လို့ထင်'

'မမ ခင်ဖုန်းကကောဟင်၊ ဒီ… ဒီ… ပဋ္ဌမအချက်နဲ့ တော့ လွဲကောင်းပါရဲ့နော်… ဘာ့ခွေး'

'ဘယ်လွတ်ပါ့မလဲ မောင်ရာ၊ ခင်ဖုန်းမူ က သူ့ကိုယ်သူ ဘုရင်မလို့ ပြောနေတဲ့ဟာ၊ အဲဒါကို ကျုပ်က ဆရာဝန်ကို ဘာသာ ပြန် မပြဝံ့ဘူးဗျာ'

'ဗျာ… မမခင်ဖုန်းက ဘယ်… ဘာသာနဲ့ ပြောနေလို့လဲ ဘာ့ခွေး'

'မြန်မာဘာသာပါပဲကွ'

'ဟာဗျာ… မြန်မာလို ပြောတာကို မြန်မာပြန်ဘို့ လိုသေး လို့လား ဘာ့ခွေးကလဲ'

'လိုတာပေါ့ဗျာ… လိုတာပေါ့'

'ဘာတွေ ပြောနေလို့လဲ ဘာ့ခွေး… ဟင်'

'သူဟာ ခင်ဖုန်းမူ မဟုတ်ပါဘူးတဲ့၊ ထပ်တလဲလဲ ပြော နေတယ် ဆိုတာ အဲဒါပဲကွ'



'ဒါဖြင့် ဘယ်သူလဲ'

'ဘုရင်မ တစ်ယောက်တဲ့'

'စိတ်မနှံ့တဲ့လူ ပြောတာများဗျာ'

'မောင်လေးရယ်… ငါ့သမီးကြီးကို ရှောခ်များ ရိုက်နေဦး မှာလား'

တစ်ချိန်လုံး ငြိမ်၍မျက်ရည် သုတ်နေရှာသည့် ဒေါ်ခင်မကြီး ၏စိုးရိမ်ွှမ်းနယ်လှသည့် မေးခွန်းဖြစ်၏။

'လိုအပ်ရင်တော့ လုပ်ကြမှာပေါ့ မမ၊ ရောဂါပျောက်ဖို့ ပဲလေ'

'အမယ်လေး… မချိမဆံ့ ခံရရှာမှာ ထင်ပါရဲ့၊ ငါတဆေးရုံ မပို့ချင်ပါဘူးကွယ်၊ အဲဒီ အမြွာနှစ်ကောင်က သူတို့သဘောနဲ့ သူတို့ ခေါ်သွားကြတာ၊ ငါ့သမီးကြီးကို ပြန်ခေါ်ပေးကြပါ၊ အို… ကြာတယ်၊ ငါ့ဟာငါ သွားခေါ်မယ်…'

စိတ်လိုက်မာန်ပါ ထရပ်လိုက်သော ဒေါ်ခင်မကြီး ချက်ချင်း အိပ်ရာ၌ လဲကျသွား၏။

'စိတ်မမြန်ပါနဲ့ မမရယ်၊ ခြေထောက်နာနေတာ သတိထား ပါဦး၊ အိပ်ရာထဲနေရတာ ငြီးငွေ့ရင် ဝရန်တာက ဆက်တီမှာ ထိုင် မလား မမ၊ ကျွန်တော် ချီသွားမယ်'

ဒေါ်ခင်မကြီး ခေါင်းယမ်းပြီး ခေါင်းအုံးပေါ် မှီချလိုက်သည်။ မျက်ရည်တွေက စီးကျလာပြန်၏။

'ခင်ဖုန်းမူရေ… အမေသာ ရူးလိုက်ပါတော့ဟဲ့၊ နင့်အဖေ သူတော်ကောင်းကြီး ကတော့ ငြိမ်းချမ်းနေပြီကွယ်၊ အမေ့မှာတော့ အပူသည်ကြီး၊ သောကထုပ်ကြီး၊ ခုထိ ရိပ်သာလ်မဝင်နိုင်၊ ဒီသား ဒီသမီးတွေ စိတ်မချလို့'

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းဘောင်တွင် ပျော်မွေ့နေသည်မှာ ကြာပြီဖြစ်သော အိမ်ဦးနတ်ကို တယကာ တယကာ ဒေါ်ခင်မကြီး ငိုနေရှာသည်။

'သူ့လိုငြိမ်းချမ်းချင်ရင် သူ့လမ်းစဉ်ကိုလိုက်ရမယ်မမ...'

'အမယ်လေး... ငါက သူ့လို အသဲမမာနိုင်ဘူးကွဲ့၊ ကိုယ်လွတ် မရုန်းနိုင်ဘူးကွဲ့၊ ခုလဲကြည့်လေ... ကိုသားမိတစ်တွေ ခဏခဏ လာနေလို့တဲ့၊ သင်္ကန်းသုံးထည် သပိတ်တစ်လုံးနဲ့ ထွက်သွားတာ ကြာပါပကော...'

'ကောင်းတယ် မမ၊ တောရ ဆောက်တည်ပြီး ကေစာ သီတင်းသုံးတော့ ဟရားထူး မြန်မြန်ရတာပေါ့'

'နင်ကပါ ဘုန်းကြီးဘက် ပါနေပြန်ပြီလား'

'ကျွန်တော်နဲ့ ဘုန်းကြီးမနီးပါဘူး မမရာ... ကျွန်တော် ဖြစ်ချင်တာက ဗုဒ္ဓလမ်းစဉ်နဲ့ ဆန့်ကျင်ဘက်ပဲ၊ ဝါသနာပါတဲ့ ကိစ္စလေးတွေ ခပ်ကြာကြာလုပ်နိုင်အောင် အသက်ရှည်ရှည် နေချင်တယ်၊ အနည်းဆုံးအနှစ် နှစ်ထောင်လောက်ပေါ့ မမ၊ ဟော... ဟော ရောဂါတွေ ကူးလာသလား ထင်ပြီး မင်းတို့နှစ်ယောက်က မျက်လုံးပြူးကြည့်နေတာပေါ့လေ၊ ဟား... ဟား...'

'ပေါက်ကရ လေးဆယ်ကွယ်... အနှစ် နှစ်ထောင်ထားပါဦး၊ အနှစ် နှစ်ရာ အသက်ရှည်တဲ့လူတောင် ရှိပါ့မလား'

'ရှိတာပေါ့ မမ'

'ဘယ်မှာတုံးကွယ့်'

'အဲဒါ... လိုက်ရှာနေတာပေါ့'

'အင်း... မင်းလဲ ခင်ဖုန်းမူ ရောဂါမျိုး ဖြစ်ချင်နေတယ်နဲ့ တူတယ်၊ ဒီမှာ မောင်လေး၊ တချို့အရူးတွေ ဆေးရုံက သေသာ



သွားရော၊ ရောဂါပျောက်သွားတယ် ဆိုတာ မရှိပါဘူးကွယ်၊ ခင်ဖုန်းများ အဲဒီလိုဖြစ်သွားရင် ငါ... ငါ ရူးမယ်မောင်လေး၊ အရူးဆို ငါ့နားမှာ ဘယ်သူမှမရှိဘူး၊ မောင်တစ်ယောက်ရှိပါ့၊ နီးနီးနားနား အားကိုးရ၊ အစ်မထက် ဝါသနာကို ပိုချစ်တဲ့မောင် ကိုး ဟဲ့...'

'ကျွန်တော် ခုတစ်ခေါက်လာတာ မမတို့နဲ့ ကြာကြာနေဖို့ပါ'

'ဘာလဲ ဘဒွေး... ကြာကြာက သုံးရက်လား၊ငါးရက်လား'

ရောက်လာလျှင် ငါးရက်ထက် ပိုမနေသော ဘဒွေးဖြစ်သူအား အမြွာကောင်အငယ်က မကျေမနပ်ဝင်ပြောာ၏။ သူတို့နှင့် ကြာကြာ ခနေသဖြင့် မကျေနပ်တာ ကြာပြီ၊ ဖခင် ကိုယ်စား အိမ်တွင် မားမား ရှိစေချင်၏။ အခုတော့ ဘဒွေးက သည်လိုမဟုတ်၊ လေးငါး ခြောက်လနေမှ တစ်ခေါက် ပေါ်လာတတ်သည်။ နွေဦးလေ တိုက်သလိုပင် ဘဒွေးပေါ်လာမည့် ရပ်ကို မှန်း၍မရတတ်၊ အရပ်ရှစ်မျက်နှာမှ လာမည့်အရပ်ကို မှန်း၍မရတတ်၊ အရပ်ရှစ်မျက်နှာမှ လာ သည်၊ လာချင်သည့် အချိန်လာသည်။

သွားလည်း သွားနိုင်သည့်ခရီး၊ မြန်မာတစ်ပြည်လုံး အနှံ့အပြား ခြေရာများ လျှောက်ချနေရော့သလားမသိ။

'ကျွန်တော် အခု အိမ်ခြေအတည်တကျနဲ့ နေနေပါပြီ မမ၊ မြို့ပေါ်မှာတော့ မဟုတ်ဘူးပေါ့လေ၊ မြို့နဲ့လည်း တော်တော်ကို ဝေးပါတယ်၊ အဲဒီမှာ ခြံတစ်ခြံ၊ အိမ်တစ်လုံး၊ တပည့်နှစ်ယောက်နဲ့နေတာ နှစ်လာလောက် ရှိရော့မယ်၊ခုလဲ အညာဘက်မှာ ကျွန်တော် လိုချင်တဲ့ပစ္စည်း ရမယ်ကြားလို့ လာပြီးဝယ်ရင်း အပြန်မှာ မမဆီ ဝင်လာတာပါ၊ အေး... နေဘုန်းထူးတို့ ပြောသလိုပါပဲကွာ၊ ဆယ် ရက်လောက်နေမယ် စိတ်ကူးထားခဲ့တာ၊ အခုပုံဆိုစိတ်ကူးကိုပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရတော့မှာပဲပေါ့၊ တစ်ရက်၊နှစ်ရက်အတွင်းပဲပြန်တော့မယ်ကွာ '

'ဗျာ...ဒီလိုတော့ မလုပ်ပါနဲ့ ဘဒွေးရယ်၊ ကျွန်တော်တို့ ပြောတာ စိတ်ဆိုးလို့လား '

'ဟုတ်ပါတယ် ...ဘဒွေး၊ မေမေ အားငယ်နေတုန်း ဘစ်လ လောက်တော့နေပါဦး '

'မောင်လေးရယ်... ငါ့ကို အစ်မကြီး အမိအရာလို့ကော သံယောစဉ် ရှိသေးရဲ့လား နှင့်တူမ... နှင်သိပ်ချစ်တဲ့ တူမလေ... ခင်ဖုန်းမူ လေ ... သူ့ကို ဒီအတိုင်း ဖြစ်ချင်ရာဖြစ် ပစ်ထားခဲ့တော့မယ်ပေါ့ '

'မမ အနားမှာ ကျွန်တော်ရှိနေကာထက် ခင်ဖုန်း ရောဂါ ပျောက်ဖို့ကို အမိကထားရမှာပဲ မမ၊ ခင်ဖုန်းဟာ တကယ်ပဲ ရူးသလား၊ ဒါမှမဟုတ် ကျွန်တော် ယူဆသလို ဖြစ်နေတာလား ဆိုတာ ဒီမှာထိုင်နေလို့ သဲသဲကွဲကွဲ သိရမှာမဟုတ်ဘူး၊ ချက်ချင်း ပြန်ဖို့ ဖြစ်လာတာက ခင်ဖုန်း ပြဿနာကြောင့်ပဲ၊ ခင်ဖုန်းမူကို ကျွန်တော် ခေါ်သွားမယ်၊ ဟိုမှာ ဆေးကုမယ်၊ သူ့အလိုလိုက်ပြီး ကုရမှာပဲ ဒီပြဿနာမှာ သူ့အလိုလိုက်ဖို့ကလဲ အရေးကြီးတယ်၊ ဒီအပေါ်မှာ ကျွန်တော်တို့က အဖြေထုတ်ရလိမ့်မယ်၊ ဒီမှာတော့ ခင်ဖုန်းမူဟာ သူဖြစ်ချင်တာမဖြစ်ရင် မုချကြမ်းကြမ်းတမ်းတမ်း လုပ်ဦးမှာပဲ၊ ကြမ်းလေ နစ်နာလေ ဖြစ်မယ်၊ သိပ်ကြမ်းလာရင်တော့ ရှော့ခ် ရိုက်မှာ သေချာတယ် '

'ရှော့ခ် ရိုက်တဲ့အဆင့် မရောက်ရင်တော့ အတိုင်းထက် အလွန်ပေါ့ကွယ် '

'ရောဂါ ပျောက်ဖို့ကတော့ ကျွန်တော် အာမခံပါတယ် မမ



အချိန်တော့ နည်းနည်းကြာမယ်၊ အစွဲက ဘယ်လောက် ကြီးသလဲ သိတော့ ပျောက်မယ့်အချိန်ကို မှန်းလို့မရဘူး၊ သုံးလေးလနဲ့လဲ ပျောက်ချင်ပျောက်သွားနိုင်တယ် '

'ဒီလိုဖြင့်လဲ ခေါ်သာသွားပါတော့ကွယ်၊ ခြေထောက် ပြန်ကောင်းရင် ငါလိုက်လာခဲ့မယ် '

'မဖြစ်ဘူးမမ၊ မမ ခြေထောက် ပြန်ကောင်းလဲ အေးအေးဆေးဆေးအနားယူပါ၊ ရိပ်သာတရားစခန်းဝင်ပါ၊ ခင်ဖုန်းနေကောင်းပြီဆိုတာနဲ့ ကျွန်တော် အကြောင်းကြားလိုက်မယ်၊ အဲဒီတော့မှ မမသမီးကိုယ်တိုင် လာခေါ်ပေတော့ '

'ဘာဖြစ်လို့လဲကွယ် '

'ဆရာရှိတဲ့ နေရာက သိပ်ဝေးလွန်းလို့ပဲ မမ၊ ကျွန်တော်နေတဲ့ရွာကနေ အဝေးကြီးဆက်ပြီး သွားရဦးမယ်၊ မမခြေထောက်နဲ့မဖြစ်ဘူး၊ ဘာဖြစ်လို့ အပင်ပန်းခံမလဲ '

'အေးပါကွယ်... မင်းပဲကောင်းသလို လုပ်ပါတော့၊ ခင်ဖုန်းရောဂါပျောက်ရင်တော်ပါပြီ '

'ကဲ ...မမ နားလိုက်ပါဦး၊ ကျွန်တော်လဲ မနက်ဖြန် ခရီးထွက်ဖို့ စီစဉ်စရာရှိတာ စီစဉ်လိုက်ဦးမယ်၊ စိတ်အေးအေးထား ပါမမ'

တူဝရီးသုံးယောက် ဒေါ်ခင်မကြီးအခန်းထဲမှ ထွက်လာကြ၏။

'ဘဒွေး ဘာနဲ့ပြန်မှာလဲ '

'လေယာဉ်နဲ့ကွ ... '

'ဖြစ်ပါ့မလား... တော်ကြာ မမခင်ဖုန်းက လေယာဉ်ပျံ ပေါ်မှာ ရုတ် ရုတ်ရုတ် လုပ်နေမှဖြင့် '

'ဖြစ်ပါတယ်ကွ၊ သူသွားချင်တဲ့ ဆီကိုလိုက်ပို့တာပဲ၊ ငြိမ်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



ကလေး လိုက်လာလိမ့်မယ် '

'မမခင်ဖုန်းက ဘယ်သွားချင်တာလဲ ဘဒွေး '

'သူ့အုပ်ချုပ်တဲ့တိုင်းပြည် '

'ဗျာ ... '

'မဗျာနဲ့ ... ခင်ဖုန်းမှုက နယ်နယ်ရရမဟုတ်ဘူး အမြွာ နှစ်ကောင်ရေ့၊ ဘုရင်မတဲ့ဗျား '

'ဟာ ... ဘဒွေးကပါ နောက်နေပြန်ပါပြီ '

'အဲ ... အဲဒီတိုင်းပြည်က ဘယ်ဆီမှာတဲ့လဲ '

'သူ လက်ညှိုးထိုးနေတဲ့ အရပ်ပေါ့ကွ '

'နေပါဦး ဘဒွေးရဲ့၊ မမခင်ဖုန်းပြောတာ မြန်မာစကား ဖြစ်ရက်နဲ့ ဘာဖြစ်လို့ကျွန် တော်တို့နားမလည်ရတာလဲ၊ ကျွန်တော် တို့တင်မဟုတ်ပါဘူးရာ၊ စိတ်ကု ဆေးရုံက ဆရာဝန် ကိုယ်တိုင်လဲ နားမလည်ပါဘူး၊ ဘာအဓိပ္ပါယ်မှ မရှိတဲ့ စကားတွေ၊ ဟို... အဲ... အရူးစကားတွေ၊ ဘယ်လိုမှ ပုံပန်းမကျတဲ့ စကားပျက်တွေပါ ဗျ၊လူကောင်း တစ်ယောက် နားလည်ဖို့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး တဲ့ ... '

'ဟုတ်ပဗျာ၊ အရူးစကားကို ငါနားလည်တယ် ဆိုတော့ ငါလဲ အရူးမို့ပေါ့လေ၊ မင်းအဓိပ္ပါယ်က ဒီလိုထွက်နေတယ် နေဘုန်းဦး၊ ဟား ဟား ... ၊သိပ်လဲ စဉ်းစားမနေကြပါနဲ့ကွာ၊ အချိန်တန်တော့ သိလာ ပါလိမ့်မယ်၊ ကဲ ... ငါလဲ လေယာဉ် လက်မှတ်လုပ်ရဦးမယ်ကွ မင်းတို့လဲ ခင်ဖုန်းမှု ခါတိုင်းလုပ်နေကျ အလုပ် တွေလုပ်ကြလေကွာ '

* * * * *



## အခန်း(၇)

ပျဉ်းမနား ဘူတာတွင် ရထားဆိုက်သည်နှင့် ကမန်းကတန်း ဆင်းလိုက်ကြ၏။ ပျဉ်းမနား တောင်တွင်းကြီး ပြေးဆွဲနေသည့် ဟိုင်းလပ် ကားတွေ ရှိနေ၏။ သူတို့ထမင်းဆိုင်တွင် နာရီဝက် ကျော်ကျော် ကြာသွား၏။ ထိုအတွင်း တောင်တွင်းကြီး ကားတွေ ဘယ်နှစ်စီး ထွက်သွားခဲ့ပြီ မသိပါ၊ ယခု နှစ်စီးတည်း ကျန်တော့၏။

'ဆရာတို့ တောင်တွင်း လိုက်မှာလား၊ ကျွန်တော်တို့ ကားမှာ နေရာရှိပါတယ် '

ကားဆရာ လက်ညှိုးထိုးပြသည့် ကားကို နေအောင်စိုးတို့ ကြည့်တော့ လူအပြည့်နှင့်ပင် ။

'ဘယ်မှာလဲဗျ ... နေရာ '

'ရှိပါတယ်ဆရာ ... '

ကားထွက်ခါနီးမှပင် သူတို့စီးရမည့် နေရာကို သေသေ ချာချာ တွေ့ရတော့သည်။ ကားခေါင်း အမိုးပေါ်က ဝက်ခြံကန်လေး ထဲမှာဖြစ်၏။

'ဘယ့်နှယ်လဲ မျိုးကြီးရေ ... '

'လုပ်လိုက်လေ၊ ဒါနဲ့မှ မလိုက်ရင်လဲ ဒီမှာတစ်ည သောင် တင်နေရဦးမယ် '

'အေးလေ ... အတွေ့အကြုံသစ် တစ်ရပ်ပေါ့၊ လုပ်လိုက် ကွာ၊ ကြာသလားလို့ '

သို့နှင့် ဟိုင်းလပ်ကားခေါင်းပေါ်က ခြံလေးထဲမှာ လိုက်လာ ရင်း နေကပူပူ၊ လေကတဝူးဝူးဖြင့် အတွေ့အကြုံသစ် တစ်ရပ်ကို ရရှိလိုက်ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်တွင်းကြီး ရောက်သည်နှင့် ကုက္ကိုဖုရွာသို့သွားရန် မကွေးကားဂိတ်သို့ ပြေးရပြန်၏။

ထွက်မည့်ဆဲဆဲ ကားနှင့်တက်လိုက်ခဲ့ကြပြီး ပြလို့ရွာ လွန်သည်နှင့် ရွှေရောင်တော် ဘုရားသို့ဟူသော ရွှေဝါရောင်ပေါ်မှာ အဖြူရောင်စာလုံး ရေးထားသော ဆိုင်းဘုတ်ကို ကားလမ်း၏ လက်ျာဘက်တွင် တွေ့ရ၏။

'ရောက်ပြီ ဆရာရေ့ ... ဒီလှည်းလမ်း အတိုင်းသွားပါ။ ယာခင်းတွေနဲ့ သုသာန်တစ်ခု တွေ့မယ်၊ ရွှေရောင်တော် ဘုရားနဲ့ ဘုန်းကြီးကျောင်း တစ်ကျောင်းစ တွေ့မယ်၊ အဲဒါလွန်ရင်လေးမှာ ကုက္ကိုဖုရွာပဲ၊ အဲ... ရွာနဲ့ဘုရားကြားမှာ အင်းကန်ကြီးကို ကျော်ရင် ကုက္ကိုဖု သွားတဲ့ ရွာလမ်းပေါ် ရောက်ကရောပဲ'

ကားဆရာက လမ်းညွှန်သွားသည်။ နေအောင်စိုး နာရီကို ကြည့်၏။ လေးနာရီခွဲပြီးပြီ၊ ညွှန်သွားသည့် လမ်းအတိုင်း လျှောက်လာကြ၏။ လမ်းတွင် ယာတောပြန် လှည်းတစ်စီးနှင့် ဆုံ၏။ နေအောင်စိုး တို့နှစ်ယောက်ကို တင်သွားသည်။ ရွှေရောင်တော် ဘုရားမုခ်ဝတွင် ရပ်ပေး၏။ ကုက္ကိုဖုရွာ သွားမည့်လှည်း မဟုတ်ပါ။ လှည်းဆရာ ယာသမားကြီးကို ကျေးဇူးတင် စကားပြော၏။ အင်းကန်ကြီးဘက်သို့ လျှောက်လာခဲ့၏။ အင်းကန်ကြီးမှာ ကြာနီတွေ ပြည့်နေ၏။ ကန်ရေပြင်ကိုဖြတ်၍ လေက တရှဲရှဲတိုက်နေ၏။ နောက် တစ်နာရီခန့်ကြာလျှင် နေဝင်ပေတော့မည်။

ဘုရားပရဝုဏ်တွင်း တစ်ဖက်တွင် သက်ငယ်ကျောင်း ကလေးကို တွေ့ရ၏။ ဘုရားဝင်းအတွင်း ကမ္မဋ္ဌာန်းထိုင်ရာ ကျောင်း ငယ်ကလေးများ စီတန်းလျက်ရှိ၏။ လူရိပ်လူရောင် မမြင်ပါ။



ခွေးသုံးကောင်က ဟောင်သံပြု၍ ဆီးကြိုလိုက်သည်။

'ဟဲ့ ... ဘယ်သူတွေတုံး'

အသံက ရွှေရောင်တော် ဘုရားနှင့် စန္ဒမုခိ ဘီလူးမနှင့် သမီးတော် ပန်ထွာ မင်းသမီးတို့၏ နတ်ကွန်းဘက်မှ ထွက်လာ၏။ လူကိုမမြင်ရသေးပါ၊ ဘုန်းကြီးလား၊ ကပ္ပိယလားမသိ၊ ခွေးသုံးကောင်က ဝိုင်းထားပြီး စားတော့ဝါးတော့မတတ် ဟောင်နေ၏။

'တပည့်တော်တို့ မန္တလေးက ဧည့်သည်တွေပါ ဘုရား'

မျိုးညွန့်က အော်လျှောက်လိုက်၏ ။

'ဟဲ့ ... ထိပ်ကွက်၊ ငပိန်၊ ငကျား တိတ်ကြစမ်းလဟဲ့'

သမ်တလင်းနှင့် တောင်ဝှေးဆောင့်လိုက်သံ တဒေါက်ဒေါက် ပေါ်လာ၏။ ခွေးသုံးကောင် ဝိုင်း၍ဟောင်နေရာမှ အသီးသီး ထွက် သွားကြတော့သည်။

'ဧည့်သည်ဆိုရင် ဖြင့် ကျောင်းပေါ်တက်ပြီး နားကြ၊ ရှာဖွေ စားကြ၊ ဘုန်းကြီး အလုပ်ရှိသေးသကွဲ့'

ခွင့်ပြုချက်ရ၍ နှစ်ယောက်သား ကျောင်းပေါ်တက်လာ၏။ ကျောင်းပေါ်တွင် မည်သည့် အဆောင်အယောင်မှ မရှိပါ။ ရှင်းလင်း နေ၏။ ဘုရားခန်းမှာ သပ္ပါယ်လှ၏။

'ရွာနဲ့ တော်တော် ဝေးပုံရတယ်၊ ဘယ်ဘက် ကြည့်ကြည့် အိမ်ရိပ်၊ လူရိပ်မမြင်ဘူး'

'လျှောက်ကြည့်ရအောင်'

အိတ်ကို ကျောင်းပေါ်တွင် ထားရစ်ပြီး ဆင်းလာကြ၏။ ခွေး သုံးကောင် ခေါင်းထောင်ကြည့်ပြီး ငြိမ်နေ၏။

ရွှေရောင်တော် ဘုရားရင်ပြင်ထက်က ရကျယ်လွန်းပါ၊

www.burmeseclassic.com

www.burmeseclassic.com



အောက်မအင်္ဂတေအချို့ ပေါက်ပြကုန်ပြီ၊ သစ်ရိပ်တွေနှင့်မို့ နေ့တွင်အေးမြနေပေလိမ့်မည်။

မယ်တော် စန္ဒမုခီ ဘီလူးမနှင့် သမီးလတ် ဗိဿနိုး ဘုရင်မပန်ထွာ မင်းသမီးတို့၏ နတ်ကွန်းအဝင်ဝမှ ဘုန်းကြီးအိုကြီးတစ်ပါးကို တွေ့ရသည်။

'မန္တလေးက ဧည့်သည်တွေလားဟဲ့'

'တင်ပါ့ဘုရား'

နေအောင်စိုးတို့ ထိုင်၍ဝတ်ပြုသည်၏။

'ဘုန်းကြီးကျောင်းကို လာတာလား ၊ ရွှေပုဏ္ဏမီကို စိတ်ဝင်စားလို့ လာတာလား၊ လေလံပွဲကတော့ တစ်နေ့ကပဲ ပြီးသွားပြီလကွယ့်'

'ဘုရား ...'

ဘုန်းကြီး စကားကို နေအောင်စိုးတို့ နားမရှင်းလိုက်။

'ပေထုပ်တွေ၊ ပုရပိုဒ်တွေပဲ ကျန်တော့သကွယ့်'

'တင်ပါ့ဘုရား၊ လေလံပွဲက နက်ဖြန် ဆယ့်ငါးရက် နေ့မဟုတ်ဘူးလား ဘုရား၊ တပည့်တော် သိထားတာက ဆယ့်ငါးရက်နေ့လို့ သိထားလို့ပါ ဘုရား'

'အိမ်း ... ဟုတ်သကွယ့်၊ ဒါပေမဲ့ အကြောင်း မညီညွတ်လေတော့ လေလံပွဲကို ဆယ့်တစ်ရက်နေ့မှာ စယ လိုက်ရတယ်၊ ဆယ့်တစ်ရက်၊ ဆယ့်နှစ်ရက်၊ ဆယ့်သုံးရက် ဆက်သွားတာပေါ့'

နေအောင်စိုး ပက်လက်လန်မတတ် ဖြစ်သွားရတော့သည်။အလာကြီးလာပြီးမှ အလွဲကြီးလွဲခဲ့ရ၏။သို့သော် ဖြေစရာကလေးတော့ရှိနေပါသေးသည်။ ပေထုပ်တွေ၊ ပုရပိုဒ်တွေဆိုသည့် သတင်းဝင်။



'တင်ပါ့ဘုရား၊ လေလံပွဲနဲ့လွဲသွားတာတော့ မတတ်နိုင်ဘူးပေါ့ဘုရား၊ ကျန်နေတဲ့ ပေထုပ်တွေ၊ ပုရပိုဒ်တွေပဲ ကြည့်ပါရစေ ဘုရား'

'အိမ်း . . . ကြည့်ဦးပေါ့လကွယ်၊ လေလံပွဲမမီလို့ စိတ်မပျက်ပါနဲ့၊ ပုရပိုဒ်တွေထဲက ကြိုက်တာ၊ အသုံးတည့်တာတွေ ယူသွား၊ ကြားလား ဒကာလေး'

'ကျေးဇူးပါပဲဘုရား'

'ထမင်းများစားပြီးကြပလား'

'တပည့်တော်တို့ စားပြီးခဲ့ပါပြီဘုရား'

'ဆာနေကြမှာပေါ့၊ ဘုန်းကြီးဆီမှာတော့ ထန်းလျက်နဲ့ငှက်ပျောသီး၊ ပဲလှော်လောက်ပဲရှိသကွယ့်၊ ဇောင်ချမ်းထုပ်များလဲရှိထင်ပါ့၊ ရှာဖွေ စားကြလကွယ့်၊ ရေနွေးတွေ ဘာတွေ တည်သောက်ကြ၊ ဘုန်းကြီး ကပ္ပိယမထားဘူး ဒကာလေးတို့'

'ကျေးဇူးပါဘုရား၊ ဝန်မလေးရင်တော့ ပုရပိုက်တွေ တပည့်တော်တို့ အခုပဲ ကြည့်ပါရစေဘုရား'

'အိမ်း ...ကြည့်ကြလေ၊ ဟော့ဟို အင်းကန်ကြီး ဖိုဘက်ကအိမ်ကြီးဆီမှာ သိမ်းဆည်းထားသကွယ့်၊ အိမ်စောင့်ရှိတယ်၊ သူ့ဆီမှာ သော့တောင်း၊ ဘုန်းကြီးလွှတ်လိုက်တယ်ပြောပြီး . . . တက်ကြည့်ကြပေါ့၊ မောင်ညိုလို့လှမ်းခေါ် ကြားလား'

'တင်ပါ့ဘုရား'

'အေး ... သွားကြ... သွားကြ'

ဘုန်းကြီး တောင်ဝှေး တစ်ဒေါက်ဒေါက်ဖြင့် ကျောင်းဖက်ပြန်ကြွသွား၏။

'ကဲ... ဘုရားဖူးပြီး ကန်ဘက်သွားရအောင် ကိုမျိုးညွန့်ရေ'

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ဘုရားဘက်လှည့်၍ ပုဆိန်ပေါက် ဦးချ၏။ အင်းကန်မှာ မန်ကျည်းပင် အုပ်အုပ်များ ဝိုင်းရံနေ၏။ ငုံ့ကိုင်း၍ ဖြတ်လာကြ၏။ အတော်လှမ်းလှမ်းတွင် ယိုယွင်းပျက်စီးစ ပြုနေပြီ ဖြစ်သော အိမ်ကြီးတစ်ဆောင် ။

'ကြာနီတွေ လှလိုက်တာဗျာ'

'အင်း... ဗိဿနိုး ဘုရင်မ ပန်ထွာ ကျောင်းစားစဉ်ကတော့ ဒီအင်းကန်ကြီးထဲမှာပဲ လှေပွဲသဘင် ကျင်းပတော်မူတယ်လို့ သိရ တယ်၊ ဟိုတုန်းကတော့ ဒီအင်းကန်ဟာ ဒီထက်ကျယ်ပုံရတယ် ခုတော့ နှစ်တွေကြာလာတော့ ကောသွားပုံရတယ် ကိုမျိုးညွန့် အင်းကန်ကြီးကတော့ လှပါရဲ့၊ ဟောဟိုက အိမ်ကြီးသွားရမှာ စိတ်ထဲ တစ်မျိုးကြီးပဲ'

အားပျော့ လာပြီဖြစ်သော အလင်းရောင် အောက်တွင် အိမ် မည်းကြီးမှာ ကျက်သရေမဲ့စွာ ငြိမ်သက်၍နေ၏။ ကွင်းပြင်နှင့် ကန် ရေပြင်ကို ဖြတ်၍ လေတရှဲရှဲ တိုက်နေသည်။

'လာပါဗျာ... စိတ်တစ်ခုပါပဲ'

သို့နှင့်ကန်၏ မြောက်ဘက်မှပတ်၍ အိမ်ကြီးဆီသို့ လျှောက် လာကြ၏။

အိမ်မည်းကြီးမှာ နီးလာလေ ကြီးလာလေဖြစ်၏။ အဆောင် ဆောင် အခန်းခန်းဖြင့် တစ်ချိန်တုန်းကဆိုလျှင် မည်မျှခမ်းနား စည်ပင်လိုက်မည်မသိ။

'ကိုယ်တို့ ပုရပိုဒ်တွေယူလာပြီး ဘုန်းကြီးကျောင်းကျမှ ကြည့်ကြရအောင်'

'အိမ်ကြီးမှာ အိပ်လို့ရရင် အိပ်ကြတာပေါ့'



'မြတ်စွာဘုရား'

မျိုးညွန့် ကျောတွန့်သွား၏။ အိမ်ကြီးအောက်ထပ်မှ တံခါး တစ်ချပ်ပွင့်နေသည်။ ထိုအပေါက်မှ မဝင်သေးဘဲ နေအောင်စိုးက အိမ်တစ်ပတ် ပတ်ကြည့်၏။

'အိမ်မှ မပျက်စီးသေးဘဲ၊ ငွေဆယ်သိန်း လောက် အကုန်ခံ ပြီး ပြင်လိုက်ရင် အကောင်းဖြစ်လာမယ်ဗျ'

နေအောင်စိုးက တကြည့်ကြည့်လုပ်ရင်းပြော၏။ အိမ်ရှေ့ ပြန်ရောက်တော့ ဆင်ဝင်ခုံးကြီးထိပ်မှ စာလုံးများကို သတိပြုမိ၏။ ရေညှိတွေတက်၍ မည်းသည်းနေသော်လည်း ကျိုးပဲ့ပျက်စီးခြင်း မရှိသေးသည့် ရွှေစာလုံးဖောင်းကြွများ ဖြစ်သည်။

'ရွှေပုဏ္ဏမိ'

'ဘုန်းကြီး ပြောတုန်းက နားမရှင်းဘူး၊ လက်စသတ်တော့ 'ရွှေပုဏ္ဏမိ' ဆိုတာ အိမ်ကြီးနာမည်ပဲ'

'ကြိုက်သွားပြီ ... မျိုးကြီးရေ'

'ညအိပ်တော့မယ်ပေါ့'

'ဘယ်ကလာ'

ခြေသံကြား၏။ လှေကားမှ ဆင်းလာသံ ဖြစ်၏။ နဂါးရုပ်ခံ သက်ရန်းဖြင့် ကျွန်းပွတ်လုံး လှေကားကြီးကို ပွင့်လျက်ရှိသော အိမ် ရှေ့တံခါးမှ မြင်နေရသည်။ မျိုးညွန့်က ခေါင်းပြူ၍အတွင်းသို့ချောင်း ကြည့်လိုက်၏။ လှေကားတစ်ဆစ်ချိုးတွင် လူကြီးတစ်ယောက် ရပ် နေသည်။အသက်ခြောက်ဆယ်ဝန်းကျင်လောက်ရှိ၏။

'ကျွန်တော်တို့ကို ဘုန်းကြီးက လွှတ်လိုက်တာပါ'

'အင်း... လာကြပြန်ပြီ နှစ်ယောက်'

www.burmeseclassic.com

www.burmeseclassic.com



‘ခင်ဗျာ’

‘အိမ်ဝယ်ဖို့လား’

‘ဦးကြီးက ဦးညိုထင်တယ်’

‘ဟုတ်ပါ’

‘ကျွန်တော်တို့ အထဲဝင်မယ်နော်’

‘မနေ့ကပဲ နှစ်ယောက် ပြန်ပြေးသွားလေရဲ့’

‘ဘယ်သူတွေလဲ’

‘ရွှေပုဏ္ဏမီကိုဝယ်မယ့်လူတွေလေ၊ ဟီး... ဟီး... တကတည်း ပြေးလိုက်တာမှ နောက်ကျတဲ့ခြေထောက် သစ္စာဖောက်ပဲဗျား’

ဘာမှန်းမသိသော်လည်း ဦးညိုပြောပုံကြောင့် မျိုးညွန့်ကျော ချမ်းသွား၏။

‘ကျွန်တော်တို့ကတော့ ပြေးမယ့်လူတွေ မဟုတ်ဘူး’

‘ဟော့ ... နေကြီး၊ ဘာတွေပြော...’

မျိုးညွန့်က လက်ကုတ်၏။ နေအောင်စိုး ဂရုမစိုက်ပါ။ မသိ ချင်ယောင်ဆောင်နေ၏။ အိမ်ဝယ်မည့်သူများ ထွက်ပြေးပုံကို မြိန်ရေ ယှက်ရေပြောပြီး အူမြူးနေပုံရသည့် ဦးညို၏မျက်နှာကြီးကိုသာ စေ့ စေ့ကြည့်နေ၏။

‘လာတုန်းကတော့ မိုးလားကဲလားပါပဲ၊ ပြီးတော့လဲ ပြေးတာပါပဲ ဟီး ... ဟီး ၊ အိမ်ကြီးကဈေးချိုတယ် မဟုတ်လား၊ ကံကောင်းရင် အတုလပတ္တမြားကြီး သုံးလုံးကိုလဲ ရနိုင်တယ် မဟုတ်လား၊ လာ လိုက်ကြတာများဗျာ၊ ဘုရားစင်က ညောင်ရေအိုးတောင် မကျန် ပါဘူး အကုန်လုံး၊ အားလုံး အလုအယက် ဝယ်သွားကြတော့တာ ပါပဲ ဒီလောက်ပဲ လောဘတိုက်ကြသလား၊ ကျုပ်ဒီအိမ်ကို စောင့်



ရောက်ရတာ နှစ်ပေါင်း သုံးဆယ် လောက်ရှိပါပြီ၊ တစ်ခါမှ အိမ်ကြီး ထဲမှာ မမွေ့ဖူးပါဘူး၊ တိုတ်တိတ် လာမွေ့တဲ့ကောင်တွေ ခေါင်းဆယ် လုံးတော့ ရိုက်ခွဲပေးလိုက် ဖူးပါရဲ၊ အဲဒီကတည်းက လူဆိုးသူခိုး ရန်က ဆေးသွားတော့ တာပါပဲ၊ အေးလေ ဝယ်သွားကြလဲ ပြီးတာ ပါပဲ၊ စောင့်ရှောက်ရတဲ့ ကျုပ်တာဝန် ငြိမ်းသွား တာပေါ့၊ ကျုပ်လည်း ညည်းငွေ့လှပါပြီ၊ ကဲ ... ဝင်ကြလေ၊ ကြည့်ကြလေ၊ ထုံးစံအတိုင်း အိပ်ကြည့်ကြဦးပေါ့၊ ပြီးတော့လဲပြေးကြမှာပါပဲ၊ ဟီး... ဟီး... ဟီး ပြေးတော့လဲ ပြီးတာပါပဲ၊ ဟီး ... ဟီး ... ။

ဦးညိုက တဟီးဟီး ရယ်ရင်း တံခါးဝကို ပိတ်ရပ်ထားရာမှ ဖယ်ပေးလေသည်။ အိမ်ဝယ်မည့်သူများ ပြန်ပြေးရခြင်းအတွက် ဒီလူကြီး ဘာကြောင့်များ ဝမ်းပန်းတသာဖြစ်နေရပါသနည်း။

‘ပုရပိုဒ်တွေထားတဲ့အခန်းကို လိုက်ပို့ပါ ဦးညို’

ကျယ်ဝန်းလှသော အိမ်ကြီးတွင် တစ်ခန်းဝင် တစ်ခန်းထွက် နှင့် အချိန်မဖြုန်းလိုသဖြင့် နေအောင်စိုးက လိုရင်းကို ပြောလိုက်၏။

‘အိပ်ရာတွေက အလယ်ခန်းမှာ၊ အေးလေ... ကြိုက်တဲ့ အခန်းအိပ်ကြတာပ၊ အောက်ထပ်ဧည့်ခန်းကြီး၊ ပြတိုက်ခန်း၊ အလယ် ခန်း၊ အရှေ့ဆောင်၊ အနောက်ဆောင်၊ ဘုရားဆောင် ဒီလိုပဲ အိပ် ကြည့်ကြတာပါပဲ၊ ဘယ်အခန်းအိပ်အိပ် ၊ ပြီးတော့လဲ ပြေးတာပါပဲ ဗျာ၊ တစ်ညတည်းပါပဲ... တစ်ညတည်းပါပဲ’

တတွတ်တွတ်ရွတ်ရင်း ရှေ့မှဦးဆောင်သွားနေသော ဦးညို နောက်မှလိုက်ခဲ့ကြ၏။ ပြတိုက်ခန်းဟု စာတန်းထိုးထားသော အခန်း ကျယ်ကြီးကို ဖြတ်လျှောက်ကြရ၏။ လေလံမတင်မီအတော့ ယင်း အခန်းကြီးတွင် ရှေးဟောင်းပစ္စည်းများဖြင့် ပြည့်လျှံနေပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီအိမ်ကြီးက သက်တမ်း ဘယ်လောက်ရှိပြီလဲဦးကြီးညို'

'အနှစ် နှစ်ရာ ဘယ်အောက်လိမ့်မတုန်း'

'မျိုးညွန့်နှင့်နေအောင်စိုး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြ၏။ အိမ်ကြီးမှာ သက်တမ်းနှင့်စာလျှင် ယိုယွင်းမှုနည်းပါးလှ၍ ဦးညိုစကားကို လွယ်လွယ်ကူကူ မယုံချင်ပါ။

'အတိအကျ မသိဘူးလား ဦးညို'

'ဘုန်းကြီး မေးကြည့်ကြ၊ ကျုပ်က ဘုန်းကြီးလောက် မသိဘူး'

'မြို့ဝန်ကြီး ဦးရွှေခင်က ဦးရွှေတင်နဲ့ ဘာတော်သလဲဟင်'

'မြစ် ...'

'အခုရှိသေးသလား'

'ဘုန်းကြီးဝတ်သွားတာ ကြာမင့်ပကော၊ ပျံလွန်တော်မူပြီကြားတယ်၊ ဒါကြောင့် သူ့ပစ္စည်းတွေ လေလံပစ်လို့ ရတဲ့ငွေ အားလုံးလှူပစ်ရမယ်လို့ မှာသွားတယ်'

'ဘယ်မှာသွား ပျံလွန်တော်မူတာလဲ'

'ငဖဲ နဲ့ရွှေစက်တော်ကြားက တောင်ခြေကျောင်းလေးမှာ'

'ဩော် ... ဩော်၊ ဓမ္မသုခ တောရမှာ ထင်ပါရဲ့'

'ဟုတ်လိမ့်မယ်၊ ဒီကဘုန်းကြီးသိတယ်'

'မြို့ဝန်ကတော်က ဒေါ်ပုဏ္ဏမိ ထင်တယ်'

'မဟုတ်လိုက်လေ၊ ပုဏ္ဏမိဆိုတာ သမီး'

'ဩော်... အိမ်ကြီး နာမည်က သားအဖ နှစ်ယောက် နာမည်တွဲထားတာကိုး'

အရှေ့ဘက်ဆောင်တွင် သီးသန့်တည်ဆောက်ထားသော အခန်းတစ်ခုရှေ့၌ ဦးညိုရပ်လိုက်သည်။ သော့ဖွင့်၏။



'အခုခေတ်တော့ ဒါဟာစာကြည့်ခန်းပေါ့'

အရင်ဆုံးဝင်သွားသော မျိုးညွန့်က မှတ်ချက်ပေးသည်။ ခန်းပါ၏။ ပေထပ်များ၊ ပုရပိုဒ်များက မှန်စီရွှေချရုပ်ကြွ မှန်ဘီရိုကြီးများ၊ ငါးရာငါးဆယ်ဇာတ် ရုပ်ကြွရုပ်လုံးဖော်၊ ရွှေပိန်းချ ကျွန်းသေတ္တာ (စာတိုက်) ကြီးများဖြင့် သပ်ယပ်စွာ ရှိနေ၏။ အခန်းထောင့်ခင်ပေါ်တွင် ရေအိုးဆယ်လုံးနှင့် ပုလင်းလွတ်များ တွေ့ရသည်။

'ကျုပ်... မီးအိမ်ယူချည်ဦးမယ်'

ပြောပြီး ဦးညို ပြန်ထွက်သွား၏။ အလင်းရောင် ပျောက်စပြုလာပြီ ဖြစ်၏။

'ဘယ်နှယ့်လဲ ကိုယ့်လူ'

'ကျောချမ်းနေတယ် နေကြီးရေဦးညိုကြည့်ရတာ...'

'ဘာလဲ... တစ်မျိုးကြီးလား'

'အခက်ပဲ... ဘာဝင်မကျဘူး'

'ပြောပုံကြည့် ရတာတော့ ရွှေပုဏ္ဏမိကို ဝယ်မယ့်လူတွေ သာကြတယ်ဗျာ၊ အစမ်းသဘောနဲ့ ဘုန်းကြီးက အိပ်ခိုင်းတယ်ဗျာ၊ အိပ်ကြည့်တဲ့လူတွေ အခြောက်အလှန့်ခံကြရတယ်ဗျာ၊ မဝယ်ရဲတော့ဘဲ ပြေးကုန်တယ်ဗျာ၊ ဒါပဲပေါ့၊ ဆန်းတာမှ မဟုတ်ပဲ'

'ဟ ... ကိုယ်ကျော ချမ်းနေတာက ခက်တယ်၊ဒါနဲ့ နေပါဦး၊ ကိုယ့်လူက အိမ်မဝယ်ဘဲနဲ့ ဘာဖြစ်လို့ ဒီမှာအိပ်မှာတုံး'

'ဟောဒါတွေကြောင့် ပေါ့ဗျာ၊ တစ်ညလောက် ဖတ်ရုံနဲ့ ဘယ်ကုန်နိုင်မလဲ၊ တစ်ပတ်လောက် တော့ အချိန်လိုမယ်၊ ဒါတောင် နောက်က ကျားလိုက်လို့ သေပြေးရှင်ပြေး ပြေးရသလို ဖတ်ရမှာ'

'တစ်ပတ်ကြီး များတောင် နေဦးမှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအတိုင်းပဲ ဖြစ်နေပြီဗျာ၊ ဒီလို လုပ်ပါလား၊ ခင်ဗျားကို လည်း အားနာတယ်ဗျာ၊ ပုဂံပြန်နှင့်ပြီး အဲဒီကနေ ကိုယ့်ကို စောင့် ဒါတွေ လေ့လာပြီးရင် ကိုယ်လိုက်ခဲ့မယ်၊ အဲဒီကမှ မန္တလေး ပြန်မယ် မကောင်းဘူးလား'

'ငဖဲ ခရီးစဉ်က ရှိသေးတယ်လေ၊ ကိုယ်တို့တစ်ယောက် တစ်ကွဲဆို မနိုပ်သေးဘူး'

'မောင်ရင့်ကို အားနာလို့ပါ'

'ကိစ္စမရှိဘူး၊ ကိုယ်လဲ ဒီအိမ်ကြီးနဲ့ ပတ်သက်တာတွေကို စိတ်ဝင်စားပါတယ်၊တစ်ပတ်လဲ အတူတူပေါ့ဗျာ၊ မဟုတ်ဘူးလား'

'ကြိုက်သွားပြီ'

နှစ်ယောက်သား ဗီရို၊ စာတိုက်များ ဖွင့်ပြီး ပေထုပ်တွေ မွှေ၏။ ပုရပိုဒ်တွေ ဖြန့်၏။ဘာသာရေးနှင့် သက်ဆိုင်ပြီး အင်မတန် ရှားပါးသော ကျမ်းကြီးများဖြစ်၏။ မူလစီရင်သည့် ဆရာတော်ကြီး များ၏ လက်ရေးမူအစစ်တွေဖြစ်၏။

'ဟော့ ... နေကြီး၊ ဒီရာဇာဓိရာဇ် အရေးတော်ပုံစာတန်း ခေါင်းစည်းနဲ့ ပုရပိုက်က မူရင်းလားမသိဘူး'

'ပြစမ်းပါဦး၊ ဝန်ကြီး ဗညားဒလ လက်ရေးမူ အစစ်ဆိုရင် တော့ ပွတာပဲဗျာ'

'ခက်တာက ဝန်ကြီးဗညားဒလ လက်ရေး မမြင်ဘူးတာပဲ'

ဖတ်ကြည့်ကြ၏။ ကူးယူ ရေးသားသူ မြို့ဝန် နေမျိုးလကျာ မင်းထင်ဘွဲ့ခံ ဦးရွှေခင် ဟူသော စာလုံးများကို တွေ့ရ၏။ ဘုရင့် နောင် လက်ထက်မှ ဝန်ကြီးဗညားဒလ လက်ရေးမူ မဟုတ်ပါ။ ဆက် လက်မွှေနှောက်ကြ၏။ နဝဒေးကြီး ၏ ရတု၊ ရကန်၊ ကဗျာ၊ လင်္ကာ



များကိုလဲ ဖတ်ကြရ၏။

'ဒါတွေကတော့ မူရင်းတွေပဲ နေကြီးရေ'

'အေးဗျ ...ဘုန်းကြီးဆီမှာ တောင်းသွားရအောင်၊ အလှူ ငွေတော့ ထည့်ခဲ့ဦးမှ'

'တစ်လောကလေးကလာတဲ့ အင်္ဂလိပ်တစ်ယောက်ကတော့ ပုရပိုဒ်သုံးဆူကို အလှူငွေငါးထောင် ထည့်သွားတယ်ဗျာ'

မီးအိမ်ယူပြီး ပြန်လာသော ဦးညိုက ပြော၏။ နေအောင်စိုး စိတ်ဝင်စားသွားသည်။

'အင်္ဂလိပ်ဟုတ်လား၊ တိုးရစ်လား'

'ဟုတ်မယ်ထင်ပ၊ လေလံပစ်ဖို့ အကြံပေးသွားတာ အဲဒီ အင်္ဂလိပ်ပဲ၊ မြန်မာစကားလဲ မွတ်နေတာပဲဗျာ'

'လေလံပွဲ မတိုင်ခင်က ရောက်လာတာလား'

'ဟုတ်ပ၊ ဒီမှာ တစ်ပတ်နေသွား ထင်တယ်၊ ဒီအခန်းထဲမှာ နေ့ရော ညရော၊ ခုမောင်ရင်တို့ မွှေသလို မွှေနေတာပေါ့၊ သူလာ တုန်းက ဟိုအပြင်ဘက် ပြတိုက်အခန်းမှာ ပစ္စည်းတွေပြည့်လို့၊ အမယ်သူက အဲဒါတွေစိတ်မဝင်စားဘူး၊ အဆန်းပဲဗျာ၊ ဟောဒီဥစ္စာ တွေသာ မွှေတော့တာ၊ ပြန်ခါနီးတော့ ပြတိုက်ကပစ္စည်းတွေ လေလံ ပွဲလုပ်ပြီးရောင်းဖို့ သူပဲစီစဉ်ပေးသွားတာ'

နေအောင်စိုး ပူပန်သလဲဖြစ်သွားမိသည်။ သူလိုက်ရှာနေ သည့် ပုရပိုဒ်တွေများပါသွားလေရော့သလား ။

'အဲဒီအင်္ဂလိပ် ယူသွားတဲ့ ပုရပိုဒ်တွေက ဘာတွေများလဲဦးညို'

'မသိပေါင်ဗျာ၊ ကျုပ်အလုပ်မှ မဟုတ်ပဲ'

'ဘုန်းကြီးတော့ သိမှာပေါ့နော်'

www.burmeseclassic.com

www.burmeseclassic.com



'မေးကြည့်လေ'

ပေထုပ်များကို ကြိုးဖြည်လျက်ရှိသော နေအောင်စိုး၏ လက်များက နေးငုံကွေးလေလံ သွား၏။ သူ့တွင်ရှိသော ဗိုလ်မင်း မင်းရဲပျံချီ၏ လက်ရေး ပုရပိုဒ်မှာ ဓမ္မသုခတောရ ဆရာတော် ဘုရားကြီး ပျံလွန်တော်မူရာမှ ကျန်ရစ်ခဲ့သော ပစ္စည်းဖြစ်၏။ ဆရာ တော်သည် နေမျိုးလက်ျာမင်းထင်ဘွဲ့ခံ မြို့ဝန် ဦးရွှေခင်၏ မြစ် ဖြစ်၏။ အခု အင်္ဂလိပ် ယူသွားသော ပုရပိုဒ်မှာ ဘူအလိုရှိသည့် ပုရပိုဒ်ဖြစ်ဖို့ လမ်းကများ၍နေပါသည်။

ပထမ ပုရပိုဒ်သည် ငဖဲမြို့နှင့် ရွှေစက်တော်သွား တောလမ်း တောတွင်းရှိ ဓမ္မသုခတောရသို့ ပါသွားပြီး ဒုတိယ၊ တတိယ၊ စတုတ္ထ ပုရပိုဒ်များက ရွှေပုဏ္ဏမီ အိမ်ကြီးမှာ ကျန်ရစ်ခဲ့ခြင်း မဖြစ်နိုင် ပါသလော ။

'နေကြီးရေ့ သိပ်လဲ စိတ်ဓာတ်မကျပါနဲ့ဦး၊ မောင်ရင်ရှာ တဲ့ဟာ ငဖဲမှာ ရှိနိုင်တယ်၊ ဦးဉာဏဗလ ဆီမှာ...'

မျိုးညွန့်က အားပေး၏ ။

'အေးအေ ... ကံကောင်းရင်လဲ ဒီမှာပဲ တွေ့သွားနိုင်တာပဲ၊ ဒီဟာတွေ ကြည့်ခွင့်ရတာ အမြတ်ပေါ့ဗျာ'

ကြမ်းပြင်ပေါ် ချထားသော မီးအိမ်က လင်းထိန်လျက်ရှိ၏။

'ဦးညိုက ဘယ်မှာ အိပ်သလဲ'

'မီးဖိုခန်းထဲမှာ'

'ဦးညိုကျတော့ အဲ ... မပြေးရပါလား'

'ရှိနေပါပြီ၊ အစတုန်းကတော့ စမ်းသေးသပေါ့'

ဦးညိုအဖြေကို မျိုးညွန့်က ဘဝင်မကျ၊ သူများတွေ ပြေးမှဖြင့်



ဒီလူကြီးလဲ ပြေးရမှာပေါ့၊ မဖြစ်နိုင်တာပဲ၊ ဒီလူကြီးများ တစ္ဆေ၊ သရဲ လုပ်ခြောက်နေသလား ။

'အတုလ ပတ္တမြားကြီး သုံးလုံးဆိုတာ ဘာလဲ ဦးညို'

'ဟော ... ပတ္တမြားပါဆို ပတ္တမြားပေါ့၊ ခိုဥလောက်ရှိဆိုပဲ၊ အို အဲဒီသတင်းကြောင့် မောင်ရင်တို့ ဒီကိုရောက်လာတာ မဟုတ်ဘူးလား'

'ကျွန်တော်တို့လာတာ လေလံပွဲရှိတယ် ဆိုလို့ပဲ'

'အိမ်ဝယ်ဖို့ မဟုတ်ဘူးပေါ့'

'စိတ်ကူးမရှိပါဘူး၊ ဒါပေမဲ့ ဒီမှာ တစ်ပတ်လောက်တော့ ကြာမယ်၊ ဟောဒီဟာတွေ လေ့လာချင်သေးတယ်'

'အယ ပါ့ မောင်ရာ ၊ အိမ်ဝယ်လိုက်ရော ပေါ့၊ ဈေးက သုံးသိန်း တည်းဟာ၊ ကံကောင်းရင် အတုလပတ္တမြားတောင် ရနိုင်တယ်ကွယ့်'

ဦးညို စကားတွေက ဒဏ္ဍာရီဆန်၏။ သို့သော် နေအောင်စိုး ငြင်းပါ၊ ရှေးဟောင်းသုတေသီ တစ်ယောက်အဖို့ ဒဏ္ဍာရီလဲ အ ထောက်အထည် ဖြစ်လာတတ်ပါသည်။

'ဓမ္မဝိနိစ္ဆယ ဓမ္မသတ်ကျမ်း စီရင်ရေးသားသူ လက်ဝဲ သုန္ဒရသူတဲ့၊ ဘယ်မင်းလက်ထက်က ပါလိမ့်ဗျို့ ... နေကြီး ခင်ဗျား သိသလား'

'အလောင်း မင်းတရားကြီး လက်ထက်က ဗျာ'

'ပေါရာဏကထာကျမ်း၊ ဟား ... မောင်းထောင် ဆရာ တော် စီရင်ပြုစုတာပါလား၊ မင်းတုန်းမင်း တရားကြီး လက်ထက်က ဆရာတော်ပဲဗျ'

'ဒီမှာ ... မျိုးကြီးရေ၊ ကိုယ့်လူ ဇေဒင်ဝါသနာ ပါလေတော့

www.burmeseclassic.com

www.burmeseclassic.com



ဒီဟာကို မုချစိတ်ဝင်စားမှာ သေချာတယ်၊ ရော့ '

'ဘာလဲဗျ '

'သီရိပဏ္ဍိတ ဟူးရာညို ဦးဖျော်ရဲ့ဗေဒင်အဟောလက်ာများတဲ့'

'ဟာ... ပွတာပဲ၊ဒီဥစ္စာတော့ ဘုန်းကြီးဆီ တောင်းသွားရမယ်'

'အင်္ဂလိပ်ထက်တော့ မနည်းစေနဲ့နော် '

ပြောပြီး ရုတ်ခနဲ ဦးညို အခန်းထဲမှ ထထွက်သွား၏။

'ပုရပိုဒ်တစ်ဆူ တစ်ထောင့်ငါးရာ လှူသွားသတဲ့ နေကြီး ကြားရဲ့မဟုတ်လား '

'ရပါတယ်လေ '

အတော်ကြာမှ ဦးညို ပြန်ရောက်လာ၏။ လက်ထဲမှာ ရေနွေး ကရားကြီးတစ်ခု၊ အကြမ်းပန်းကန် နှစ်လုံး၊ ပန်းကန်း ပြားကြီး တစ်ချပ်။

'ကျုပ် အကြမ်းအိုး သွားတည်တာ၊ ကဲ... သောက်ကြဦး၊ ဒါက ပြောင်းဖူးစေ့ပြုတ် ဆီဆမ်း၊ အုန်းသီး နုကလေး ခြစ်ထည့် ထားတယ်၊ ဆာနေကြမှာပေါ့ '

' ကျေးဇူးပဲ ဦးညို၊ စောစောက ကျွန်တော့ သူငယ်ချင်း နောက်တာ၊ အဟုတ်မမှတ်နဲ့နော်၊ ကျွန်တော်တို့က ရှေးဟောင်း ပစ္စည်းတွေ လေလံဆွဲဖို့လာတာ၊ အိမ်ဝယ်မယ့်လူတွေ မဟုတ်ပါဘူး အခုရှိနေတဲ့ ပုရပိုဒ်တွေ၊ ပေထုပ်တွေထဲက အကြိုက်တွေ့ရင်ဝယ်ပြီး အဲ ...အလှူငွေ ထည့်ပြီးမှ ပြန်မှာပါ၊ ဦးညိုပြောတဲ့ ပတ္တမြားကျီ တွေ၊ ဘာတွေကို စိတ်မဝင်စားပါဘူးခင်ဗျ '

ရေနွေးကြမ်း တစ်ခွက်ငှဲ့ သောက်ရင်း မျိုးညွန့်က ရင်ပြ နေ၏။ ဦးညိုခေါင်း တညိတ်ညိတ် ဖြင့်ရှိ၏။ အခင်းမရှိသော ကြမ်း



ပြင်တွင် မီးအိမ်ကို အလယ်တွင်ချ၍ သူတို့ထိုင်နေခြင်းဖြစ်၏။

'ဒီဟာတွေ အားလုံး လှူပစ်မယ်လို့ ဘုန်းကြီးကပြောတယ်'

'ဘယ်ကိုလှူမှာတဲ့လဲ '

'ပြတိုက်ကိုတဲ့၊ ဘယ်ပြတိုက်လဲတော့ မဆိုနိုင်ဘူး '

ဆယ်နာရီထိုးမှ ဦးညို အောက်ထပ် နောက်ဖေး မီးဖိုဆောင် သို့ ပြန်ဆင်းသွား၏။ အိပ်စက်ရန်ဖြစ်၏။

' ဘယ်လိုလဲ နေကြီး၊ ဒီညအိပ်ဦးမှာလား၊ ကိုယ်တော့ ငိုက်လာပြီ '

'ငိုက်ရင်အိပ်လေ၊ ကိုယ်ဆက်ဖတ် ချင်သေးတယ် '

'အိပ်ရမှာ ခပ်လန့်လန့်ပဲ '

'အလကားပါ၊ ဦးညို ကြည့်ရတာ နည်းနည်း ကြောင်တောင် တောင်နဲ့တူပါတယ် '

ဦးညို ရွှေ့ပေးခဲ့သော အိပ်ရာထက်သို့ မျိုးညွန့် ကျောဆန့် လိုက်၏။ မျက်ခွံတွေ လေးနေသော်လဲ စိတ်ကမအိပ်ချင်၊ တောင် တောင်အီအီတွေ စဉ်းစားနေမိ၏။

မြင့်မိုရ်ချိုင့်ဝှမ်း...

မဟာဝီရ အရှင် ။

ဒေါတို့ ၏ အရှင်သခင် မိန်းမလှ ။

ရွှေပုဏ္ဏာမီအိမ်ကြီး ။

အတုလပတ္တမြားကြီးသုံးလုံး ။

မြန်မာအစ ... ။

ဗိဿနိုးဘုရင်မ၏အင်းကန်... ။

ပြီးတော့ ... ဦးညို ။

www.burmeseclassic.com

www.burmeseclassic.com



နောက် … ပြည်ပြတိုက်မှ လှုံလျှင်တော်။

ဘာတွေမှန်းမသိပါ။ အတွေးထဲဝင်လာနေ၏။ မျက်လုံးတွေကို အတင်းဖြဲထားသည့်ကြားက မျိုးညွန့် အိပ်ပျော်သွားလေတော့သည်။

စာထဲ စိတ်ဝင်စားနေမိသော နေအောင်စိုး နာရီကို ကြည့်၏။

နံနက် (၁)နာရီ (၂၅) မိနစ် ။

ညောင်းညာလာသဖြင့် လမ်းထလျှောက်၏။ ပြတင်းတစ်ပေါက်ဖွင့်ထား၏။ ကြယ်ရောင်အောက်မှ အင်းကန်ကြီးကို မှိန်ရိပ်ဝိုးဝါး လှမ်းမြင်ရသည်။ ပတ်ဝန်းကျင်မှာ ပကတိ တိတ်ဆိတ်လျက် ရှိ၏။ မင်းတုတ် ထိုးထားသော အခန်းတံခါးရွက် ကြီးဆီသို့ မကြာ ခဏ မျက်လုံးရောက်ရောက် သွားမိသည်။

မျိုးညွန့် အိပ်မောကျနေ၏။ နေအောင်စိုးလည်း စာတိုက်နှင့် ဗီရိုများကို မွှေနှောက်လျက်ရှိ၏။ သို့သော် ယခုတိုင် ရှာဖွေလျက် ရှိသည့် ပုရပိုဒ်ကို မတွေ့သေးပါ။ တွေ့လိမ့်မည်ဟုလည်း ပုံသေကား ချ တွက်ထား၍မရပါ။ ပြတင်းမှ လေအေးတစ်ချက် ဝှေ့ရမ်းတိုး ဝင်အလာတွင် မီးအိမ်မှ မီးညွန့်ကလေး လှုပ်ရှားယိမ်းထိုးသွားသည်။ ရေနံဆီခန်း၍လာပြီထင်၏။ အလင်းရောင်မှာနီကျင်ကျင်ဖြစ်လာ၏။

ကြည့်နေဆဲမှာပင် လှုပ်ရှားယိမ်းထိုးလျက်ရှိသော မီးညွန့် ကလေး ဟုတ်ခနဲငြိမ်းသွားတော့သည်။

'အောင်မယ်လေးဗျ …'

မျိုးညွန့်အော်သံဖြစ်၏။ အလန့်တကြား စူးစူးဝါးဝါးပင်။

ချက်ချင်း နေအောင်စိုးရောက်သွား၏။ လူးလွန့်ရုန်းကန် နေသော မျိုးညွန့်၏ကိုယ်ကြီးကို မှောင်ထဲမှာဆွဲထူလိုက်၏။

'ဟော့လူ မျိုးကြီး၊ ကိုယ်ပါ၊ နေအောင်စိုးလေ… နေအောင်…



ဝူးဝူးဝါးဝါး ဖြစ်လျက်ရှိသော မျိုးညွန့်၏ ပခုံးကို လက်သီးဖြင့် ခတ်ဆတ်ဆတ် တစ်ချက်ထိုးလိုက်ရ၏။

'ဟင် … ကိုနေအောင်စိုး'

'ခင်ဗျား … ဘာမှ မဖြစ်ဘူး မဟုတ်လား၊ နေဦး ကိုယ်မီးထွန်းလိုက်ဦးမယ်'

ဦးညိုထားခဲ့သော မီးခြစ်ကိုစမ်း၍ ခြစ်ပြီး မီးအိမ်တွင် မီးညှိလိုက်၏။ နီကျင်ကျင် မီးရောင်အောက်မှာ သွေးဆုတ်လျက်ရှိသော မျက်နှာဖြင့် ကိုမျိုးညွန့် ငုတ်တုတ်ထိုင်နေ၏။

'အိပ်မက်၊ မက်တယ်ထင်တယ်'

'တကယ်လို ကြီးပါပဲဗျာ၊ ကိုယ့်ကိုလှံနဲ့ထိုးလိုက်တာဗျာ'

'ဘယ့်နှယ်… လှံနဲ့ထိုးတယ် ဟုတ်လား'

မျိုးညွန့်ခေါင်းညိတ်၏။

'သူ . . . လှေကားအောက်က ထွက်လာတာဗျ၊ ခင်ဗျား အိပ်သေးဘူးလား ကိုနေအောင်စိုး'

'ဟင့်အင်း… မအိပ်သေးဘူး'

'ဘယ်နှစ်နာရီ ထိုးပြီလဲ၊ ကိုယ့်နာရီပျက်နေလို့'

လက်မှနာရီကို မြှောက်အကြည့်တွင် မီးကဟုတ်ခနဲ ငြိမ်းသွားပြန်ပါသည်။ သို့သော် ညကြည့်မီးစုန်း၏ အလင်းအားဖြင့် နာရီဒိုင်ခွက်မှာ လင်း၍နေ၏။

'သုံးနာရီထိုးပြီ၊ ဟော … နားထောင်စမ်း၊ ရယ်သံ မဟုတ်လား၊ ခင်ဗျားကြားသလား'

'သေချာတာပေါ့၊ ရယ်သံပဲ'

'ဦးညိုလားမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်နိုင်ပါတယ် '

'နေပါဦး... လှေကားအောက်က ထွက်လာတယ်ဆိုတာက'

'ဆန်းတယ်ဗျာ၊ ပြည်ပြတိုက်မှာ တွေ့ခဲ့တဲ့ လုံလျှင်ဟာဗျာ မဟာဝီရသခင်ရဲ့ လုံလျှင်တော်ဆိုတာ၊ အေးဗျ... အဲဒါကြီးကိုင် လို့ ခြေထောက်မှာလဲ သံခြေကျင်းနဲ့၊တစ်ခါမှမမြင်ဘူးတဲ့ လူတစ်ယောက်ပဲ '

'မအိပ်ခင်က ကိုယ့်လူဘာတွေစဉ်းစားသေးလဲ '

မျိုးညွန့်တွေဝေလျက် ရှိ၏။ မီးအိမ်ငြိမ်းမသွားမီ သူနိုးနေသည်လို့ထင်၏။ အဲ့ဒီ အနီးမှာပဲ လုံနှင့်ထိုးလိုက်သလို ခံစားရခြင်းဖြစ်၏။ မျက်စိဖြင့် တပ်အပ်မြင်လိုက်ရသည်ဟုလည်းထင်မိ၏။

အိပ်မက် မဟုတ်ဟုငြင်းလျှင် နေအောင်စိုး လက်ခံပါမည်တဲ့လား၊ သူ့ရင်ဘတ်ကို မြန်စမ်းကြည့် လိုက်သည်။ ဘာဒဏ်ရာမှ ရှိမနေပါ။ နာကျင်နေသည်တော့ အမှန်ပင်။

မအိပ်မီ စဉ်းစားမိသော အကြောင်းများတွင် ပြည်ပြတိုက်တွင်တွေ့ခဲ့ရသော မဟာဝီရသခင်၏ လုံလျှင်လည်းပါသည် မဟုတ်လော၊ ဒါကြောင့် ထင်ပါရဲ့ဟု ဖြေတွေးမိသည်။ သို့ဆိုလျှင် ရင်ဘတ်က အဘယ်ကြောင့် နာကျင်နေရသနည်း။ စဉ်းစား၍မရ။

'ကိုယ့်လူအိပ်မက် မက်တာပါ၊ ပြန်အိပ်ချင် အိပ်တော့လေ'

'မအိပ်တော့ ပါဘူးဗျာ '

'ဒါဖြင့် ကိုယ်ခဏအိပ်မယ်၊ မောင်ရင် တစ်ယောက်တည်း ထိုင်နေလို့ ဖြစ်မလား '

'ဖြစ်ပါတယ်၊ အိပ်မက်ပြီး ယောင်အော်မိတာတော့ မတတ်နိုင်ဘူးပေါ့၊ အေးဗျာ... အိပ်မက်တာပဲဖြစ်မှာပါ '



'မီးကတော့ ထွန်းမရဘူးဗျို့၊ ရေနံဆီကုန်ပြီထင်တယ် '

'စာဖတ်နေရရင် ကောင်းမယ်ဗျ '

'ဦးညိုနှိုးပြီး ရေနံဆီတောင်းရရင် ကောင်းမလား '

'နေပါစေတော့ဗျာ၊ ရေနံဆီက ရှားပါးပစ္စည်းမို့ ရှိချင်မှရှိတော့မှာ၊ တောင်းမနေပါနဲ့တော့ '

'ဒါဖြင့် ကိုယ်အိပ်တော့မယ် '

'ရတယ်... အိပ်ပါ '

မျိုးညွန့် အမှောင်ထဲတွင် တစ်ယောက်တည်းထိုင်ပြီး တစ်သိပ်တည်းသာကျန်သော မာပိုလိုစီးကရက်ကို မည်းဖွာနေသည်။ စာစောက ဖြစ်စဉ်ကို ဘဝင်မကျပါ။

စီးကရက်ကုန်တော့ နေအောင်စိုးဘေးတွင် ဝင်၍လှဲလိုက် ၏။ နေအောင်စိုး အိပ်ပျော်သွားပြီဖြစ်၏။ အသက်မှန်မှန် ရှူလျက် ရှိ၏။

'ချွင်... ချွင်... ချွင်... ချွင် '

'ဘုရား ... ဘုရား၊ ဘာသံပါလိမ့် '

မျိုးညွန့် ခေါင်းနပန်းကြီးသွားသည်။

'ချွင် ... ချွင်၊ ကလောက် ... ချွင် ... '

သံကြိုးသံ၊ ဟုတ်ပြီ၊ သံခြေကျင်းနှင့်လူ '

နံဘေးမှ နေအောင်စိုး ဝေါက်ကနဲထထိုင်၏။ လရောင်မှာ ပြတင်းမှဖြာလျက် အခန်းတွင်းသို့ကျရောက်နေသည်။

'နေ ... နေအောင်စိုး '

တီးတိုးခေါ်ကြည့်၏။ တုံ့ပြန်၍မထူးပါ။ တံခါးပေါက်သို့ ခြေလှမ်းနေပြီဖြစ်၏။

'ဟေ့လူ... ကိုနေအောင်စိုး၊ ဘယ်လဲ... ဒါ '

www.burmeseclassic.com

www.burmeseclassic.com



နေအောင်စိုးထံမှ အဖြေအစား တံခါးမင်းတုတ် ဖြုတ်သံသာ ပေါ်ထွက်လာလေသည်။

'ကျွီ ... '

'ချွင်... ချွင်... ချွင်... ကလောက် '

တံခါးရွက်များ ပွင့်ဟသွားသံနှင့် အောက်ထပ်သို့ ဆင်းသွားသော ခြေကျင်းသံဖြစ်၏။

မျိုးညွန့်ခေါင်း ကြီးသည်ထက် ကြီးလာတော့၏။

'ကိုနေအောင်စိုး '

အကျယ်ကြီး အော်ခေါ်ပြီး တံခါးမှ ခုန်ထွက်လိုက်သည်။ တိုက်မိသော နေအောင်စိုး၏ ကိုယ်ကြီးကို တအားဖက်ဆွဲထားလိုက်၏။ နှစ်ယောက်သား လုံးထွေး၍ ကြမ်းပြင်ပေါ် ပစ်ကျသွားသည်။

'ကိုနေအောင်စိုး... ကိုနေအောင်စိုး '

'ဗျာ ... '

'အထဲပြန်ဝင်စမ်းပါ၊ မြန်မြန် '

အထဲရောက်မှ မှောင်ထဲတွင်စမ်းပြီး တံခါးမင်းတုတ်ကို ပြန်ထိုးလိုက်ရသည်။ မီးအိမ်ကို ကပျာကယာ လှုပ်ကြည့်ရာ ဆီကျန်သေးကြောင်း တွေ့ရ၏။

'ဟေ့လူ ... နိုးပလား '

'အေးပါဗျာ ... နိုးပါပြီ '

'ဘာဖြစ်လို့ တံခါးဖွင့်ထွက်သွားတာလဲ '

နေအောင်စိုးမဖြေနိုင်။

တကယ်တော့ သူတံခါးမဖွင့်ရပါ။ လူတစ်ယောက်က ခေါ်သွား၍ နောက်ကလိုက်သွားခြင်းပဲ ဖြစ်ပါ၏။ တံခါးကပွင့်ပြီး



သားဖြစ်၏။

လူတစ်ယောက် ...

မှန်၏။ သံခြေကျင်းနှင့်လူ၊ ဝတ်ရုံဖြူနှင့်၊ လက်မှာလည်း ဆုံလျင်နှင့် ။ မျိုးညွန့် အိပ်မက်ထဲကလူ ။

ဘာကြောင့် မိမိအိပ်မက်ထဲ ရောက်လာအံ့နည်း။ အိပ်မက်ထဲမှ ဟုတ်ပါရဲ့လား။

သံခြေကျင်းသံတချွင်ချွင်ကို နားနှင့်ဆတ်ဆတ် ကြားရသည်ဟု ထင်၏။

'ကိုနေအောင်စိုး '

'ဗျာ ... '

'ခင်ဗျား ထလျှောက်သွားတော့ လရောင်မှာ ကိုယ်သေသေချာချာမြင်လိုက်တာ တစ်ခုရှိတယ် '

'ဘာများလဲဗျာ '

'ခင်ဗျား မျက်လုံးတွေပိတ်နေတယ်၊ ပြီးတော့ တံခါးဟာ ခင်ဗျားမဖွင့်ဘဲ ပွင့်တာလို့ ကိုယ်ထင်တယ်'

'သေချာလုချည့်လား '

'အခုမှ စဉ်းစားမိတာပါ၊ ဟုတ်တယ် ... ခင်ဗျားရောက်ဖို့ တစ်တောင်လောက်အလိုမှာ ပွင့်သွားတာ၊ ပြီးတော့ ... ကိုယ်ပြော ရင် လက်ခံပါ့မလားမသိဘူး '

'ပြောပါဗျ၊ ဘာလဲ '

'ခင်ဗျားထ ထွက်မသွားခင် စကြံက သံခြေကျင်းသံကြား လိုက်တယ် '

'သေချာလား '

www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်အိပ်မှ မအိပ်ပဲ၊ အသေအချာကို ကြားရတာပါ '

' ဟုတ်မယ်ထင်တယ်၊ ကိုယ်လဲဝေတေတေ ဖြစ်နေတယ်၊ အဲဒီတုန်းက အိပ်နေသလား၊ နိုးနေသလားတောင် မသိတော့ပါဘူး ဗျာ၊ ဘယ်လိုဖြစ်တာပါလိမ့် '

'ကိုယ့်လူဘာမြင်သလဲ '

'လူတစ်ယောက်ဗျ၊ အဲ ... ခင်ဗျားပြောတဲ့ ပုံစံအတိုင်းပဲ '

'သူ့နောက်လိုက်သွားတာလား '

'အစစ်ပေါ့၊ ကိုယ့်လူ လှမ်းမဆွဲရင် ဘာဖြစ်မယ်မသိဘူး၊ ကျေးဇူးပဲဗျာ၊ အဲ ... ခင်ဗျားပြောတာ စိတ်စွဲပြီး အိပ်လို့အိပ်မက် မက်တာထင်ပါရဲ့ '

'သံခြေကျင်းသံကကော ... '

'ဦးညိုလက်ချက် မဖြစ်နိုင်ဘူးလား '

' ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အိပ်မက်တစ်မျိုးတည်း၊ တစ်ညတည်း လူနှစ်ယောက် မက်အောင်တော့ မလုပ်နိုင်ပါဘူး ထင်ပါရဲ့ဗျာ '

တွေးစရာအတွေးများ ...

လုံလျှင်စွဲကိုင်ထားသော ...

ဝတ်ရုံဖြူဝတ်ဆင်ထားသော ...

သံခြေကျင်းအနှောင်အဖွဲ့နှင့်လူ...

အိပ်မက်ပင်လော ...

အကယ်လော ...

ဝေခွဲပိုင်းခြားနိုင်ခြင်းမရှိပါ ။

*****



## အခန်း(၈)

ယနေ့ညအတွက် လိုအပ်မည့် အရာမှန်သမျှကို နေ့လည်က ပြလို့သို့သွား၍ ဝယ်ယူထားပြီးဖြစ်၏။

သုံးတောင့်ထိုး ဓာတ်မီးနှစ်လက်နှင့် ဓာတ်ခဲအပိုများ၊ ပေါင်မုန့်များ၊ ငါးသေတ္တာဘူးများ၊ လက်ဖက်ရည်ဖျော်ရန် ပစ္စည်း များ၊ အခြားလိုအပ်သည်များကိုပါ ဝယ်ယူခဲ့၏။

'ဒီညတော့ ဘာမှမပူရတော့ဘူး၊ ပေါင်မုန့် ငါးသေတ္တာနဲ့ ညှပ်၊ လက်ဖက်ရည် ကျဆိမ့်လေးဖျော်မယ်၊ ညလယ်ကျတော့ လက်ဖက် အသုပ်ကြီးလုပ်ပေါ့ဗျာ၊ ဘယ့်နှယ်လဲ နေကြီး '

'လုပ်လိုက်လေ '

ဦးညိုကျွေးတာ မစားတမ်းဟု သဘောတူထားကြ၏။ ထိတ်လန့်စရာ အိပ်မက်ကို အစားအစာမှတစ်ဆင့် 'စေ 'နိုင်သလော ဟု သံသယဖြစ်မိ၍ ဖြစ်၏။ ရေတစ်အိုးကို မြို့ညွန့်ကိုယ်တိုင် ဘုန်းကြီး ကျောင်းရှိရေတွင်းမှ ခတ်ထား၏။ ရေနွေးကရားအိုးကြီး တစ်လုံးမှတစ်ပါး ဦးညိုထံမှ ဘာမှမယူ။

နေ့ခင်းက အိမ်ကြီးအနှံ့ လျှောက်ကြည့်ကြ၏။ လှေကား အောက်ကို အထူးဂရုပြုမိ၏။ ကျွန်းလှေကားကြီးမှာ တစ်ဆစ်ချိုး ဖြစ်၏။လူခိုစရာ အခန်းကျယ်လည်း ရှိပုံမရပါ၊ ရှင်းလင်းလျက် ရှိ၏။

ကုက္ကိုစု ရွာထဲသွား၍ တစ်မနက်ခင်းမျှ လေ့လာရေးထွက် လိုက်သည်နှင့် ရွှေပုဏ္ဏမီ အိမ်ကြီးအကြောင်း အနည်းငယ်မျှ ထပ်မံ သိရှိခဲ့ကြ၏။

မြို့ဝန် နေမျိုးလကျော်မင်းထင် ဘွဲ့ခံ ဦးရွှေခင်သည် ဘကြီးတော်ဘုရားထံတွင် အမှုတော်မထမ်းရွက်မီ ငယ်စဉ်ကာလသား

www.burmeseclassic.com



မယ်တော်ကြီး (မြို့စားမင်းကတော်)နှင့် အတူနေထိုင်ခဲ့သည့် အိမ်ကြီး ဖြစ်သဖြင့် သက်တမ်းမှာ နှစ်ပေါင်း နှစ်ရာကျော်ခန့် ရှိပေပြီ။

ရှေးယခင် လက်ထက်က ဆန်းကျယ်သော အကြောင်းခြင်းရာများ ဖြစ်ပျက်ခဲ့ဖူးခြင်း ရှိမရှိ မည်သူမှ ဂဃနဏ မသိခဲ့ရ။

လွန်ခဲ့သည့် အနှစ်ငါးဆယ်ကျော်က နောက်ဆုံးပိုင်ရှင် မောင်ရွှေတင် သည် သူငယ်ချင်း မောင်မြသိန်း(ယခုဘုန်းကြီး)ထံ အပ်နှံ၍ တစ်ရပ်တကျေး ထွက်သွားခဲ့ ။

' ထွက်ခွာသွားသည့် အကြောင်းရင်းကို မသိကြ၊ပြည်ပြတိုက်သို့ ငဖဲမြို့မှ ရောက်လာသော ဦးရွှေတင် (ဘုန်းကြီးဘွဲ့ ဦးကုဏ္ဍာ)၏ စာပါဆန္ဒအရ ရှေးဟောင်းလုံ့လျင် တစ်ချောင်းလှူဒါန်းခဲ့ ။

အိမ်ပေါ်တွင် အိပ်သူများ အိပ်မက် မက်လေ့ရှိ၊ အချို့က အိပ်မက်မဟုတ်၊ မျက်ဝါးထင်ထင် တွေ့မြင်ရသည်ဟုဆို၊ အိပ်မက်မှာလည်းတစ်မျိုးတည်း တစ်စားတည်းဖြစ်၊ အိပ်ကြည့်သူတိုင်း နှစ်ညဆက် မအိပ်ခဲ့ ။

ရွာထဲမှာလည်း အင်းကန်အရှေ့ဘက်ကမ်းသို့ မည်သူမျှ မလာကြ၊ ညအချိန် အိမ်ကြီးအနီးအနားသို့ ကပ်မိသူများ သံခြေကျင်းသံ တချွင်ချွင် ကြားရသည်ဟုအဆိုရှိ ။

' စားလို့ရပြီ နေအောင်စိုးရေ့၊ လက်ဖက်ရည်က ကိုယ့်လူ အကြိုက် ကျဆိမ့်ကလေး '

မျိုးညွန့်လာချပေးသော လက်ဖက်ရည်ပွဲကိုမြင်မှ နေအောင်စိုး၏အတွေးများ ပြတ်တောက်သွားသည်။

' ဆရာတို့ ... '

' ဟော ... ဦးညိုပါလား၊ လာဗျာ ... အတော်ပဲ၊ ဒီမှာ



ကျွန်တော်တို့ နှစ်ယောက်ထဲ ပျင်းနေတာနဲ့၊ လာပါ... မုန့်စားဝါ ဦး၊ လက်ဖက်ရည်လည်းသောက်ပါ '

နောက် ထွေရာလေးပါးစကား ပြောကြ၏။နာရီဝက်လောက်ကြာသောအခါ ဦးညိုမှာ မဟန်နိုင်တော့ လောက်အောင် အိပ်ငိုက်နေလေပြီ။

' ဘယ့်နှယ်လဲ ... နေကြီး '

' အိပ်ဆေးတန်ခိုးတော့ ကောင်းကောင်းပြနေပြီဗျ၊ ဒီလောက်ဆို ဒီလူကြီးတစ်ညလုံး အိပ်မောကျနေမှာ သေချာတယ် '

' အိုကေ ... လက်ဖက်ရည်ခွက်များ မှားသောက်မိရင်တော့ ကိုယ့်အတတ်နဲ့ ကိုယ်စူးပဲ '

' ကိုယ်တို့လဲ အိပ်ကြမှထင်တယ် '

' အိပ်လို့မဖြစ်ဘူးလေ၊ ဒါမှအိပ်မက်လား၊ တကယ်လားဆိုတာ သဲကွဲမှာပေါ့ '

' ဟုတ်သားပဲ၊ ကိုယ်မေ့သွားတယ်၊ ဟောဟိုပုဂ္ဂိုလ်ကိုကြည့်ပြီး အိပ်ငိုက်လာသလိုပဲ '

ဦးညိုမှာ ထိုင်သည့်နေရာမှာပင် တုံးလုံးလဲလျက် အိပ်မောကျနေပြီဖြစ်ပါသည်။

' ကဲ... အလုပ်စကြစို့ '

နေအောင်စိုးကပြောပြီး ဝှက်ထားသော သော့ခလောက် များကို ထုတ်ယူလိုက်သည်။ အားလုံး အလုံးငါးဆယ်ကျော်၏ ။

ပထမ အပေါ်ထပ်မှ အခန်းများကို သော့လိုက်ခတ်လိုက်၏။ နောက်... အောက်ထပ်မှ အခန်းများကို ခတ်၏။ မီးဖိုဆောင်သို့ ကူးသော တံခါးမကြီးမှာ သော့ခတ်စရာ မျောက်လက်မရှိ၊ တံခါးရွက် ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်လျှိုသည့် သစ်သားချောင်းကြီး တစ်ချောင်း တွေ့ သဖြင့် လျှို၍ပိတ်ထားလိုက်၏။ ထိုအခန်း အရေးကြီးသည်ဟု သူတို့ထင်၏။

သော့ခတ်သည့် အလုပ်ပြီးစီးလျှင် အပေါ်ထပ်သို့ ပြန်တက်ခဲ့ကြသည်။

ဦးညိုကို နေရာမပျက်တွေ့ရ၏။

'ဒီညတော့ ...ဦးညိုလက်ချက် ဟုတ်မဟုတ် သဲကွဲပြီပေါ့ဗျာ'

'သူ့မှာအပေါင်းအပါတွေ ရှိနေရင်ကော'

'အေး ... ဒါလဲဟုတ်တယ်'

'သူတို့ရည်ရွယ်ချက်က ဘာဖြစ်မလဲဗျ'

'အိမ်ကြီး မရောင်းဖြစ်အောင်ပေါ့ဗျာ၊ အိမ်ဝယ်မယ့်လူ မရှိတော့ သူတို့စိတ်ကြိုက် နှစ်ရှည်ဆွဲပြီး ရှာနိုင်တာပေါ့'

'ပဋ္ဌမြားကြီးဆိုတာလား'

'ဒါပဲဖြစ်မှာပေါ့'

'ကိုယ့်လူက ယုံနေသလား'

'လက်ရှိအတွေ့အကြုံအရ မယုံလို့မဖြစ်ဘူးလေ၊ အဲ ... လုံးဝယုံတယ်လို့လဲ မဟုတ်ဘူးပေါ့'

'အခုတွေ့နေရတဲ့ ကိစ္စတွေဟာ လူတစ်စုရဲ့ ကြံစည်ချက် မဟုတ်ပဲ တကယ်ဖြစ်နေတယ် ဆိုရင်ကော'

'အဲဒါလဲ တွေးစရာပဲ'

'ဘာကြောင့် ဒါတွေဖြစ်နေရတာလဲဗျာ'

'စိတ်အေးအေးထား ကိုယ့်လူရေ၊ မကြာခင် သဲကွဲစေမယ် စိတ်ချ၊ ဟော ... နားထောင်'



'ဘာလဲ ... ဘာကြားလို့လဲ၊ အဲ ... အဲ ... သံခြေကျင်းသံလို လိုပဲ'

ပထမတော့ ခပ်သဲ့သဲ့ပင်ဖြစ်၏။ နောက်နီး၍လာ၏။ ပို၍ ပို၍လည်း ပီသလာ၏။

အောက်ထပ်မှ အပေါ်ထပ်သို့ တက်လာသံဖြစ်နေ၏။ တံခါး ရွက်ရှေ့ကျတွင် ခေတ္တတိတ်ဆိတ်သွားသည်။ လေအေးတစ်ချက် တိုးဝင်လာ၏။ လင်းလျက်ရှိသော မှန်အိမ်မှာ ရုတ်တရက် ငြိမ်း၍ သွားတော့သည်။

တံခါးပွင့်လာလေမလား ...။

အထဲကိုဝင်လာလေမလား ... ။

တွေးရင်းဖြင့် သွားလေရာ ယူဆောင်သွားလေ့ ရှိသော သသမနှစ်ငါး ဘာရက်တာလေးကို တင်းတင်းဆုပ်၍တံခါးဝကို အောင်စိုး စိုက်ကြည့်နေမိ၏။

ဦးညို ထထိုင်သည်ကို သူတို့နှစ်ယောက်လုံး မသိလိုက်။ မျှော်လင့်ထားသည့်အတိုင်း တံခါးက ဖြည်းညင်းစွာ ပွင့်လာနေ၏။ အောင်စိုးလက်မှ လက်နှိပ်ဓာတ်မီးရောင်တန်းမှာ တံခါးဝသို့ ပြင်းစွာ ကျရောက်လျက်ရှိသည်။

သူတို့ရှေ့မှာပင် ဦးညိုထွက်သွား၏။ သံခြေကျင်းသံ ပြန်ပေါ် လာ၏။ လှေကားရှိရာသို့ သွားနေ၏။

'လိုက်ရအောင်'

'ဖြစ်ပါ့မလား ...'

'ကြာလိုက်တာ ကိုယ့်လူရာ'

'နေ ... နေဦးလေ၊ ကိုယ်လဲလိုက်မှာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ခြေကိုဖော့၍ မလှမ်းမကမ်းမှ လိုက်ကြည့်ကြ၏။

သံခြေချင်းသံမှာ လှေကားကိုဆင်းနေသည်။ ဦးညိုသည်လည်း နောက်မှလိုက်ပါလျက်ရှိသည်။

တစ်ဆစ်ချိုး ကွေ့သို့ နေအောင်စိုးတို့ ရောက်သွားသောအခါ သံခြေကျင်းသံမှာ လုံးဝပျောက်သွားပြီဖြစ်သည်။ လဲကျလျက်ရှိ သော ခန္ဓာကိုယ်တစ်ခုကို နေအောင်စိုး ခလုတ်တိုက်မိ၏။ မီးနှင့် ထိုးကြည့်ရာ ဦးညိုဖြစ်နေလေသည်။ အိပ်မောကျနေ၏။

ဘယ်လိုပါလိမ့် ... ။

အခြေအနေမှာ ဦးနှောက်ခြောက်စရာ ဖြစ်နေ၏။ ကြီးမား ကျယ်ဝန်းသော ညှော်ခန်းဆောင်ကြီး·ကား အမှောင်ထုအောက်တွင် ချောက်ချား တုန်လှုပ်စရာ ကောင်းအောင် တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေ၏။

'ဘယ်လိုလဲဗျာ၊ ကိုယ်တို့ကို မှားခေါ်လာတာများလား'

'မဖြစ်နိုင်ဘူး၊ ဦးညိုဟာ တကယ်နှစ်နှစ် ခြိုက်ခြိုက် အိပ် မောကျနေတာဗျ၊ ခင်ဗျားဆေးကလဲ တစ်ညစာ ကောင်းကောင်း ဖူလုံနိုင်တဲ့ အတိုင်းအတာပဲ၊ ဘယ်နည်းနဲ့မှ ဦးညိုဟာ တစ်နာရီ တည်းနဲ့ နိုးမလာနိုင်ဘူး'

'သံခြေကျင်းသံဟာ တစ်နေရာက လွှင့်ထုတ်ပေးနေတဲ့ အသံများလား၊ နံရံတွေမှာ စပီကာတွေ ရှိနိုင်တယ်၊ ကြမ်းပြင်အောက် မှာ စပီကာရှိနိုင်တယ်'

'ဒါလဲဖြစ်နိုင်တယ်'

'ရှာကြရအောင်'



'နေဦးဗျ၊ သံခြေကျင်းသံဟာ ကိုယ်တို့ရှေ့တည်တည်က သွားနေတာပဲ၊ နံရံပေါ်ကလာတဲ့ အသံမျိုး၊ မျက်နှာကြက်ပေါ်က လာတဲ့ အသံမျိုးမဟုတ်ဘူး၊ ရှာစရာရယ်လို့ ဟောဒီကြမ်းပြင်ကြီး တစ်လျှောက်ပဲရှိတယ်'

'လှေကားထစ်တွေက စယ ဗျာ'

သုံးတောင့်ထိုး လက်နှိပ်မီးနှစ်လက်၏အလင်းရောင်အောက်တွင် ရှာဖွေမှုစတင်ကြ၏။

'ဒီတစ်ဆစ်ချိုး အောက်မှာ အသံပျောက်သွားတယ်ဗျ၊ အိပ်ခန်းထဲက အတိုင်းပဲ'

တစ်နာရီကျော်မျှ ကြာအောင် ကြိုးစားရှာဖွေသော်လည်း အချည်းအနှီးပင်၊ မသင်္ကာဖွယ်ရာ စိုးစဉ်းမျှမတွေ့ရပါ။

'ဘယ်လိုလဲ ... နေကြီး'

'မနက်ကျ လင်းလင်းချင်းချင်း ရှာကြည့်ကြတာ ပိုကောင်းမယ်ထင်တယ်၊ ဘုန်းကြီးဆီ ခွင့်တောင်းရင် ရမှာပေါ့'

'အေးဗျာ... ဒီညတော့ ရှိစေတော့၊ကိုယ်လဲအိပ်ချင်နေပြီ'

'ဟောဟို ပုဂ္ဂိုလ်ကြီးကို ဘယ်လိုလုပ်မလဲ'

'အပေါ်ပြန်ထမ်းခေါ်သွားတာပေါ့'

သံခြေကျင်းသံမှာ လုံးဝပျောက်ကွယ်သွားပြီဖြစ်၏။

နေအောင်စိုးတို့လည်း အိပ်ယာတွင် လှဲအိပ်ချလိုက် ကြတော့ သည်နှင့်တပြိုင်နက် အိပ်ပျော်သွားတော့၏။

အသားကဖြူဆွတ်နေ၏။

အရပ်မှာမြင့်မား၏။

ကိုယ်ကာယလည်းထွားကျိုင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းရောင် ကိုယ်ရုံအဝတ်သည် လေတွင်တဖျတ်ဖျတ် လွင့်လျက်ရှိသည်။

ညာလက်တွင် လှံလျှင်တစ်ချောင်း စွဲကိုင်ထား၏။

မျက်နှာကျမှာ ယောကျာ်းပီပီသသလှပသော်လည်း နှုတ်ခမ်းသည် မာနကြီးကြောင်း ဖော်ပြလျက်ရှိ၏။ မျက်လုံးတွင် ခက်ထန်အေးစက်သော သဘောကိုမြင်တွေ့ရလျက်ရှိ၏။

နေအောင်စိုးရှေ့တွင် မားမားကြီးရပ်နေသူ ။

အေးစက် ခက်ထန်သော အကြည့်မှာ ခဏအကြာတွင် တောင်းပန်တိုးလျှိုးသည့်အသွင်သို့ ပြောင်းလဲသွားသည်။

နေအောင်စိုးကို လက်ဖော့ယမ်းပြ၏။ သူ့နောက်ကို လိုက်ခဲ့စေလိုသော အထိမ်းအမှတ် ဖြစ်၏။

'ချွင်... ချွင်... ချွင်'

ထိုသူ၏ခြေထောက်နှစ်ဘက်တွင်ခတ်ထားသော သံခြေကျင်းမှ အသံပင်ဖြစ်၏။

ရှေ့လျှားတိုင်း အသံမြည်လျက်ရှိ၏။ သုံးလေးလှမ်း၊ လှမ်းပြီး နောက်သို့လှည့်ကြည့်သည်။ လက်ယမ်းပြန်ပြန်၏။

အံ့ဩတွေဝေလျက်ရှိသော နေအောင်စိုး၏ ခြေလှမ်းများ သွက်လက်စွာ လှုပ်ရှားလာ၏။ စကြံမှောင်မှောင်များကိုဖြတ်လျှောက်၏။ လှေကားရှည်ကြီးတစ်ခုက ဆင်း၏။

အံဖုံးတံခါး တစ်ချပ်ကိုတွေ့၏။ သူ့လက်များက အလိုလို ဆွဲဖွင့်မိလျက်သား ဖြစ်နေ၏။

အောက်တွင် ကျဉ်းမြောင်း နက်စောက်သော လှေကားထစ်များရှိ၏။



ဝတ်ရုံဖြူသည် သံခြေချင်းသံ တချွင်ချွင်ဖြင့် လေဟုန်လွင့်မျောနေသလို ရှေ့မှဦးဆောင်သွားလျက်ရှိသည်။ လှေကားထစ်ကျဉ်းများအဆုံးတွင် မှောင်မိုက်နေသော အခန်းများကို တစ်ခန်းပြီး တစ်ခန်း ဖြတ်ကျော်လာခဲ့သည်။

စင်မြင့်ဝိုင်းတစ်ခု ။

အင်္ဂတေဖြင့်ပြုလုပ်ထား၏ ။

စင်ပတ်လည်တွင် စာလုံးများ ထွင်းထုထား၏။

စင်ပေါ်တွင်တော့ သံခြေကျင်းနှင့်လူ

ဝတ်ရုံဖြူနှင့် လှံလျှင်နှင့် ။

စောစောကလေးကပင် နေအောင်စိုးအား ခေါ်ဆောင်လာသာသူဖြစ်၏။ လမ်းပြလာသူဖြစ်၏။

ယခုတော့လည်း သံခြေကျင်းအနှောင်အတည်းဖြင့် ငြိမ်သက်လျက်ရှိနေပြန်သည်။ မျက်လုံးအစုံက နေအောင်စိုးအား မမှိတ်မသုန်ကြည့်လျက်ရှိသည်။ ထိုမျက်လုံးထဲတွင် နေအောင်စိုး အငွေ့ဖြာနေမိ၏။

သူနှင့် အကျဉ်းသားကြားတွင် မြူတွေဆိုင်းလာသလို ထင်ရသည်။ မပီဝိုးတဝါး ဖြစ်လာ၏။ ထိုအထဲမှ အကျဉ်းသား၏ တောင်းပန်တိုးလျှိုးနေသလို အကြည့် ။

မြူတွေ ပိုများလာသည်။ နှင်းခိုးတွေ အောက်ရောက်နေသလို အေးစက်ချမ်းစိမ့်လာနေ၏။

နောက် သင်းထုံမွှေးကြိုင်သည့် ရနံ့များ ။

အလို ...

ပန်းရောင်စုံတွေ ...

www.burmeseclassic.com

www.burmeseclassic.com



ခရမ်းရောင်၊အစိမ်းရောင် တောင်ထွတ်များ ။

ဆွတ်ဆွတ်ဖြူနေသည့် အရာတွေ ... ။

ရွှေဝါရောင် လွင်ပြင်ကြီး ။

မိုးချုန်းသံသဲ့သဲ့ ... ။

ဖွေးခနဲ ...

ပြာခနဲ ...

ပြိုးခနဲ ...

ပြက်ခနဲ ...

ရေစက်ရေပေါက်များ ...

ရေပန်းတွေ ... ။

ရိပ်ရိပ်မှုန်မှုန် ... ပြာပြာမှိုင်းမှိုင်း ... ။

အို ... ဘာတွေပါလိမ့် ... ။

ရေခဲရေဖြင့် အလောင်းခံလိုက်ရသလို စိမ့်အေးသွားပြီး နော

မထင်မရှား မပီဝိုးတိုးဝါးတား ပုံရိပ်များ မြင်ကွင်းမှ ပျော

ကွယ်သွားတော့၏ ။

* * * * *



အခန်း(၉)

နံနက်လင်းသောအခါ ညကဖြစ်ပျက် မြင်မက်ခဲ့သမျှကို ဆရာတော်အား သွား၍လျှောက်ထားကြ၏။ ဆရာတော် ခေါင်း တညိတ်ညိတ်နှင့်ရှိ၏။

'အကြောင်းတိုက်ဆိုင် လာတော့လဲ ပြောရတာပကွယ်၊ ပုဏ္ဏာမိ မြေတိုက်ထဲမှာ တသီးတခြားထားတဲ့အရုပ်တစ်ရုပ် ရှိသ ကွယ့်၊ ဘယ်သူက ဘယ်အကြောင်းနဲ့ ထားခဲ့တာလဲတော့ ဘုန်းကြီး လဲ သေသေချာချာ မသိပါဘူး၊ ခုပုံဆိုတော့ အဲဒီအရုပ် ပယောဂ များလား၊ ကိုင်း ... သွားကြည့်လိုက်ကြဦးစို့ '

မြေတိုက်သွားရာ လမ်းကား နေအောင်စိုးတို့ ရှာဖွေ၍ မလွန်စပင်မတွေ့ခဲ့သော လှေကားခုံပင်ဖြစ်နေပါလေသည်။

လှေကားခုံ ပွင့်လာစေရန် လှေကားခြေရင်းရှိ ဘယ်ဘက် ဒေါ်းရုပ် အာခေါင်ထဲတွင် မြုပ်နှံထားသော လျှို့ဝှက်ခလုတ်ကို ခိုးကြိမ်တိတိ ဆွဲမယ ရ၏။လှေကားခုံ ရွှေ့လျားသွားသည်နှင့် အောက်တွင် အုတ်လှေကားထစ်များ ပေါ်လာသည်။

'ခလုတ်ဟာ ကိုးခါကျအောင် အပေါ်ကိုဆွဲမှ လှေကားခုံပွင့် တယ်ကွယ့်၊ ဒီမြေတိုက်ရှိမှန်း မောင်ညိုတောင်မသိဘူး '

မြေတိုက်ထဲဆင်းရင်း ဘုန်းကြီးကမိန့်၏။ ညကနဂါးရုပ် ခြောင်းထဲမှ လျှာခင်လို အကောက်ကလေးကို နေအောင်စိုးတို့ ခါးလေးကြိမ်ဆွဲမယ ကြည့်သေး၏။ နည်းစနစ် မမှန်၍ လှေကားခုံမှာ အတ်တုတ်မျှပင် မလှုပ်ခဲ့ပါ။

လှေကားထစ် အတော်များများ ဆင်းလာရပြီး မှောင်မည်း သော အခန်းများကို ဖြတ်သန်းလျက် အခန်းကျယ်ကြီး တစ်ခုထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ အခန်းအလယ်တွင် လူတစ်ရပ်ခန့် မြင့်သည့် စင်မြင့်ဝိုင်းတစ်ခုရှိ၏။ အချင်းနှစ်ပေထက် မပိုပါ။

စင်မြင့်ကလေး ပတ်လည်တွင် သံချွန်စည်းရိုး ကာရံထား၏။ အတွင်း၌ တစ်ထွာကျော်ကျော် မြင့်သည့် ရုပ်တုတစ်ခုရှိသည်။

မြေပြင်ကို လှံလျှင်ဖြင့် ထောက်ထား၍ ကျောက်တုံးကြီး တစ်တုံးပေါ်တွင် ခပ်မတ်မတ် ထိုင်နေသော အနေအထားဖြစ်၏။

ဝတ်ရုံဖြူကို ဝတ်ရုံထား၏။ ဖုထစ်သော လက်မောင်းများနှင့် သန်မာသော လက်ကောက်ဝတ်တို့တွင် လက်ကြပ်များ ဝတ်ဆင်ထားသည်။ ထူးခြားချက် တစ်ရပ်က ခြေထောက်နှစ်ဘက်မှာ သံခြေကျင်းခတ်လျက် ရှိနေခြင်းပင် ဖြစ်ပါသည်။ နေအောင်စိုး အိပ်မက်ထဲက အတိုင်းပင် ။

'ဘုန်းကြီးလဲ ဒီအထဲကို ငယ်ငယ်က တစ်ခါတည်း ရွှေတံခါးပြဖူးလို့ ရောက်ဖူးတယ်၊ အခု ဒုတိယအကြိမ် ရောက်တာပါပဲ ကိုင်း... ဒကာတို့ ကြည့်စမ်းကွယ်၊ အိပ်မက်ထဲကဟာ ဒီအရုပ်ပဲလား'

'အရုပ်တော့ မဟုတ်ဘူးဘုရား၊ ဒီအရုပ်ပုံစံ ဝတ်ဆင်ထားတဲ့ အတိုင်း သက်ရှိလူသားကို မြင်ရတာပါဘုရား'

'အိမ်း ... ထူးတော့ ထူးသကွယ့်၊ အကြောင်းဘယ်လို ရှိမှန်း မသိတာခက်တယ်၊ ဟဲ့ ... ညို'

'ဘုရား ...'

'အိမ်ကြီး ဝယ်ချင်သူတွေလာတုန်းက သရဲခြောက်တာ ဘယ်လိုခြောက်တာတဲ့တုံး'

'လူတစ်ယောက် လှံနဲ့လိုက်ထိုးသတဲ့ဘုရား'

'နင့်ကျတော့ရော'



'အဲဒီအတိုင်းပါပဲဘုရား'

'ငါ့ဘာလို့မလျှောက်သတုံး'

'တစ်ခါလျှောက်ဘူးပါတယ်ဘုရား၊ အရှင်ဘုရား ငေါက်လို့ နောက်ထပ် မလျှောက်ဝံ့ပါဘုရား'

'ဟဲ့ ... နင်လျှောက်တာက သမန်ကာလျှံကာကိုးညိုရဲ့၊အိမ်ကြီးက ခြောက်တယ်ဆိုတော့ ငါပဲလုပ်ရော့သလား ဆိုပြီးနင့် ... ငေါက်တာပေါ့'

'ဒီအိမ်ကြီးဟာ မသန့်ဘူးဆိုတာ အရှင်ဘုရားလဲ အသိသားပဲ မဟုတ်လားဘုရား'

'ဟဲ့ ... ငါသိတာက သံခြေကျင်းသံ တစ်ခါတရံကြားတတ်တာကိုးလဟဲ့၊ ဒီပုံဒီနည်း အိပ်မက်တာတို့၊ လှံနဲ့လိုက်တာတို့ ဂဃနဏမှ မသိတာဘဲကိုး၊ ပြန်ပြေးတဲ့ ဒကာတွေကလဲ ငါ့တစ်ယောက် မှ သေသေချာချာ လျှောက်မသွားကြဘူး၊ ငါက သံခြေကျင်း သံကြားလို့ ပြေးကြတယ် ထင်တာဟဲ့'

ဘုန်းကြီးက သက်န်းကို ပြင်ရုံရင်း နေအောင်စိုး တို့ ဘက်လှည့်လိုက်၏။

'ကိုင်းကွယ့် ... ဒီရုပ်တုနဲ့ ဒကာတို့နဲ့ ထိုက်လို့တွေ့တယ် အောက်မေ့ပေရော့'

နေအောင်စိုးအတိုင်းမသိ ဝမ်းသာပျော်ရွှင်သွား၏၊ဆရာတော်၏ ရွှေရောင်တော်ဘုရား ပြန်လည်ပြုပြင်မည့်အလှူထဲသို့ ထည့်ဝင်ခဲ့ရန် ငွေအတိုင်းအတာကို စဉ်းစားနေမိသည်။

'အုတ်ခုံမှာ စာတွေဗျ ကိုနေအောင်စိုး'

မီးဖြင့်ဓာတ်ထိုးကြည့်နေသော မျိုးညွန့်က ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ သေသေချာချာ ထိုးထားစမ်းပါ၊ ကိုယ်ဖတ်ကြည့်ဦးမယ်'

ဤရုပ်တုသည် ကျွန်ုပ်နှင့် ကျွန်ုပ်၏ချစ်သူအား ကွဲကွာစေသော တရားခံဖြစ်သဖြင့် သင်းအား ဗိသုနိုးဗိမာန်မှ ယူဆောင်လာကာ မြေတိုက်အတွင်း၌ ထပ်မံအကျဉ်းချထားလိုက်သည်။

ကြင်နာသနားသူတွေက မြင့်မိုရ်ရှိုင့်သို့ ယူဆောင်ကာ လွှတ်လေ ။ ။

မင်းရဲပျံ့ချီ

(ပုဂံမြို့စား)

မြန်မာသက္ကရာဇ်(၁၁၈၄)

တန်ဆောင်မုန်းလဆန်း ၈ ရက်

'သက္ကရာဇ်အရ ဆိုရင် ဒီအရုပ်ကို ဒီမှာထားတာ နှစ်ပေါင်းတစ်ရာ့ခုနစ်ဆယ်ကျော်ပြီ...'

မျိုးညွန့်ကပြော၏။ နေအောင်စိုးမှာ ရင်ဝသို့ခုန်တက်လာသော ဝမ်းသာလုံးကြီးကြောင့် စကားမပြောနိုင် ။

မိရှုဒန္တသို့မဟုတ်မြင့်မိုရ်ရှိုင့်...။

ဗိုလ်မင်း မင်းရဲပျံ့ချီ...။

ထိုအမည်များကို ထပ်၍တွေ့ရပြန်၏။

'ဟဲ့... ညီ၊ အရုပ်ကိုယူလိုက်စမ်းပါလဟဲ့၊ ကောင်းကောင်းကိုင် လွှတ်ပြုမကျစေနဲ့'

ထို့နောက် အပေါ်သို့ပြန်တက်လာကြ၏။ နေအောင်စိုး က ရုပ်တုကို ဦးညိုထံမှ လက်ပြောင်းယူလိုက်ပြီး ဓေ့စပ်သေချာစွာ



ကြည့်ရှုစစ်ဆေးနေသည်။

အောက်ခံခုံမှ စာများကိုတွေ့သောအခါ အထူးစိတ်ဝင်စားသွား၏။

'အဲဒါကဘာစာတွေတုံးဒကာ'

'တင်ပါ၊ရှေးဟောင်းအက္ခရာတွေနဲ့ ရေးထားတဲ့စာပါဘုရား'

'ဘယ်ခေတ်လောက်ကတုံး၊ အနော်ရထာတို့ ကျန်စစ်သားမင်းတို့ ခေတ်ကလားကွယ့်'

'အဲဒီထက် ရှေးအများကြီးကျပါတယ်ဘုရား၊ ခရစ်နှစ်သုံးရာစု၊ လေးရာစုလောက်က အိန္ဒိယတောင်ပိုင်း 'ပလ္လဝ' မင်းဆက်ဆွေ အသုံးပြုတဲ့ အက္ခရာမျိုးပါဘုရား'

'ဘာတွေရေးထားသတုံးကွယ့်၊ဘာသာပြန်ပြပါဦး'

'တင်ပါ့ဘုရား...'

မဟာဝီရ...

သင့်ဝိညာဉ်အား အနှစ် နှစ်ထောင်အကျဉ်း ချလိုက်သည်။ အနှစ် နှစ်ထောင်မကျရောက်မီ တစ်ပြည်သား ကြင်နာသနားသူတွေက လွှတ်သော်လွှတ်မြောက်စေ၊ အနှစ် နှစ်ထောင်စေ့သော် သင်၏ပိုင်နယ်မဟုတ်ခဲ့သော် မလွှတ်မြောက်စေရ...။

'တြိအဂ္ဂ'

'ဘယ်လိုကြီးလဲ ကိုနေအောင်စိုးရဲ၊ မရှင်းမရှင်းနဲ့ ပြစမ်းပါဦး'

မျိုးညွန့်က အရုပ်ကိုလှမ်းဆွဲရင်း ပြော၏။ သူကိုယ်တိုင်ထပ်မံဖတ်ကြည့်၏။

'ဒီလောက်လဲ မရှုပ်လှပါဘူး ကိုမျိုးညွန့်'

'ခင်ဗျားဘယ်လိုနားလည်သလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မဟာဝီရရဲ့ဝိညာဉ်ကို ဩအဂ္ဂက အနှစ် နှစ်ထောင် အကျဉ်းချလိုက်တယ်ဗျာ၊ ဒါပေမယ့် အနှစ် နှစ်ထောင်မစေ့မီ တစ် ပြည်ရပ်ခြား တိုင်းတစ်ပါးသား၊ အဲ...မြင့်မိုရ်ချိုင့်သား မဟုတ်တဲ့ လူက တွေ့လို့ ကြင်နာသနားရင် လွှတ်ပါ၊ လွှတ်မြောက်ပါလိမ့်မယ် တဲ့'

'အဲဒီပထမပိုဒ်ကတော့ ဟုတ်ပါပြီ၊ ရှင်းပါတယ်၊ အောက် အပိုဒ်ကို ပြောတာပါ'

'ဒါလဲ ရှင်းပါတယ်၊ အနှစ် နှစ်ထောင်စေ့ပေမယ့် သူ့ရဲ့ ပိုင်နက်နယ်မြေထဲမှာ မဟုတ်ခဲ့ရင် လွှတ်သူရှိပေမယ့် မလွတ်မြောက် နိုင်ဘူးတဲ့'

'တစ်မျိုးကြီးပဲဗျာ'

'အေးလေ... ဒါကြောင့် ဗိုလ်မင်း မင်းရဲ့ပုံချိုက မြင့်မိုရ် ချိုင့်ဝှမ်းသို့ ယူဆောင်ပြီးလွှတ်လေလို့ ရေးထားတာ ဖြစ်မှာပေါ့၊ အနှစ် နှစ်ထောင်စေ့လို့ ဒီမှာလွှတ်လဲ မလွတ်ဘူး၊ အလကားပဲ၊ ဒီရုပ်တုကို တစ်ပြည်သားက ယူသွား၊ မြင့်မိုရ်ချိုင့်ဝှမ်း ရောက်တော့ လွှတ်၊ အဲဒါမှ လွတ်မြောက်လိမ့်မယ်၊ ဒါပဲ'

'ဒါ... တော်တော်နဲ့ မလွတ်အောင် တမင်စီစဉ်တဲ့ အစီအစဉ် ပဲ၊ ဘယ်လို အတတ်ပညာနဲ့များ လုပ်ထားသလဲ မသိဘူး၊ မောင်ရင် ယုံသလား'

'ခင်ဗျားလဲ ပြတိုက်မှူးတစ်ယောက်၊ ရှေးဟောင်း သုတေသီ ပညာရှင် တစ်ယောက်ပဲ ကိုမျိုးညွန့်၊ ရှေးဟောင်းရုပ်တုတွေ အ ကြောင်း၊ ကျိန်စာတွေအကြောင်း၊ ဂူသချိုင်းတွေအကြောင်း သဘော ပေါက်ပြီးသားပဲ၊ ဒီဥစ္စာတွေမှာ သိပ္ပံနည်းစနစ်နဲ့ ဓာတ်ခွဲလို့ မရတဲ့



ထွန်းပျူးတာနဲ့ တွက်လို့တိုင်းလို့မရတဲ့ ပြဿနာတွေလဲ တစ်ထွေး ကြီးပဲ၊ ဒါကို ကိုယ်သိသလို မောင်ရင်လဲသိပါတယ်၊ ကိုယ်တို့ ဉာဏ် မမီသေးတဲ့ ကိစ္စတွေပါ၊ လုပ်နိုင်တာကိုပဲ စဉ်းစားကြတာပေါ့ဗျာ'

'ကဲ... ကိုယ်တို့ဘာလုပ်နိုင်မလဲ'

'သူ့ကိုလွှတ်ပေးနိုင်တယ်လေ...'

'ဒါပေမယ့်၊ မြင့်မိုရ်ချိုင့်ဝှမ်းဆိုတာ ဘယ်မှာမှန်း မသိတာ ခက်တယ်'

'ရှာရမှာပေါ့ ကိုမျိုးညွန့်၊ သူ့ကိုလွှတ်မြောက်စေချင် ပါ တယ်၊ ခုအတိုင်းဆိုတော့ ကိုယ်ရှာမယ့် မြို့ဟောင်းခရီးစဉ်ဟာ ပိုပြီး ခိုင်မာသွားတာပေါ့ဗျာ'

မီရှဒန္တသို့မဟုတ် မြင့်မိုရ်ချိုင့်ဝှမ်းဟူသည်...

ဘယ်ဆီမှာမသိ ။

ရှာရပါဦးမည် ။

ဤရုပ်တုသည်ပင် အကောင်းဆုံး 'လမ်းပြ' ဖြစ်မလာနိုင်ဟု မည်သူပြောနိုင်အံ့နည်း ။

'မဟာဝီရ... တဲ့'

ရုပ်တုအောက်တွင် ရေးထား၏။ ပြည်ပြတိုက်ရှိ လှံလျှင် အောက်တွင်လည်း 'မဟာဝီရသခင်၏လှံလျှင်တော်' ဟု ကဗ္ဗည်း တင်ထား၏ ။

သို့ဆိုလျှင် 'သူ' သည်မင်းစိုးမျိုးရိုး ဖြစ်ဖို့ရာခိုင်နှုန်း များ၏။ အကျဉ်းချသည့် ပုဂ္ဂိုလ်ကြီး ဩအဂ္ဂ၏ အစီအစဉ်ကလည်း သေသပ်လှပါသည်။

'မြင့်မိုရ်ချိုင့်ဝှမ်းသို့ တစ်ပြည်သားက လာလွှတ်ပေးလျှင်

www.burmeseclassic.com

www.burmeseclassic.com



အနှစ် နှစ်ထောင် မစေ့သော်လည်း လွတ်စေ ... တဲ့ ။

တစ်ပြည်သားကလဲ မြင့်မိုရ်ရျိုင့်သို့ ရောက်လာဦးမှ ...

ရုပ်တုကလည်း အလွယ်တကူ တွေ့နိုင်သည့် နေရာတွင်ရှိနေဦးမှ ...

ဗိသနိုးဗိမာန်မှာဟု ဗိုလ်မင်း မင်းရဲပျံချီက ရေးထား၏။ သင်၏ပိုင်နယ်ဆိုသည်မှာ ဗိသနိုးဗိမာန်ကိုပင် ဆိုလိုက်လေသလော။

မဟာဝီရအား အနှစ် နှစ်ထောင် အကျဉ်းချထားပြီး ဗိသနိုးဗိမာန်ကို အပိုင်စားပေး၍ ပိုင်နယ်အဖြစ် သတ်မှတ်ထားသလော ။

တစ်ဖန် အနှစ်နှစ်ထောင်စေ့သော်လည်း ပိုင်နယ်တွင် မဟုတ်က မလွတ်မြောက် စေရ... တဲ့ ။

ယင်းအချက်ကို ဆုပ်ကိုင်၍ ပုဂံမြို့စား မင်းရဲပျံချီသည် ရုပ်တုအား မြင့်မိုရ်ရျိုင့်ဝှမ်းမှ ဝေးကွာစေခဲ့၏။

အဘယ့်ကြောင့် ဤသို့ပြုမူရဘိသနည်း၊

ရှင်းပါ၏ ။

ဤရုပ်တုသည် ကျွန်ုပ်နှင့် ကျွန်ုပ်၏ချစ်သူအား ကွဲကွာစေသောတရားခံဖြစ်၏ဟု ဆိုထားသည်ပဲ။

ရုပ်တုကို အလွယ်တကူ မတွေ့အောင်လည်း စီမံထားလိုက်ပါသေးသည်။ ယင်းကြောင့်ပင် အနှစ်တစ်ရာငါးဆယ်ကျော်အောင် ရုပ်တုသည် လူမတွေ့သူမတွေ့ဖြင့် မြေတိုက်တွင်း အောင်းနေခဲ့ရရှာ၏။

ရုပ်တု အောက်ခြေခုံအပေါ် ပိုင်းတွင် မထင်မရှားဖြစ်နေသော စာလုံးသေးသေး ကလေးများကို နေအောင်စိုး တွေ့ရပြန်၏။ မှန်ဘီလူးဖြင့် သေသေ ချာချာကြည့်ရာ ဖတ်ရှု၍ရအောင် ပီပြင်လာ၏။



ဝိညာဉ်ကို စတင်၍အကျဉ်းချသော ခုနှစ်ဖြစ်ဟန်တူ၏။

ထိုအတိုင်းဆိုလျှင် ရုပ်တုအား အေဒီ ၄၀၀ ပြည့်နှစ် ပတ်ဝန်းကျင်လောက်က ဖန်တီးထုလုပ် စီရင်ခဲ့ခြင်း ဖြစ်ပေလိမ့်မည်။

ယင်းခုနှစ်ကို အတည်ပြု၍ အနှစ် နှစ်ထောင် ဘယ်တော့ပြည့်မည်နည်းဟု နေအောင်စိုး တွက်ကြည့်လိုက်သည်။

အနှစ်လေးရာကျော် လိုသေး၏။

ထပ်မံ၍စိတ်ဖြင့် တွက်ကြည့်လိုက်ပြန်၏ ။

အေဒီ ၄၀၀ ပြည့်နှစ်က ထုလုပ်စီရင်သော ရုပ်တုသည် အေဒီ ၂၄၀၀ ပြည့်နှစ်ရောက်မှ အနှစ် ၂၀၀၀ စေ့ရောက်ပေမည်။

ယခုလက်ရှိ ရောက်ဆဲ ခရစ်နှစ်ကား ၁၉၇၂ ။ ထို့ကြောင့် ရုပ်တုသက်တမ်းမှာ စတင်ထုလုပ်သောကာလမှ လက်ရှိကာလ အထိ နှစ်ပေါင်း ၁၅၇၂ နှစ်ကြာမြင့်ခဲ့ပြီးဖြစ်၏။

ထူးခြားသည့် အကျဉ်းသားခမျာ ခရစ်နှစ် ၂၄၀၀ပြည့်မှ ကျိန်စာ အကျဉ်းက လွတ်မြောက်ရှာပေလိမ့်မည်။

တိတိကျကျ ဆိုရပါမူ လွတ်မြောက်ရန် ၄၂၈နှစ် လိုပေသေး၏။

သို့သော် တစ်ပြည်သားဖြစ်သော သူသည် သနားကြင်နာဖွယ် မဟာဝီရ၏ ရုပ်တုကို မြင့်မိုရ်ရျိုင့်ဝှမ်းသို့ ယူဆောင်၍ ဗိသနိုးဗိမာန်အတွင်း ထားပေးနိုင်သူမဟုတ်လော။ သူသည် မြင့်မိုရ်ရျိုင့်ကိုလည်း ရှာရပါမည်။

ဗိသနိုးဗိမာန်ကိုလည်း ရှာရပေဦးမည်။

'ဘုန်းကြီးလည်း ရုပ်တုကျိန်စာတွေ ဘာတွေ အတွေ့အကြုံရှိသကွယ့်၊ ရှေးဘုရားတွေမှာလဲ ကျိန်စာပါတတ်တယ်။ ဒုဟာက တော့

www.burmeseclassic.com

www.burmeseclassic.com



ကျိန်စာမဟုတ်သော်လည်း အညွှန်းတစ်ခုပေါ့ကွယ် '

တစ်ချိန်လုံး တိတ်ဆိတ်နေသော ဘုန်းကြီးက မိန့်တော်မူလိုက်၏။

'ရွှေတင်တို့ ဆွေစဉ်မျိုးဆက်ဟာ အသက်အတိုင်း အေးအေးချမ်းချမ်း တရားဘာဝနာပွားပြီး သေရတဲ့လူရယ်လို့ မရှိခဲ့ဘူးကွယ့်၊ ရွှေတင်တစ်ယောက်ကလွဲရင်ပေါ့လေ၊ ရွှေတင်ကတော့ ငဖဲမှာ ဘုန်းကြီးဘဝနဲ့ ပျံလွန်တယ်၊ ဒကာတို့လဲ ရှေးဟောင်းပစ္စည်းအလုပ်လုပ်လေတော့ ကျိန်စာပါတဲ့ ရုပ်တုတွေ၊ ပစ္စည်းတွေနဲ့ကြုံချင်ကြုံလိမ့်မယ်၊ သတိချပ်ဖို့ပေါ့ကွယ် '

'တင်ပါ့ဘုရား '

' ဘုန်းကြီးကို ငယ်တုန်းက ရွှေတင်ပြောပြဖူးတာပေါ့လေ၊ဒီအရုပ်ကို ယူလာတဲ့လူက ရွှေပုဏ္ဏာမီအိမ်ကြီးပိုင်ရှင် မြို့ဝန်နေမျိုးလကျ်ာမင်းထင် မဟုတ်ဘူးကွယ့်၊ မြို့ဝန်မင်းရဲ့သမက် ပုဂံမြို့စား ဗိုလ်မင်း မင်းရဲပျံချီ ယူဆောင်လာတာလို့ ဆိုတယ်... '

' မြို့ဝန်ရဲ့ တစ်ဦးတည်းသောသမီး ပုဏ္ဏာမီဟာ ပုဂံမြို့စား ဗိုလ်မင်း မင်းရဲပျံချီရဲ့ ဇနီးပေါ့လကွယ်၊ မြောက်ဘက်နယ်စပ်တစ်လွှားမှာ စစ်အင်အားပြပြီး ပြန်အလာ မြို့ဝန်မင်းက သမီးကလေးနဲ့ နေရာချပေးတယ်လို့ဆိုတယ်၊ ဆွေစဉ်မျိုးဆက်တွေဟာ တိုတောင်းတဲ့ နှစ်တွေအတွင်း တစ်ယောက်ပြီး တစ်ယောက် ဆိုးဆိုးဝါးဝါး ဆုံးပါးကုန်လေတော့ ရွှေပုဏ္ဏာမီ အိမ်ကြီးလဲ ကျိုးနဲ့ ဖုတ်ဖုတ် ကျန်ရစ်ရှာတယ်၊ နောက်ဆုံး အဆက်အနွယ်ဖြစ်တဲ့ ရွှေတင်အလှည့်ကျတော့ အိမ်ကြီးကို လုံးလုံးလျားလျား စွန့်ခွာသွားတော့တာပါပဲ၊ သူတစ်ယောက်ပဲ တရားဖက်ပြီး သေနိုင်တယ်



ဆိုပါတော့။ ကြောင်းကျိုးဆက်စပ် တွေးကြည့်ရင် ဒီအဖြစ်အပျက်တွေဟာ ရုပ်တုကိုသူ့ဌာနေကယူဆောင်လာတဲ့အတွက်ပဲလို့ ကောက်ချက် မဆွဲနိုင်ဘူးလား ဒကာတို့ '

'မှန်ပါတွေးစရာပါပဲဘုရား '

'အိမ်း ... အခုကိစ္စက ရုပ်တုကိုသူ့ဌာနေ ပြန်ပို့ဖို့ဖြစ်လာပြီး ဒကာတို့တာဝန်ယူနိုင်ပါ့မလားကွယ့် '

'မှန်ပါ့ယူနိုင်ပါတယ်ဘုရား '

'ကူညီကယ်ဆယ်တဲ့ သဘောပေါ့၊ ကုသိုလ်များတဲ့ အလုပ်ပါ၊ ဒကာတို့ အောင်မြင်ပါလိမ့်မယ်ကွယ် '

'ပို့ရမယ့်အရပ်ကို ရေရေရာရာ မသိသေးတော့ တပည့်တော် အချိန်ယူစုံစမ်းရပါဦးမယ်ဘုရား '

'အိမ်းလကွယ်၊ အချိန်လိုမယ်မှန်း ဘုန်းကြီးလဲရိပ်မိပါတယ်၊ အချိန်ယူလုပ်တာပေါ့ '

'တင်ပါ့ဘုရား '

ထို့နောက် ဘုန်းကြီးက 'ပလ္လဝခေတ်အက္ခရာ'များအကြောင်း မေးမြန်း၏။ နေအောင်စိုးက 'မူလဗြဟ္မ 'မှစ၍ယနေ့ခေတ် အက္ခရာများအထိ ခေတ်အဆင့်ဆင့် ပြောင်းလဲဖြစ်ပေါ်လာပုံကို ဘုန်းကြီး အား ပြောပြလျှောက်ထား၏။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၀)

နေအောင်စိုး နားပူလေတော့၏။

ပူလည်းပူထိုက်ပါပေသည်။

သုံးလေးရက် တည်းပါဆိုပြီး ခရီးထွက်သွားသော နေအောင်စိုး မှာ ဆယ်ရက်ကြာမှ အိမ်ပြန်ရောက်လာ၍ ဖြစ်ပါသည်။

'တခြားအချိန်ဆို ကျုပ်က ဘာမှမပြောပေါင်၊ ခုဟာက စေ့စပ်မယ့် မိန်းကလေး သွားကြည့်ရမယ့်ကိစ္စ၊ တော်... ဒီလိုနေ ကွေးလေလနေတာနဲ့ မိုးကုတ်သာ‌းလက်ထဲ ပါသွားနိုင်တယ် ဘာမှတ်သလဲ၊ ဟိုမှာက ဝိုင်းဝိုင်းကိုလည်းနေတာ'

ညကအချိန်မတော်မှ ခရီးသွားရာက ပြန်ရောက်လာ၏။

မနက်ဖြန်ဆိုင်က ပြန်လျှင်တော့ ချမ်းအေးသာ၏ရှိ ခင်ဖုန်းမူ သစ်ခွဥယျာဉ်ကို သွားဖြစ်အောင်သွားရန် မေမေကမှာ၏။

မနက်ဖြန်ဆိုသည့် 'ယနေ့'ကိုရောက်လာပါလေပြီ၊ ယုံး အတိုင်း နေအောင်စိုး၏ '၁၁-ရာစု'ရှေးဟောင်းပစ္စည်းဆိုင်သည် ကမ္ဘာလှည့် ခရီးသွားဧည့်သည်များဖြင့် ကစ်နေ့လုံးစည်ကားလျက် ရှိနေသည်။

သို့နှင့် တစ်နေ့ကုန်အလုပ်ရှုပ်လျက်ရှိသော နေအောင်စိုးအ အိမ်ပြန်ချိန်နောက်ကျရတော့၏။

သူအိမ်ပြန်ရောက်ချိန်မှာ ညဆယ်နာရီခွဲလေပြီ၊ မေမေမှာ သည့် ခင်ဖုန်းမူသစ်ခွဥယျာဉ်သို့လည်း မရောက်ဖြစ်တော့ပါ။ အမှန် ကိုဝန်ခံရလျှင် တစ်နေ့လုံးတစ်ခါမှ သတိမရ၍သွားရန် မေ့နေခဲ့မိ၏။

အိမ်ရောက်သည်နှင့် မိခင်ကြီးကမေး၏။

ခင်ဖုန်းမူဆီရောက်ခဲ့သလား၊ အဆင်ပြေရဲ့လားသားတဲ့။



'အဟဲ ...'

သွားဖြဲကလေးဖြင့် ခေါင်းခါလိုက်မိ၍ နေအောင်စိုး နဖူးပူ သွားတော့သည်။ မိန်းမယူလျှင် ကလေး ငါးယောက် အဖေပင် ဖြစ် လောက်ပြီဖြစ်သော ယောကျ်ားမားမားကြီးမှာ သူငယ်နှပ်စားသဖွယ် ထိပ်အခေါက်ခံရရုံမက မိခင်ကြီးမှာ နားရွက်တစ်ဘက်ကိုပါ ဆွဲလိမ် ပြီး အပေါ်ထပ်ရောက်အောင် ထပ်ကြပ်လိုက်ပါလာ၏။

'ရှေရှိုးပါရစေဦးမေမေရာ'

ခေတ္တအဆူရပ်စဲသွား၏။

'ထမင်းစားဦးမယ်နော်မေမေ၊ ပြီးမှမေမေကြိုက်သလို ဆူပေါ့ အဟဲ'

ဆူပူရန်အကြောင်းနှစ်ချက်ကလည်း နိုင်လုံလှ၏။ ထမင်း စားပြီးသည်နှင့် မပြီးပြတ်သေးသော ဆူပူခြင်းအလုပ်ကို မိခင်ကြီးက စတင်လေတော့သည်။

'ကြည့်စမ်း... မအေက အာပေါက်အောင် ပြောနေတာကို သူကဖြင့် အိပ်တောင်ပျော်နေသပေါ့၊ အင်း ... ခက်တယ် ကလေး ကြီးကျနေတာပါပဲလား ကိုနေအောင်စိုးရယ်'

နားပူလွန်းသဖြင့် သက်သာလိုသက်သာငြား အိပ်ချင်ဟန် ဆောင်နေမိသော နေအောင်စိုးမှာ နာရီဝက်အတွင်း အကယ်ပင် အိပ် ပျော်သွားတော့သည်။

'ဒီကလေးဟာ ရောက်တဲ့နေရာမှာ အိပ်တဲ့အကျင့် ခုထိ မပျောက်သေးဘူး၊ နိုးပြန်လဲမကြိုက်၊ အိပ်ရာထဲ ကျကျနန သိပ်ရော ပေါ့ ကိုစိုးရယ်၊ အင်း... ခင်ဖုန်းမူနဲ့ရင်လဲ မြန်မြန်နေရာကျမှ ဖြစ် တော့မှာပါ'

www.burmeseclassic.com



ဒေါ်အိန္ဒာနွယ်သည် စောင်တစ်ထည်ကို သွားရောက်ယူငင်ခဲ့ကာ မိသားစုနားနေခန်းရှိ ဆက်တီရှည်ကြီးပေါ်တွင် ကိုးရိုကားရားအိပ်ပျော်နေသော နေအောင်စိုး၏ ကိုယ်ပေါ်သို့ခြုံပေးရင်း တစ်ယောက်တည်း ဆိမ်မန်းမန်းနေလေသည်။

ညတစ်နာရီထိုးမှပင် သူပြန်နိုးလာပြီး အခန်းသို့အသာတက်သွားပြီး ပြန်အိပ်၏။

သူမည်သူနည်း ။

အဘယ့်ကြောင့် အနှောင်အတည်း ခံနေရသနည်း ။

သက်ရှိမဟုတ်ရုပ်တုကိုပင် သံခြေချင်းတည်းထားရလောက်အောင်ပင်ပြစ်မှုကကြီးခဲ့သလော ။

အပြစ်ရှိ၍စီရင်ခြင်းလော ။

မတရားချုပ်နှောင်ထားခြင်းလော ။

ယခုဆိုလျှင် အကျဉ်းသားရုပ်တုသည် နေအောင်စိုး၏အခန်းထဲရှိ ဗီရိုပုလျားလျားလေးပေါ်တွင် နေရာယူလျက် ရှိနေပြီဖြစ်ပါသည်။ နေအောင်စိုးနှင့် အတူတစ်ခန်းတည်း တစ်ညတာလုံးရှိနေသော်လည်း မည်သို့မျှအနှောက်အယှက် မပေးပါ။

'ဘယ်လိုမှ မနှောက်ယှက်တာကို ကျေးဇူးတင်ပါတယ်ဗျာ၊ မြင့်မိုရ်ရျှင့်ကို ပြန်ရောက်ဖို့တော့ ကြာဦးမှာပဲထင်တယ်၊ ခဏတော့သည်းခံလိုက်ပါဦးနော် '

ရုပ်တုကိုယူ၍ ရင်ဘတ်ပေါ်တင်ထားလျက်က သက်ရှိ အပေါင်းအသင်း တစ်ယောက်ကို ပြောသလိုပြောနေသည်။

'ထတော့လေ... ကိုစိုး၊ ဘယ်အချိန်ရှိပြီလဲ '

'ခင်ဗျာ... '



စောစောစီးစီး ' ရွှေပုဏ္ဏမီအိမ်ကြီး ' နှင့်ပတ်သက်ရာတ်သက်ကြောင်းများကို သတိရနေမိသော နေအောင်စိုးသည်ခေါင်ကြီး အသံကြားမှ အိပ်ရာကလူးလဲထလိုက်မိသည်။ရုပ်တုကိုဒီရှိလေးပေါ် တရိုတသေပြန်ထားရင်း နာရီကိုမော့ ကြည့်လိုက်မိ၏။

' ဟောဗျာ... ခြောက်နာရီတောင်ခွဲပြီ၊ ဆိုင်ပြေးရဦးမယ် '

' ဘာဆိုင်ပြေးရမှာလဲ၊ မျက်နှာမြန်မြန်သစ်၊ ရေမိုးချိုးချေ၊ ထမင်းစားခန်းမှာ တော့အကြိုက်အားလုံး ပြင်ထားခဲ့ပြီ၊ မြန်မြန်စားနော်၊ ဒီမနက်ဆိုင်မထွက်ရဘူး ဒါပဲ '

' ဟောဗျာ... ဘာဖြစ်လို့လဲမေမေရဲ့ '

' အထွန့်မတက်ပါနဲ့ ကိုစိုး၊ ကျုပ်ပြောတာသာလုပ်ပါ '

' အဲဒါကြောင့် မေမေဒီနေ့ စောစောစီးစီး လှနေပါတယ်အောက်မေ့နေတာ၊ ဟို... သိပ်စောနေရင် အားနာစရာကြီး ဖြစ်မနေဘူးလား မေမေ၊ မိန်းကလေးအတွက် အလှပြင်ချိန်လေး ဘာလေးပေးတဲ့အနေနဲ့ ... အဲ ... နေ့လယ်လောက်မှ သွားကြရင် ကောင်းမယားလို့၊ ဆိုင်မှာချိန်းထားတဲ့ကိစ္စကလဲ မနက်ရှစ်နာရီဆိုတော့... '

' မလိုချင်ဘူး ... တိတ် '

သားအိပ်ရာကို ကိုယ်တိုင်သိမ်းပေးနေသော ဒေါ်အိန္ဒာနွယ်ခေါက်လက်စ စောင်ကိုပစ်ချပြီး နေအောင်စိုးနားရွက်ကို နာနာဆွဲ၍ရေချိုးခန်းရှေ့ တွန်းပို့လိုက်ပါတော့၏။

' ဆင်ခြေများရန်ကောတော်၊ ကျုပ်ရွေးထားတဲ့ ချွေးမလောင်းအလှပြင်ဖို့မလိုဘူးတော့်၊ ဘယ်အချိန်ကြည့်ကြည့် လှပြီးသား '

သည်နေ့တော့ ချိန်းထားတဲ့ကိစ္စလဲ လွဲမည်၊ ချွေးမရွေးခသောင်းကြည့်ရန်ကိစ္စလည်း ဘယ်လိုမှခေါက်ထား၍မရတော့ ။

www.burmeseclassic.com



နေအောင်စိုး ပင့်သက်ကြီးမှုတ်ထုတ်ရင်း ရေချိုးခန်းတံခါးကိုလေးကန်စွာတွန်းဖွင့်လိုက်သည်။

'ခင်မကြီးတို့ဆီ မနေ့က မေမေဖုန်းဆက်တာ လေးငါးခါရှိပြီ၊ ဘယ်သူမှမထူးဘူးကွယ့်၊ အိမ်ဖော် ကောင်မလေးနဲ့ပဲ စကားပြောရတယ်၊ အိမ်သားတွေ ဘယ်သူမှမရှိဘူးတဲ့၊ အဲဒါ မေမေဘဝင်မကျဘူး၊ သွားမေးချင်လိုက်တာလေ၊ ကားမောင်းပို့မယ့်လူ မရှိလို့ သားအပြန်ကို စောင့်နေရတာ'

'ဟုတ်မှလဲလုပ်ပါ မေမေရာ၊ တော်ကြာအရှက်ကွဲနေမှ'

'မတွေ့ချင်လို့တော့ ဟုတ်မထင်ပါဘူး၊ မေမေတို့ သေချာစည်းဝါးရိုက်ထားတဲ့ကိစ္စပဲ'

'မေမေ ချွေးမလောင်း လင်နောက်များ လိုက်သွားသလားမသိတာ မေမေရာ ဟား... ဟား'

'ဟယ်... မတော်တရော်'

မိခင်ကြီးလက် နားရွက်ပေါ်ရောက်မလာမီ ရေချိုးခန်းထဲသို့ နေအောင်စိုး ဝင်ပြေး၏။

အဝတ်အစားလဲလှယ်ပြီးနောက် နေအောင်စိုး အပြင်ထွက်လာသောအခါ တယ်လီဖုန်းခွက်ကိုကိုင်၍ ငူငူကြီးထိုင်နေသော မိခင်ကြီးအား တွေ့ရသည်။ မျက်နှာမှာ ဖြူဖျော့နေ၏။

'နေမကောင်းဘူးလားမေမေ၊လက်တွေလဲတုန်နေပါလား'

ကိုင်ထားဆဲရှိသော ဖုန်းကို နေအောင်စိုးက အသာအယာဆွဲယူ၍တင်ပေးပြီး မိခင်ကြီးအား ကြင်နာစွာမေး၏။

'ရေတစ်ခွက်လောက် ပေးစမ်းပါ သားရယ်'

မေမေကြည့်ရတာ ခင်ဖုန်းမှုကိစ္စ အဆင်ပြေပုံမရပါ။ ကျေ



ဖိုးကုတ်သူဌေးသား လက်ထဲများ ပါသွားပြီလား၊ ပါသွားလဲ အေးဘာပေါ့လေ၊ ဒါပေမဲ့ မေမေ့ခမျာ စိတ်ထိခိုက်သွားပုံရတယ်၊ ဘုရားဆိုလို့ ခင်ဖုန်းမှု လင်နောက်လိုက်သွားတာ မဟုတ်ပါစေနဲ့ဗျာ'

ရေခဲသေတ္တာထဲမှ ရေတစ်ပုလင်းနှင့် ဖန်ခွက်လွတ်ကို အပြေးအလွှား သွားဆွဲလာရင်း နေအောင်စိုး တောင်တောင်အီအီ တွေးနေမိ၏။

'သား... ကိုစိုး...'

'ခင်ဗျာ'

'လာ... အမေ့နားထိုင်စမ်းပါဦးကွယ့်'

ရေတစ်ကျိုက်သာငုံပြီး ဖန်ခွက်ကို ပြန်ပေး၍ နံဘေးတွင် ထိုင်ခိုင်း၏။

'ထိုင်... သား၊ ၁၅မိနစ်တစ်ခါ ဒီနံပါတ်ကို ဖုန်းခေါ်စမ်း၊ ဒီနေ့ ဆိုင်မဖွင့်နဲ့တော့'

'ခင်ဗျာ...'

နေအောင်စိုး နားမလည်၊ မိခင်ကြီးပေးသော ဖုန်းနံပါတ်ကို ကြည့်လိုက်ရာ ခင်ဖုန်းမှု သစ်ခွဥယျာဉ် ဖုန်းဖြစ်နေ၏။

'ဒီမှာ...နားထောင်သား၊ မေမေ ခုနက ဖုန်းခေါ်တော့ နေဘုန်းဦး နဲ့ပြောရတယ်၊ ခင်ဖုန်းမှု အိမ်မှာမရှိဘူးတဲ့၊ ဘာမှမပြောနိုင်တာ ဝမ်းနည်းပါတယ်တဲ့၊ ဒါပဲပြောပြီး ဖုန်းချသွားတယ်၊ ဒီလိုနဲ့ရှိုးလား၊ အကျိုးအကြောင်း သဲသဲကွဲကွဲ သိရမှဖြစ်မှာပေါ့၊ အဲဒီ တော့ခေါ်စမ်းပါသားရယ်၊ ခင်မကြီးနဲ့ စကားပြောချင်တယ်လို့ ပြောပါ၊ ရှိရင်တော့ မေမေ့လာခေါ်လှည့်၊ မေမေပြောမယ်'

ဆံထုံးတွင်ပတ်ထားသောစိပ်ပုတီးကို ဖြုတ်၍ ခေါ်အိနှသွယ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းထဲဝင်သွား၏ ။

မတတ်နိုင်ပါ၊ မိခင်ကပေးအပ်သည့် တာဝန်မို့ နေအောင်စိုးမှာဆယ့်ငါးမိနစ်တစ်ခါ တယ်လီဖုန်းဒိုင်ခွက်ကို တကျိုကျိုလှည့်နေရပါတော့သည်။

နေ့လည်ဆယ်နှစ်နာရီထိုးတော့ နေအောင်စိုးမှာ ချွေးဒီးဒီးကျရတော့၏။ တစ်ဘက်မှ လုံးဝမထူးပါ၊ ဖုန်းဒိုင်ခွက်ကို လှည့်လျက်ရှိသော လက်ညှိုးမှာ လေးလံနေးကွေး လာတော့၏။ မိခင်ကြီးလည်း ဘုရားခန်းမှ ထွက်မလာသေးပါ။

'ကဲ ... နောက်တစ်ခါပေါ့ကွာ '

'ဟဲလို ... ဘယ်သူလဲ '

တစ်ဘက်မှ ထူးသံကခပ်ဆတ်ဆတ် ။

နေအောင်စိုး၏ ဖြေသံကလည်းပြတ်တိုတို ။

'ဒေါ်ကြီးဒေါ်အိန္ဒာနွယ်သားလား '

'ဟုတ်တာပေါ့ကွ၊ မင်းကဘယ်သူလဲ '

'နေဘုန်းထူး '

ရွှေယောက်ဖလောင်း ဖြစ်နေ၏။ အသံကမကြည်လင်၊ ကျွတ်ဆတ်ဆတ်မို့ နေအောင်စိုးဆက်ပြီး ပြောချင်စိတ်မရှိ၊ သို့သော် မိခင်ကြီး ပေးအပ်သည့်တာဝန်မို့ ကျေပွန်အောင်တော့ ထမ်းရပါမည်။

'ဒီမှာခင်ဗျ ... ကိုနေအောင်စိုး၊ မမခင်ဖုန်းအကြောင်း မေးမလို့လား၊ တစ်မနက်ခင်းလုံး ဖုန်းမြည်သံကြားနေရတာ နားမချမ်းသာ၊ စိတ်မချမ်းသာ လိုက်တာဗျာ၊ အဲဒီတော့ နေဘုန်းဦး မပြောတဲ့အကြောင်းကို ကျွန်တော်အခုပြောမယ်၊ မပြောဆို မေမေက မပြောရဘူးလို့ပိတ်ထားလို့ပဲဗျ၊ ဒါပေမယ့် မပြောရင်ဆက်ပြီး ဖုန်းမြည်သံ



နဲ့အနှိပ်စက်ခံရဦးတော့မယ်ဆိုတာ ကျွန်တော်ကောင်းကောင်းသဘောပေါက်သွားပြီလေ '

'သိပ်ဟုတ်တာပေါ့ကွာ၊ ကဲ ... ပြောစမ်းပါဦး '

'အတိုဆုံးနဲ့ လိုရင်းပြောရရင် မမခင်ဖုန်း စကီဇိုဖရီးနီးယားဖြစ်လို့ နယ်မှာသွားပြီး ဆေးကုဖို့ ဒီနေ့ပဲထွက်သွားတယ်ဗျာ၊ ပြန်ကောင်း မကောင်း မသေချာဘူးဗျာ၊ အဲဒါပါပဲ ... '

'စ ... ကီ ... ဇို ... ဖရီး ... နီး ... ယား '

'အဲဒါဘာလဲဆိုတာ၊ ဟို ... ကိုနေအောင်စိုးလဲ သိပါလိမ့်မယ်နော် '

'ဟာ ... သိတာပေါ့၊ ရူးတာပဲကွ '

'ဒါပဲပေါ့၊ ဖုန်းသံနဲ့တော့ မနှိပ်စက်ပါနဲ့တော့၊ တောင်းပန်ပါတယ်ခင်ဗျ၊ နော် ... '

တစ်ဘက်မှ ဖုန်းချသွား၏။

'ဟူး ... မေမေ့ကိုဘယ်လိုပြောရပါ့ '

ဖုန်းခွက်ကို ပြန်တင်ရင်း လေပူကြီးမှုတ်ထုတ်လိုက်၏။

'ကလင် ... ကလင် ... ကလင် ... '

ဖုန်းမြည်သံမရပ်ခင် နေအောင်စိုး အလောတကြီး ကောက်ကိုင်လိုက်၏။

'ဆရာ ... '

'ဟာ ... မောင်ကြည်ပန်း '

'ဟုတ် ... ဟုတ်ကဲ့ ... ဆရာ '

'ဘယ်ကနေ ပြောနေတာလဲ၊ အခုဘာကိစ္စငါ့ဆီဆက်တာလဲ '

www.burmeseclassic.com

www.burmeseclassic.com



'ကန်ပေါက်ကပါ၊ အဟဲ ... ဟို ငွေလိုလို့ပါဆရာ'

'ဟော ... ငါပေးလိုက်တဲ့ငွေငါးထောင်ကုန်ပြီလား'

'ဟို... ကျွန်တော် မိန်းမခိုးထားတယ် ဆရာရဲ့၊ အဲဒါကြောင့်'

'မြင်းကပါ က ကောင်မလေးလား'

'ဟုတ်ပါတယ်ဆရာ'

'အေးလေ ... ငွေလိုမှာပဲပေါ့၊ ငါဘယ်လိပ်စာနဲ့ ပို့ရမလဲ ပြော ...'

မောင်ကြည်ပန်းက ပုဂံမှ လိပ်စာတစ်ခုကိုပြော၏။

'အေး ... ငါဒီနေ့ပဲ ပို့လိုက်မယ်၊ ငွေရရချင်း ပြန်ခဲ့ကွာ ကြည်ပန်း၊ မင့်မိန်းမလဲ ခေါ်လာခဲ့၊ ငါခရီးထွက်စရာရှိတယ်၊ ဆိုင်မှာ ငင်းနေဖို့လိုတယ်'

'စိတ်ချပါဆရာ'

'ကောင်းပြီ ... ငါဖုန်းချလိုက်ပြီ ...'

သူ့နောက်တွင် တိတ်ဆိတ်စွာ ရပ်နေသော မိခင်ကြီးကို တွေ့လိုက်ရသဖြင့် နေအောင်စိုး လန့်သွား၏။ ခင်ဖုန်းမှု ကိစ္စမည်သို့ ပြောရမည်မသိ။

'ဘာတဲ့လဲသား'

'ဩော် ... ဟို ... ကြည်ပန်းပါမေမေ'

'ကြည်ပန်းအရင် သား တစ်ယောက်ယောက်နဲ့ ပြောသေးတယ် မဟုတ်လား၊ စကီဇိုဖရီးနီးယားလို့ မေမေကြားလိုက်တယ်။

မိခင်ကြီးကို နေအောင်စိုးငေးကြည့်နေမိ၏။ ခင်ဖုန်းမှုကိစ္စ ဖုံးဖိထား၍မရတော့ပါ၊ အဖြစ်မှန်ကို ဖွင့်ပြောရပါတော့မည်။

* * * * *



## အခန်း(၁၁)

မြင့်မိုရ်ချိုင့်(မိရှဒန္တ)အကြောင်းသိလိုပါသည်။ ထိုက်သင့်သည်ထက် ကျေးဇူးပြုပါမည်။ ၁၁–ရာစုနှင့် ဆက်သွယ်ပါ။

နေအောင်စိုး

၁၁–ရာစု၊

ရှေးဟောင်းပစ္စည်းရောင်းဝယ်ရေး

အမှတ်(---)ပန်းတဉ်းတန်းလမ်း

မန္တလေး။

ကြော်ငြာပါသော သတင်းစာကို ကောက်ယူ၍ ရက်စွဲကို ကြည့်လိုက်၏။ ယနေ့လည်း ငါးရက်မြောက် ကြော်ငြာပါဦးမည်။ အကြောင်းကား ထူး၍မလာသေး။

'ဟေ့လူ ... နေဦးလေဗျာ၊ ဘယ်ဒီလိုအရမ်းစွတ်ဝင်သွားလို့ဖြစ်မလဲဗျ၊ ဘာကိစ္စလဲဆိုတာ အရင်ပြောဦးမှပေါ့'

ဆိုင်အတွင်း ဆက်သွယ်ထားသည့် အင်တာကွန်းခလုတ်ကို နှိပ်လိုက်သည်နှင့် ဆိုင်အောက်ထပ်ရှေ့ခန်းမှ ကြည်ပန်း၏အသံကို အတိုင်းသားကြားရ၏။

ကြည်ပန်းအသံ ခါတိုင်းလိုမရည်မွန်ပါ၊ မပျူငှာပါ၊ တစ်ယောက်ယောက်က ခွင့်မတောင်းပဲ နောက်ဘက်သို့ဝင်ရန် ကြိုးစား၍ပဲဖြစ်ပေလိမ့်မည်။

'မြင့်မိုရ်ချိုင့်ကိစ္စပဲ၊ မင်းဆရာကိုမေးလိုက်ပါ၊ ထိုက်သင့်သည်ထက်ဆိုတာ ဘယ်အတိုင်းအတာအထိလည်းဆိုတာ'

လူစိမ်းဧည့်သည်၏အသံဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကတော့ သတင်းပေါ်မှာတည်ပါတယ်၊ ဆရာနဲ့တွေ့မှ ဆွေးနွေးပါ'

'ဘယ်ဖြစ်မလဲ၊ပြောတာနားထောင်ပြီးမှ ဘယ်၍ဘယ်လောက်ပဲပေးမယ်ဆို မခက်လားကွ၊ ဈေးအရင်ပြောမှဖြစ်မယ်'

'ခင်ဗျားသတင်းက ဘယ်လောက်ခိုင်လုံတိကျသလဲ၊ အဲဒါမှ မသိပဲ၊ ဘယ်လိုမှ ဈေးဖြတ်လို့မဖြစ်ဘူးဗျ'

'ပြောပြီးမှ ခြောက်ပြားတစ်ပဲပေးမယ်ဆိုရင်ရောကွာ'

'ကျုပ်ဆရာက ဒီလိုလူစားမဟုတ်ဘူး'

ဆိုင်ရှေ့ခန်းမှ အခြေအနေမှာ တင်းမာလျက်ရှိနေသည်။ ထို့ကြောင့်နေအောင်စိုးက အသံပေးလိုက်၏။

'ကြည်ပန်း'

'ခင်ဗျာ ... ဆရာ'

'ညှိသည်ကိုခေါ်ခဲ့ပါ၊ ရှေ့ခန်းကိုအသာပိတ်ထားလိုက်'

'ဟုတ်ကဲ့ခင်ဗျ'

ကြည်ပန်းသည် သူတာဝန်ကျရာ ဆိုင်ရှေ့ခန်းတံခါးကို သော့ဖြင့်အသေအချာ ပိတ်ပြီးမှ လူစိမ်းအား နေအောင်စိုးရှိသည့် အပေါ်ဆုံးထပ်သို့ ခေါ်သွား၏။

လမ်းလျှောက် ဝင်လာနေသော ညှိသည်လူစိမ်းအား စားပွဲနောက်မှနေ၍ နေအောင်စိုး အကဲခတ်နေသည်။

အသားညိုလူချောတစ်ယောက်ဖြစ်၏။ မျက်နှာပေးက တလောကလုံးတွင် သူအလေးထားစရာ လူတစ်ယောက်မှ မရှိသလို ပုံစံမျိုး ။

လောကကြီးကို ခါးစောင်းတင်မည့် ဟန်ပန်ဖမ်းထားသော်



လည်း မျက်လုံးထဲတွင် ဖျတ်ခနဲပေါ်လာသော စိုးရွံ့ရိပ်ကလေးသည် နေအောင်စိုး အားမလှည့်စားနိုင်ခဲ့ပါ။

'ထိုင်ပါခင်ဗျာ'

တကယ်တော့ အိမ်ရှင်ခွင့်မပြုမီကပင် ညှိသည်မှာ ပိုင်စိုးပိုင်နင်း ထိုင်နေခဲ့ပြီဖြစ်ပါသည်။

'ကဲ ... အချိန်မဖြုန်းပဲ လိုရင်းကိုတိုက်ရိုက်ပြောကြရအောင်ဗျာ'

'သိပ်ကောင်းတာပေါ့၊ မြင့်မိုရ်ချိုင့်ဝှမ်းနဲ့ ပတ်သက်ပြီး ကိုယ့်မှာပါလာတာလေးတွေ ရောင်းချင်တယ်၊ ကိုယ်သိချင်တာ ပေးနိုင်မယ့်ဂဏန်းအရေအတွက်ပဲ'

'ဘယ်လိုပစ္စည်းမျိုးဆိုတာ အရင်သိမှဖြစ်ပါလိမ့်မယ်'

'ဓာတ်ပုံတစ်ပုံ၊ မြေပုံကြမ်းတစ်ခု၊ စာအုပ်ဟောင်းတစ်အုပ်'

'ကောင်းပြီလေ၊ ဓာတ်ပုံနဲ့ပတ်သက်ပြီး စပြောပါ'

'မဟုတ်သေးဘူးဗျ၊ စာအုပ်ကိုအရင်ကြည့်ဖို့လိုလိမ့်မယ်'

'ရပါတယ်'

'မကြည့်ခင် စာအုပ်ကို တန်ဖိုးဖြတ်ဖို့လဲ လိုပါတယ်'

နေအောင်စိုး မျက်ခုံးများမြင့်တက်သွားတော့၏။ ညှိသည်ကို နောက်တစ်ကြိမ် သေသေချာချာ ကြည့်မိပြန်၏။ ညှိသည်က လက်ဆွဲအိတ်ထဲမှ ဝါကျင်ကျင်စာအုပ်တစ်အုပ်ကို ထုတ်ယူလျက် ရှိ၏။

အင်္ဂလိပ်စာအုပ်တစ်အုပ်ဖြစ်သည်။ အဖုံးပေါ်မှ အမည်ကို နေအောင်စိုး အသေအချာမြင်နေရ၏။

'နံပါင်မြသမီ'

'ဒီစာအုပ်က အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲမှာ ပါဝင်ခဲ့ဖူးတဲ့

www.burmeseclassic.com



အင်္ဂလိပ်စစ်ဗိုလ် လက်ဖတင်နင်လွိုက်စ် ရေးခဲ့တဲ့စာအုပ်ပဲ၊ စာအုပ်က လက်ရေးစာမူဘဝနဲ့ အနှစ်လေးဆယ်တိတိ ချောင်ထဲမှာ အောင်းနေခဲ့ရတယ်၊ လွိုက်စ်ရဲ့သား လက်ထက်ကျမှ ပုံနှိပ်ထုတ်ဝေဖြစ်တာဗျ၊ အနှစ်လေးဆယ် ချောင်ထဲအောင်းခဲ့တာတောင် စာအုပ်ဟာ ရှေးဟောင်းပစ္စည်းစာရင်းဝင်နေတယ်လေ၊ ဒါကစာအုပ်ရဲ့ ပထမတန်ဖိုး'

ညွှန့်သည်က အိတ်ထဲမှ မာဘိုလိုစီးကရက်ဘူးကို ထုတ်၍ အေးအေးဆေးဆေး တစ်လိပ်ထုတ်နေ၏။

'စာအုပ်ရဲ့ ဒုတိယတန်ဖိုးကတော့ စာအုပ်ထဲမှာပါတဲ့ အကြောင်းအရာ အချက်အလက်တွေပဲ၊ လွိုက်စ်ဟာ ဒီထဲမှာ ခေါင်းစဉ်သုံးခုခွဲပြီး အင်မတန်မယုံနိုင်စရာ ကောင်းတဲ့အကြောင်း အရာတွေကို ရေးထားခဲ့တယ်ဗျ၊ ဘယ်လိုလဲ ခင်ဗျား စိတ်ဝင်စား ရဲ့လား'

နေအောင်စိုးက ခေါင်းကိုဖြည်းလေးစွာ ယမ်းခါပြလိုက် သည်။ အမှန်လည်း စိတ်ဝင်စားစရာမရှိသေးပါ။

'ဩော်... စိတ်မဝင်စားသေးဘူးလား၊ လာမယ်လေ လာမယ်'

စီးကရက်တစ်လိပ်ကိုထုတ်၍ လူစိမ်းကနှုတ်ခမ်းတွင် ဖိညှပ် လိုက်ပြီးမှ ...

'လက်ဖတင်နင်လွိုက်စ် ရေးခဲ့တဲ့အကြောင်းအရာတွေမှာ ခေါင်းစဉ်(၃)ခုရှိတယ်ဗျ'

နေအောင်စိုးနှင့် ညွှန့်သည်ကြားတွင် စီးကရက်ငွေ့များ ဝေ့ဝဲ လူးလွန့်လာသည်။

'ရှေးဟောင်းမြေအောက်မြို့တော်ကြီးတဲ့၊ ဒါက ခေါင်းစဉ် တစ်ခု'



ညွှန့်သည်က နေအောင်စိုး စိတ်ဝင်စားမှု ရှိမရှိ စီးကရက် ငွေ့များကြားမှ အကဲခတ်လိုက်၏။

'နောက်ခေါင်းစဉ်တစ်ခုက 'ရေခဲပြင်အောက်ကအလှ'

'ဘယ်လိုဗျ'

'ရေခဲပြင်အောက်ကအလှ'

နေအောင်စိုး မျက်မှောင်ကြီးကြုတ်၍ ဇဝေဇဝါဖြစ်နေခိုက် ညွှန့်သည်က သဘောကျဟန်ဖြင့် ပြုံးလိုက်သည်။

'သည်းခံပါဗျာ၊ အကျယ်တဝင့်သိချင်ရင်တော့ ဒီစာအုပ်ကို ဝယ်ပြီးဖတ်ပေါ့ဗျာ'

'The Wild World' နဲ့ မြင့်မိုရ်ရိချိုင့်ဝှမ်း ဘယ်လိုများ ဆက်ဆိုင်နေလို့လဲဗျ'

နေအောင်စိုးက သွေးတိုးစမ်း၏။

'ဆိုင်လိုက်တာမှ တိုက်ရိုက်ကြီးပဲဗျ'

'ကဲဗျာ... လက်စနဲ့မေးစမ်းပါရစေ၊ မြင့်မိုရ်ရိချိုင့်ဝှမ်းဆိုတာ ဘာလဲ၊ ဘုရားတစ်ဆူလား၊ ဂူတစ်ခုလား၊ တောင်တစ်လုံး ရဲ့နာမည် လား'

'တစ်ခုမှ မဟုတ်ဘူးဗျ၊ မြင့်မိုရ်ရိချိုင့်ဝှမ်း ဆိုတာ မြို့တစ်မြို့ပဲ၊ အဲဒီထက် တိတိကျကျဆိုရင် ရှေးဟောင်းမြို့တစ်မြို့ပဲ'

ကြားရသည့်အဖြေက ကျေနပ်ဖွယ် ဖြစ်နေသည်။ ဤလူမှာ လူလိမ်တစ်ယောက်တော့ မဖြစ်နိုင်ရာ။ သို့စေကာမူ သူဘာကို ကြောက်ရွံ့နေသနည်း။ သူ့မျက်နှာပေါ်တွင် နေအောင်စိုး အဖြေရှာ ကြည့်နေမိ၏။

'နောက်ထပ်ခေါင်းစီးတစ်ခုက ဗိဿနိုး၏ သုက်ရှိမ္ဘာန်များ

www.burmeseclassic.com



တဲ့ဘာယ်နှယ့်လဲဗျ၊ ဒီစာအုပ်ကို ငါးသောင်း၊ဓာတ်ပုံက တစ်သောင်း၊ မြေပုံက တစ်သောင်း အားလုံးပေါင်း ခုနစ်သောင်းလို့ ဈေးဖြတ်ရင် ခင်ဗျားကြော်ငြာအရ မများတန်ကောင်းပါဘူးနော် '

' ဖြစ်နိုင်ပါတယ်၊ ကျုပ်ကလိုချင်တဲ့ပစ္စည်းပေါ်မှာ ဘယ်တော့မှ ဈေးမဆစ်တတ်ပါဘူး၊ ပစ္စည်းကလဲ အစစ်အမှန်ဆိုရင်ပေါ့ဗျာ '

' စာအုပ်မှာက ရိုက်နှိပ်ထုတ်ဝေတဲ့ ခုနစ်၊ တိုင်းပြည်၊ ထုတ်ဝေသူ စာရေးဆရာရဲ့နာမည်၊ ကိုယ်ရေးရာဇဝင် အပြည့်အစုံ အထင်အရှား ပါနေတဲ့အပြင်၊ ဓာတ်ပုံတွေတောင် ပါလိုက်သေးတယ်ဗျာ၊ ဒီလိုစာအုပ်မျိုး ဘယ်လိုလုပ်အတုလုပ်လို့ ဖြစ်ပါ့မလဲ '

' ဟုတ်ပါပြီလေ၊ စာအုပ်ကို နည်းနည်းပါးပါးလဲ မြည်းစမ်းကြည့်ပါရစေဦးဗျာ '

' နည်းနည်းပါးပါးဟုတ်လား '

' ဟုတ်ပါတယ်၊ ခေါင်းစီးတစ်ခုအတွက် အနည်းဆုံးစာရွက်ငါးရွက်လောက် မြည်းဖို့တော့လိုမယ် '

' စာရွက်ငါးရွက်ဆိုတော့ ဆယ်မျက်နှာ၊ အားပါးပါး များလှချည်လား၊ ခေါင်းစီးသုံးခုအတွက်ဆို စာမျက်နှာ သုံးဆယ်ဗျ မဖြစ်ဘူး၊ စာအုပ်ထဲက စာတစ်လုံးရဲ့တန်ဖိုးဟာ ငါးကာရက်ရှိတဲ့ စိန်တစ်လုံးနဲ့ ညီမျှတယ်လို့ အဆိုရှိထားတယ်၊ ဒီတော့ ဒီလိုလုပ်ဗျာ '

ညော့်သည်က ခေတ္တစဉ်းစားဟန်ဖြင့် ငြိမ်၍စီးရက်ပြာခြေ နေ၏။

' ခေါင်းစီးသုံးခုထဲက တစ်ခုကြိုက်ရာတစ်ပုဒ် ပေါ့ဗျာ၊ ပြီးစီးအောင်ဖတ်ပါ၊ အဲ ... ဖတ်ခဲတော့ မယူစေပေါ့ဗျာ '



' ဖတ်ခက ... '

' တစ်သောင်း '

မျက်ခုံးများ မြင့်တက်သွားလောက်အောင် နေအောင်စိုး အံ့ဩသွားမိ၏။ စာတစ်ပုဒ်ဖတ်ခယက ဈေးကြီးလွန်း၍ဖြစ်၏။ သို့သော် စာအုပ်ထဲမှစာတစ်လုံးသည် ငါးကာရက်ရှိသည့် စိန်တစ်လုံးနှင့်တန်ဖိုးညီမျှသည်ဟူသော အညွှန်းကို မေ့ထား၍ မဖြစ်ပါ။

' ဖတ်ကြည့်ပါ၊ ရှေးဟောင်းမြေအောက် မြို့တော်ကြီးဆိုရင် သို့ကြိုက်စ်က ဒိုင်းမွန်းစီးတီးလို့ တင်စားထားတယ်၊ နှစ်ရွက်လောက် မြည်းစမ်းဖတ်ကြည့်ပေါ့ဗျာ၊ တစ်ပုဒ်လုံးဖတ်ရင်တော့ ဖတ်ခ တစ်သောင်းပေါ့၊ ဖဟ်ရင်းဖတ်ရင်း မှချခင်ဗျား စိတ်ဝင်စားမှာပါ '

အညွှန်းက ကောင်းလှသဖြင့် နေအောင်စိုး စိတ်ဝင်စား လာ၏။

' ဒီလောက်ညွှန်းလှတာ တစ်ပုဒ်တော့ ပြီးအောင်ဖတ်ကြည့်မယ်ဗျာ '

' ဘယ်ဟာကိုဖတ်မလဲ '

' အင်း ... ရှေးဟောင်းမြေအောက်မြို့တော်ကြီး ဖတ်ရရင် ကောင်းမယ်၊ မြင့်မိုရ်ချိုင့်ဆိုတာ သေချာတယ်နော် '

' ဘယ်လောက် သေချာတယ်ဆိုတာ တွေ့ရအောင် ဖတ်ကြည့်ပေါ့ဗျာ၊ အဟဲ... မဖတ်ခင်တော့ ငွေတစ်သောင်းကို စားပွဲပေါ်မှာ အဆင်သင့်ချထားပေးဖို့ လိုလိမ့်မယ်ဗျ၊အလုပ်ကို အလုပ်နဲ့တူအောင် လုပ်ကြတဲ့သဘောပါ၊ စိတ်တော့မရှိနဲ့ဗျာ '

နေအောင်စိုးရယ်လိုက်မိ၏။ စားပွဲအံဆွဲကိုဖွင့်၍ ငွေတစ်သိပ်ကို ထုတ်လိုက်၏။ တဖျတ်ဖျတ်ဖြင့် ကျွမ်းကျင်လျင်မြန်စွာ ရေတွက်ပြီး ဧည့်သည်ရှေ့သို့ တွန်းပို့လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'တစ်သောင်း အတိအကျပါပဲ၊ ရေကြည့်နိုင်ပါတယ် '

'ဟာ ... ရပါတယ် '

'အရောင်းအဝယ် ဖြစ်မယ်ဆိုရင်တော့ ဒီကမိတ်ဆွေရဲ့ နာမည် ပြောပြဖို့တော့ လိုပါလိမ့်မယ် '

'ဝန်လေးတဲ့ကိစ္စ မဟုတ်ပါဘူး၊ ကိုယ့်နာမည်ထွန်းမင်း '

'နေရပ်က ... '

'လောလောဆယ် ကလောမြို့လို့ပဲ အကြမ်းဖျင်း မှတ်ထား လိုက်ပါ၊ အဲဒီမှာ ကိုယ်မကြာခင် အခြေချမှာမို့ပဲ၊ စိတ်ချစမ်းပါလေ ၊နဂိုရှိသမို့ ဟာ ရိုးရာပါ ပစ္စည်းမဟုတ်ဘူး၊ ပင်လယ်ထဲမှာ အလုပ်အတူလုပ်ရင်း သေသွားတဲ့ ငှါန်စမစ်ရဲ့ပစ္စည်းပဲ၊ ကိုယ်နဲ့ သိပ်ရင်းနှီးတယ်၊ သူပေးခဲ့တာ၊ ငှါန်ရဲ့ဆန္ဒက ဒါတွေကိုယ့်ကို ရာအေး စေချင်တယ်၊ ကိုယ်က စိတ်မဝင်စားဘူး၊ အချိန်မပေးနိုင်ဘူး၊ မစွန့် စားနိုင်ဘူး '

ပြောတ်နိုင်စရာရှိပါ၏။ နေအောင်စိုး ခေါင်းညိတ်လိုက်သည်။ ယ်ရှိသမို့ ကိုစတင်၍ဖတ်ရန်ပြင်၏။

'နံဘေးက ဖရေဇာထဲမှာ ကိုးလ်ဒရင့်တွေနဲ့ ဒရိုင်းမာတီနီနဲ့ ဗက်စတီနိုင်းရှိတယ်၊ လုပ်ပါ၊ ကြိုက်ရာသုံးဆောင်ပါ။ ဆိုင်ရဲ့လုံခြုံ ရေးအစီအစဉ်အရ ကိုယ်ခွင့်မပြုပဲ ကိုထွန်းမင်းဟာ ဘယ်ကိုမှ အပြင် ထွက်ခွင့်၊ ဆိုင်ထဲကို လှည့်လည်ကြည့်ရှုခွင့်မရှိပါဘူး၊ရှင်းတယ်နော် '

'ဟာ ... ရှင်းပါတယ်၊ ကျေးဇူးပဲ၊ ဒရိုင်းမာတီနီပဲ ချလိုက် ဦးမယ်၊ ဖတ်ပါ '

ထွန်းမင်းဆိုသော ညှော့သည်က စီးကရက်တိုကို ပြာခံခွက် ထဲသို့ထိုးချေ၍ ရေခဲသေတ္တာကို ဖွင့်နေစဉ် နေအောင်စိုးသည်



အောက်ပါ အစီပွါယ်ရသော 'ရှေးဟောင်းမြေအောက်မြို့တော်ကြီး' ၏နိဒါန်းတွင် စိတ်ဝင်စားနေပေပြီ ။

ခရစ်နှစ်–၁၈၂၅ ခု

အာသံစစ်မျက်နှာ

နမ်ဒေါင်းချောင်းတံတား ။

'ကျွန်ုပ်ဒုတိယဗိုလ် လွိုက်စ်သည် ကင်းတပ်စုကို ခေါင်း ဆောင်၍ နမ်ဒေါင်းချောင်းတံတားအား စောင့်ရန်တာဝန် ပေးအပ် ခြင်းခံရစဉ်ကဟု ကျွန်ုပ်၏ဇာတ်လမ်းအား ဖွင့်ရမည်ဖြစ်ပါသည် '

'မြန်မာတို့တပ်စွဲနေသော ရမ်ဂါပူရနှင့် ရှစ်မိုင်မျှကွာ ဝေးသည့် နယာတ်၏ အရှေ့ဖက်မနီးမဝေး၌ ဝေါရီစတား ဒေသရှိရာ ထိုဒေသတွင် ဗိုလ်မှူးကြီးရစ်ချတ်ဦးစီးသော ကျွန်ုပ်တို့၏တပ်မကြီး ရှိနေ၏။

ဇန်နဝါရီလ ၂၇ ရက်နေ့သည်ကား ကျွန်ုပ်တို့ကင်းတပ်စု အတွက် ကြမ္မာငင် ကံဆိုးမိုးမှောင်ကျသော နေ့ပင်ဖြစ်ပါသည်။ မြန်မာရဲမက်တို့သည် လေ၏လျင်မြန်ခြင်းဖြင့် ဝင်ရောက်တိုက်ခိုက် ဆိုးခုတ်ပစ်ခတ်တော့လေရာ ကျွန်ုပ်တို့လည်း အစွမ်းကုန်ပြန်လည် တိုက်ခိုက်ရင်းဖြင့် ကင်းတပ်စုမှာ ကစဥ့်ကလျား အကွဲကွဲအပြားပြား ကျဆုံးကြရတော့၏။

ကျွန်ုပ်ကိုယ်တိုင်မှာမူ ဒဏ်ရာဒဏ်ချက်ပေါင်း များစွာဖြင့် နမ်ဒေါင်းချောင်းထဲသို့ လိမ့်ကျမျောပါသွားခဲ့တော့၏။

နာရီပေါင်း မည်မျှကြာအောင် မျောပါခဲ့သည် မသိရသော် ကျွန်ုပ်သည် ညနေဆည်းဆာတွင် ချောင်းစပ်တစ်နေရာ၌ သတိပြန် ရလာခဲ့သည်။

ပထမဦးဆုံး အလွန်လှပသော ကြေးနီရောင် မျက်နှာကလေး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုမြင်ရ၏။ စကားပြောသံများလည်း ကြားရ၏။ သို့သော် ကျွန်ုပ်နားလည်သော ဘာသာစကား မဟုတ်ပါ။ သန်မာသည့် လက်တစ်စုံသည် ကျွန်ုပ်၏ခန္ဓာကိုယ်အား ညင်သာစွာ မယချီ၍ ယူဆောင်သွားနေကြောင်း ခံစားသိရှိနေပါသည်။ အသိကားဝေဝါး မှုန်မှိုင်း၍ နေပါ၏။ အမြင်အာရုံသည်လည်း ကြည်လင်ခြင်းမရှိပါ။ မကြာမီ ကျွန်ုပ်၏ ခန္ဓာကိုယ်သည် တစ်စုံတစ်ခုအပေါ်သို့ ရောက်သွားပြီး နောက်ထိုတစ်စုံတစ်ခုသည် လျင်မြန်စွာရွေ့လျားနေကြောင်း သတိထားမိ၏။ မျက်နှာတူရှုအရပ်သည် အလွန်မြင့်မားသော ခုံးကြီးများ ဖြစ်လိုက်၊ အလွန်ဝေးကွာသော မိုးကောင်းကင်ဖြစ်လိုက် ဖြင့် ပီသရေရာခြင်းမရှိပါ။

နူးညံ့သည့်လက်ကလေး နှစ်ဖက်သည် ကျွန်ုပ်အား ပွေ့ပိုက် လျက်ရှိကာ ယောကျာ်းကြီးတစ်ယောက်ကလည်း အနီးတွင်ရှိနေ ကြောင်း ဝိုးတဝါးအာရုံဖြင့် သိရှိနေပါ၏။

ကျွန်ုပ်အား ခေါ်ဆောင်ယူသွားသော ယာဉ်မှာအလွန် လျင် မြန်ပြီး ...။

'ဆရာ'

ပြည်ပန်း၏အသံ ။

'ဟေ ... ဘာလဲကြည်ပန်း'

'အဲဒီဆရာ့ရှေ့က ပုဂ္ဂိုလ်အတွက် ဖုန်းလာနေတယ်ခင်ဗျ'

'ဘာ ... ကိုယ့်အတွက်'

ထွန်းမင်း၏ မျက်နှာပေါ်မှ လောကကြီးကိုထိမထင်သည့် အမူအရာမှာ ရုတ်ခြည်းပျောက်ကွယ်သွားလေတော့၏။

'စာအုပ်တစ်အုပ်၊ ခါတ်ပုံတစ်ပုံ၊ မြေပုံတစ်ချပ် လာရောင်း



တဲ့လူနဲ့စကားပြောချင်တယ်လို့ ဟိုတစ်ဖက်က တောင်းဆိုနေတယ် ဆရာ၊ ကျွန်တော်ဘာပြန်ဖြေလိုက်ရမလဲ'

အရေးမထားဟန်ဖြင့် ထွန်းမင်းလက်ယမ်းပြ၏။ သို့သော် ဖိတ်စင်သွားသော ဒရိုင်မာတီနီ အစက်ကလေးများကို လိုက်လံကြည့် ရှုလျက်ရှိသည့် မျက်လုံးထဲမှ စိုးရွံ့ထိတ်လန့်ရိပ်မှာ မျက်နှာပြင်ပေါ် ခုန်တက်ကူးစက်လာလေပြီ ။

'နှစ်မိနစ်ပဲ စဉ်းစားချိန်ပေးမယ်တဲ့၊ ဖုန်းလာကိုင်ပါတဲ့ဆရာ၊ ကျွန်တော်အဲဒီကို ဆက်ပေးလိုက်ရမလား ။

အင်တာကွန်းမှ ကြည်ပန်းအသံက ဆက်၍ထွက်လာနေ၏။

'ကောင်းပြီလေ'

ဆုံးဖြတ်လိုက်ဟန်ဖြင့် ထွန်းမင်းပြန်လည်တည်ငြိမ်သွား၏။ တစ်ဖက်မှ အဆက်အသွယ်ကို လက်ခံ၏။

'ဟဲလို ... ငါထွန်းမင်းပဲ၊ မင်းဘာပြောချင်လို့လဲ'

တစ်ဖက်မှအသံက အလွန်တိုးသဖြင့် နေအောင်စိုးနေရာမှ သဲကွဲအောင်မကြားရပါ။

'မင်းနဲ့ဘာမှမဆိုင်ပါဘူးလေ၊ ဥျန်စမစ်က ငါ့သူငယ်ချင်းပဲ၊ သူ့ပစ္စည်းတွေ အားလုံးငါ့ကိုပေးခဲ့တာပဲ၊ ငါရောင်းချင်တဲ့လူကို ရောင်းမှာပေါ့'

'ငါဒီမှာ စျေးတည့်နေပြီ၊ မင်းလိုချင်ရင် ဒီမှာထက်ပိုပေး ပေါ့ကွာ၊ ဒီက ခုနစ်သောင်းပေးထားတယ်'

တစ်ဖက်မှအသံကို နားထောင်နေသော ထွန်းမင်း၏ မျက်လုံးများမှာ ကြောက်ရွံ့ထိတ်လန့်ရိပ်သည် မျက်နှာပြင်ပေါ် သုံးလုံးလျားလျား ဖုံးလွှမ်းသွားပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



‘ ကောင်းပြီလေ … စောင့်နေပါ၊ ငါချက်ချင်းလာခဲ့မယ် ’

ထွန်းမင်းအသံက သိသိသာသာ တုန်နေပြီဖြစ်၏။

‘ ဝမ်းနည်းပါတယ်ဗျာ၊ အလုပ်မဖြစ်တော့ဘူး၊ ကိုယ့်စာအုပ်ကလေးသာ ပြန်ပေးပါတော့ ’

‘ ဘယ်လိုဖြစ်သွားရပြန်တာလဲ ’

‘ အလုပ်မဖြစ်တော့ဘူး၊ ဒါပဲပေါ့ ’

စာအုပ်၊ မြေပုံနှင့် ဓာတ်ပုံတို့ကို အိတ်ထဲသို့ရေးကြီး သုတ်ပျာ ပြန်ထည့်ရင်း ထွန်းမင်းက ခပ်တိုတိုပင်ဖြေ၏။

‘ ကိုင်း … ကိုယ့်ကိုဆိုင်ပေါက်ဝ ရောက်အောင် လိုက်ပို့ပေးပါ၊ ဆောရီးပဲဗျာ ’

‘ ရပါတယ်ဗျာ … လာပါ ’

အောက်ထပ်သို့ နေအောင်စိုးကိုယ်တိုင် လိုက်ပို့၏။ ဆိုင်ပေါက်ဝမှ ထွန်းမင်းထွက်သွားသည်နှင့် နေအောင်စိုးသည် အပေါ်ထပ်သို့ ပြန်တက်လာပြီး စားပွဲအောက်မှ အသံဖမ်းယူထားသော တိတ်ခွေမှ ခလုတ်ကိုနှိပ်လိုက်၏။

‘ ဟော့ကောင် ’

‘ ဟဲလို… ငါထွန်းမင်းပဲ၊ မင်းဘာပြောချင်လို့လဲ ’

‘ နံ့ငိ့သမို ကို ငါ့ဆီခုချက်ချင်းပြန်ပို့ဖို့ပဲ ’

‘ မင်းနဲ့ဘာမှမဆိုင်ပါဘူးလေ၊ ဂျွန်စမစ်က ငါ့သူငယ်ချင်းပဲ၊ သူ့ပစ္စည်းတွေအားလုံး ငါ့ကိုပေးခဲ့တာပဲ၊ ငါရောင်းချင်တဲ့လူကို ရောင်းမှာပေါ့ ’

‘ ဒီမှာ ထွန်းမင်း သူငယ်ချင်းဆိုတာ တစ်ဦးတည်း မူပိုင်လုပ်ထားလို့ရတာမျိုးမဟုတ်ဘူး၊ ဂျွန်စမစ်ဟာ မင်းသူငယ်ချင်းဖြစ်



သလို ငါ့သူငယ်ချင်းလဲဖြစ်တယ်၊ သူ့ပစ္စည်းတွေကို ခွဲဝေယူကြဖို့လဲမှာသွားတယ်၊ ဒီတော့ အပိုတွေပြောမနေနဲ့၊ စာအုပ်ငါပြန်လိုချင်တယ်၊ ဒါပဲ ’

‘ ငါဒီမှာ စျေးတည့်နေပြီ၊ မင်းလိုချင်ရင် ဒီမှာထက်ပိုပေးပေါ့ကွ၊ ဒီကခုနစ်သောင်းပေးထားတယ် ’

‘ ဂျွန်စမစ်ရဲ့ ပစ္စည်းတွေခွဲဝေတုန်းက နံ့ငိ့သမို ကို ငါရခဲ့တယ်၊ စာအုပ်ရဲ့တန်ဖိုးကို သာလာတော့မှ မင်းဥစ္စာလုပ်လိုက်တာကို ငါကငြိမ်ခံနေတတ်တဲ့ လူစားလား၊ ဒီမှာဟော့ကောင်ထွန်းမင်း ငါအပြီးအပိုင် ထွက်လိုက်တာဟာ နံ့ငိ့သမို ကို အားထားလို့ပဲ၊ငါ့ရဲ့ရှေ့ရေးဟာ ဒီစာအုပ်အပေါ်မှာ လုံးဝတည်နေပြီ၊ ဒီတော့ စာအုပ်ပြန်ရဖို့အတွက် ဘာကိုပဲလုပ်ရလုပ်ရ ငါဝန်မလေးဘူးဆိုတာ မင်းငါ့အကြောင်း သိနေတာပဲ ထပ်ပြောစရာမလိုဘူးထင်တယ် ထွန်းမင်း၊ ငါကပြောတဲ့အတိုင်း လုပ်တတ်တယ်ဆိုတာ ယုံထားကိုယ့်လူ၊ ငါ့ပစ္စည်းကိုလည်း ဖြစ်တဲ့နည်းနဲ့ပြန်ယူမယ်၊ နားလည်လားဟော့ကောင်၊ နံ့ငိ့သမို ကိုပြန်မရသရွေ့ မင်းရဲ့ ရှေ့ခရီးစဉ်မှာဖြင့် မြင့်မိုရ်တောင်ကြီးဆီးပြီလို့လဲ မှတ်ထားစမ်း ထွန်းမင်း၊ သိတယ်မဟုတ်လား၊ ဟင်း… ဟင်း… ဟင်း… စာအုပ်နဲ့ဓာတ်ပုံ ငါ့ဆီပြန်ပို့ဖို့ မင်းကိုဆယ့်ငါးမိနစ်ပဲ အချိန်ပေးမယ် ထွန်းမင်း၊ ကြားရဲ့လား ’

‘ ကောင်းပြီလေ၊ စောင့်နေပါ၊ ငါချက်ချင်းလာခဲ့မယ် ’

ညှို့သည်နှင့်သူ၏အဖော်တို့၏ ပဋိပက္ခကို မီးမောင်းထိုးပြပြီးနောက် အသံဖမ်းစက်ကလေးမှ အသံများတိတ်ဆိတ်သွား၏။

၁၁–ရာစု၏ လုံခြုံရေးအစီအစဉ်များအနက် ဤသို့လျှို့ဝှက်အသံဖမ်းထားရသည့် အလုပ်သည်လည်း ကဏ္ဍတစ်ရပ်အနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဝါဝင်လျက်ရှိပါ၏။

ခွတ်ပုံတစ်ပုံ၊ မြေပုံတစ်ချပ်၊ စာအုပ်တစ်အုပ်၊ တန်ဖိုးက *ခုနစ်သောင်း ။*

ပြီးတော့ ...

စာတစ်လုံးလျှင် ငါးကာရက်ရှိစိန်တစ်ပွင့်နှင့် တန်ဖိုးချင်း ညီပါသည်ဆိုသော လက်ဖတင်နင် လွှဲကိုက်စ်က ° ဝေသည ယမအေပ ဟု တင်စားထားသည့် ရွှေဟောင်းမြေအောက်မြို့တော်ကြီး ... ။

တွေးရင်းက နေအောင်စိုး မချင့်မရဲဖြစ်လာ၏။

ဆန်းကြယ်သော တွေးစရာများကို သကောင့်သား ထွန်းမင်း ကယူဆောင်လာ၏။

တဖန် ...

ထွန်းမင်း၏သူငယ်ချင်းဆိုသည့်ငနဲက ပြန်လည်ယူဆောင် သွားပြန်၏။

ဤသို့ဖြင့် ...

မိရှဒန္တ သို့မဟုတ် မြင့်မိုရ်ချိုင့် သဲလွန်စယကား မဆုပ်ကိုင် မိခင်ကပင် လွတ်ကျပျောက်ဆုံးသွားရပြန်ချေသည်။

၁၁-ရာစုတွင်လူရှင်းနေပါ၏။

'ကလင် ... ကလင် ... ကလင် ...'

အတွေးများကိုဖြတ်၍ ရွှေဟောင်းဗြဟ္မီအက္ခရာဖြင့် ရေးထားသည့် ပေစာတစ်ထုပ်ကို စိတ်ဝင်တစား ဘာသာပြန်နေသော နေအောင်စိုးသည် မျက်မှောင်ကြီးကုတ်၍ ဖုန်းကိုလှမ်းကြည့်လိုက်မိ၏။

ဖုန်းသံက အလိုက်ကန်းဆိုးမသိ ဆက်လက်အော်မြည်နေဆဲ



ဖြစ်သည်။

'ဆရာ ပြည်ကဖုန်းခေါ်နေတယ်၊ ဦးမျိုးညွန့်တဲ့ '

'ဟေ ... '

'ဆရာ့ဖုန်းကို တိုက်ရိုက်ခေါ်တာ မရလို့ထင်တယ်၊ ကျွန်တော့် လိုင်းထဲဝင်လာတယ်၊ ဘာပြန်ပြောလိုက်ရမလဲဆရာ '

'ဟော့ ... နေ ... နေ ... ၊ ငါပြောမယ်၊ ဟဲလို ... ကိုယ် နေအောင်စိုးပါ '

'ဟော့ ... နေကြီး၊ နေ့ခင်းကြီး အိပ်ပျော်နေသလားလို့၊ ခေါ်လိုက်ရတာဗျာ၊ ဒီမှာနားထောင်စမ်းပါဗျ '

'နားထောင်နေပါတယ် မျိုးကြီးရ၊ ဘယ်လိုလဲ ပြည်ကို ရောက်နေတာက သင်တန်းပို့ချနေရလို့လား '

'ညွန့်ချုပ်လာမယ်ဆိုလို့ ပြည်ပြတိုက်မှာ လာစောင့်နေရတာ ပါ၊ သင်တန်းမရှိပါဘူး၊ ဒီမှာကိုယ့်လူအတွက် အသုံးတည့်မယ့် ကြေးနီချပ်တွေ တွေ့တာနဲ့ လှမ်းဆက်ရတာ၊ ကိုယ်လည်းဖတ်ပြီး ဦးနှောက် တော်တော်ခြောက်သွားတယ်၊ ကိုယ့်လူနဲ့တော့ အသုံးတည့် ချင်တည့်မယ်ဆိုပြီး ဆက်တာ၊ ကဲ ... ရေးစရာနဲ့မှတ်စရာ စာရွက် အနားယူထားဗျာ၊ ကိုယ်ဒီကဖတ်ပြမယ်၊ သေသေချာချာ နားထောင်၊ ကြေးနီချပ်ကို ခင်ဗျားပြဖို့လဲ ဘယ်လိုမှမဖြစ်ဘူးဗျ၊ ညွှန်ချုပ်ပြန် ရင် တစ်ခါတည်းယူသွားမှာမို့ပဲ၊ ကိုင်း ... ရေးတော့နေကြီး၊ ဖတ်ပြီ သက္ကဋ ဘာသာဗျနော် '

တစ်ဖက်မှ မျိုးညွန့်က တစ်လုံးချင်းပီသစွာ ဖတ်ပြ၏။ နေအောင်စိုး သေချာစွာလိုက်ရေး၏။

ထိုအခါ...

www.burmeseclassic.com

www.burmeseclassic.com



အောက်ဖော်ပြပါအမိပ္ပါယ်ရသော စာကြောင်းများဖြစ်ပေါ်၍ လာတော့၏ ။

လျှို့ဝှက်ရာသော ...

စတုဒ္ဒါရကား ...

မဟာဝီရ ...

တမ္ဗ ...

ဟေမ ...

ဂန္ဓ ... ဖြစ်သတည်း။

'မဟာဝီရ' အားဖြင့် မြင့်မိုရ်ရွှေနန်းသို့ရောက်လိမ့်ပါအံ့ ။

'တမ္ဗ' အားဖြင့် ဗိဿနိုးခြေတော်ရင်းသို့ ရောက်လိမ့်ပါအံ့ ။

'ဟေမ' အားဖြင့် မဟာအတုလဇိနတြိလောကသရဖူ ခြေ တော်ရင်းသို့ရောက်လိမ့်ပါအံ့ ။

'မိုးကြိုးပစ်နေသောလမ်းသည် 'ရွှေအုတ်' အတိပြီး၍ တစ်ခဲနက် 'ဝရဇိန်' ဖြင့် စီခြယ်သောမြင့်မိုရ် ရွှေနန်းဆောင် သို့ ပို့လိမ့်ပါအံ့ ။

သက်တန့်လမ်းသည် လောကကိုစောင့်ရှောက်ကယ်တင် သော၊ လောကကိုဖျက်ဆီး သုတ်သင်သောမြေ၏ အမိဖြစ် သော အရှင်တို့စိုးစံရာသို့ ဦးတည်လျက်ရှိလိမ့်ပါအံ့ ။

*****



## အခန်း(၁၂)

ယခုနှစ် ဆောင်းဦးနိဒါန်းသည် မိုးပွင့်တွေဖြင့် စ ၏။

မနေ့က မြစ်ကြီးနားခွဲခွာပြီးပြီ၊ ယနေ့မြစ်ကြီးနားကွင်းမှ လေယာဉ်အတက်တွင် ရာသီဥတုမှာ ကြည်လင်သာယာ နေခဲ့သော် လည်း ပူတာအိုနှင့်နီးသောအခါ ပြောင်းလွဲ၍နေလေပြီ။

ဘာမှမကြာပါ၊ လေးဆယ့်ငါးမိနစ် ခရီးသာဖြစ်၏။ လေယာဉ်ပြတင်းမှ အောက်သို့ နေအောင်စိုး ငုံ့ကြည့်လိုက်မိ၏။

မြေပြင်ကိုမမြင်ရ ။

အဆောက်အအုံများကိုမမြင်ရ ။

သစ်ပင်စိမ်းစိမ်းများကိုမမြင်ရ ။

တိမ်ခိုးတွေလား

မြူနှင်းတွေလားမသိ ။

ဝေနေ၏ ။မှိုင်းနေ၏ ။

ဆင်းလမ်းမရှင်းပါ၊ လေယာဉ်မှာ ပူတာအိုမြို့ပေါ်တွင် ဗတ်ဝဲနေသည်။ ကွင်းရှာနေသည်။ အခြေအနေအရ မြစ်ကြီးနားသို့ ပြန်လှည့်ကောင်း လှည့်နိုင်၏။

နေအောင်စိုး မျက်စိတွေမှိတ်လိုက်၏။ ဦးခေါင်းကို နောက်မှီ ပေါ်တင်လိုက်၏။

ဘယ်သောအခါမျှ မပြီးဆုံးသည့်အတွေးများ ။

နိဂုံးမဲ့အတွေးများကဦးနှောက်ထဲတွင်ပြည့်လျှံသွားသည်။

မြန်မာအစ ... ။

ဒေါလူမျိုးစု ...

ပြီးတော့ ...

www.burmeseclassic.com

www.burmeseclassic.com



စစ်ထိုးကောင်းသော 'ဝမ်ဝိုင်ယူ' တွေ...။

မြင်းရေး၊လှံရေးကျွမ်းသော 'ဝမ်ဝိုင်ယူ' တွေ...။

စစ်သွေးစစ်စိတ်ပြင်းသော 'ဖူ' တွေ...။

ဆင်နှင့်လယ်ထွန်သော 'မန်ကျောက်' တွေ...။

ယင်းလူမျိုးစုများ၏ အစဦးနေရာ ။

'ကွင်းတွေ့ပြီ ...'

အတွေးခရီးပြင်းနှင်နေသော နေအောင်စိုး၏ အတွေးများမှာ တစ်စုံတစ်ယောက်၏ အော်ပြောလိုက်သံကြောင့် ရပ်တန့်သွားရတော့၏။

အောက်တွင် မြူနှင်းတွေ တိမ်ခိုးတွေမရှိတော့ ။

'ကွင်းရှာရတာ နာရီဝက်တောင်ကြာတယ်ဗျာ၊ ပြန်လှည့်ရပြီ အောက်မေ့တာ၊ တော်သေးတယ်၊ ရာသီဥတုကောင်းလာပေလို့'

နေအောင်စိုး နံဘေးမှလူကပြော၏။ ပြေးလမ်းပေါ် လေယာဉ်ဘီးများ ပွတ်တိုက်ပြေးလွှားနေကြပြီဖြစ်၏။

ခဏအကြာတွင် အတက်အဆင်းတံခါး ပွင့်သွား၏။ နေအောင်စိုး နောက်ဆုံးမှဆင်း၏။ လှေကားထိပ်တွင်ရပ်၍ နှင်းငွေ့ရောနေသော လေကိုအားပါးတရအဆုတ် ထဲသို့ရှိုက်သွင်းလိုက်မိ၏။

'ဟေး ... နေအောင်စိုး'

'ဟေး ... မရမ်ဒေါင်ဇင်'

ကြိုတင်အကြောင်းကြားထားသဖြင့် မရမ်ဒေါင်ဇင်ကိုယ်တိုင်လာကြိုနေ၏။

'ငါ... နောက်ကျသွားသလား သူငယ်ချင်း'

'ငါ့ခြေထောက်တွေ မြေပြင်ပေါ်တောင် မရောက်သေးပါဘူးကွာ'

နေအောင်စိုးက နောက်ဆုံးလှေကားထစ်ပေါ်မှ ခြေထောက်



ကိုမြေပေါ်သို့ချနင်းရင်း မရမ်ဒေါင်ဇင်ပခုံးပေါ် လက်တစ်ဖက်တင်လိုက်၏။

'ခြေလျင်ကြိတ်ရမှာနော်'

'ကြိတ်တာပေါ့'

'အဝေးကြီးကိုယ့်လူ၊ နောင်ခိုင်ကို ဆယ့်လေးမိုင်ကြီးများဆောင်နော်'

'ဆန်းလို့လားကွ'

'နားထောင်ဦး၊ မလိခကိုကူးပြီး ဟိုဘက်ကမ်း မချမ်းဘောနေ ငါနေတဲ့နမ့်ခမ်းအထိလဲ ခြေလျင်ပဲ'

'ခက်ပါ့ မရမ်ဒေါင်ဇင်ရာ၊ ရေခဲတောင်တွေ ရောက်အောင်သွားမယ့်ခြေထောက်ပါကွ၊ ဖြစ်ပါတယ်'

'ဟား ... ဟား ... ငါနောက်တာပါကွာ၊ တို့နောင်ခိုင်အထိကားနဲ့သွားကြမှာပါ၊ မင်းလာမယ်ဆိုလို့ အဝ့ါကားကိုသွားဆွဲလာတာ၊ နောင်ခိုင်ရောက်အောင် ဝါ့တွဲက မောင်းပို့လိမ့်မယ်၊ ဟိုဘက်ကမ်းရောက်တော့လဲ မပူပါနဲ့၊ ငါ့ဝီလီဂျစ်စုတ်လေး ပါလာပါတယ်မာစီဒီးစီးနေတဲ့ သူငယ်ချင်း ဖင်မဆိမ့်မှာပဲ စိုးရိမ်နေရတာပဲ'

'တော်စမ်းပါ မရမ်ဒေါင်ဇင်ရာ'

ထို့နောက် အထုပ်အပိုးများသယ်ကြ၏။ လေယာဉ်ကွင်းဘဝန်းကျင်ကို နေအောင်စိုးနှုတ်ဆက်သည့်အကြည့်ဖြင့် ကြည့်လိုက်၏။

မျက်လုံးများက မြောက်ဖက်ရှိ လုံခရမာဒင် ရေခဲတောင်ကြီးထိပ်တွင် ခေတ္တငြိတွယ်နေမိ၏။

နောက်ဆုံးသဲလွန်စမှာ အေဒီ ခုနစ်ရာစုနှစ်လောက်တမြောက်ဖက်ဟုန်လာလခါးအထိ ကျယ်ပြောစည်ပင်သော မြို့ကြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်မြို့ရှိခဲ့ဘူးကြောင်း၊ မြို့မှာအလျားရှည်၍ အနံကျဉ်းကြောင်း၊ အမည်ကို မသိရကြောင်းဟူ၍ဖြစ်၏။ လုံခရမာဒင် ရေခဲတောင်တန်းကြီးတွင် ဖွန်ဂန်တောင်ပါဝင်၏။ ဖွန်ဂန်တောင်ကြားရှိ၏။

ခရီးစဉ်ကို ဘယ်ဘက်ကစရမည် မဆုံးဖြတ်နိုင်သေးပါ။ မရမ်ဒေါင်ဇင် နှင့် အသေးစိပ်တိုင်ပင်ရပါဦးမည်။

'နောင်ခိုင်ကတို့ဆိပ်ရောက်ပြီ၊ နေအောင်စိုး ဆင်းတော့လေကွာ၊ တစ်လမ်းလုံးဘာတွေစဉ်းစားနေတာလဲ ...'

'ဘာရယ်မဟုတ်ပါဘူးကွာ၊ ခရီးစဉ်အတွက်ပါပဲ'

ကတို့ဆိပ်သို့ ပစ္စည်းများသယ်ချပြီး မလိခမြစ်ကို ကူးခဲ့ကြ၏။ မချမ်းဘောတွင် မရမ်ဒေါင်ဇင်၏ ဝီလီဂျစ်ပေါ်ပစ္စည်းများတင်ပြီးသည်နှင့် ထွက်ခဲ့ကြ၏။

မချမ်းဘော–နမ့်ခမ်းကားလမ်းကြီးမှာ ကျယ်ပြန့်လှ၏။ ကွေ့သည့်အခါကွေ့၍ ကောက်သည့်အခါ ကောက်သော်လည်း အဖုအထစ် အချိုင့်အဝှမ်းမရှိ ။

သို့ကြေ[illegible]ကားမှာ ခုန်ခြင်း၊ ဆောင့်ခြင်း၊ လူးခြင်းလိမ့်ခြင်းမရှိပါ။ တောရိပ်စိမ်းနှင့်လမ်းနီနီကြီးမှာ ပန်းချီရေးနေ၏။

'မင်းဘာမှ အားနာဖို့မလိုဘူးနော်၊ အိမ်မှာ ဇော့ရယ်၊ ငါရယ်ပဲရှိတာ'

'နေပါဦးကွ၊ မင့် ဇော့ နာမည်က ...'

'အေပရယ်တဲ့၊ ရဝမ်နာမည်တော့ရှိတယ်၊ခေါ်ရခက်တယ်'

'ငါကဘယ်လိုခေါ်ရမလဲ'

'ဇော့ ... ဆိုတာကခေါ်လို့ကောင်းမယ်ထင်တယ်'

'ချမ်းသာပေးပါကွာ၊ ဇော့ဆိုတာ အချစ်တဲ့၊ မောင်ရင်ခေါ်လို့မဖြစ်ဘူး'



ရှေ့တွင်နမ့်ခမ်း ။

နမ့်ခမ်းအလှမှာမြရောင်တောက်နေ၏။

ရွှေရည်ရောနေ၏။

သစ်သီးဝလံပင်တို့သည် အချို့စိမ်း၍အချို့မှည့်နေလေပြီ၊ မြကမ္ဗလာတွင် သီဂီမျှင် ယှက်ဖောက်ထားသော နမ့်ခမ်း ။

မရမ်ဒေါင်ဇင် က သူ၏ဝီလီဂျစ်ကို ခြံကြီးတစ်ခြံရှေ့တွင် ရပ်လိုက်၏။ကိုယ်တိုင်ဆင်း၍ ခြံတံခါးဖွင့်၏။ ခြံကြီးမှာ ကျယ်ဝန်းလှသည်။ ဝါရှင်တန်နေပယ်လ်သီးများ ခြံစည်းရိုးမှကျော်၍ လမ်းပေါ်ညွတ်ကွေးကျနေကြ၏။

ခြံထဲသို့ဝင်သည့်လမ်းမှာ နှစ်ဖာလုံခန့်ရှည်၍ လမ်းဝဲယာ တွင် ဂရိတ်ဖရု၊ ရှာဘီဘလဒ်၊ လိမ္မော်၊ အမေရိကန်သံပုရာချိုချဉ်ပင် များဖြင့် အုပ်ဆိုင်းသာယာ နေလေသည်။

'ဇော့အယ်...'

'ဘရန်...'

မရမ်ဒေါင်ဇင်က 'အချစ်ရေ' ဟုအသံဝါကြီးဖြင့် အော်ခေါ်၏။ အထဲက 'မောင်...' ချိုမြစွာပြန်ထူး၏။

'အားမကျဘူးလားလူပျိုကြီး'

'အေးကွ၊နားဝင်ပီယံဖြစ်တာတော့အမှန်ပဲ'

အတွင်းခန်းထဲမှ ဖြည်းလေးစွာ ထွက်လာသော မိန်းမပျို တစ်ဦးကို မရမ်ဒေါင်ဇင်က ပြေး၍ဖက်တွဲလိုက်သည်။ ကိုယ်ပြည့် သက်ပြည့်ကြီးဖြင့်ဖြစ်၏။ ဖြူဖြူစင်စင် ချောချောယဉ်ယဉ်လေး လှ၏။

'ဇော့ ဗိုက်ထဲမှာ အမြွာနှစ်ကောင်လားမှမသိ၊ ဒါကြောင့် သိပ်လေးတာနေမှာ'

www.burmeseclassic.com

www.burmeseclassic.com



မရမ်ဒေါင်ဇင် သူ့မိန်းမဗိုက်ကို ချစ်စနိုးလက်ဖြင့်ဖက်ပြီး နားကပ်ထောင်ကြည့်နေ၏။

'ဟား ... ဟား ... အထဲမှာ ဘောလုံးကန်နေတယ်ကွ '

'အို ... မရမ်ကလဲ '

'ဇော့ ... ဒါ နေအောင်စိုး၊ နေအောင်စိုးရေ ... ဟောဒါငါ့ရဲ့ ဇော့ပဲကွ '

'ကျွန်တော်ရောက်လာတဲ့အတွက် အေပရယ်လ်မှာ အနှောင့်အယှက်မဖြစ်ပါနဲ့၊ မပေါ့မပါးကြီး မြင်ရတော့ အားနာသွားတယ်ဗျာ၊ ကျွန်တော်မရမ်ဒေါင်ဇင်နဲ့ ထမင်းကူချက်ပါ့မယ် '

'ဟော ... ငါထမင်းချက်တယ်လို့ မင့်ဘယ်သူကပြောလဲ '

ဝါရှင်တန်နေပယ်ဂျူးစ် ပုလင်းကိုဖွင့်၍ ဖန်ခွက်တွေထဲ လောင်းထည့်နေသော မရမ်ဒေါင်ဇင်က လှမ်းမေး၏။

'ဖွေးကြည့်ရတာပေါ့ကွာ၊ မင်းဟာ အေပရယ်ကို ဒီပုံစံနဲ့ ဘယ်လိုမှကဖင်း မချက်ခိုင်းဘူးဆိုတာ ငါအတပ်သိပါတယ်ကွ '

'ဟုတ်တယ် နေအောင်စိုးရေ၊ တို့နှစ်ယောက်စာ ထမင်းကို ဇော့ တို့အိမ်က ခနဲ့တိုင်း လာပို့တာကွ၊ ဧည့်သည်လာမယ်ဆိုတာလဲ ပြောထားတယ်၊ ဒီနေ့တော့ သုံးယောက်စာပေါ့၊ အဲဒီအတွက် ဘာမှ မပူနဲ့၊ မင်းသွားမယ့်ခရီးစဉ်အတွက် ဝါရှင့်လမ်းပြတစ်ယောက်လဲ ငှားထားပြီးပြီ၊ သူအသင့်စောင့်နေလိမ့်မယ်၊ သတင်းတစ်ချို့လဲ စုဆောင်းထားပါတယ်ကွာ၊ ကိုင်း ... အမောပြေ ဝါရှင်တန်နေပယ်လ် ဂျူးစ်ကလေး သောက်လိုက်ဦးကွ '

'အေး ... ကျေးဇူးကမ္ဘာပါပဲ သူငယ်ချင်းရယ် '

*****



## အခန်း(၁၃)

ဂူဘားရှာကလေး ... ။

သာယာလှပသော ကုန်းထိပ်လွင်ပြင်တွင် အေးချမ်းငြိမ်သက်စွာရှိနေသည်။

ခြံတွေကျယ်ဝန်း၏။

စိုက်ခင်းတွေစိမ်းမြ၏။

တစ်ခုသောသစ်လုံးအိမ်ရှေ့တွင် မရမ်ဒေါင်ဇင်က အထုပ်အပိုးများကို ပစ်ချလိုက်သည်။

'နေရောင်မှိန်ဖျော့ပြီ '

လေအေးလည်း ကြမ်းစပြုလာ၏။

'အင် ... ဂျန် ... '

တံခါးရွက်ကိုပုတ်၍ မရမ်ဒေါင်ဇင်က အော်ခေါ်လိုက်၏။

'ချစ်စရဲ့ ... ချစ်စရဲ့ '

အထဲမှ ဘာလဲ ... ဘာလဲဟု တိဗက်ဘာသာဖြင့် မေးထူးထူးသံပေါ်လာ၏။ အဘွားအိုတစ်ယောက်၏အသံဖြစ်၏။

'အဘွားပွန်အသံပဲ၊ အင်ဂျန်မရှိဘူးထင်တယ် '

မရမ်ဒေါင်ဇင်ပြောနေစဉ် တံခါးရွက်ပွင့်သွား၏။ နဖူးပေါ်တွင်လက်ဝါးတစ်ဖက်တင်၍ အဘွားအိုတစ်ဦးအပြင်သို့ ကြည့်လျက်ရှိ၏။

'အင်ဂျန်ကောအဘွား '

'အေး ... မရမ်ဒေါင်ဇင်ပဲ၊ လာလေအထဲဝင်လေ၊ အင်ဂျန်ကတော့မရှိဘူး၊ သူမရှိလဲဘာအရေးလဲ၊ အဘွားနဲ့အတူ မိုးဖိုဘေးမှာ လာကျားသောက်ပြီးဆန်ပါစားလှည့်၊ အချိန်တန်တော့ အင်ဂျန်

www.burmeseclassic.com

www.burmeseclassic.com



လာမှာပေါ့ '

' အထမ်းသမားတွေ ပစ္စည်းတွေလာပို့တယ် မဟုတ်လား အသွား၊ မနက်ကလေ '

' အေး...ပို့လာပါပြီ မရမ်ဒေါင်ဇင်ဟာတွေဆိုလို့ အသွား ကောင်းကောင်း သိမ်းထားပါတယ် '

' အင်ဂျန်ကဘယ်သွားနေလို့လဲ '

' လမ်းပြလိုက်သွားတာပေါ့ '

' သူ့ကိုဘယ်မှ မသွားဖို့ လွှန်ခဲ့တဲ့အပတ်လောက်ကတည်းက လူကြုံနဲ့ကျွန်တော်မှာထားတာ '

' ဟုတ်ပါတယ် မရမ်ဒေါင်ဇင်ရဲ့၊ နင့်လူကြုံရောက်လာတော့ အင်ဂျန်မှမရှိတော့ပဲ၊ သူကလမ်းပြလိုက်သွားပြီလေ '

' ကျွန်တော့လူကြုံနဲ့လွဲသွားတယ်ပေါ့ '

' အေး ...ဟုတ်တယ်၊ သူလာတော့မှာပါ၊ အခုပဲခြောက်ရက်ရှိသွားပြီပဲ '

နှင်းတွေဝေလာသဖြင့် တံခါးကိုပိတ်လိုက်ရ၏။ မီးကျီးခဲတွေ ရဲနေသော မီးဖိုပေါ်တွင် မြေအိုးကြီးတစ်အိုး ပွက်ပွက်ဆူနေသည်။ လှော်၍ခတ်ထားသော လက်ဖက်ခြောက်နံ့က သင်းပျံ့လျက်ရှိ၏။

' အေးလာပြီ၊ လာကျားသောက်ကြ '

ထောပတ်ခဲကိုခြေ၍ ကြေးအိုးကြီးထဲပစ်ထည့်လိုက်ပြီး ခွက်ဖြင့်ခပ်ယူကာ လူစေ့အောင်အသွားငွှန်က တည်ခင်းနေသည်။ တိဗက်လက်ဖက်ရည်ကို နေအောင်စိုး မသောက်ဖူးပါ။ ချမ်းလည်း ချမ်းလာသဖြင့်အားရပါးရသောက်ချလိုက်မိ၏။

ခါးသည်၊ ဆိမ့်၏။ လက်ဖက်နံ့သင်း၏။ နေအောင်စိုး



ကြိုက်သွား၏။ အသွားငွှန်က ထပ်ထည့်ပေး၏။ အချမ်းပြေတော့ ညစာစားကြ၏။

ဟင်းက ထွေထွေထူးထူးမဟုတ်ပါ။ သို့သော်စား၍ကောင်း ပါ၏။ ဆာလ်ခေါ်တောင်ဆိတ်သားဟင်း တစ်မည်တည်းဖြစ်၏။

စားသောက်ပြီး မီးဖိုဘေးမှာထိုင်ကြပြန်၏။ နဂိုကပင်အခါး ကြိုက်သော နေအောင်စိုးသည် လာကျားကို မော့မိပြန်၏။

တစ်ခွက်ပြီးတော့နောက်တစ်ခွက် ...။

' မွန္တလေးပြန်ရောက်ရင် အိမ်မှာ လာကျားလုပ်သောက် ရမယ်၊ ဒါပေမဲ့ ထောပတ်ချင်းမတူဘူး ထင်တယ်၊ ဒီကထောပတ်က ပိုမွှေးသလိုပဲ '

' ဟုတ်မှာပေါ့၊ ဒါကစူးလို့ခေါ်တဲ့ တိဗက်နွားနို့ထောပတ် လေ၊ သူငယ်ချင်းပြန်ရင် လက်ဆောင်ထည့်ပေး လိုက်ပါ့မယ်ကွာ၊ သာကျားကိုငါတော့ မကြိုက်ဘူး၊ ခါးအီအီကြီး၊ ကြိုက်တဲ့လူကျတော့ ဟာဒီအသွားငွှန်ဆိုပါတော့၊ တစ်နေ့ အခွက်လေးငါးဆယ် သောက် တာ '

စေ့ထားသောတံခါးချပ်ကြီးပွင့်လာသည်။

နှင်းလေအေးကြမ်းပါရောပါလာ၏။

တွန်းဖွင့်လိုက်သူက မရမ်ဒေါင်ဇင်တို့အရွယ်လူတစ်ယောက် ဖြစ်၏။ အရပ်မြင့်၏။ ကိုယ်ဟန်ထွားကျိုင်း၏။ နှာတံချွန်၏။ နှင်း ကြမ်းရိုက်ထားသည့် မျက်နှာမှာ နီရောင်သန်းနေ၏။ သားမွေးအင်္ကျီ ရှည်၊ ဘောင်းဘီရှည်၊ ခါးမှခါးစည်းအဝတ်တွင် အိမ်နှင့်ဓားရှည် တစ်လက်၊ ဝမ်းပြင်ကို ကန့်လန့်ပြု၍ထိုးထားသည့် ဓားလေးတစ် လက်ကို လွယ်ထား၏။

www.burmeseclassic.com



'အား … မရှမ်ဒေါင်ဇင်'

သူဝမ်းသာအားရအော်ပြီးနှုတ်ဆက်၏။

'ဟေး … အင်ဂျန် …'

ကျောပေါ်တွင် သက်တောင့်သက်သာ ထမ်းလာသော ကတိုးကောင်ကို မီးဖိုဘေးသို့ ပစ်ချလိုက်ရင်း 'ထမင်းစားပြီးပလား' ဟုအားလုံးကို ခြုံ၍မေး၏။ ခါးမှဝါးဆစ်ဘူးကို ဖြုတ်၍အဘွားပွန် ထံ ကမ်းပေး၏။

'တို့အားလုံးစားပြီးပြီ အင်ဂျန်၊ မင်းအခုဘယ်က ပြန်လာ တာလဲ'

'ရှမ်ဘူးဝမ် ချောင်းဖျား၊ ဒိုင်ဖုတ်လခါး တောင်ကြားအထိ ဟိုး … အဝေးကြီးပဲလေ'

'တို့လဲပဲ အဲဒီဘက်သွားချင်တာပဲ အင်ဂျန်၊ ဒါငါ့သူငယ်ချင်း ပဲ … နေအောင်စိုးတဲ့၊ ငါ့သူငယ်ချင်းဟာ မင်းသူငယ်ချင်းပဲပေါ့'

'ဘာလဲ ဝမ်ခမ်းအိုင်ဘေးက သစ်ခွတွေရှာဖို့ပဲလား'

မရှမ်ဒေါင်ဇင် ခေါင်းယမ်း၏။အဘွားပွန်က အင်ဂျန်အတွက် ညစာပြင်ပေးနေ၏။

'ထမင်းစားလိုက်ပါဦး၊ ပြီးမှပြောတာပေါ့'

'ရပါတယ်၊ ပြောပါ'

'အဘွားပွန် တစ်ခါကပြောတဲ့ မြို့ဟောင်းကွာ၊ အဲဒါ သွား ရှာချင်လို့'

'ပျက်နေတဲ့ မြို့တွေ့တော့ ဘာလုပ်မှာလဲကွ၊ မဟုတ်သေး ပါဘူး၊ အဲဒီမြို့ပျက်ထဲမှာ ရွှေသွားရှာဖို့လား'

မရှမ်ဒေါင်ဇင် ခေါင်းကုတ်၏။ နေအောင်စိုးပြုံးနေ၏။



'မြန်မာအစ 'ရှာမလို့ပါဟု ပြောလိုက်လျှင် အင်ဂျန် ဘာ ပြောမည်နည်းဟု စဉ်းစားကြည့်နေမိသည်။

'မြို့ပျက်ထဲမှာ ရွှေရှိမလား၊ မြေရှိမလားတော့ ငါလဲမသိ ဘူးအင်ဂျန်ရေ၊ နေအောင်စိုးရှာချင်တာကတော့ 'မြန်မာအစ 'တဲ့၊ 'ဒါလူမျိုးစု 'တဲ့၊ သူကရှေးဟောင်း ယဉ်ကျေးမှု သုတေသီကွ၊ အဲဒါ တွေရှာတာ သူ့အလုပ်ပဲ၊ သူ့မှာဆိုင်ကြီးတစ်ဆိုင်လဲရှိတယ်၊ ဟို နှစ် ပေါင်းသုံးလေးရာကနေ သုံးလေးထောင်က ပစ္စည်းတွေ စုဆောင်း ရောင်းဝယ်တဲ့ဆိုင်ပဲ'

'ဘာပစ္စည်းမျိုးတွေလဲ'

'လူ့အသုံးအဆောင်တွေ၊ အနုပညာပစ္စည်းတွေ၊ ဘာသာရေး နဲ့ပတ်သက်တာတွေ၊ ဟာကွာ … ပြောရင်ဆုံးမယ့်ကိစ္စမဟုတ်ဘူး၊ အတိုချုပ်ကတော့ တို့ဘိုးဘေးဘီဘင် လက်ထက်ကပစ္စည်းဟောင်း တွေပဲပေါ့'

'အဟောင်းဆိုတာ ဈေးမှမရှိတာ၊ ဘယ်သူဝယ်မှာလဲ'

'ခက်ပါ့အင်ဂျန်ရာ၊ ဝယ်တဲ့လူရှိလို့ပေါ့၊ ဟောင်းလေတန်ဖိုး ရှိလေဆိုတာမျိုးပေါ့၊ ပြောရရင် ကျယ်ပြန့်ပါတယ်ကွာ'

'အေးပါ၊ အဲဒါတွေ ငါနားမလည်ပေမယ့် မင်းတို့သွားချင်တဲ့ ဆီရောက်အောင် ပို့ပေးဖို့တော့စိတ်ချပါ၊ မင်းတို့ကလဲ ရှာချင်တာရှာ၊ ငါကလဲ ဖမ်းချင်တာဖမ်း၊ ပစ်ချင်တာပစ်ပေါ့၊ ရပါတယ်'

'မင်းဘယ်နှစ်ရက်နားဦးမလဲ'

'နှစ်ရက်တော့ နားမယ်ကွာ၊ မြှားဆိပ်တွေကုန်လုပြီ၊ အသစ် လုပ်ဦးမှ၊ မင်းတို့က ဘယ်လောက်ကြာမှာလဲ'

မရှမ်ဒေါင်ဇင်က နေအောင်စိုးကို မေးငေါ့ပြ၏။ သူ့အခေါ

www.burmeseclassic.com

www.burmeseclassic.com



တည်တယ်ဆိုသည့် သဘောပင် ။

'မြင့်မိုရ်ရှိုင့်ကို မတွေ့မချင်းပေါ့ဗျာ၊ ဖြစ်ပါ့မလား'

'ဖြစ်ပါတယ်လေ၊ အင်ဂျန်တို့ကလူလွှတ်ပဲ၊ ဟောဒီမရမ်ဒေါင်ဇင်သာ ဖြစ်မဖြစ်'

'အေးကွာ... ဓော့ကလဲ နေ့စေ့လစေ့ကြီး၊ နေအောင်စိုးနဲ့ လဲ ငါကအတူတူလိုက်ချင်တာ၊ ကပါလေ... မီးစင်ကြည့်ကကြတာ ပေ အဆင်ပြေပါလိမ့်မယ်'

'အရေးကြီးတာက ရိုင်ဖယ်သေနတ်ပါဖို့ပဲ'

'ပါ ပါတယ်ကွာ'

အင်ဂျန်ပါးစပ်ကို လက်ခုံဖြင့် ပွတ်သုတ်ပြီး ထမင်းပွဲမှထ၏။ ကတိုးကောင်ကို ဆွဲယူသွား၏။ ဓားတစ်ချောင်းဆွဲ၍ မရမ်ဒေါင်ဇင် လည်းလိုက်သွားသည်။ နောက်ဖေးပေါက်နားတွင် စကားတပြော ပြောဖြင့် ကတိုးဖျက်နေကြ၏။

'နေပါဦး အင်ဂျန်၊ မင်းကိုလမ်းပြငှားသွားတာ ဘယ်သူတွေ လဲ၊ ဘယ်ကတဲ့လဲ'

'လူသုံးယောက်ပဲ၊ ဘယ်ကလဲဆိုတာ ငါလဲမမေးဘူး၊ သူတို့ ကလဲ မပြောဘူး'

'သူတို့ဘာသွားလုပ်တာပါလိမ့်'

'သစ်ခွရှာတာပေါ့ကွာ၊ ဝမ်ခမ်းအိုင်ကြီးရဲ့ သဘာဝရုက္ခဗေဒ ဥယျာဉ်အကြောင်း တစ်မေးတည်းမေးနေတဲ့ဟာ၊ အဲဒါပဲရှိတော့ မှာပေါ့'

မင်းကော အဲဒီအိုင်ကြီးကို ရောက်ဖူးသလား'

'ဟိုးငယ်ငယ်ကတော့ အဖေနဲ့ရောက်ခဲ့ဖူးတယ်၊ ကြီးမှတော့ တစ်ခါမှ မရောက်တော့ဘူး၊ ဘာလို့ဝေးဝေးလံလံ သွားနေတော့မှာလဲ



မရမ်ဒေါင်ဇင်ရာ၊ ကတိုးလိုချင်ရင် တဆူဘိုရာကီ တောင်ခြေရင်း ရေခဲပြင်ထဲမှာရနိုင်တာ မင်းလဲအသိပဲဟာ'

'ဟ ... ဒါနဲ့များ ရှမ်ဆူးဝမ်းချောင်းဖျားထိ ပို့ခဲ့တယ်ဆို၊ ဝမ်ခမ်းအိုင်ကော ရောက်ရဲ့လားလမ်းပြကြီးရဲ့'

'သူတို့ကတောင်ကြားလမ်းပြခိုင်းတာပဲ၊ ဒိုင်ဖုတ်လခါးလေ၊ မေးတော့ဝမ်ခမ်းအိုင်၊ ပြခိုင်းတော့တောင်ကြား၊ ခက်ပါတယ်ကွာ၊ မင်းလဲမသိပါဘူး၊ ဝမ်ခမ်းအိုင်ဆိုတာ ရှမ်ဆူးဝမ်းနဲ့ အဒွန်းဝမ်ကြား၊ ဟိုး... ချောင်းဖျားမှာလို့သာ အဆိုရှိတာ၊ လူတွေပြောကြတာ၊ တကယ် သွားကြည့်စမ်း၊ အဲဒီချောင်းဖျားနှစ်ခုကြား အကျယ်အဝန်း ဟာ နီးတဲ့ခရီးကြီးမှ မဟုတ်ပဲကွ'

အဘွားဝွန်သည် အစွယ်နှင့်မလိုက်အောင် ဖျတ်လတ်သွက် လက်စွာ အလုပ်လုပ်လျက်ရှိ၏။

ကတိုးသားကို ပါးပါးကလေးလှီးလိုက်၊ ထောပတ်ဆီသုတ် ထားသော အိုးပက်လက်ကလေးပေါ် တင်လိုက်နှင့်လုပ်နေ၏။

ခဏကြာလျှင်မူ နေအောင်စိုးရှေ့တွင် သင်းမွှေးနီရဲသည့် ကတိုးသားကျွတ်ကြော်ပန်းကန် ရောက်လာပါသည်။ ကတိုးသား ကပဲမွှေးလို့လား၊ ထောပတ်အနံ့ကပဲ သင်းလို့လားမသိ၊ မွှေးမွှေး သင်းသင်း ကြွပ်ကြွပ်ရွရွနှင့် စားလို့ကောင်းလှ၏။ အဘွားဝွန်သည် မွှောင်းထားသော ကတိုးသားများကိုကျပ်တင်ရန် ပြင်ဆင်နေပြန် ၏။

မရမ်ဒေါင်ဇင်နှင့် အင်ဂျန်မီးဖိုဘေး ပြန်ရောက်လာသည်။ စကားဝိုင်းမှာ ပြောင်းဖူးမီးဖုတ်၊ ကတိုးသားကြော်တို့ဖြင့် စိုပြည် နေ၏။

'အင်ဂျန်မှာ တခြားအလုပ် ဘာရှိသေးလဲ၊ လမ်းပြတဲ့အလုပ် အပြင်...'

www.burmeseclassic.com

www.burmeseclassic.com



နေအောင်စိုးက မေး၏။

'အမဲပစ်၊ မချစ်ဉတူး၊ ဂျုံစိုက်၊ ခမ်းတောက်စိုက်ပေါ့ '

' ဒါဆိုဘယ်လိုလုပ်ပြီး မိရှဒန္တမြို့ဟောင်းရှာတဲ့ ကိစ္စအပေါ်ပါလို့ဖြစ်တော့မလဲ မရမ်ဒေါင်ဇင်၊ အင်ဂျန်ကအားမှမအားတာ '

နေအောင်စိုးအသံတွင် စိတ်ပျက်သံစွက်နေ၏။ မြို့ဟောင်းရှာဖွေရေးကိစ္စက ဘယ်ကာလမှနိဂုံးချုပ်မည်မသိ၊ ဆယ့်နှစ်ရာသီလုံးလမ်းပြတစ်ယောက် အနီးကပ်ရှိနေမှ တော်ရုံကျမည့် အခြေအနေဖြစ်၏။

'ဖြစ်ပါတယ် နေအောင်စိုး၊ မဒိန်းမှာ ငါ့အစ်ကိုရှိသေးတယ် ဂျုံစိုက်ခင်းနဲ့ ခမ်းတောက်ခင်းကို သူတာဝန်ယူနေကျပါ၊ အမဲပစ် တာနဲ့ မချစ်တူးတာကတော့ မင်းတို့နဲ့နေရင်း အဆင်ပြေသလို လုပ်တာပေါ့ ဒါကြောင့် စောစောကပြောတာပေါ့၊ မင်းတို့က ရှာချင်တာရှာ ငါကပစ်ချင်တာပစ်လို့၊ မပစ်လဲရပါတယ်ကွာ၊ ဒီလောက်လဲ မဟုတ်ပါဘူး၊ အေး... တကယ်တမ်းကျတော့လဲ ပစ်ရဦးမှာပါပဲကွာ၊ ငါကရိက္ခာတာဝန်ခံပဲလေ '

'ကြိုက်ပြီလား နေအောင်စိုး '

'ကြိုက်သွားပြီ '

အဘွားဝွန် ပြောင်းဖူးဖုတ်၍ မလောက်တော့ပါ။ ကတိုးသားကြော်လဲ ငါးပန်းကန်မြောက်ပေပြီ ။

' ဒီလိုလုပ်ကြမယ်လေ မရမ်ဒေါင်ဇင်၊ နေအောင်စိုးနားမှာ လမ်းပြတစ်ယောက် အမြဲရှိနေဖို့လိုတယ် မဟုတ်လား၊ ငါကတစ်ခါ တစ်လေ အမဲနောက်လိုက်မိရင် တစ်ရက်နှစ်ရက် ဖြစ်ချင်ဖြစ်သွားတတ်တယ် '



'ဘာလဲ လမ်းပြတစ်ယောက်ထပ်ငှားဖို့လား '

' အေး . . .ဟုတ်တယ်၊ ငှားဖို့တော့လိုတယ်၊ ငါ့ကိုတော့ ဘာမှပေးဖို့ မလိုပါဘူး၊ အဲဒီကောင်ကိုတော့ ထုံးစံအတိုင်း ပေးပေါ့ ကွာ '

'လုပ်လေကွာ၊ ဘယ်သူ့ငှားမလဲ '

'ဆာခုန့်ဝမ်းက မရမ်နော် '

'ဟုတ်ပြီ ... လုပ်ပါ၊ ငှားတာပေါ့၊ မင်းလဲသွားလိုက်ပေါ့ '

ဤသို့ဖြင့် အစီအစဉ်ထဲတွင် လူတစ်ယောက် တိုးလာတော့သည်။

အစားအသောက်ကို လက်စသတ်၍ မြေပုံတစ်ချပ်ဖြန့်ပြီး ဟိုထောက်ဒီထောက်ဖြင့် နေအောင်စိုး အလုပ်ရှုပ်ပြန်၏။

'ဂူး ... မောပ့်ကွာ၊ ဖွန်ဂန်နဲ့ ဟုန်လာလခါးကြားမှာ သီတာခုနစ်တန် တောင်စဉ်ခုနစ်ထပ်ပါလား၊ တကယ့်ပြဿနာမှ ငါသွားကိုင်မိတာပဲဟော့ '

'သိပ်စိတ်မစောပါနဲ့ကွာ၊ အချိန်ယူပြီးရှာကြတာပေါ့၊ ငါလဲ ခင်းနဲ့အတူတူလိုက်မှာပါ၊ ဇော့မွေးမယ့်အချိန် ခဏပြန်ရင်ဖြစ်တာပဲ'

'အဘွား ... ဒေါသခင်မ ပုံတူပန်းချီကား ခဏပြပါခင်ဗျာ၊ အဘွားသိမ်းလိုက်သလားပဲ၊ ခါတိုင်းဒီအရှေ့ခန်းမှာချိတ်ထားတာပါ'

' မရှိတော့ဘူး မရမ်ဒေါင်ဇင်ရေ၊ ပြောမပြောချင်ပါဘူး၊ အဖွားညံ့သွားတာပါလေ '

'ဘာဖြစ်လို့လဲအဘွား '

နောက်ဖေးတံခါးကို ဂျက်ချပြီး အဘွားဝွန်လာထိုင်၏။ ဂါဝန်ခါးစည်းဖြင့် မျက်နှာကိုသုတ်နေ၏။ အဘွားပြောမည့်စကားကို အားလုံး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်တစား စောင့်မျှော်နေကြသည်။

'ဒီလိုကွယ့် ...အင်ဂျန်လမ်းပြလိုက်သွားပြီး လေးရက်မြောက်နေ့မှာ လူသုံးယောက် ရောက်လာတယ်၊ ကြည့်ရတာ မြေပြန့်သားတွေနဲ့တူပါတယ်၊ ကိစ္စကလမ်းပြ လာငှားတာပဲလေ၊ အင်ဂျန်က မရှိတော့ သူတို့လဲငါတည်တဲ့ လံဘကျားသောက်ပြီး ပြန်သွားကြ တာပဲ၊ ဒေါ်အရှင်မ ပုံတူကားမြင်တော့ မေးကြတယ်၊ ငါကလဲ ရိုးရိုးပဲပြောပြလိုက်တယ်၊ သူတို့ထဲက တစ်ယောက်က မှန်ဝိုင်းဝိုင်းနဲ့ကြည့်နေတယ်ကွယ့်၊ နောက်နှစ်ရက် နေမှ အဘွားလဲသတိထားမိလို့ကြည့်တဲ့အခါကျတော့ ပန်းချီကားမရှိတော့ဘူးလေ'

'အင်ဂျန်နဲ့ပါသွားတဲ့ လူသုံးယောက်တော့ မဖြစ်နိုင်ဘူး၊ တခြားတစ်ဖွဲ့ဖြစ်မယ်၊ မင်းဘယ်လိုထင်လဲ မရမ်ဒေါင်ဇင်'

'မင်းထင်သလိုပဲပေါ့ နေအောင်စိုးရာ၊ ဒါနဲ့အဲဒီလူတွေလာတုန်း အဘွားအပြင်ထွက်မိသေးလို့လား'

'ထွက်တာပေါ့၊ ငါနွားနို့ညှစ်နေတာပဲ၊ အိမ်ထဲမှာ သူတို့ ချည်းပဲ'

'ဟုတ်ပါပြီ၊ ပါသွားပါပြီ၊ ဂူး... မောပါ့ကွာ၊ သဲလွန်စတစ်ခုတော့ပျောက်ပြီ မရမ်ဒေါင်ဇင်ရေ'

'စိတ်မပျက်ကြပါနဲ့ဦး၊ အဘွားတစ်ခုပြပါဦးမယ်'

အဘွားဝွန် အခန်းထဲဝင်သွား၏။ ပြန်ထွက်လာသောအခါ လွန်စွာမှခိုင်မာသည့် သဲလွန်စတစ်ခု ယူဆောင်လာပါသည်။

'ဟောဒါကို ကြည့်ကြစမ်း'

လက်ပတ်တစ်ခုဖြစ်၏။ ရွှေသားအစစ်ဖြစ်၏။ ယုံမှားသံသယ ဖြစ်စရာမလိုပါ။ မျက်နှာပြင်တွင် သေသပ်လှပသော ဖောင်းကြွရုပ်များပါရှိ၏။



'လက်ပတ်တစ်ခုပဲ၊ အဲ... လက်ကြပ်လို့ခေါ်မယ်ထင်တယ်'

လက်ကြပ်တွင် ချိတ်တွယ်စရာ ခိုင်မြဲသော ချိတ်လေးခု ပါ၏။ ပတ္တာဆက်များဖြစ်၏။ အထက်အောက် အနားပတ်နှုတ်ခမ်း မှာ လက်သန်းတစ်လုံးခန့် အပေါ်ဘက်မျက်နှာကို လုံးတင်ထားသည့် အနားပတ်မျိုးဖြစ်၏။

'လက်ကောက်ဝတ်မှာ ပတ်တာဗျ၊ ဒီအတိုင်းဆိုရင် ပိုင်ရှင်ဟာ တော်တော်ထွားကြိုင်း တုတ်ခိုင်လိမ့်မယ်၊ ကြည့်လေ ...ငါ့လက်မှာ ပတ်တာချောင်ကလောင်နေတာပဲ'

လက်ကြပ်ကို ဘယ်ဘက်လက်ကောက်ဝတ်တွင် အကျအနပတ်ကြည့်ရင်း မရမ်ဒေါင်ဇင်ကပြော၏။ သူ့လက်နှင့်အတော်ကြီး ချောင်နေ၏။ သူလည်းသေးသေးကွေးကွေး လူဗလံတစ်ယောက် မဟုတ်ပါ၊ အရပ်အနိမ့်မမြင့် တုတ်ခိုင်သန်စွမ်းသူဖြစ်၏။

ဖောင်းကြွအရုပ်များမှာ သေသပ်ကျနပြီး လက်ရာလည်း မြောက်လှ၏။

အမြီးဖြန့် ကယနေသည့် ဥဒေါင်းငှက်နှစ်ကောင် ခြံရံ၍သရဖူဆောင်းထားသော မိန်းမကိုယ်လုံးပြည့်ပုံဖြစ်၏။ ဥဒေါင်းနှစ်ကောင်၏တစ်ဖက်တစ်ချက်တွင်တော့ နေနှင့်လပုံများဖြစ်သည်။

'အောက်နားက ကောက်ကောက်လေးတွေက ဘာလဲ...'

မရမ်ဒေါင်ဇင်ကမေး၏။

'စာတွေ...ပလ္လဝခေတ် အရေးအသားလို့ခေါ်တယ်၊ အဲဒီသုံးရာစုနဲ့ လေးရာစုမှာ ထွန်းကားတဲ့ ...စာ အဒြေ-ပလ္လဝမင်းတွေလက်ထက်က သုံးတဲ့အက္ခရာတွေပေါ့ကွာ'

'ဖတ်ပြပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'ဗျည်းတွေပါ၊ အဓိပ္ပါယ်ကိုတော့ ကိုယ့်ဘာသာကြံယူရ လိမ့်မယ်'

'အေးပါ ... နောက်မှကြံတာပေါ့၊ အခုဖတ်ပြပါဦး'

သောလ်ပင်ကို ထုတ်၍ အက္ခရာများကို နေအောင်စိုး ကူးယူ ရာ အောက်ပါအတိုင်းပေါ်လာ၏။

လ သ က သ ရ က

'အပေါ်က မူလပလ္လဝအက္ခရာ၊ အောက်က အခုခေတ်မှာ သုံးနေတဲ့ အက္ခရာဗျည်းပဲ'

နေအောင်စိုးက ရှင်းပြ၏။

'ဘာအဓိပ္ပါယ်လဲမသိဘူး'

'တစ်စုံတစ်ခုသော အဓိပ္ပါယ်ပေါ့ကွာ၊ ငါပြောပါပကော၊ ကြံယူရမယ်လို့၊ ကြိုက်သလိုတွေးပေါ့ မရမ်ဒေါင်ဇင်ရာ'

'ဒုက္ခပါလား နေအောင်စိုးရ၊ ဒီညတော့ 'လသက၊သရက' နဲ့ငါတော့ တစ်ညလုံးနပမ်းလုံးနေရတော့မှာပဲ'

'အဘွား ... မရမ်ဒေါင်ဇင်ဖို့ ဖတ်ခါးလုပ်ပါ၊ ဒီကောင် လာကျွားမကြိုက်ဘူး'

'အေး ... အေး ငါ့လက်ပတ် ကောင်းကောင်း ပြန်သိမ်းပါ ရစေဦး၊ တော်ကြာ ... ဟိုရုပ်ပုံလို ပျောက်နေမှ၊ ဒါကရွှေအစစ်ဟဲ့၊ နင်ဘာသိလို့လဲ အင်ဂျန်'

'အဘွားကလဲလေ'

အင်ဂျန်က နေအောင်စိုးတို့အား အားနာကြည့်ကြည့်ပြီး အဘွားဖြစ်သူကို ဟန့်၏။

'ငါက ဒီနင့်သူငယ်ချင်းတွေကို ပြောတာမဟုတ်ဘူး၊ ဟို



တစ်လောက ကောင်တွေကိုပြောတာဟဲ့၊ တစ်ခေါက်ပြန်လာလို့ တွေ့ သွားရင် မခက်ဘူးလား'

'ဒီဥစ္စာအထူကြီးပဲ၊ အစိတ်သားလောက်လေးမယ်၊ ရောင်း စားရင်ငွေမနည်းဘူးရမှာ၊ ကျွန်တော့်ကိုရောင်းမလားအဘွား'

အင်ဂျန်ကို မျက်စိမှိတ်ပြပြီး မရမ်ဒေါင်ဇင်က အဘွားဝွန် အား စ၏။

'ငါပိုက်ဆံ မလိုပါဘူး မရမ်ဒေါင်ဇင်၊ ရှိရှိသမျှပစ္စည်းတွေ ထဲမှာ ငါ့အကြိုက်ဆုံးက တို့ဘိုးစဉ်ဘောင်ဆက် သိမ်းလာတဲ့ ဒီ လက်ကြပ်တံဆိပ်ပဲ၊ ဒါသူ့ရဲ့ကောင်းတံဆိပ်ကွယ့်၊ ပေးပါ--ငါ့ဥစ္စာ ကို'

အဘွားဝွန်စိတ်ဆိုးမာန်ဆိုးဖြင့် မရမ်ဒေါင်ဇင်လက်တွင် ပတ်ထားသော လက်ကြပ်ကိုအတင်းဖြုတ်ယူပါတော့၏။

'မရမ်ဒေါင်ဇင်ရေ၊ အဘွားကိုမစပါနဲ့၊ ပေးလိုက်ပါ၊ အဘွား ပြောတဲ့အထဲမှာ 'အဖြေ'ပါနေပြီကွ၊ ဒါသူ့ရဲ့ကောင်းတံဆိပ်တဲ့၊ အဲဒီတော့ 'သရက'ကို 'သူ့ရဲ့ကောင်း'လို့ငါကပြောရင် ကဲ ... ဘယ်လိုလဲ'

'ရှေးဟောင်းသုတေသီကြီးလောက်တော့ ငါ့ဦးနှောက်က ကောင်းမှာမဟုတ်ဘူး၊ 'သရက' သူ့ရဲ့ကောင်းထားပါတော့၊ ရှေ့က 'သလက'ကြီးကကောကွာ'

'ဖြည်းဖြည်းပေါ့ကွာ'

မရမ်ဒေါင်ဇင်အတွက် ရေနွေးကြမ်းသတ်သတ် လုပ်ပေးပြီး အဘွားဝွန်အိပ်ရာဝင်သွားတော့၏။

ညသည် အသည်းခိုက်အောင် အေးလာပြီဖြစ်၏။ သစ်လုံး နံရံကို ထွင်းဖောက်၍ နှင်းလေရိုက်သံကို အတိုင်းသားကြားရ၏။

www.burmeseclassic.com

www.burmeseclassic.com



'အင်ဂျန်ရာ... ဒီလောက်အေးနေတာ ဖတ်ခါးနဲ့ဘယ်နိုပ်မလဲ'

'ခေါင်ရည်ရှိတယ်၊ သိပ်ပြင်းတယ်၊ သောက်မလား'

'မေးနေရသေးလားကွ၊ အသားလိုလို အရိုးတောင်းနေတဲ့ဟာကို မင်းကွာ'

'ငါသိပါတယ်ကွာ၊ အဘွားအိပ်အောင်စောင့်နေရတာပါ'

'ဟော့ ... ငါ့အတွက်တော့မပူနဲ့ လာကျားနဲ့လုံလောက်နေပြီ'

ခေါင်ရည်ရောက်မလာခင် နေအောင်စိုးက ကြိုတင် ကာကွယ်၏။ ခေါင်ရည်ကိုသူမကြိုက်ပါ။

'မင့်အကြောင်း ငါသိပါတယ်၊ ငါနဲ့အင်ဂျန်သောက်မှာပါ၊ မင်းအိပ်ချင်အိပ်တော့လေ'

'အေး ... အိပ်မယ်'

အိပ်မယ်ဆိုသော်လည်း တော်တော်နှင့်အိပ်မပျော်နိုင်ပါ။

မရမ်ခေါင်ဇင်တို့ ခေါင်ရည်ဝိုင်းသိမ်းပြီး သူ့နံဘေးတွင် လာရောက်အိပ်စက်ကြသည့်တိုင် နေအောင်စိုးအိပ်မပျော်သေးပါ။

'ပလ္လဝအက္ခရာများ' ကမျက်လုံးအိမ်ထဲဝယ် ပေါ်ချည်ပျောက်ချည်ရှိနေ၏။

စင်စစ်'ပလ္လဝအက္ခရာ'၏မူရင်းဇာစ်မြစ်မှာ'ဗြဟ္မီအက္ခရာ'ပင်ဖြစ်၏။

ခေတ်အဆက်ဆက် ... ။

တစ်ဆင့်ပြီးတစ်ဆင့် ... ။

အရေးအသားတွေပြောင်းရွေ့လာခဲ့၏။

မောရိယခေတ် ... ။

သာတဝါဟနခေတ် ။



ကွာသျှကုခေတ် ။

ပလ္လဝခေတ် ... ။

သာလင်္ကာယာနခေတ်... ။

ကဒမ္ဗခေတ် ... ။

မပြီးသေးပါ..... ။

မဆုံးသေးပါ..... ။

သို့သော်နေအောင်စိုးအိပ်ပျော်သွားပါချေပြီ ။

*****

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ရေခဲဖုံးသော ဖွန်ဂန်တောင်ကြား ။

မတ်လဆန်းရက်ဖြစ်၏။

နေအောင်စိုးတို့အဖွဲ့သည် 'ဂူဘား' မှ နေ၍ ခရီးကိုနောက်ကြောင်းပြန်လည်ဆင်းသက်လာခဲ့၏။

ပူတာအိုမှ မိုင်းငါးဆယ်ကျော်ဝေးသော 'ဖွန်ဂန်တောင်ကြား' သို့ ခြောက်ရက်ဖြင့် ခရီးပြင်းနှင်ခဲ့ကြခြင်းဖြစ်သည်။

ယခုတော့လည်း 'ဖွန်ဂန်' သည် သူတို့ တူရှုတွင် ရောက်နေပြီဖြစ်၏။

အမြင့်ပေတစ်သောင်းတွင်ရှိသော တောင်ကြားလမ်းကို အင်ဂျန်ကပြ၏။ သူတို့နှင့်သုံးမိုင်လောက် သာဝေးတော့၏။

အဖွားဝွန်ပြသော လက်ကြပ်မှ အိန္ဒိယတောင်ပိုင်း၊ ပလ္လဝအက္ခရာများက နေအောင်စိုးကို နတ်လမ်းညွှန်လိုက်ခြင်း ဖြစ်၏။ ဖွန်ဂန်တောင်ကြားမှ ဆင်းသွားလျှင် အာသံပြည်'ဆားဒီးယားနယ်ခြားဒေသ' သို့ရောက်သွားမည့် 'လိုဟစ်မြစ်ဝှမ်း' သို့ရောက်သွား၏။

အာသံသည် အိန္ဒိယပင်မဟုတ်ပါလား ။

အဘွားဝွန်ပြောသော 'ဟုန်လာလခါး' တောင်ကြားသည် တိဗက်ပြည်နှင့် ပို၍နီးကပ်၏။ သို့သော် လက်ကြပ်တွင် ရေးထားသည်က အိန္ဒိယတောင်ပိုင်းသုံး အက္ခရာတွေဖြစ်နေ၏။ တိဗက်စာမဟုတ်။

မြင့်မိုရ်မြို့ဟောင်းသည် 'ဟုန်လာလခါး' အနီးတွင် ရှိရိုးမှန်ပါက နီးစပ်ဆက်နွှယ်နေသော တိဗက်စာပေကိုသာ အသုံးပြုရပေမည်။



ယခုအသုံးပြုထားသော ပလ္လဝခေတ်အရေးအသားအရ မြင့်မိုရ်ချိုင့်မှာ အာသံပြည်နှင့်ပို၍နီးစပ်ဖွယ်ရာရှိသည်ဟု နေအောင်စိုးကောက်ချက်ဆွဲမိ၏။

ထိုကောက်ချက်ကို အတည်ပြု၍ရှမ်းဗူးဝမ့် ချောင်းဖျားခရီးစဉ်ကိုဖျက်သိမ်းကာ ဖွန်ဂန်ခရီးစဉ်စတင်ခဲ့ကြ၏။

ယနေ့ သတ္တမနေ့ ။

နေအောင်စိုးပျော်နေ၏။

ဖွန်ဂန်ဟိုဘက်တွင် 'အဖြေ' ရှိရမည်။

တစ်ခါက 'ဟုန်လာလခါး' နှင့် 'ဖွန်ဂန်' ကြားတွင် အလျားရှည်၍အနံကျဉ်းသော မြို့ကြီးတစ်မြို့ရှိခဲ့ဖူးသည် ဆိုသည့်ပါးစပ်ရာဇဝင်ကိုလည်း မေ့ထား၍မဖြစ်ပါ။

ထို့ကြောင့်မြင့်မိုရ်ချိုင့် မြို့ဟောင်းမှာ ဖွန်ဂန်နှင့်နီးချင်လည်းနီးနိုင်၏။

ဟုန်လာလခါးဘက်တွင် ဖြစ်ချင်လည်းဖြစ်နိုင်ပါ၏။ ပုံသေကားကျတွက်ထား၍မရပါ။ နေရာအတိအကျ သိမထားရသဖြင့်လည်း ရှာရမည့်အဝန်းအဝိုင်း ဧရိယာမှာကျယ်ပြောလွန်းလှ၏။

ခုနစ်ရက်မြောက်နေ့မှာပင် ရည်မှန်းနေရာမှ ပီဘိသူတို့နှင့်အနီးကလေးပင်။

တောင်ကြားလမ်းပေါ်တွင် ရေခဲတွေထုနှင့်ထည်နှင့် ကျဆင်းနေ၏။

'ဒီမှာနားဦးမလား '

အင်ဂျန်ကမေး၏။

'နားဖို့ကောင်းတယ်၊ ဆရာနေအောင်စိုး ပင်ပန်းနေပြီ' မနက်မှ

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားကိုဖြတ်ပါလား'

မရမ်နော်က တိုက်တွန်း၏။

'ကဲ ... နားမယ်ကွာ၊ ဒါပေမဲ့နေရာ မကောင်းဘူး၊ ရှေ့ကို နှစ်မိုင်လောက်တော့ လျှောက်လိုက်ကြဦးစို့'

မရမ်ဒေါင်ဇင်က အတည်ပြုပေးသည်ကို နေအောင်စိုး သဘောတူ၏။

နှစ်မိုင်ခရီးမှာ ထင်သလောက်မတွင်လှပါ။ညကလတ်လတ် ဆတ်ဆတ်ကျထားသော 'ရေခဲနှ' များထဲခြေကျွံနေတာ များ၏။

နေအောင်စိုးနှင့် မရမ်ဒေါင်ဇင်က အဆိုးဆုံးဖြစ်၏။အင်ဂျန် နှင့် မရမ်နော်မှာ သူတို့ထက်လေးသော ဝန်လေးတွေကိုလွယ်ပိုးထား သော်လည်း ရေခဲထဲလမ်းလျှောက်ရာတွင် ကသောင်းကနင်း မဖြစ် လှပါ။

'အခုအချိန်တော်သေးတယ်၊ နောက်တစ်လလောက်ဆိုရင် ရေခဲတွေအရည်ပျော်ပြီး သွားရခက်တယ်၊ မိုးပါတစ်ခါတည်း နောက် ကလိုက်လာတာပဲ၊ အဲဒီအခါကျရင် ဒီလမ်းဟာသွားလို့မရတော့ဘူး'

သွားရင်းက အင်ဂျန်ရှင်းပြ၏။မကြာမီစခန်းချရန် သင့်တော် မည့်နေရာကို တွေ့ရှိလာကြသည်။

'ဒီနေရာကတော်ပြီ အင်ဂျန်ရေ၊ တို့ထင်းစုရဦးမှာနဲ့ တဲဆောက်ရဦးမှာနဲ့ သိပ်နေစောင်းသွားလို့မဖြစ်ဘူး'

ရေခဲပါးသည့်နေရာကို ရွေးချယ်ပြီး လွယ်ပိုးထားသည့် ပစ္စည်းများကိုချလိုက်ကြ၏။

နေအောင်စိုး နှင့် အင်ဂျန်က တဲဆောက်ရန်ဖြစ်ပြီး မရမ် ဒေါင်ဇင်နှင့်မရမ်နော်တို့က ထင်းကောက်ကြ၏။



သူတို့တွင် သားရေတဲကြီးပါလာ၏။ အပြင်မျက်နှာ၌ ဖယောင်းတင်ထားသော သားရေအကာ၊ သားရေအမိုးတွေက နှင်း ဘယ်လောက်ရိုက်ရိုက် မဖြိုပါ။

မြေပြင်တွင် ငုတ်ကြီးကြီးရိုက်ပြီး အခိုင်အခန့်ချုပ်နှောင် ထားပါက လေကြမ်းကြမ်းကို အန်တုနိုင်၏။ အခါကလိုအပ်သည်က ထောင့်လေးထောင့်တွင် ရိုက်ရမည့် ငုတ်တိုင်များဖြစ်၏။ ဖြုတ်တန် တာဖြုတ်၊ ခေါက်တန်တာခေါက်ပြီး အပင်ပန်းခံသယ်ယူ လာရကျိုး နပ်၏။ ညညတွင် လေလုံနှင်းလုံဖြင့် ကောင်းစွာအိပ်စက်နိုင်ခဲ့ကြ သည်။ သားရေကထူပြီး အတွင်းနံရံတွင် သဘာဝအမွေးရှည်များ လည်းရှိသဖြင့် သာမန်မိုးကာတဲထက် လုံခြုံနွေးထွေး၏။ လူ ငါးယောက်ခန့် ခြေဆန့်လက်ဆန့် သက်တောင့်သက်သာ နားနေ အိပ်စက်နိုင်၏။ ပစ္စည်းပစ္စယများ ချောင်ချောင်ချိချိ ထားနိုင်၏။

တစ်နာရီအတွင်းမှာပင် သပ်ရပ်သော သားရေတဲကြီးတစ် လုံးဖြစ်လာခဲ့သည်။ အဝိုင်းပုံဖြစ်၏။ ခေါင်မိုးချွန်၏။

အင်ဂျန် ရေနွေးအိုးတည်ရန် စီစဉ်နေစဉ် မရမ်ဒေါင်ဇင်တို့ ပြန်ရောက်လာကြသည်။ တစ်ယောက်က ထင်းစည်းကြီးထမ်း၍ တစ်ယောက်က ငန်းကြီးနှစ်ကောင်ဆွဲလာ၏။

'ဟော့ ... တယ်ဆူတဲ့ငန်းကြီးတွေပါလား၊ဘယ်သူ့လက်ရာလဲ'

'မရမ်နော်လက်ရာလေ'

'အတော်ပဲ ရေနွေးဆူရင် အမွေးနှုတ်မယ်၊ နေအောင်စိုးရေ ဒီညတော့ ငန်းသားဆူဆူနဲ့ အဆီရစ်ဖို့ပြင်ပေတော့'

တဲရှေ့တွင် မီးပုံလုပ်ကြ၏။ ငန်းသားချက်နေစဉ် လက်ဖက် ရည်သောက်ပြီး စောင့်ကြသည်။ မနက်စောစောက မရမ်နော် ချောက်

www.burmeseclassic.com

www.burmeseclassic.com



ထည့်လာသော ကတိုးသားခြောက်ကြော်နှင့် ပြောင်းဖူးကြော်မှာ မျက်နှာငယ်နေရလေပြီ။

ရေခဲပြင်ထဲတွင် ခရီးသွားနေသဖြင့် ထမင်းဟင်းသိုးမှာ မပူရပါ၊ မနက်စာညစာပေါင်းချက်ပြီး ထုပ်ပိုးယူဆောင်လာသည့် စနစ်ကိုသုံးကြ၏။ ယနေ့ညနေ ငန်းနှစ်ကောင် ရလိုက်သဖြင့် ညနေစာ ဟင်းတစ်ခွက်တိုးလာရ၏။ ထပ်မံချက်ပြုတ်နေရသည့် အတွက် မညည်းညူမှ မညည်းပါ၊ ရေနွေးဖျောသည့်လူကဖျော၊ အမွေး နှုတ်သည့်လူကနှုတ်၊ တုံးတစ်နယ်ဖတ်ပြီး ဟင်းတစ်ခွက်ပင် ဖြစ် လာနေပြီ။

ငန်းသားဟင်း၊ ကတိုးသားခြောက်ကြော်၊ ပြောင်းဖူးကြော် ငရုတ်သီးထောင်းတို့ဖြင့် နေအောင်စိုးတို့ ရေခဲပြင်ထမင်းဝိုင်းမှာ မြိုင်ဆိုင်၍နေပေသည်။

စားသောက်ပြီးစီးလျှင် မရမ်နော်ကို တဲစောင့်ထားရစ်ခဲ့ပြီး ပတ်ဝန်းကျင် လေ့လာရေးထွက်ခဲ့ကြ၏။ တောင်ပြိုထားသည့် နေရာ များတွင် အလွန်ကျဉ်းမြောင်းစွာ ဖြတ်သန်းလာရသည်။

'လွန်ခဲ့တဲ့ နှစ်ဆယ့်တစ်နှစ်လောက်က အဲ... ငါးဆယ့်တစ် ခုနှစ်ကပေါ့၊ ဒီဘက်မှာ ငလျင်လှုပ်လိုက်တာ တောင်တွေပြို၊ လမ်း တွေပိတ်ပေါ့ကွာ၊ အဲဒီတုန်းကတည်းက ဖွန်ဂန်လမ်းဟာ ပျက်စီး သွားတာပဲ၊ အစကတည်းက ဒီလမ်းဟာ လူသိပ်မသုံးဘူး လေ၊ ၁၉၁၅ ခုနှစ်ထိ ငလျင်လှုပ်ပြီး လေးနှစ်ကြာတဲ့အထိ လူတွေမသုံးတာ အနှစ် သုံးဆယ်လောက်ရှိပြီလို့ ငါတို့အဖေရှိတုန်းက ပြောဖူး တယ်၊ ၁၉၁၅ ခုလောက်ကတည်းက မသုံးတာဆိုပါတော့ကွာ၊ လမ်း ကလဲမိုးရွာရင် လုံးဝသွားလို့မရပဲကိုး'



အင်ဂျန်ကသွားရင်းလာရင်းပြော၏။

'တောင်ကြားလမ်းတွေထဲမှာ အနိမ့်ဆုံးဟာ ချောက်ခန့် တောင်ကြားပဲ၊ အမြင့်ပေ ရှစ်ထောင်လေးရာကျော်ပဲရှိတယ်၊ သွားလာ ရလွယ်ကူလို့ လူသုံးလဲများတယ်၊ တစ်ခါတုန်းက ချွန်းရှမ်းတွေဟာ ဒီတောင်ကြားက ဖြတ်ပြီးဆာဒီးယားကိုတောင် သိမ်းခဲ့ဖူးသတဲ့ကွာ၊ ဒီ... ၁၇၉၄ ခုနှစ်တုန်းကဆိုတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅၀ကပေါ့'

အာဂ အင်ဂျန်ပါတည်း၊ ဗဟုသုတကလည်းစုံ၏။ လမ်းခရီး လည်းကျွမ်းလှ၏။ စင်စစ်၌ဖွန်ဂန်လမ်းကို အင်ဂျန်မရောက်တာ ဆယ်နှစ်ကျော်ပါပြီ၊ သို့သော် နေအောင်စိုးတို့ကို လမ်းပြရာ၌ တစ် ကြိမ်မျှ အမှားအယွင်းမဖြစ်ခဲ့ပါ။

'ငလျင်လှုပ်တာ ၅၁–ခုနှစ်ကဆိုတော့ အဲဒီတုန်းက တို့ဆို င် ၆–နှစ်သားရှိသေးတယ်၊ ငလျင်ဗဟိုချက်က အာသံကွ၊ အဲဒီမှာ သတော်တော်ပျက်စီးမှာပဲ'

'ဒီလိုဆိုရင် မရမ်ဒေါင်ဇင်ရေ၊ ဟို... ရထားတဲ့သတင်းတွေ ထွက်စိုးရိမ်စရာပဲ'

'ဘာဖြစ်လို့လဲ နေအောင်စိုး'

'ငလျင်လှုပ်တော့ ပထဝီအနေအထား ပြောင်းကုန်မှာ အသေ အချာပဲကွ'

'အေးကွ–ဟုတ်တယ်'

'ဘာတွေမို့လဲ၊ ငါ့လဲပြောဦးလေ'

'ဒီလိုကွ အင်ဂျန်၊ မရမ်ဒေါင်ဇင် စုဆောင်းထားတဲ့ သတင်း တွေထဲမှာ ဖွန်ဂန်တောင်ကြားက ထွက်ပြီးဆာဒီးယားနယ်ခြား ဒေသ ဒီဟာစ်မြစ်ဝှမ်းအတိုင်း လိုက်သွားရင် ဗိမာန်ပျက်တွေရှိတဲ့နေရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုရောက်သွားမယ်၊ အဲဒီကနေ အရှေ့စူးစူးကို ပြန်ခေါက်
ရင် အရုပ်စာတွေ၊ ဆင်းတုတွေရှိတဲ့ လိုဏ်ဂူကြီးတစ်ခုကို တွေ့
အဲဒီလိုပါနေတယ်ကွ၊ တို့ကလဲအဲဒါ မြင့်မိုရ်ရှိုင့် ဟုတ်မဟုတ်
ရမှာပဲ၊ ငါစိုးရိမ်တာက ငလျင်လှုပ်ပြီး မြေပြင်အနေအထား
ပြောင်းလဲကုန်မှာကိုပဲ '

နေအောင်စိုးကရှင်းပြ၏။

'အဲဒီသတင်း ဘယ်ကရတာလဲ မရမ်ခေါင်ဇင် '

'မသိဘူး၊ ဘယ်ကမှန်းမသိတဲ့ မုဆိုးအိုကြီး တစ်ယောက်
က ပဲကွ၊ သူကိုယ်တိုင်ရောက်ခဲ့ဘူးသတဲ့၊ ငလျင်လှုပ်ပြီးမှ ရောက်
လား၊ မလှုပ်ခင်ရောက်တာလားဆိုတာတော့ ငါလဲဆက်မမေးမိ
အဲဒါ ငါ့အပြစ်ပဲ '

' ကဲပါလေ၊ နောက်ကြောင်းပြန်မေးလို့ ဖြစ်နိုင်တော့
မဟုတ်တဲ့အတူတူ ရှေ့ဆက်ကြရုံပဲ၊ ရောက်ရင်အဖြေပေါ်လာမှာ
မဟုတ်ဘူးလား '

'ဟုတ်လာပေါ့ကွာ '

' ဒါနဲ့ အင်ဂျန်၊ မင်းတို့အမဲလိုက်တော့ ဘယ်ဘက်
ရောက်လဲ '

'အနံ့ပါပဲ နေအောင်စိုးရာ၊ လိုချင်တဲ့အကောင် ပေါ်များ
အရပ်ရောက်အောင် သွားရတာပေါ့ '

'ဒါဖြင့် ဒီတောဒီတောင်တွေ အနံ့ရောက်ဖူးမှာပေါ့ ဟုတ်
' မှန်တာပြောမယ် နေအောင်စိုးရေ၊ ငါ့အဖေလောက်
မနံ့စပ်တာအမှန်ပဲ၊ ဒါပေမယ့် မပူပါနဲ့၊ မင်းသွားချင်တဲ့နေရာတွေ
ငါရောက်ဖူးတဲ့နေရာတွေချည်းပါပဲ '



'ငါတော့မစိုးရိမ်ဘူး၊ အင်ဂျန်ဟာ တစ်ခါရောက်ဖူးတဲ့ခရီး
ဘယ်တော့မှမမှားတတ်လို့ပဲ၊ လမ်းမှားဦးတော့ ပူစရာမလိုသေး
၊ မုဆိုးလမ်းတွေရှိပါတယ်ကွ '

မရမ်ခေါင်ဇင်က စိတ်ချလက်ချဝင်ပြော၏။

'မုဆိုးလမ်းဆိုတာ သပ်သပ်ရှိသလား '

' မုဆိုးတွေသွားတဲ့ ဖြတ်လမ်းပေါ့ကွာ၊ လမ်းရယ်လို့
မည်ရရတော့ မဟုတ်ဘူး၊ အခုတို့ရောက်နေတဲ့နေရာကို အင်ဂျန်
သူ့အလိုရှိမယ်ဆိုရင် ဂူဘားကနေမုဆိုးလမ်းနဲ့ လာလို့ရတယ်၊
လာသလို နောင်နိုင်တို့ ပူတာအိုတို့ဘက်နောက်ကြောင်းပြန်
င်းပြီးမှ ဒီဖွန်ဂန်လမ်းရိုးအတိုင်း လာစရာမလိုဘူး '

'ဒါဆိုတို့လဲ အဲဒီအတိုင်းလာရင်ခရီးပိုတိုမှာပေါ့ ဟုတ်လား'

'မဖြစ်ဘူး နေအောင်စိုး၊ မုဆိုးလမ်းက ပိုကြမ်းပိုပင်ပန်းတာ၊
အခုသယ်လာသလို လူတစ်ကိုယ်ပေါင်ခြောက်ဆယ်အလေးမျိုး
ယ်ပြီးသွားလာရင် ရတာမဟုတ်ဘူးကွ '

'ဒီလိုလား၊ ဒါနဲ့အင်ဂျန်လိုက်ပို့လိုက်ရတဲ့ လူသုံးယောက်ကို
စိတ်ဝင်စားနေမိတယ် မရမ်ခေါင်ဇင် '

'ဘာထူးခြားနေလို့လဲ နေအောင်စိုး '

'သူတို့ ရှမ်နူးဝမ် ချောင်းဖျားဘက်သွားတာ ငါဘဝင်မကျ
၊ အဲဒီခရီးစဉ်ဟာ ငါအစဉ်းရွေးထားတဲ့ခရီးပဲ၊ ဘာဖြစ်လို့ငါနဲ့
ကြုံလာတူနေရတာလဲ '

'အတွေးခေါင်နေပြန်ပါပြီ နေအောင်စိုးရာ၊ ခရီးလမ်းဆိုတာ
သွားချင်တဲ့ခရီးသည်တွေ အတွက်ပဲမဟုတ်လား၊ တစ်ဦးတည်းမှပိုင်
ပိုင်လို့ရတဲ့ကိစ္စ မဟုတ်ဘူးလေကွာ၊ ဒီလမ်းဖြင့် ငါရွေးထားတာ

www.burmeseclassic.com

www.burmeseclassic.com



တခြားလူတွေမသွားနဲ့လို့ လုပ်လို့ဖြစ်မှမဖြစ်ပဲ မဟုတ်ဘူးလား အင်ဂျန်

အင်ဂျန်ခေါင်းခါ၏။

'ဟေ ... ဘာလဲကွ၊ လုပ်လို့ရမလား '

'ခရီးလမ်းတော့ ငါမဆိုချင်ပါဘူး၊ မလောင်ဝမ်မြစ်ဖျား 'ယော်တော့' ပေါက်တဲ့ နေရာတွေကတော့ ငါပဲတူးမယ်၊ နှင်မတူး ဘူးဆိုတာမျိုးလုပ်မှကွ၊ မဟုတ်ရင်ကွာ ' ဂျယ်တန် ' သာတွေ အလုအယက်ပဲ၊ တို့နဲ့တော့ လူမျိုးတူပါပဲ၊ စီးပွားရေးစားကျက် ကျော ဦးစားပေးလို့လဲမရပါဘူး၊ လက်တွဲလို့လဲမဖြစ်နိုင်ဘူး၊ သူဦး ငါဦးပါပဲကွ '

မရမ်ဒေါင်ဇင် မျက်နှာရှုံ့မဲ့သွား၏။

'ငါခရီးလမ်းကြောင်း ပြောနေတာ၊ မင်းက မချစ်–လု ပြောတယ်၊ ကောင်းကွာ '

'အေးလေ–တချို့ဟာတွေကျတော့ မူပိုင်လုပ်ထားမှဖြစ် ကို ငါကဆိုလိုတာပါ '

'ဟုတ်တာပေါ့၊ ငါဆိုလိုတာကလဲ ခရီးလမ်းကို မောင် လုပ်ဖို့မဟုတ်ပါဘူး မရမ်ဒေါင်ဇင်ရာ၊ ငါဒီကိုလာခဲ့တဲ့ ရည်ရွယ်ချ ကိုတော့ မောင်ပိုင်လုပ်ချင်တာပဲ၊ 'ငါမြင့်မိုရ်ရှိုင့်' လာရာတာ၊ 'မြန် အစ' လာရှာတာဟာ ပါမေကွဲ့ဒေါက်တာလူခ်ရဲ့သုတေသ လုပ်ထားတဲ့ အချက်အလက်တွေနဲ့ မှန်နန်းရာဇဝင်မှာ ရေးထား အချက်အလက်တွေ ဘယ်သင်းကမှန်မလဲဆိုတာ အဆုံးအဖြတ် အ လာရှာတာလဲမဟုတ်ဘူး။ ငါ့ရဲ့ဒီရည်ရွယ်ချက်လမ်းကြောင်း တခြားဘယ်သူတွေမှ နင်းလိုက်လာမှာ မလိုလားဘူး၊ ငါဆိုချ တာအဲဒါပဲ၊ ဘဝင်မကျတာ အဲဒါပဲ '



'ကဲလေ . . . အဲဒီမင်းပို့ပေးခဲ့တဲ့ လူသုံးယောက်အကြောင်း နေအောင်စိုးကို အသေးစိတ်ပြောပြလိုက်ပေါ့ အင်ဂျန်၊ အဲဒီထဲက သူ့အဖြေရှာကြည့်နိုင်တာပဲ '

'ငါထင်တယ်လေ . . . မရမ်ဒေါင်ဇင်၊ ရှမ်ခူးဝမ်ဘက်သွား တဲ့အဖွဲ့ရယ်၊ ဒေါ်အရှင်မ ပုံတူကို 'ဖြောင်'သွားတဲ့အဖွဲ့ရယ်၊ငါတို့ရယ် က ခရီးတစ်ခုတည်းကို သွားနေကြတာ ဖြစ်မယ်လို့ '

'ခရီးတူရင်လဲ လက်တွဲတာပေါ့ကွာ၊ပိုမကောင်းဘူးလား'

'ရည်ရွယ်ချက်ချင်းက တူဦးမှကိုး၊ ကဲ ... အင်ဂျန်ကပြော ပါဦး '

'ဒီလိုကွ ... '

အင်ဂျန်၏ ပြောပြချက်များတွင် လိုရင်းမှာအောက်ပါ အတိုင်းဖြစ်ပါ၏။

ဖေဖေါ်ဝါရီလ တတိယပတ်၊ တစ်ခုသောနံနက်ခင်းတွင် ဒူးလေးကြိုးကို ပြန်ပြင်နေစဉ် အင်ဂျန်ထံသို့ လူတစ်ယောက် ရောက် လာလေသည်။ ထိုသူမှာ အရပ်အမောင်း မြင့်မားသလောက် ထွား ကျိုင်းတုတ်ခိုင်လှ၏။ အရပ်ခြောက်ပေခန့် အင်ဂျန်ထက်ခေါင်းတစ် လုံးမြင့်အောင် ထူးထူးခြားခြား မြင့်မားသူဖြစ်ပါသည်။

ကိစ္စမှာ အင်ဂျန်အား 'ရှမ်ခူးဝမ်' လမ်းပြအဖြစ်လာရောက် ငှားရမ်းခြင်းဖြစ်၏။ ထိုလူက ဝမ်ခမ်းမိုင်အကြောင်းမေးမြန်း၏။ အလျားတစ်မိုင်ရှိသည့် ကျောက်ဖျာချပ်ကြီးများအကြောင်း မေးမြန်း ၏။ အသေးစိတ်မေးခွန်းတွေသာဖြစ်၏။

သို့နှင့် 'ဒိုင်ဖုတ်လခါး' တောင်ကြားလမ်းကို လမ်းပြအဖြစ် အင်ဂျန်လိုက်သွားသည်။ ရွာအထွက်တွင် လူနှစ်ယောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလာ၏။ စောစောကလူထက်ပို၍ တုတ်ခိုင်မြင့်မားပြီး ရုပ်အလွန်ဆိုးသည့် လူ့ဘီလူးကြီး တစ်ယောက်နှင့် သေးသေးကွေးကွေး လူတစ်ယောက်ဖြစ်၏။

ပုပုပျပ်ပျပ် သေးသေးသွယ်သွယ် ဖြစ်ဟန်ရှိသည့်လူနှင့် လူ့ဘီလူးကြီးမှာ ခရီးစဉ်တစ်လျှောက်လုံး စကားတစ်လုံးမှ ပြောဆိုခြင်း မရှိခဲ့ချေ၊ တစ်ကိုယ်လုံး ထူထဲသောအဝတ်များဖြင့် လုံခြုံစွာဖုံးလွှမ်းဝတ်ဆင်ထားပုံမှာ လိုအပ်သည်ထက် ပိုနေပြီဟု အင်ဂျန်ထင်မိသည်၊ ခြေထောက်သည် သားရေဖိနပ်ရှည်ကြီးထဲတွင် နစ်မြုပ်နေပြီး သူ၏မျက်နှာမှာလည်း မျက်လုံးများသာဖော်ထားသည့် သားမွေးခေါင်းစွပ်ကြီး၏ အောက်တွင်ဖုံးကွယ်လျက်ရှိနေ၏။

ထိုသူသည် တစ်ကြိမ်မျှစကားမပြောသလို အင်ဂျန်နှင့်ဆုံ၍တစ်ခါမျှစားသောက်ခြင်းမရှိပေ။

စားသောက်ခြင်းမှုကို အင်ဂျန်အပြင်ထွက်စဉ် အချိန်များ၌ပြုလုပ်ပုံရသည်။ အကြောင်းမှာ စားချိန်တွင် ရှစ်ပေနီးပါးမြင့်မားသောလူ့ဘီလူးကြီးက အကြောင်းအမျိုးမျိုး ရမည်ရှာပြီး အင်ဂျန်အားလက်ဟန်ခြေဟန်ဖြင့် မိုးကာတဲအပြင်သို့ ထွက်သွားစေ၏။

အတက်အဆင်း ခက်ခဲကြမ်းတမ်းသည့် နေရာများတွင် (သူအမည်ပေးထားသော) လူအယအား လူ့ဘီလူးကြီးက ပခုံးပေါ်ထမ်း၍ ခေါ်ဆောင်တတ်၏။ အင်ဂျန်နှင့် ကျန်လူတစ်ယောက်လိုပင် ပေါင်ခြောက်ဆယ် အလေးနှစ်ဆကို ထမ်းထားလင့်ကစား လူ့ဘီလူးကြီးသည် ထိုလူအယအား ပေါ့ပေါ့ပါးပါး ထမ်းသွားနိုင်ပါသည်။

ညအိမ်စခန်းရပ်နားလျှင်လည်း ထိုလူအယ သာလျှင် ကောင်းစွာအိပ်စက်၍ လူ့ဘီလူးကြီးနှင့် ကျန်လူမှာ အချိန်ပိုင်းဖြင့် တစ်လှည့်



စီသာ အိပ်စက်ကြောင်းတွေ့ရ၏။

ဤမျှလောက်ဖြင့် လူအယနှင့်လူ့ဘီလူးကြီးအကြောင်းကို အဆုံးသတ်၍ 'ကျန်လူ'တစ်ယောက်အကြောင်းကို အင်ဂျန်ဆက်၍ပြောပြ၏။

သူ့အားလမ်းပြအဖြစ် လာရောက်ငှားရမ်းသူပင်ဖြစ်၍ ထိုလူမှာ မည်သည့်လူမျိုးဟု ပြောရန်ခက်လှ၏။ ပန်းရောင်အသားမျက်လုံးပြာပြာ၊ အလွန်ချွန်သောနှာခေါင်း၊ မျက်ခုံးညိုညို၊ ပြောင်းဖူးဆွဲရောင်နီကျင်ကျင်ဆံပင် မုတ်ဆိတ်များရှိ၏။

ကျန်းမာရေးအထူး ကောင်းမွန်ပုံရ၏။ အသံမှာအောင်၍ကြည်၏။ အမူအရာအထူးတည်ငြိမ်၏။ သူလည်းစကားနည်း၏။ ခရီးစဉ်တစ်လျှောက် စကားခွန်းရေနှစ်ဆယ်ပြည့်အောင် မှ ပြောပါလေရဲ့လားမသိ၊ ဆေးတံကြီးကို သောက်ရှုပြီး ငြိမ်၍စဉ်းစားနေတတ်၏။ ဤအဖွဲ့၏ ခေါင်းဆောင်မှာ 'သူ'ပင်ဖြစ်ပုံရ၏။ သွားလာရင်းတွေ့သည့်သစ်ခွများခူး၏။ စေ့စေ့စပ်စပ် ကြည့်နေတတ်၏။

'သေချာပါတယ်ကွာ၊ သစ်ခွမျိုးသစ်လာရှာတဲ့ နိုင်ငံခြား သားဖြစ်မှာပါ၊ပုပုသေးသေး လူအယက သူ့မိန်းမ၊ လူ့ဘီလူးကြီးက အစေခံ'

'နိုင်ငံခြားသူတွေဟာ မပုပါဘူး၊ မသေးပါဘူးကွာ'

နေအောင်စိုးက စောဒကတက်၏။မရုမ်ဒေါ်ဇင်၏ကောက်ချက်ကို သဘောမတူဟု ဆိုသည့်သဘောပင် ။

'ဒါဖြင့်ဒီလိုတွေးလို့လဲရတယ်၊ ပုပုသေးသေးဟာ သမီးငယ်၊ အသက်ဆယ့်ရှစ်နှစ် မကျော်စေရဘူး၊ ကျော်ရင်တော့သွားပြီ မသေးတော့ဘူး၊ မင်းလဲသိပါတယ် နေအောင်စိုးရာ၊ ရုရှားဇာဒဝါရှေ့ဆရေးဆရာကြီး 'ကင်းဒမ်းဝပ်ဒ်'ဟာဆယ့်သုံးကြိမ်တိုင်တိုင် တိုဆီ

www.burmeseclassic.com

www.burmeseclassic.com



က သစ်ခွတွေသွားရှာဖွေခဲ့တာ အမျိုးပေါင်းမရတွက်နိုင်အောင်ပဲ၊ ခုလဲသူ့လမ်းဟောင်းကို နင်းလိုက်လာတဲ့သူ့အဆက်အနွယ် သစ်ခွပါရဂူ တစ်ယောက်ဖြစ်မှာပေါ့ '

မရမ်ဒေါင်ဇင်က သူ့မှတ်ချက်ကို ပို၍ခိုင်မာအောင် ချည်နှောင်ပြန်၏။ ဖြစ်နိုင်ချေလမ်းတော့ရှိပါ၏။ သို့သော် နေအောင်စိုး ဘဝင်မကျနိုင်သေးပါ။ မရမ်ဒေါင်ဇင်နှင့်မငြင်းခုံလိုပါ။

'မှောင်လာပြီ ပြန်ကြစို့ '

တောင်ကြားလမ်းအစနားတွင် ဆောက်ထားသောတဲကို ငုံ့ကြည့်၍အင်ဂျန်ကပြော၏။

ဖွန်ဂန်တောင်ကြားလမ်းမှာ သူတို့ယခုရပ်စကားပြောလျက်ရှိသော နေရာထက်နိမ့်၏။

အားလုံး တဲဆီသို့ရှေးရှု၍ တိတ်ဆိတ်စွာ ဆင်းလာခဲ့ကြ၏။

* * * * *



## အခန်း(၁၅)

ထုထည်ကြီးမားလှသော ကျောက်ပြားကြီးတစ်ချပ်၊ သို့သော် မျက်နှာပြင် ညီညာခြင်းမရှိတော့ပါ။ အဝိုင်းလား၊ လေးထောင့်လား ပီပြင်ခြင်းမရှိတော့ပါ။

အပေါ်ပိုင်း အောက်ပိုင်းနှင့် လက်ဝဲလက်ယာအစွန်းအဖျားများမှာပဲ့ထွက်ကုန်ပြီဖြစ်၏။ မူလက စာကြောင်းရေ အတော်များများ ထွင်းထုထားရှိပုံရ၏။

ယခုမြင်ရသည်ကတော့ အက္ခရာခြောက်လုံးသာဖြစ်၏။ စာလုံးများမှာ သဲလွန်စ တစ်ခုဖြစ်သော်လည်း နေအောင်စိုး ဝမ်းမမြောက်နိုင်ပါ။

နှစ်ပရစ္ဆေဒကြာအောင် နင်းထုရေခဲပြင်အောက် နစ်မြုပ်နေခဲ့ပုံရသော ထိုကျောက်ပြားကြီးမှာ တစ်စုံတစ်ဦး၏ ပယောဂကြောင့် ရေခဲပြင်အောက်မှာ မားမားမတ်မတ်ကြီး ပေါ်ထွက်နေရပါလေ၏။

ယင်းတစ်စုံတစ်ဦးသည် ကျောက်ပြားကြီးအထက် ဖုံးအုပ်လျက်ရှိနေခဲ့သော ရေခဲများကို သေသေချာချာကျကျနန စိတ်ရှည်လက်ရှည် ပေါက်ခွဲဖယ်ရှားပစ်ခဲ့ပုံရ၏။

မကြာသေးမီကမှဖြစ်၏။ ထပ်မံကျရောက်ထားသော နှင်းများပင် ကျောက်ပြားထက်၌ အစုအပုံမဖြစ်သေး၊ မာကျောခြင်း မရှိသေးပေ။

'နေအောင်စိုး၊ ဘာလို့ငိုင်နေတာလဲကွ '

'ဟောဒါကြောင့်ပဲ '

နေအောင်စိုးက ကျောက်ပြားချပ်ကြီးကို မေးငေါ့ပြလိုက်၏။

'စာတွေလား '

www.burmeseclassic.com

www.burmeseclassic.com



'အေး ...'

'အစိပ္ပါယ်ကိုဖတ်ပြဦးလေကွာ'

'အပေါ်ကရေးထားတာ နဂရ၊ အောက်ဟာက စရက'

'မြင့်မိုရ်ရှိုင့်နဲ့များဆက်နွယ်နေမလားပဲ'

'တွေးချင်စရာပေါ့ကွာ...'

'ဒါ... အဘွားဂွန်ပြတဲ့ လက်ကြပ်ထဲကစာမျိုးပဲလား'

'အေး'

'ဟေ... ဘာဖြစ်နေတာလဲနေအောင်စိုး'

'ဘာဖြစ်ရမလဲ မရမ်ဒေါင်ဇင်ရယ် ... စိတ်ပျက်နေတာပေါ့ကွ'

'ဘာဖြစ်လို့ ...'

'အဲဒါကြီးကြည့်လေကွာ၊ တို့နဲ့အကြံတူတဲ့လူက ကျကျနနကြီး သုတ်သင်ရှင်းလင်းကြည့်ထားတာလေကွာ'

မရမ်ဒေါင်ဇင် လက်ဖျောက်တီးလိုက်၏။ သူသဘောပေါက်သွားသည်။

'ဒေါ်အရှင်မ ပုံတူကားခိုးသွားတဲ့ ငနဲတွေပဲဖြစ်မယ် နေအောင်စိုး၊ ဒီကောင်တွေတို့ထက် နောက်တစ်ဖျားသာသွားပြီ'

'နောက်တစ်ဖျားတောင်မကဘူးထင်တယ်'

'နေစမ်းပါဦးလေ ... အကြံတူတယ်ပဲထားလိုက်၊ တို့ကအရင်မြင့်မိုရ်ရှိုင့်ကို မတွေ့ဘူးလို့ ပြောနိုင်မလားနေအောင်စိုး'

'အဲဒါလဲဟုတ်တာပဲ'

ကျောက်ပြားမျက်နှာပြင်အနှံ့ နောက်ထပ်စာလုံးအပဲ့အရွဲ့ကလေးများထပ်မံတွေ့ရနိုးဖြင့် နေအောင်စိုးရှာ၏။ မာကျောသိပ်



သည်းခြင်းမရှိသေးသော ရေခဲများကိုခွာချ၏။ နှံ့နှံ့စပ်စပ် ရှာဖွေပါသော်လည်း စာလုံးခြောက်လုံးမှအပ ထပ်မံမတွေ့ရပါ။

ဗျည်းအက္ခရာချည်းသက်သက် မရေးထားခြင်းဖြစ်၏။ ဝါဋ္ဌိအသုံးအနှုန်းလည်းဖြစ်၏။

လူအမည်လား၊ မြို့အမည်လား၊ သို့မဟုတ် ဂါထာတစ်ပိုဒ်၏အပိုင်းအစလား မသိဖြစ်နေ၏။

'နောက်တစ်လလောက်ဆိုရင် ဒီကျောက်ပြားဟာ ရေခဲပြင်အောက်ပြန်ရောက်သွားဦးမှာပဲ'

ကျောက်ပြားရှေ့တွင် အကျအနထိုင်နေသော မရမ်ဒေါင်ဇင်က စီးကရက်မီးညှိရင်းပြော၏။

နေအောင်စိုးသည် လည်ပင်းမှလွယ်ထားသော ကင်မရာကိုဖြုတ်၍ကျောက်ပြားပေါ်မှ စာများကိုဓာတ်ပုံရိုက်ယူလိုက်၏။

ဓာတ်ပုံရိုက်ပြီး စီးကရက်ထိုင်သောက်ရင်း အင်ဂျန်ကိုစောင့်ကြ၏။

တစ်နေ့တာ ရှာဖွေမှုပြီးဆုံးမှ ကျောက်ပြားပုံကြီးကို လာတွေ့ခြင်းဖြစ်၏။ သူတို့နှစ်ယောက်ကို ထိုနေရာတွင်အစောင့်ခိုင်းပြီး အင်ဂျန်က ကတိုးပစ်ရန်ပြန်ထွက်သွား၏။ မကြာပါဘူးခဏပါ၊ ထောင်ချောက်သွားချရုံလေးဟုဆိုပြီး ယခုတိုင်ပေါ်မလာပါ။

မှောင်သည်အထိ ပေါ်မလာလျှင် တဲသို့ပြန်နှင့်ကြရန်လည်း မှာသွားသေး၏။ လေအေးတိုက်၍နှင်းမှုန်တွေပင် ထင်းရှူးပင်ကိုင်းဖျားများ၌ တွဲလဲခိုသီးလာနေလေပြီ။

'ကတိုးထောင်ချောက်လုပ်ချိန်က တစ်နာရီထားကွာ၊ အမှန်တော့ ဒီလောက်မကြာပါဘူး၊ အင်ဂျန်က ခင်မတန်တွေ့ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဒီကောင် ကတိုးရမှပြန်လာရင်တော့ ဒီကတို့နှစ်ကောင်လဲ သွေးခဲမှာသေချာတယ်၊ ကဲ... ဘယ်လိုလုပ်ချင်သလဲ နေအောင်စိုး '

'ဆက်စောင့်မယ်ကွာ၊ တို့ချည်းပြန်သွားလို့မကောင်းဘူးကွ'

'လုပ်လိုက်လေ '

'ထိုင်နေလို့အပိုပဲ၊ အနီးအနားလျှောက်ကြည့်ရအောင် '

'ကောင်းတာပေါ့ '

ကျောက်ပြားကြီးမှာ ကုန်းမို့မို့ကြီးထိပ်တွင် စိုက်ထူထားခြင်းဖြစ်၏။ ပို၍မြင့်သည့်နေရာသို့ နေအောင်စိုးတို့ တက်လာခဲ့၏။

အင်ဂျန်သွားသည့် မြောက်ဖက်သို့မျှော်ကြည့်၏။ ဆွတ်ဆွတ်ဖြူနေသော ရေခဲတောင်ထွတ်များ၊ အပြာရောင်ထင်းရှူးတောဝါးချုံပုပုကလေးများသာ တွေ့ရ၏။

ရိက္ခာစိုကုန်နေပြီဖြစ်၍ ရိက္ခာတာဝန်ခံ အင်ဂျန်သည် ကတိုးတစ်ကောင် မရမချင်းပြန်မလာမှာ သေချာနေတော့သည်။

'ဆာတယ်ကွာ '

'ငါ့ဘူးထဲမှာ ဖတ်ခါးပဲရှိတော့တယ် နေအောင်စိုး၊ မင်းဆီမှာလဲ ခါလီရိုက်ကနေပြီ မဟုတ်လား '

'အသေချာပဲ၊ ငါ့ဘူးထဲမှာ လာကျားတစ်ငုံစာတောင် မရှိတတ်ဘူး '

'နေဦးခဏ '

'ဘယ်သွားမလို့လဲ '

'ငန်းသိုက်လိုက်ရှာမလို့ '

'ငါလဲလိုက်မှာပေါ့ကွ၊ ဒီမှာဘာထိုင်လုပ်နေရမှာလဲ '

ကျောက်ကမ်းပါးရဲ့တစ်လျှောက် မရမ်ဒေါင်ဇင် လျှောက်ရှာ



နေ၏။ တလောက ထင်းရှာရင်း မရမ်နော်ပစ်သော ငန်းကြီးနှစ်ကောင်မှာ ဒီလိုကျောက်ကမ်းပါးရဲ့ အသိုက်ထဲမှထွက်ပျံလာခြင်းဖြစ်၏။ အသိုက်ကို ကျောက်နံရံများကြားဝှင် လုပ်ထားတတ်ကြ၏။

'ဂစ် ... ဂစ် ... ဂီး ... ဖရူး ... ဗိုး ... '

'ဟ ... ဟ ... ဆော်တယ်ကွ '

မျက်နှာကို လက်ဖြင့်အုပ်ပြီး မရမ်ဒေါင်ဇင်ကိုယ်ကြီး နောက်သို့အနည်းငယ်ယိုင်သွား၏။ အသိုက်ထဲမှ လန့်ဖျန့်ထွက်လာသော ဘဲငန်းဖြူကြီးနှစ်ကောင်မှာ အဝေးဝေးသို့ ရောက်သွားပြီဖြစ်၏။

'ဘာဖြစ်သွားသေးလဲ မရမ်ဒေါင်ဇင် '

'မျက်လုံးကို အတောင်ပံနဲ့ရိုက်မိသွားတာပါကွာ၊ နည်းနည်းတော့အီဆိမ့်သွားတယ်၊ ဟေး ... ကော်တာပဲ နေအောင်စိုး၊ ဆယ်လုံးလောက်ကွ '

ဖြူဖွေးလှပသော ဘဲငန်းဥကြီးများ ဟောတစ်လုံး၊ ဟောတစ်လုံးနှိုက်ယူရင်း မရမ်ဒေါင်ဇင်ဝမ်းသာအားရအော်နေ၏။

'မောင်တော့မယ်၊ ဘယ်လိုလဲ နေအောင်စိုး '

'တို့မှာ မီးတုတ်တွေပါသားပဲကွ '

'ငါက ကိစ္စမရှိပါဘူး '

'ငါလဲ ကိစ္စမရှိပါဘူး '

ဆန်းစ လ ကွေးကလေး၏အလင်းအားမှာပျော့လှ၏။

မရမ်ဒေါင်ဇင်က ဘဲငန်းဥလေးလုံးခွဲပြီး ရေခဲပြင်ပေါ် ချထားလိုက်၏။ ခါးတွင်ချိတ်ထားသော ဝါးဆစ်ဘူးငယ်အတွင်းမှ ဆားနည်းနည်းယူ၍ ဖြူးလိုက်၏။ ပြီးမှ ရေခဲတုံးကလေးများဖြင့် ဖိထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မုဆိုးတစ်ယောက်အတွက် လမ်းပျောက်မှာတော့ မပူရဘူးပေါ့ နေအောင်စိုး၊ နှင်းတွေသိပ်ကျလာရင်သာ ကျင်းမှန်းမသိ ချိုင့်မှန်းမသိ အန္တရာယ်ရှိတာ၊ အခုကျနေတဲ့နှင်းလောက်တော့ အသေးအမွှားပဲ'

ပတ်ဝန်းကျင်မှာ ဝေတိဝေဝါးဖြစ်လာ၏။ လေတိုက်တိုင်း နှင်းမှုန်တွေက လရောင်ဝိုးတဝါးအောက်တွင် လွင့်လျက်ရှိ၏။

'ရော့ ... အဆာပြေပေါ့'

မရမ်ဒေါင်ဇင်ပေးသော ဘဲငန်းဥနှစ်လုံးမှာ ခဲခဲအေးအေးလေးကို နေအောင်စိုးစားကြည့်၏။ မဆိုးလှပါ။ ဘဲဥစိမ်းကိုဖောက်ပြီးရေခဲသေတ္တာထဲ ထည့်၍ခဲထားသလိုပင်။

ဘူးထဲတွင်ကျန်သည့် လာကျားတစ်ငုံစာနှင့် ရေခဲစိမ်ဘဲဥကိုလျှောချလိုက်မှ အဆင်ပြေသွားတော့၏။

'ချမ်းလိုက်တာကွာ၊ ဘူးထဲမှာ ဖတ်ခါးအစား ခေါင်ရည်ထည့်လာမိရင်ကောင်းမှာ'

တောင်ပေါ်သားပင် ညည်းပြီဆိုတော့ မြေပြန့်သားနေအောင်စိုးအတွက် ချမ်းလိုက်သည်မှာ ဆိုဖွယ်ရာမရှိတော့ပါ။

'ဟေး ... ဟိုမှာ'

ဝါးချုံပုလေးများ လှုပ်ယိမ်းခါးယမ်းသွားပြီးနောက် လူတစ်ယောက် နှင်းမှုန်တွေကြားမှ ပေါ်လာ၏။

'အင်ဂျန်'

ဝမ်းသာအားရ ပြိုင်တူအောင်ခေါ်၍ ပြေးသွားမိကြ၏။ ကတိုးတစ်ကောင်ကို ထမ်းလျက်အလွန်မောပန်း နေပုံရသော အင်ဂျန်ကိုတွေ့ရ၏။



'ငါ့ကိုပေး ...'

အင်ဂျန်ကျောပေါ်မှ ကတိုးကောင်ကို မရမ်ဒေါင်ဇင်က ဆွဲပြောင်းထမ်း၏။

'မြန်မြန်လာကြ၊ သူတို့လိုက်လာကြတယ်'

တုံ့ပြန်မေးနေချိန်မရပါ၊ အင်ဂျန်နောက်မှ ဘုမသိဘမသိနှင့် သုတ်ခြေတင်ကြရတော့၏။

'မ ... ရမ် ... နော် ...'

တုံ့ပြန်ထူးသံပေါ်မလာပါ၊ တဲမှာတိတ်ဆိတ်လျက်ရှိ၏။ ဘဲရှေ့မှ မီးပုံကလည်းစောင့်ပြီးထင်း ထည့်မည့်မရှိကြောင်း သက်သေပြနေသည်။ ငြိမ်းစပြုနေလေပြီ'

'ဘုန်း ...'

ကတိုးကောင်ကို ရေခဲပြင်ထက်ပစ်ချလိုက်ပြီး ပခုံးမှသေနတ်ကို မရမ်ဒေါင်ဇင်ဖြုတ်၏။

အင်ဂျန်က မီးဖိုကို သေသေချာချာငုံ့ကြည့်နေ၏။

'လာကြကွာ ... အထဲမှာဘာကောင်မှ မရှိပါဘူး၊ မရမ်နော် အဖမ်းခံသွားရတာပဲ'

'ဟေ ... သေချာလှချည်လား အင်ဂျန်ရ'

'မယုံဘူးလား၊ ဒီမှာကြည့်'

အင်ဂျန်က မီးငြိမ်းနေသော ထင်းစတစ်စကို လက်ညှိုးထိုးပြ၏။ ထင်းစအစွန်းနှစ်ဖက်လုံးတွင် မီးလောင်ကျွမ်းထား၏။

'ဒါကတော့မရမ်နော်နဲ့ ငါနဲ့လုပ်ထားတဲ့အချက်ပြ သင်္ကေတဆိုပါတော့ကွာ၊ ဘေးရန်ကြုံတယ်ဆိုရင် မီးဖိုကထင်းတစ်စကိုယူပြီး ပြောင်းပြန်မီးဆိုက်ပစ်ခဲ့ရတယ်၊ ကိုယ့်သဘောနဲ့ကိုယ် ကိစ္စကြုံလို့

www.burmeseclassic.com

www.burmeseclassic.com

သွားစရာရှိလို့ သွားရမယ်ဆိုရင် ထင်းသုံးစပြောင်းပြန်ဆိုက်ခဲ့၊ အဲဒါ သင်္ကေတပဲ၊ ဒီမှာကြည့် အခုမရမ်းနော်ဆိုက်ပစ်ခဲ့တာ ထင်းကတစ် တည်းပဲ၊ ဒီတော့ သူအလိုမတူပဲ သေးရန်ကြံပြီ အဖမ်းခံရပြီပေါ့ကွာ

တဲထဲဝင်၍ ပစ္စည်းများကို စစ်ဆေးကြည့်ကြ၏။ အားလုံး ပြောင်းဆန်အောင် မွှေနှောက်ထားသော်လည်း နေအောင်စိုး၏ မှတ်စု စာအုပ်မှလွဲ၍ ပျောက်ဆုံးခြင်းမရှိပါ။

'သွားပါပြီကွာ ... အဲဒီထဲမှာ ငါကောက်မိထားတဲ့ သဲလွန်စ တွေပါသွားတယ်၊ မှတ်စုစာအုပ်ပေမယ့် နေ့စဉ်မှတ်တမ်းလဲ ဟုတ် တယ်ကွ '

'တခြားအရေးကြီးတာကော ဘာပါသေးလဲ '

'မရမ်းဒေါင်ဇင် ပို့လိုက်တဲ့ဒေါ်အရှင်မ ပုံတူပန်းချီကား ဓာတ်ပုံ၊ အဘွားဝွန်ပြတဲ့ လက်ကြပ်ပုံ၊ ပြီးတော့ မဟာဝီရသခင်ရဲ့ လုံလျှင်း ရွှေပုဏ္ဏမိအိမ်ကြီးပုံ၊ မြေတိုက်ကြီးထဲက တွေ့တဲ့ရုပ်တုပုံ'

'အားလုံး ဓာတ်ပုံချည်းပဲပေါ့ '

'ဟုတ်တယ် ... မရမ်းဒေါင်ဇင် '

'ရုပ်တုတော့ ပါမသွားဘူးနော် '

'ဘယ်ပါမလဲ၊ ငါသွားလေရာ ကျောပိုးအိတ်ထဲ ထည့်ယူ သွားတဲ့ဥစ္စာ '

'ဒီကောင်တွေ ဘာရှာတာပါလိမ့် '

'အင်ဂျန်ပြောတဲ့ အကောင်တွေပဲလားမသိဘူး '

'ဟုတ်တယ် ... နေဦး ငါအင်ဂျန်မေးကြည့်ဦးမယ် '

'ဖြည်းဖြည်းပေါ့ နေအောင်စိုးရာ၊ သူ့အလုပ်ရှုပ်နေတယ်၊ ငါသွားကူလိုက်ဦးမယ် '



နေအောင်စိုးက ပြန့်ကျဲနေသော ပစ္စည်းများကို သိမ်းဆည်း နေရစ်ပြီး မရမ်းဒေါင်ဇင်က ကတိုးဖျက်နေသော အင်ဂျန်အား သွား ရောက်ကူညီ၏။

'ကတိုးက ငါထောင်ချောက်လုပ်လို့ မပြီးခင်မြွေတစ်ပစ် လောက်ကဖြတ်ပြေးတာကွ၊ ဘာရမလဲကွာ ဒူးလေးဆွဲပြီး ငါလဲလိုက် တော့တာပဲ၊ ထောင်ချောက်ကို သတိမရတော့ဘူး၊ ဟိုး ... အဝေး ကြီးရောက်သွားတာပေါ့ကွာ၊ အဲဒီမှာ မိုးကာတဲတစ်လုံး ငါတွေ့ လာတာ '

မရမ်းဒေါင်ဇင် မမေးခင် အင်ဂျန်ကဖြစ်စဉ်ကိုပြောပြနေ၏။

'ဘယ်လိုလူတွေဆိုတာတော့ ငါလဲမသိဘူး၊ တို့လိုပဲသူတို့ လဲ တစ်ခုခုလာရှာနေတာပဲကွ၊ မြေပုံကြီးဖြန့်ပြီး စကားပြောနေကြ တာပဲ၊ ငနဲတွေစိတ်ဆိုးနေကြတယ် '

'ဘာကိုစိတ်ဆိုးနေတာလဲ '

'လူတစ်ယောက်ယောက်ကိုပေါ့ကွာ၊ ဟိုကောင်ကြောက် ပြေးပြီလား မသိဘူးတဲ့၊ သွားတာနှစ်ရက်ရှိပြီ၊ ခုထိပြန်မလာဘူးတဲ့'

'မင်းတွေ့တာ နှစ်ယောက်တည်းလား '

'နှစ်ယောက်တည်းပဲ '

'နေပါဦး အင်ဂျန်ရ၊ သူတို့ရှာနေတာ ဘာဖြစ်မယ်လို့ မင်း ထင်သလဲ '

'ဘုရားဖြစ်လိမ့်မယ်ကွ '

'မင့်ဟာကသေချာလို့ချည်လား '

'သေချာပါတယ်ကွာ၊ မဟာအတုလ... တြိ... လော... ဏ... သ... ရ... ဖု ... ဆိုတာဘုရားဘွဲ့တော်ပဲကွ

www.burmeseclassic.com

အင်ဂျန်က ပီပီသသလေးလေးပင်ပင် တစ်လုံးချင်းရွတ်ပြ ၏။ တိဗက်လူမျိုးများမှာ မဟာယာနဂိုဏ်းဝင်ဗုဒ္ဓဘာသာများ ဖြစ်ရာ ဘုရား၏ဘွဲ့တော်ကို အင်ဂျန်ပီပီသသ ပြန်လည်ပြောပြနိုင်ခြင်း အတွက်အံ့သြစရာမရှိပါ။

'အဲဒီဘုရားက ဒီဘက်မှာရှိလို့လားအင်ဂျန်'

ပစ္စည်းများနေရာတကျထားပြီး၍ အပြင်ထွက်လာသည့် နေအောင်စိုးက မေး၏။

'တစ်ခါမှတော့မကြားမိဘူး'

'အဲဒီလူတွေဟာ မင်းလိုရှေးဟောင်း သုတေသနသမား တွေလားမှ မသိတာ နေအောင်စိုး'

'ဖြစ်နိုင်ပါတယ်၊ ဒါနဲ့မင်းကဘာဖြစ်လို့ မောကြီးပန်းကြီး ပြေးလာရတာလဲ အင်ဂျန်'

'မပြောပါနဲ့တော့ကွာ၊ ငါချောင်းတာရိပ်မိသွားပြီး သေနတ် ဆွဲတော့ ငါ့လဲဘာနေမလဲ ပြေးရတာပေါ့ကွာ၊ ပြေးရင်းလွှားရင်း ကတိုးကြီးနဲ့တိုးပြန်တော့ မနေနိုင်ပြန်ဘူးလေ၊ ပစ်မိသေးတာပဲကွ အဝေးကြီးက ထမ်းပြေးလာရလို့ မောနေတာပေါ့၊ ပြီးတော့ ...တို့ သေနတ်သမားကလဲ လိုက်လာနေတယ်လေ'

'ကဲ ... ဘာမှချက်မနေတော့ပါဘူး၊ အချိန်လဲမရှိဘူး၊ ဒီည စာတော့ ကတိုးသားကင်နဲ့ ဖတ်ခါးပဲနေအောင်စိုးရေ၊ ဖြစ်တယ် မဟုတ်လား'

'ဖြစ်ပါတယ် မရမ်ဒေါင်ဇင်ရာ၊ ငါလဲစားချင်စိတ် မရှိပါဘူး အင်ဂျန်လဲမောရှာမှာပေါ့'

စားသောက်ခြင်းကိစ္စကို အမြန်ဆုံးအပြီးသတ်၍ တဲထဲဝင်



ကွေးကြရတော့၏။ ယနေ့ညခါတိုင်းထက် အအေးပို၏။ နှင်းတွေ အဆုပ်လိုက်အခဲလိုက်ကျ၏။

နေအောင်စိုးအိပ်မပျော်ပါ။

တွေးစရာတွေများနေ၍ဖြစ်၏။

မရမ်နော်ကိုမည်သူဖမ်းသွားသနည်း ။

အဘယ့်ကြောင့်ဖမ်းအံ့နည်း ။

အင်ဂျန်တွေ့ခဲ့သော လူများကကော

အဘယ်ကလူများနည်း ။

ပြီးတော့ ...

မဟာအတုလတြိလောကသရဖူ

'အတုလပန်းသီးဆိုတာဘာလဲကွနေအောင်စိုး'

'ဘာပြောတယ်'

သူ့ဘယ်ဘက်ဘေးတွင် အိပ်သောအင်ဂျန်က ရုတ်တရက် မေးလိုက်သဖြင့် နေအောင်စိုး လန့်သွားသည်။

'အတုလပန်းသီးတဲ့'

နေအောင်စိုး ထထိုင်မိတော့၏။

'ဘယ်သူပြောတာလဲ အင်ဂျန်'

'ဟိုလူနှစ်ယောက်ပြောနေတာကွ'

မရမ်ဒေါင်ဇင်ပါ ထထိုင်၏။

'ဟ ... တို့သုံးယောက်လုံးဘယ်သူမှ မအိပ်ကြပါလားကွ'

အတုလ.....

ထိုအသုံးအနှုန်းကို ရွှေပုဏ္ဏာမီအိမ်ကြီးမှာတုန်းက ကြားခဲ့ ဖူး၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

အတုလပန်းသီးမဟုတ်ပါ။

အတုလပတ္တမြားကြီးသုံးလုံးဟုဆိုပါ၏။

'ဟော့ ... တို့အကုန်အိပ်လို့မဖြစ်ဘူး၊ တစ်ယောက်ကို နှစ်နာရီအိပ်မယ်၊ တစ်ယောက်စောင့် နှစ်ယောက်အိပ်၊ ဘယ့်နှယ်လဲ နေအောင်စိုး'

'ကောင်းတယ်၊ ငါအရင်စောင့်မယ်၊ မင်းတို့နှစ်ယောက် အိပ်တော့ ...'

'နှစ်နာရီပြည့်ရင် ငါ့ကိုနှိုးနော်၊ အင်ဂျင်ကိုမနှိုးနဲ့၊ ဒီကောင်ပင်ပန်းလာတာ'

မရမ်ဒေါင်ဇင်က မှာနေ၏။

'အေးပါ ... အိပ်စမ်းပါ'

ထင်းရှူးကိုင်း အလောတော်များဖြင့် ခမ်းကြမ်းကြမ်းပြု လုပ်ထားသည့် သုံးယောက်အိပ် အိပ်စင်မှ နေအောင်စိုး ဆင်းလိုက်၏။ ဖယောင်းတိုင်ကြီးတစ်တိုင်ထွန်းပြီး တဲတံခါးကိုသွားကြည့်၏။ နှင်းပေါက်များ ကြမ်းတမ်းစွာရိုက်ပုတ်နေသဖြင့် သားရေတံခါးမှာ လှုပ်ခါလျက်ရှိသည်။

ထင်းရှူးကိုင်းများဖြင့် ထုပ်တန်းများသဖွယ် အခိုင်အခံ့ထိုးတင်မထားပါက ကျဆင်းလျက်ရှိသော နှင်း၏အလေးချိန်ကြောင့် သားရေတဲခေါင်မိုးချွန်ကြီးမှာ အောက်သို့အိတ်ခွဲပြိုကျ ပြားချပ်သွားနိုင်ပါ၏။

ကင်းတာဝန်ကို ထမ်းဆောင်ရင်းအတွေးပေါင်းများစွာ ခေါင်းထဲဝင်လာနေ၏။ ရရှိပြီးသော သဲလွန်စများကို ပြန်လည်စိစစ်



ဖို့လိုအပ်လာ၏။ သို့သော်သဲလွန်စများမှာ ပြေပြစ်ညီညာခြင်းမရှိ၊ ကွင်းဆက်များပြတ်နေ၏။ ကစဉ့်ကလျားနိုင်နေ၏။ မနေမနား ခရီးသွားမှ ပြတ်နေသောကွင်းဆက်များ ချိတ်ဆက်မိလာ၏။ ဖြစ်နိုင် လျှင် ညဘက်ပါခရီးသွားလိုက်ချင်ပါသည်။

ဘယ်လိုမှတော့ မဖြစ်နိုင်။

သူ့ဆန္ဒစောနေခြင်းသာဖြစ်၏။ ရှာဖွေရသည့်အလုပ်သည် အထူးစိတ်ရှည်ရမည်မှာ ပြောစရာပင်မလို၊ စိတ်ရှည်ရမည်၊ ဇွဲရှိရ မည်၊ အပင်ပန်းခံနိုင်ရပါမည်။

ထို့နောက် မဟာဝီရအရှင်၏ ရုပ်တုနှင့်ပတ်သက်သည့် အကြောင်းအရာများ ...

ကင်းချိန်စေ့သွားသည်ကိုပင် သတိမထားမိ ။

မရမ်ဒေါင်ဇင်အသံပြုမှ အတွေးဝက်ပါထဲက လွတ်မြောက်လာ၏။

'ငါမအိပ်ချင်သေးပါဘူးကွာ'

'အိပ်မှဖြစ်မယ်ကိုယ့်လူ၊ မရမ်နော်ကို လိုက်ရှာရမှာနဲ့၊ မနက်ကိုခရီးဆက်မှာနဲ့'

'ရပါတယ်ကွာ'

'အိပ်တော့ကွာ၊ မပျော်လည်းလှဲနေ'

မရမ်ဒေါင်ဇင်နှင့် ကင်းတာဝန်လဲလိုက်ပြီး အိပ်ရာထဲဝင်ကွေးနေသည့်တိုင် မျက်စိကကြောင်နေသည်။ အတော်ကြီးကြာမှ မှေးကနဲအိပ်ပျော်သွားတော့၏။

*****

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

ညကကျဆင်းထားသော နှင်းများမှာ ရေခဲထုများအဖြစ် ဖွေးဖွေးဆွတ်၍နေသည်။

ယနေ့စခန်းမပြောင်းဖြစ်သေးပါ၊ မရမ်ဒေါင်ဇင်က တဲစောင့်ကျန်ရစ်မည်၊ နေအောင်စိုးနှင့် အင်ဂျန်က မရမ်နော်အား လိုက်၍ရှာကြရပါမည်။ မနေ့က မတော်တဆရောက်ခဲ့သော နေရာသို့ အင်ဂျန်ကဦးဆောင်သွားလျက်ရှိသည်။

မကြာမီ ထိုနေရာသည့် အလွန်ချောင်ကျကြောင်း တွေ့ရတော့၏။ သို့စေကာမူ မိုးကာတဲကိုသော်လည်းကောင်း၊ လူများကိုသော်လည်းကောင်း မတွေ့ရတော့ပါ။

'ရော... မြေလျှိုးကုန်ပြီလား၊ မိုးပျံကုန်ပြီလား၊ အင်ဂျန်ဟာ ဘယ်တော့မှ မျက်စိမလည်တဲ့ကောင်ပါကွာ '

'မင့်ကောင်တွေ စခန်းပြောင်းသွားတာပဲ အင်ဂျန်၊ ဒီမှာလေ မိုးကာတဲချည်တဲ့ ငုတ်တွေစိုက်တဲ့နေရာ '

'ဟုတ်ပြီ၊ ဟိုး... က ဥစ္စာကမီးဖိုတဲ့နေရာပဲ၊ ပြောင်အောင်ရှင်းသွားတာ ဘာသဘောလဲ '

'ခြေရာဖျောက်တဲ့သဘောပေါ့၊ ငုတ်စိုက်ရာတွေတောင် ကျောက်တုံးနဲ့ဖိခဲ့သေးတာပဲ '

'ညတွင်းချင်းတော့ ပြောင်းမသွားနိုင်ဘူးကွ၊ ဒီမနက်ကျမှ လစ်ကုန်တာဖြစ်မယ်၊ တို့ကဒီကိုအလာ သူတို့ကလဲအထွက်ဖြစ်မယ်'

ထူးခြားမှုမရှိသဖြင့် ထိုနေရာမှထွက်ခွာလာကြတော့သည်။

သွားရင်းလာရင်း 'ဗီမာန်'ပျက်များကို ရှာ၏။ အရုပ်တွေထွင်းထုထားသည်ဆိုသော လှိုဏ်ဂူကိုရှာ၏။



'ရေခဲတွေဖုံးနေတဲ့အချိန် ဖြစ်တော့တွေ့ဖို့မလွယ်ဘူး၊ မေ၊ နှန် လောက်ကျလို့မရတော့ဘူး၊ နေအောင်စိုးရှာနေတဲ့ မြို့ဟောင်းဟာ တိတိကျကျ သိရင်လဲကောင်းမှာပဲကွ၊ တို့အဘွားပြောတာကတော့ ဟုန်လာလခါး ဘက်မှာမြို့ဟောင်းတစ်မြို့ ရှိခဲ့ဖူးတယ်၊ တို့ဘိုးဘေးအဆက်တွေထဲ က တစ်ယောက်တောင် အမှုထမ်းခဲ့ဖူးတယ်၊ သိပ်သေချာတဲ့သတင်းတစ်ခုပဲ နေအောင်စိုး၊ ရှမ်ခူးဝမ်ဘက် အရင်သွားကြည့်ဖို့ ကောင်းတယ်၊ ငါ့သဘောပြောတာပါလေ '

နေအောင်စိုး စဉ်းစားရတော့၏။

သူ့ရဲကောင်းတံဆိပ် လက်ကြပ်ထဲမှ အိန္ဒိယတောင်ပိုင်းအက္ခရာများကို အမိကထား၍ ဤနေရာတစ်ဝိုက်သို့ လာရောက်ခြင်းမှာ မှားလေပြီလား ။

မရမ်ဒေါင်ဇင် စုဆောင်းထားသော သဲလွန်စများအနက် မြို့အဝင်မုခ်ဦးကြီး၌ ကြီးမားသော ကျောက်ပြားကြီးတစ်ချပ် စိုက်ထူထားသည့် မြို့ပျက်ကြီးတစ်မြို့ အမှန်ရှိခဲ့ဖူးကြောင်း၊ ကျောက်ပြားပေါ်တွင် အင်မတန်ရှေးကျသော စာလုံးများကို ရှည်လျားစွာထွင်းထုထားကြောင်း... ။

သို့သော်နေရာအတိအကျမသိရ ။

နေ့အောင်စိုးရှာဖွေနေသည်မှာ ယင်းကျောက်ပြားကြီးဝင်ဖြစ်ပါ၏။ တွေ့တော့တွေ့ပါသည်။ ကျိုးပဲ့ပျက်စီးလျက် ရှိနေပေပြီ၊ စာများလည်း ရေးထွင်းထားပါသည်။

သို့သော် ဗျည်းအက္ခရာခြောက်လုံးမျှသာတည့်၏၊ မူလကတည်းက ခြောက်လုံးတည်းတော့ မဖြစ်နိုင်ပေ၊ ရာသီဥတုဒဏ်ကြောင့် ကျိုးပဲ့ပျက်စီးသည့်အပိုင်းထဲတွင် ပါသွား၍လည်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းစရာရှိ၏။

'ပိုက် ... အ ... '

တစ်စုံတစ်ခုကို ခလုတ်တိုက်၍ နေအောင်စိုး နှင်းပြင်ထဲ မှောက်လျက်လဲကျသွား၏။ လျှင်မြန်သော အင်ဂျန်ကနောက်မှနေ၍ ခြေထောက်များကို ဖမ်းဆွဲလိုက်သည်။

ရုတ်တရက် မွန်းကျပ်သွားပြီးနောက် နေအောင်စိုး၏ ကိုယ် အထက်ပိုင်းမှာ နှင်းထုထဲခေါက်ထိုးမှောက်လျက်ရှိနေ၏။ အင်ဂျန် က အားစိုက်၍ဆွဲထား၏။ သူလည်းရှေ့မတိုးရဲပါ၊ ရောက်သည့်နေ ရာတွင်ပင် ခြေကန်၍ရပ်ပြီး နေအောင်စိုးအပေါ်ပြန်ရောက်ရန် အား ထုတ်နေရခြင်းဖြစ်ပါသည်။ ခဏကြာမှ နေအောင်စိုးရေခဲပြင်ပေါ်သို့ ပြန်လည်ရောက်ရှိခဲ့သည်။

ရေခဲပြင်ထဲကျွံဝင်ဝင်ချင်း အင်ဂျန်က ကယ်တင်နိုင်သဖြင့် နေအောင်စိုး မှာ အထိအခိုက်တစ်စုံတစ်ရာမရှိပါ။

'အင်ဂျန် ... အောက်မှာတစ်ခုခုရှိတယ်'

'မင်းကျတဲ့တွင်းအောက်မှာလား'

'ဟုတ်တယ်၊ ငါ့လက်နဲ့တစ်ခုခုကိုစမ်းမိတယ်'

'ဘာဖြစ်မလဲဟင် ... နေအောင်စိုး၊ လူတစ်ယောက်ယောက် များ ...'

'သေချာတာပေါ့၊ လူတစ်ယောက်ပဲ'

နှစ်ယောက်သား ရေခဲပြင်ကိုစူးစမ်းသည့်အကြည့်ဖြင့် အတန်ကြာအောင် ကြည့်ကြ၏။ နေအောင်စိုး ကျွံဝင်သွားသဖြင့် တွင်းဝဖြစ်၍လာသည့် နေရာတွင်လေ့လာကြ၏။ နှင်းပြင်ပေါ်သို့ လက်နှစ်သစ်ခန့် ထိုးထွက်နေသော လက်ကိုင်တုတ်အဖျားပိုင်းကို



တွေ့ရ၏။

'ငါ့လက်နဲ့ထိမိတာ ဒီလက်ကိုင်တုတ်က အဖုအထစ်တွေ ဖြစ်မယ်'

အင်ဂျန်က ဆတ်ခနဲခေါင်းတစ်ချက်ညိတ်လိုက်ပြီး ရှေး ဟောင်းမြို့ရှာဖွေရေးအဖွဲ့၏ အဓိကအသုံးအဆောင်ဖြစ်သော ရေခဲခွဲ ပုဆိန်ကို လွှဲမြှောက်လိုက်၏။ သတိကြီးစွာထား၍အပေါ်ယံ ရေခဲထု များကိုဖယ်ရှား၏။ မာကြောနေသော ရေခဲထုများကိုခွဲ၏။

ကြိုးပမ်းမှု၏ရလဒ်မှာ လူတစ်ယောက်၏ အသက်ပင်ဖြစ် တော့၏။

'မရမ်နော်ကိစ္စအသာထားပြီး ဒီလူကိုပြုစုဦးမှဖြစ်မယ်၊ အင်ဂျန်ရေ ပြန်ကြစို့'

* * * * *

'ဒါဘာလဲ နေအောင်စိုး'

'ဓာတ်ပုံ ...'

'မိန်းမလှတစ်ယောက်ပါလား'

'ဟုတ်တယ် ... မိန်းမလှတစ်ယောက်ပဲ'

'နောက်မှာ ပုံစာပါတယ်'

ဓာတ်ပုံနောက်ကျောမှစာကို မရမ်ခေါင်ဇင်က အသံထွက်ပြီး ဖတ်လိုက်၏။

'ရေခဲပြင်အောက်မှအလှ'

'ဟ ... ဘယ်လိုလဲ၊ ရေခဲပြင်အောက်မှာ ဒီမိန်းမဟာတကယ်

www.burmeseclassic.com

www.burmeseclassic.com



ပဲနေသလား '

'ဟော ... ဟိုလူရောက်သွားပုံမျိုးဆိုရင်ကောကွာ '

အိပ်စင်ပေါ်တွင် ယခုတိုင်သတိမရသေးသော လူစိမ်းကို အင်ဂျန်က မေးငေါ့ပြ၏။

'ဒီနံဘေးကဟာတွေက ပန်းတွေပါလား '

'ဟုတ်တယ်... သစ်ခွတွေပဲ၊ ပန်းတွေဝိုင်းထားပုံထောက် တော့ ဒါဟာအင်ဂျန်ပြောသလို ရေခဲအောက်ကို မတော်တဆ ရောက် ပြီး သေဆုံးတာမဖြစ်နိုင်ဘူး '

'ဘယ်သူက သေတယ်ပြောလို့လဲ '

ပဟေဠိဖြစ်စေသည့် ထိုဓာတ်ပုံမှာ လူစိမ်း၏ပစ္စည်းများထဲ မှ တစ်ခုဖြစ်၏။

'၁၁-ရာစု' သို့ဓာတ်ပုံတစ်ပုံ၊ စာအုပ်တစ်အုပ်နှင့် မြေပုံ တစ်ချပ်လာရောင်းသည့် ထွန်းမင်းဆိုသောလူကို နေအောင်စိုး ပြန်လည်မြင်နေမိ၏။ စာအုပ်ထဲတွင်ပါသော ခေါင်းစဉ်သုံးခုအနက် တစ်ခုမှာ 'ရေခဲပြင်အောက်ကအလှ'ပါတဲ့ ...၊ ဟော... အခုဓာတ်ပုံ နောက်ကျောတွင်လည်း ထိုနာမည်ပဲဖြစ်နေ၏။ စိတ်ဝင်စားစရာ ကောင်းလိုက်ပါဘိ ။

'စိန်လို၊ ရေခဲလိုတောက်ပြောင်တဲ့အရာထဲမှာ စနစ်တကျ ထည့်ထားတဲ့ မိန်းမလှတစ်ယောက်ရဲ့ ခန္ဓာကိုယ်ပဲကွ '

မှန်ဘီလူးဖြင့်ဓာတ်ပုံကို အတန်ကြာအောင် ကြည့်နေသော နေအောင်စိုးက ကောက်ချက်ချ၏။

'အဲဒီထိတော့ ငါသဘောမပေါက်ဘူး၊ အေးလေ ... တို့ဟာ မင်းလိုသမိုင်းသုတေသီမဟုတ်တော့ မခန့်မှန်းတတ်ဘူးပေါ့ကွာ၊



မင်းပြောတာ ဟုတ်နိုင်ပါတယ် '

ငဖဲမှ ဦးဇင်းပေးပို့သော ပုရပိုဒ်တွင် ဗိုလ်မင်း မင်းရဲပျံချီ သည် 'နမ်းယွန်း' မှခွဲထွက်၍ မြောက်ဖက်သို့သွားသည်ဟု ရေးသား ပါရှိ၏။ ထိုလမ်းကြောင်းတွင် 'မြို့ပျက်ကြီး' ကိုတွေ့ခဲ့ရသည်ဟု ဆိုထား၏။ ယင်းအဆိုအရ မြို့ဟောင်းမှာ နေအောင်စိုးတို့ ယခု ရောက်နေသော 'ဖွန်ဂန်' တစ်ဝိုက်တွင် မဖြစ်နိုင်တော့ချေ။

'ဒါကကော ဘာဖြစ်မယ်ထင်သလဲ '

လူစိမ်း၏ပစ္စည်းများထဲမှ စာခေါက်ထူထူတစ်ခေါက်ကို ခရမ်းဒေါင်ဇင်က ဖြန့်ကြည့်ရင်းမေး၏။ နေအောင်စိုး ယူကြည့်ရာ အနားသတ်မျဉ်းမပါသည့် ကောက်ကြောင်းများကိုတွေ့ရ၏။

၁၉၃၁၅

မေယုချိုင့်

၁၉၁၆၁

'ဒါ ... မြေပုံပဲ ... '

မပြည့်စုံသည့် မြေပုံအတွင်း တြိဂံနှစ်ခုကြားရှိ 'မေယုချိုင့်' ဟူသော စာလုံးသုံးလုံးက နေအောင်စိုးအား ခြောက်လှန့်နေတော့ သည်။

'စာလဲရေးမထားဘူး၊ ဒါပေမယ့် ငါသိတယ်ထင်တာပဲ '

'မင်းမသိရင် ရှက်စရာဖြစ်သွားမှာပေါ့၊မရမ်းဒေါင်ဇင်ရေ '

'စဉ်းစားစမ်းပါ၊ ၁၉၃၁၅ ဆိုတာဘာလဲ '

ခေတ္တမျှတော့ မရမ်းဒေါင်ဇင်တွေဝေသွား၏။ စဉ်းစားနေ မိ၏။

www.burmeseclassic.com



'ငါသိပြီကွ၊ အပေါ်ကြိုဂ်က ခါကာဘိုရာဇီပဲကွ၊ ၁၉၃၁၅ ဆိုတာ တောင်ကြီးရဲ့အမြင့်ပေပဲ၊ တစ်သောင်းကိုးထောင်သုံးရာ တစ်ဆယ့်ငါးပေ'

'ဟုတ်ပြီ... အောက်ကဟာကကော'

'အောက်ကနည်းနည်းသေးတဲ့ကြိုဂ်က ဂန်လန်ရာဇီပဲ၊ ဒီမှာရေးထားတဲ့ ၁၉၁၆၁ဆိုတာက အမြင့်ပေ တစ်သောင်းကိုးထောင် တစ်ရာခြောက်ဆယ့်တစ်ပေ'

'အလယ်မှာရေးထားတဲ့ မေယုချိုင့်ဆိုတာကကော'

'အဲဒါတော့ငါလဲမသိဘူး၊ မင်းအလှည့်ပဲနေအောင်စိုး'

နေအောင်စိုး သက်ပြင်းချမိ၏။

မေယုဆိုသည်မှာ တစ်နည်းအားဖြင့် မြင့်မိုရ်တောင်ဝင် မဟုတ်ပါလား ။

အာကာကိုလွှာပုံပြုပါလို့ မေယုကိုတဲ့စုတ်တံချီ ဟုရေးဖွဲ့ကြသည့် မေယုမြင့်မိုရ်တောင်ကြီးပင်ဖြစ်ပါ၏။

မေယုချိုင့်ဆိုထားသဖြင့် မြင့်မိုရ်ချိုင့်ပဲဖြစ်၏။ မြင့်မိုရ်ချိုင့်ဝှမ်းပင်တည်း။

စိတ်ပျက်လက်ပျက်ဖြင့် နေအောင်စိုးခေါင်းခါပြလိုက်မိတော့၏။

'ကောက်ကောက်ကွေ့ကွေ့ တွေကတော့ မြစ်တွေချောင်းတွေပဲ နေအောင်စိုး၊ ဟောဒီလို ...'

ဘောလ်ပင်တစ်ချောင်းဖြင့် မရှမ်ဒေါင်ဇင်က စာမပါသော ကောက်ကြောင်းအသီးသီးတွင် ရေးခြစ်ပြီး နေအောင်စိုးက နယ်နိမိတ်မျဉ်းကြောင်းနှင့် တောင်များကိုပါဖြည့်စွက် ရေးခြယ်လိုက်ရာ



ပြီးပြည့်စုံသော မြေပုံကြမ်းတစ်ခု ဖြစ်လာခဲ့တော့၏။

'မြေပုံအသေးစိတ်တော့ မဟုတ်ဘူး၊ တို့တွေအတွက် က တော့ ဘယ်နေရာ ဘာရှိတယ်ဆိုတာ ရှင်းနေဟာပါပဲ၊ ဒီနေရာတွေက ရှမ်ခူးဝမ်ရဲ့ အထက်ဖက်အတော်ကျတယ်၊ မြောက်စွန်းမှာပဲ'

အင်ဂျန်ကပြော၏။

နေအောင်စိုး၏ ရှင်းနေသည့်အတွေးများထဲသို့ အရှုပ်အထွေးတွေဝင်ရောက်စပြုလာနေ၏။ သူ့ဒုတိယခရီးစဉ်ရှမ်ခူးဝမ်ကို ဖျက်၍ မလောင်ဝမ်မြစ်ဖျားသို့ ပြောင်းရတော့မည်လော ။

ခါကာဘိုရာဇီမှာ မြန်မာပြည်တွင် အမြင့်ဆုံးတောင်ဖြစ်နေ၍ မြင့်မိုရ်တောင်ကြီးနှင့် တင်စားပမာပြုထားပြီး သုံးနှုန်းခေါ်ဝေါ်ခြင်းပေလော ။

မြေပုံတွင်ခါကာဘိုရာဇီနှင့် ဂန်လန်ရာဇီစပ်ကြားကို မေယုချိုင့်ဟု အထင်အရှားရေးထားသည် မဟုတ်လော ။

တပင်တပန်း စုဆောင်းခဲ့ရသော မူလသဲလွန်စများမှာ အခြေအမြစ်မရှိသည့် ကောလဟာလတွေဖြစ်ကုန်ပြီလေ ... ။

'အင်း ... ဟင်း ... ဟင်း ...'

လူစိမ်းထံမှ ညည်းသံကြောင့် နေအောင်စိုးအတွေးပြတ်သွား၏။ မချစ်ဥနှင့်ပျားရည် ရောစပ်ထားသော ခေါင်ဦးရည်ကို လူစိမ်းပါးစပ်ထဲသို့ အင်ဂျန်ကတစ်စက်ချင်း ချပေးနေ၏။

'သူ့မှတ်စုထဲမှာ ရေးထားတဲ့အတိုင်းဆိုရင် ဒီလူ့နာမည်ဟာ ခက်ဗန်ပဲ'

မရှမ်ဒေါင်ဇင်က ပြောနေစဉ်မှာပင် လူစိမ်း၏ မျက်ခွံများအာ ပွင့်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



'သတိရပြီလား ကိုခက်ဖန်၊ခင်ဗျားနှစ်ရက်တိတိ အပြင်းဖျား ပြီးသတိလစ်နေတယ်ဗျ၊ ကျွန်တော့်နာမည်ကတော့ မရမ်ဒေါင်ဇင်၊ သူက နေအောင်စိုး၊ ဟောဒီဘက်ကတော့ အင်ဂျန်တဲ့'

လူစိမ်းကဖြည်းညင်းစွာ ခေါင်းညိတ်၏။ နှုတ်ခမ်းများကို လျှာဖြင့်သိမ်းနေ၏။

'နည်းနည်းလောက် ထူပေးပါဗျာ၊ ရင်ထဲမှာ ချမ်းလွန်းလို့ တစ်ဝကြီးသောက်ပစ်ပါရစေ'

အင်ဂျန်ကထူပေး၏။ လူစိမ်းက ခေါင်ရည်ဘူးကို လက်နှစ်ဖက်ဖြင့် စုံကိုင်ပြီး အငမ်းမရသောက်မျိုနေ၏။ ဘူးတစ်ဝက်ကျိုးသော်လည်း မရပ်ပါ။

'သိပ်များသွားပြီ'

ဘူးကိုမရမ်ဒေါင်ဇင်ကဆွဲယူလိုက်၏။

'ကျေးဇူးကင်ပါတယ်ဗျာ၊ ကိုယ့်နာမည်ခက်ဖန်ပါ၊ ဟုတ်ပါတယ်'

'ဘယ်လိုဖြစ်တာလဲ'

'ရေခဲပြင်ထဲမှာ လျှောက်လာတုန်း တွင်းတစ်ခုထဲ နစ်ဝင်သွားတာပဲ သိလိုက်ပါတယ်ဗျာ'

'ဘယ်နေ့ လောက်ကလဲ'

ခက်ဖန်က သူတွင်းထဲကျွံကျသည်နေ့ရက်ကို ပြော၏။လွန်ခဲ့သည့်လေးရက်ခန့်က ဖြစ်နေ၏။

'ခင်ဗျားကို ဒီခေါ်လာတာ နှစ်ရက်ရှိသွားပြီ၊ ဒါဆိုခင်ဗျား တွင်းအောက်မှာ နှစ်ရက်ကြာခဲ့တာပဲ၊ ဘယ်လိုလုပ်ပြီး လေကိုခင်ဗျား ရှူနိုင်သလဲ၊ ကျွန်တော်စဉ်းစားမရဘူး'



နေအောင်စိုးကဝင်မေး၏။

'ဒီလိုပါ၊ ကျွန်တော်ကံကောင်းသွားတာပါ၊ ရေခဲပြင်ထဲ ကျွံကျသွားတဲ့ ပထမညမှာ နှင်းသိပ်မကျဘူး၊ ကျွံဝင်တဲ့နေရာဟာ ဟင်းလင်းဖြစ်နေလို့ ကောင်းကင်ကိုမြင်နေရတယ်၊ ကျွန်တော်လဲ သတိမလစ်သေးပါဘူး၊ ဒုတိယညမှာ နှင်းကျပါတယ်၊ တွင်းဝလဲ နှင်းတွေပိုပြီးပိတ်သွားပါတယ်၊ အဲဒီညမှာပဲ ထင်ပါရဲ့ သတိလစ်သွားတာ'

'အောက်ရောက်တော့ မလှုပ်ရှားနိုင်တဲ့အကြောင်းရှိရမယ်'

မရမ်ဒေါင်ဇင်ကထင်ကြေးပေး၏။

'သူ့ဒူးပဲပေါ့၊ ရောင်ကိုင်းနေတာပဲ၊ အထဲမှာ တစ်ခုခုဖြစ်သွားတယ်'

အင်ဂျန်ကဝင်ဖြေ၏။

'ဟုတ်ပါတယ်ဗျာ၊ အောက်မှာဘယ်လိုမှ မလှုပ်ရှားနိုင်ခဲ့ပါဘူး၊ ကိုနေအောင်စိုးတို့သာ မတွေ့ရင်မတွေးဝံ့စရာပါပဲ၊ ကျေးဇူးပါဗျာ၊ ကျေးဇူးပါ'

နှုတ်ခမ်းများကို လျှာဖြင့်လိမ်းသပ်ရင်း ခေါင်ရည်ဘူးကို ခက်ဖန်ကကြည့်၏။

'သောက်ဦးမလား'

'ကျေးဇူးပါဗျာ၊ သိပ်ချမ်းလွန်းလို့ပါ၊ဟီး... ဟီး... ဟီး...'

ပြောရင်းတုန်နေသဖြင့် မရမ်ဒေါင်ဇင်က ကမ်းပေးသော ခေါင်ရည်ဘူးကို ခက်ဖန်ကောင်းကောင်း မကိုင်နိုင်၊ အဖိတ်ဖိတ် အစင်စင်ဖြင့် သောက်ချနေသည်။ အင်ဂျန်ဝင်ကိုင်ပေးရ၏။

'တော်တော်သောက်နိုင်တဲ့လူပဲ'

www.burmeseclassic.com

www.burmeseclassic.com



ခေါင်ရည်ကုန်တော့ ပြန်လည်အိပ်ပျော်သွားသော ခက်ဇန်အားကြည့်၍မရမ်ဒေါင်ဇင်ပြော၏။

'သောက်ပါစေကွာ၊ သူဟာဘယ်သူပဲဖြစ်ဖြစ်၊ အသက်တစ်ချောင်းကို ကယ်တင်စောင့်ရှောက်ရမှာက တို့တာဝန်ပါပဲကွာ'

အင်ဂျန်ပြောနေစဉ် နေအောင်စိုးသည် ခက်ဇန်၏ မှတ်စုစာအုပ်အား ဒုတိယအကြိမ်အဖြစ် လှန်လှောနေမိ၏။

မှတ်စုစာအုပ်တွင်အမည်ရေးထား၏။ အလုပ်အကိုင်၊ရာထူးအဆင့်အတန်း၊ ဌာန စသည်ရေးမထားပါ။

နေရပ်က မိတ္ထီလာ ။

'လူကတော့ ရည်ရည်မွန်မွန်ပဲ၊ ဘာသူတေသီလဲတော့မသိဘူး'

'မှတ်စုမှာရေးထားတဲ့ဟာတွေ ဖတ်ရတာတော့ သမိုင်းသုတေသီနဲ့တူတာပဲ မရမ်ဒေါင်ဇင်'

'ဒါဆိုမင်းအလုပ်မှာ ဒီလူဟာအထောက်အကူများ ဖြစ်နိုင်မလား'

'ဖြစ်နိုင်လောက်ပါတယ်'

'ဒီကိစ္စတော့စဉ်းစားစရာပဲကွ'

မရမ်ဒေါင်ဇင်ထောက်ပြသည့် စာကြောင်းကို နေအောင်စိုးဖတ်ကြည့်လိုက်၏။

'ပန်းသီးအဖွဲ့နှင့်ပေါင်းမိ'

'အကောင်းလား၊ အဆိုးလား'

'အရေးကြီးတာက စည်းမကျော်ဖို့ပဲ'

'ဟုတ်တယ် မရမ်ဒေါင်ဇင်၊ ပန်းသီးဆိုတာဘာလဲမသိဘူး



အဖွဲ့ကိုရေးထားပုံထောက်ရင်...'

'ထားလိုက်ပါကွာ၊ တို့အပြင်ဘက် လမ်းလျှောက်ရအောင်လား နေအောင်စိုး'

'လျှောက်လေ'

ခက်ဇန်၏မှတ်စုစာအုပ်ကို ခေါင်းအုံးအောက်ထိုးထည့်ခဲ့ပြီး မရမ်ဒေါင်ဇင်နှင့်အတူ အပြင်ထွက်လာ၏။

ရာသီဥတုမှာ ကြည်လင်သာယာကာ မြောက်ဖက်ရှိ ရေခဲတောင်တန်းကြီးများကို ပကတိအတိုင်း ထင်ရှားလှပစွာ လှမ်းမြင်နေရ၏။

'ဘာပြောစရာရှိလို့လဲ မရမ်ဒေါင်ဇင်'

'ဒီလိုကွာ၊ တို့နဲ့ခက်ဇန်တို့အဖွဲ့ ပူးပေါင်းသွားရင် မကောင်းဘူးလားလို့၊ ဒီကနေ ရှမ်ခူးဝမ် သွားမယ်မဟုတ်လား'

'အေး . . .ရှမ်ခူးဝမ်ခရီးနဲ့တင် မပြီးသေးဘူးထင်တယ်၊ ဆိုအပ်ရင် ဖလောင်ဝမ်အထိ သွားရမယ်'

'အဲဒါကြောင့် ပြောတာပေါ့၊ ရေခဲပျော်ချိန်ရောက်အောင်လဲဟိုမှာစောင့်ရမယ် မဟုတ်လား'

'ဟုတ်တယ်၊ ရေခဲတွေပျော်မှ မြို့ဟောင်းပျက်ကြီး ပေါ်လာမယ်လို့ဆို မဟုတ်လား'

'ဟုတ်ပါပြီ၊ ဟိုမှာတို့ အခိုင်အမာစခန်းဆောက်ပြီး အတော်ကြာကြာနေရမှာဆိုတော့ လူအင်အားလိုတယ်'

'ဘာဖြစ်လို့လဲ'

'ဒီလိုကွာ၊ ရေခဲပျော်ချိန်ရောက်ရင် တိဗက်တွေ၊ ဂူယ်ထန့်သားတွေက အုပ်စုဖွဲ့ပြီး မချစ်ဥ ဝင်တူးကြတာကွ၊ တစ်ဖွဲ့ကို လူ

www.burmeseclassic.com

www.burmeseclassic.com



လေးငါးဆယ်ကနေ တစ်ရာလောက်ထိရှိတယ်၊ သုံးလေးဖွဲ့လောက်ဟာ ဖလောင်ဝမ်မြစ်ဖျားပိုင်းကို မောင်ပိုင်စီးနေတာ နှစ်တိုင်းပဲ၊ တို့ဒီဘက်က လူတွေကိုလုံးဝအဝင်မခံဘူး၊ တွေ့ကြရင်လဲ ဆော်ကြတော့တာပဲ၊ ငါပြောချင်တာက တို့ရွာမှာက မြို့ဟောင်းပျက်၊ တိဗက်တွေက မချစ်ဥစားကျက် လုတယ်ထင်ပြီး အဖွဲ့လိုက်ဝိုင်းရင် မလွယ်ဘူး၊အဲဒါကြောင့် တို့ဘက်ကလဲ အင်အားအသင့်အတင့်ရှိဖို့လိုတယ်

'အေး... အဲဒါလဲဟုတ်တာပဲ၊ ကြည့်လုပ်တာပေါ့ကွာ'

'ရှမ်ခူးဝမ် ချောင်းဖျားကျတော့ တိဗက်ပြည်က ဟိုက်ထနယ်သားတွေရဲ့စားကျက်ကွ၊ အင်ဂျန်တို့နဲ့ခဏခဏစားကျက်လုကြတာ၊ ဘာပဲပြောပြော တို့မြို့ဟောင်းရွာတဲ့အချိန်ဟာ ကြာချင်ကြာမယ်၊ မချစ်ဥတူးတဲ့ရာသီထိ ရောက်သွားမယ်ဆိုရင်တော့ မချစ်ဥလာရှာတယ်ပဲ ထင်ကြမှာ၊ မီးစင်ကြည့်က မနေနဲ့ နေအောင်စိုးခုကတည်းက ခက်ဗန်တို့အဖွဲ့ကိုစည်းရုံးထားမှ...'

'သူ့အသက်ကို တို့ကယ်ထားတာပဲကွာ၊ ဒါအကောင်းဆုံးစည်းရုံးမှုပဲပေါ့၊ သူဘာပြောမလဲစောင့်ကြည့်ပါဦး၊ တို့ကစပြီး ကမ်းလှမ်းရင် အခြေအနေက တိမ်းစောင်းသွားနိုင်တယ်'

'ဟုတ်တယ် နေအောင်စိုး၊ သူ့စကားအသွားအလာကို တို့လိုက်နင်းယူရမှာပဲ၊ မင်းစောင့်ကြည့်နေပါ၊ သူကစပြီး ပူးပေါင်းလာအောင် ငါနဲ့အင်ဂျန်အကွက်ရွှေ့ပြပါ့မယ်၊ သူကစပြောရင် မင်းက သိပ်အိုက်တင်ခံမနေနဲ့ ကြားလား နေအောင်စိုး'

'အေးပါကွာ'

*****



## အခန်း(၁၇)

မရမ်ဒေါင်ဇင် တီထွင်ထားသော ရေခဲပြင်သုံးမီးဖိုမှာ သားရေတဲ တစ်ခုလုံးအား အနွေးဓာတ်ပေးနေသည်။

'မရမ်ဒေါင်ဇင်မီးဖိုကဟန်ကျသဗျာ'

ခက်ဗန်ကသဘောကျစွာပြော၏။

'ရှေးရှေးကသုံးကြတဲ့ ဖိုခနောက်ကိုကြည့်ပြီး စိတ်ကူးရလို့ပါ၊ ကိုယ်ပိုင်တီထွင်မှုမဟုတ်ပါဘူး'

'ဆင့်ပွားတီထွင်မှုပေါ့၊တကယ်ဟန်ကျတဲ့မီးဖို'

နေအောင်စိုးကဝင်၍ ထောက်ခံ၏။ သူတို့သဘောကျနေသည့် မီးဖိုမှာဆန်းဆန်းပြားပြား တော့မဟုတ်၊ ဒယ်အိုးကိုခြေ ထောက်သုံးခုတတ်ထားသည့်ပုံစံဖြစ်၏။ အပေါ်ပိုင်းမီးထင်းထည့်ရသည့်နေရာတွင် အတွင်းသို့ကွေးထားသော သံထောက်သုံးခုလည်း တပ်ဆင်ထား၏။ မီးလှုံ၍လည်းရ၏။ ချက်ပြုတ်စားသောက်၍ လည်းရသောပုံစံဖြစ်၏။

'ထောက်ထားတဲ့ သံခြေထောက်တွေက တစ်ပေနဲ့နှစ်လက်မမြင့်တယ်လေ၊ ရေခဲပြင်ထဲဒီအတိုင်းချပြီး မီးပဲလှုံလှုံ၊ ကွပ်ပျစ်ပေါ် ပဲချချအိုကေပဲ၊ ဒါနဲ့ဆိုတော့ တဲမီးလောင်မှာလဲ မကြောက်ရတော့ဘူးပေါ့ကွာ'

'သားရေတဲကြီးကလဲ သဘောကျတယ်ဗျာ၊ ကိုယ်တို့ရွက်ထည်တဲတွေထက်နွေးတယ်၊ လေလုံနှင်းလုံတယ်၊ သိပ်ကောင်းတာပဲဗျာ'

'အက်စကီးမိုးတွေရဲ့ နွေရာသီအိမ်ကို အားကျပြီး အတုယူထားတာဗျ၊ မိုးသိပ်များရင်တော့မဟန်ဘူး'

'အေးဗျာ... သယ်ရပိုးရတာလေးပေမယ့် စခန်းချတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com



သက်တော့သက်သာ နားနေနိုင်တာတော့ ကိုယ်တွေ့ပဲ၊ ဖလောင်ဝစ်ဘက်က တက်ရင်တော့ ဒီဟာတွေက တော်တော်ဝန်ပိမှာ သေချာတယ်'

'အထမ်းသမားငှားပြီးသယ်ရမှာပေါ့ဗျာ'

နေအောင်စိုးတို့အဖွဲ့နှင့် ခက်ဇန်အဖွဲ့တို့မှာ စကားအားဖြင့်တော့ပူးပေါင်းပြီးဖြစ်ပါသည်။ပူးပေါင်းခရီးဆက်ရေးကိုမရမ်ဒေါင်ဇင်တွက်ဆထားသည့်အတိုင်း ခက်ဇန်ကပင် စတင်ကမ်းလှမ်းခဲ့၏။

ရေခဲပြင်အောက်ကအလှ—ဓာတ်ပုံနှင့်ပတ်သက်၍ ခက်ဇန်၏ရှင်းလင်းချက်မှာ မရေမရာရှိလှ၏။

သူ့တွင်အစ်ကိုတစ်ယောက်ရှိကြောင်း၊ နိုင်ငံခြားသင်္ဘောတွင်ဒုတိယအရာရှိဖြစ်ကြောင်း၊ ယင်းဓာတ်ပုံမှာ အထူးအဆန်းအနေနှင့်အစ်ကိုကပို့လိုက်၍ သိမ်းဆည်းထားကြောင်း . . . ပခုံး၊ ရင်သား၊ လက်မောင်းများမှစ၍ ခြေဖျားအထိလူ့သား မိန်းမလှတစ်ယောက်၏ခန္ဓာကိုယ်နှင့်ငါး၏ဦးခေါင်းရှိသော အဆန်းတကျယ်သတ္တဝါကို လည်းသူ့အစ်ကိုက ဓာတ်ပုံရိုက်၍ပေးခဲ့ဖူးကြောင်း. . . အစ်ကိုဖြစ် သူမှာအထူးအဆန်းများ စုဆောင်းရာ၌ဝါသနာကြီးလှကြောင်း . . . စသည်သာဖြစ်၏။

မေယုချိုင့်ဟု ရေးထားသည့် မပြည့်စုံသောမြေပုံနှင့် ပတ်သက်၍ သူကအောက်ပါအတိုင်း ရှင်းပြခဲ့၏။

'ကိုနေအောင်စိုးကိုတော့ လိုအပ်လာလို့ ပြောရတော့မှာပေါ့ဗျာ၊ ဒီမေယုချိုင့်ထဲမှာ နှစ်မိုင်လောက်ရှည်တဲ့ ရောင်စုံသစ်ခွတောကြီးနဲ့ ဝမ်ခမ်းအိုင်ထက်ကြီးတဲ့ ရေခဲအိုင်ကြီးတစ်အိုင် ရှိနေတယ်ဆိုတဲ့သတင်းရလို့ပါ၊ အဲဒီနေရာဟာ ဘယ်လောက်လှပြီး ဘယ်လောက်အဖိုးတန်လိုက်မလဲ စဉ်းစားကြည့်ကြစမ်းပါဗျာ'



ကောင်းလှပေသည်။ သင့်မြတ်လှပါပေသည်။ ဤသို့သာနေအောင်စိုးရင်ထဲ ကျူးရင့်လိုက်မိ၏။

'ဗုန်း . . . ဗုန်း . . . ဗုန်း . . .'

'အင်ဂျန် . . . အင်ဂျန် . . .'

တဲတံခါးကိုပုတ်သံ၊ အော်ခေါ်သံကြားရ၏။

'မရမ်နော် . . . အသံပဲ'

အင်ဂျန်ခုန်ထလိုက်၏။ နေအောင်စိုးကိုကြည့်၏။

'သွားဖွင့်ပေးလိုက်ပါ'

မရမ်ဒေါင်ဇင်က တံခါးကိုချည်နှောင်ထားသည့် သားရေကြိုးအား ဖြုတ်လျက်ရှိနေ၏။

ဆွဲမဖွင့်ခင်မှာပင် မရမ်နော်ကိုယ်လုံးကြီးက နောက်မှအကန်ခံလိုက်ရသူလို တဲအတွင်းသို့ဒိုက်ထိုးဝင်လာသည်။

သူတစ်ယောက်တည်းမဟုတ်ပါချေ။

'ဟော့ . . . ရဝမ်၊ ခေါင်ရည်တောင်းပေးစမ်း၊ မပေးရင်တော့ဒါပဲလို့ တဲထဲကကောင်တွေကို ပြောလိုက်'

ပြောင်းတိုတစ်လက်ကို မြှောက်ပြလျက် မရမ်နော်နောက်မှလူသုံးယောက်ပါလာ၏။

'ဟော့ . . . စားစရာရှိတာထုတ်စမ်း၊ ဒီဘက်ကကောင်ဟာရဝမ်လဲမဟုတ်၊ တိဗက်လဲမဟုတ်ပါဘူး၊ ဟိုဘက်က အ. . . အ. . .'

မီးဖိုတစ်ဖက်တွင်ထိုင်နေသော ခက်ဇန်အားမြင်လိုက်ရ သဖြင့်အော်ဟစ်နေသည့်လူမှာ စကားဆုံးအောင်မပြောဖြစ်တော့ပါ'

'ဆ . . . ဆ . . . ဆ . . . ရာ'

'ဟုတ်တယ်၊ငါပဲ၊ အခုဘယ်လိုလုပ်လာကြတာလဲ ခွေး=

www.burmeseclassic.com



သားတွေ၊ မင်းတို့တယ်ရိုင်းပါလားကွ '

နေအောင်စိုးတို့နှင့် စကားပြောစဉ်က ချိုသာနေခဲ့သော ခက်ဖန်၏အသံမှာ ယခုတော့လည်း မိုးခြိမ်းသံဟု ထင်ရလောက်ပါပေသည်။

' ရဝမ်လမ်းပြကိုဖမ်းသွားတာမင်းတို့ပေါ့ ဟုတ်စ '

' မ ...မ...ဟုတ် ...ပါ...ဘူး၊ ဆ...ဆရာ ဦး... ဦးဘွန်ရောင်တို့ ပန်းသီးအဖွဲ့ပါ '

' အခုသူတို့ဘယ်မလဲ '

' ဖွန်ဂန်တောင်ကြားလမ်းကစောင့်မယ်လို့ပြောပါတယ်။ ကျွန်တော်တို့ကတော့ ဆရာ့ကိုလိုက်ရှာရင်း ကျန်ခဲ့ကြတာပါ။ လမ်းမကျွမ်းလို့ရဝမ်လမ်းပြကို ဦးဘွန်ရောင်တို့ဆီက တောင်းထားလိုက်တာပါ '

' ကဲ ...တွေ့ရင်လဲ ကောင်းကောင်းမွှန်မွှန် ဝင်ပြီးအကူ အညီတောင်းပါလားကွ၊ ခုတော့မင်းတို့လုပ်လာပုံက ငါ့မျက်နှာကို အိုးမည်းသုတ်တာနဲ့အတူတူပဲ '

ထို့နောက် နေအောင်စိုးတို့အား ခက်ဖန်ကတောင်းပန်၏။ ဝင်လာခါစက လူဆိုးလူမိုက်ဟန်အပြည့်နှင့် တပည့်တစ်စုမှာ ချက်ချင်း သိုးငယ်ကလေးတွေအလား ငြိမ်ဝပ်သွားကြ၏။

နေအောင်စိုးဘဝင်မကျဖြစ်ရ၏။

' ခေါင်ရည်တော့မရဘူး၊ လာကျားရမယ်၊ ဖတ်ခါးရမယ်၊ ကတိုးသားခြောက်ကင်နဲ့မြည်း၊ ပြောင်းဖူးပြုတ်နဲ့မြည်း၊ မစားနိုင်ရင်တော့ ဝေါ်ပြီပဲ '

အင်ဂျန်က ခက်ဖန်၏လူများကို စားစရာများပေးနေ၏။



မရမ်နော်ကတော့ ရောက်လာကတည်းက စကားတစ်လုံးမှမပြော သေးပါ၊ တဲထောင့်တွင် တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေ၏။

' နေအောင်စိုးရေ၊ ဖော့မွေးဖို့နီးလာပြီကွ၊ ဂျူးဒိတ်ကတော့ ရှေ့အပတ်ထဲမှာပဲ '

မရမ်ဒေါင်ဇင်ကပြော၏။

' မင်းပြန်ချင်ပြီလား၊မရမ်နော်ဖြစ်ဖြစ် အင်ဂျန်ဖြစ်ဖြစ် ခေါ် ပြီးပြန်လေ '

' မင်းဒီမှာဆက်နေခဲ့ဦးမလို့လား၊ စိတ်မလျှော့သေးဘူးလား'

' အေးကွာ၊ ရှမ်ခူးဝမ်ဘက် တက်တော့မလားလို့၊ ဒီမှာဘာမှ မထူးဘူး '

' ဟုတ်တယ် ကိုနေအောင်စိုး၊ ကျွန်တော်တို့တောင် ရှမ်ခူးဝမ် ဘက်လှည့်တော့မလို့၊ အဖွဲ့တွေ တောင်ကြားလမ်းက စောင့်နေပြီ၊ ခင်ဗျားတို့ကော ... '

တပည့်တွေနှင့်တိုင်ပင်နေသော ခက်ဖန်ကလှမ်းမေး၏။

' ခင်ဗျားခြေထောက်ကောင်းရင်သွားကြတာပေါ့ '

' ရပါတယ်၊ ကျွန်တော့်ကောင်တွေ ထမ်းခေါ်လိမ့်မယ်၊ ပွတာအိုကျမှ နည်းနည်းနားတော့မယ်ဗျာ၊ မြန်မြန်ပဲပြန်ကြရအောင် '

' အတော်ပဲ၊ မရမ်ဒေါင်ဇင်လဲပြန်စရာကိစ္စရှိနေတာနဲ့၊ ကောင်းပြီလေ မြန်မြန်ပဲပြန်ကြတာပေါ့ '

' သန်ဘက်ခါလုပ်ဗျာ၊ ကျွန်တော့်လူတွေက စခန်းမှာပဲည်း ပြန်သယ်ရဦးမှာမို့ပါ '

' ရပါတယ်သန်ဘက်ခါပေါ့ '

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

အမြင့်ပေ ၅၉၀၀ ...။

တဟောင်းဒမ်းရွာ ။

ရွာမှအထွက် ခရီးသုံးမိုင်ခွဲခန့် အရောက်တွင် နာမည်ကျော် အဒွန်းချောက်ကမ်းပါးများကို တွေ့ရတော့၏။

'မစန့်စင်ချောက်နေရာဆိုတာဒါပွေါ'

အင်ဂျန့်ကပြောပြ၏။

'အဒွန်းချောက်ကမ်းပါးမဟုတ်ဘူးလား'

'အဒွန်းဂျော့ချ်ဆို ...'

နေအောင်စိုးနှင့် ခက်ဗန်ပြိုင်တူမေးလိုက်မိ၏။

'အဲဒါအင်္ဂလိပ်တွေ ပေးထားတဲ့နာမည်၊ ဒေသအခေါ်က တော့ မစန့်စင်ချောက်နေရာပဲ'

အဒွန်းဝမ်မြစ်သည် အဒွန်းချောက်ကမ်းပါးအတွင်း လှေကား ထစ်များပေါ်မှ အရှိန်ပြင်းစွာခုန်ချနေဘိအလား ပြင်းထန်သောအဟုန် ဖြင့်စီးဆင်းနေလေသည်။

ကာဆီးနေသည့် ကျောက်တုံးကျောက်ဆောင်များကိုထွင်း ဖောက်ဖြတ်ကျော်၍ စီးဆင်းလျက်ရှိသော ရေလုံးမှာမြစ်အောက်ခြေ ကျောက်တုံးများကိုပါ တွန်းလိမ့်နေပေရာ မိုးခြိမ်းသံကဲ့သို့ မြည်ဟိန်း နေပေသည်။

နေအောင်စိုးတို့သုံးဖွဲ့ပေါင်း လူ၁၂ယောက်နှင့် ထပ်တိုးကူလီ ၆ ယောက်ပေါင်းက အားလုံး ၁၈ ယောက်ဖြစ်၏။

ရှေ့ပြေးအဖွဲ့ ၆ ယောက်က လမ်းထွင်ရ၏။ လိုအပ်သည့် နေရာတွင် သစ်လုံးတံတားများ ခင်းရ၏။ ထိုအဖွဲ့ကို အင်ဂျန့်က



ဦးဆောင်၏။ နေအောင်စိုးနှင့် ခက်ဗန်လည်းပါဝင်၏။

'ဒီဘက်ကို လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်လောက်က အဖေနဲ့ ငါရောက်ဖူးတာပေါ့၊ အဲဒီနောက်ပိုင်း အဖေဆုံးတော့ အရောက်ကျဲ သွားတယ်၊ ကျဲဆို ၁၀ နှစ်တစ်ခေါက်တောင် မရောက်ချင်ဘူး၊ ရှမ် ခုးဝမ်ဘက်ပဲ အသွားများတယ် ...၊ ဒါပေမယ့် မပူပါနဲ့ ဒီဘက်က လမ်းနဲ့စခန်းတွေကို ဟိုတုန်းကအတိုင်း ငါမှတ်မိပါတယ်'

ရှေ့ပြေးအဖွဲ့နှင့် နောက်ချန် ဝန်လေးသယ်အဖွဲ့ဆုံပြီး နံနက် စာ စားကြခိုက် အင်ဂျန့်ကပြော၏။

'ဟေ့ ... နေအောင်စိုး၊ မင်းနဲ့ငါလူလဲရအောင်ကွာ၊ ရှေ့ စခန်းနှစ်ခုလောက် ကျော်တော့မှတစ်ခါပြန်လဲတာပေါ့၊ ရှေ့မှာမင်းလဲ ဝင်ပန်းတယ်၊ နောက်ကငါကလဲ ပျင်းတယ်ကွ၊ အပြောင်းအလဲပေါ့၊ ဟုတ်လား'

မရှမ်ဒေါ်ဇင်ကအရေးဆို၏။

'ဟုတ်သားပဲ၊ မင်းပင်ပန်းနေပြီ၊ လဲလိုက်ပါနေအောင်စိုး၊ နောက်က အေးအေးဆေးဆေး လိုက်ခဲ့ပါ'

အင်ဂျန့်ကထောက်ခံအတည်ပြု၏။ နေအောင်စိုးနာခံလိုက် ရပါသည်။

'ဟေ့ ...ဘယ်ကျရင် လူချင်းပြန်လဲပေးမှာလဲ ပြောခဲ့လေ ကွာ'

'တလီထူးဝမ်းစခန်း'

ရှေ့ပြေးအဖွဲ့ ဆက်လက်ထွက်ခွာသွားချိန်တွင် နောက်ချန် အဖွဲ့ကညစာထမင်းချက်ကျန်ရစ်၏။

နေအောင်စိုး မှတ်တမ်းရေးရန်အချိန်ရသွား၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုမှ ရေးရတော့မည် ။

တဟောင်းဒမ်းသို့ မတ်လ ၁၂ ရက်။

အငွန်ထူးတောစခန်းမှ ၄–မိုင်ခရီးဖြစ်။ ကမ်းနံဘေး ကျယ်ပြန့်တဲ့ ကုန်းနိမ့်လျှောလေးတွေပေါ် တက်လိုက်ဆင်းလိုက် သွားခဲ့ရ၊ ပျော်စရာကောင်းသည့် လမ်းကြမ်းဖြစ်၏။

ကျောက်တုံးကျောက်ခဲတွေလဲ ထူထပ်ခြင်းမရှိပါ။ ကြီး တံတားလေးကို ဖြတ်ကူးလိုက်ရင် အရှေ့ဘက်ကမ်း တဟောင်းဒမ်း ရောက်၏။ နောက်ခံရေခဲဖုံးတောင်တန်းကြီးများ။

အဒွန်းဝမ်မြစ်... ၊ယင်းတို့အကြား ကျယ်ပြန့်တဲ့ချိုင့်ဝှမ်းထဲ မှာ ရွာ ...။

အနံ့ထွက်စ ဂျုံခင်းစိမ်းများ၊ သစ်လုံးအိမ်ကလေးများ။

ဤသည်ပင် တဟောင်းဒမ်းဟုသိရ၏ ။မြောက်စွန်းမှ နောက်ဆုံး တိဗက်ရွာကလေးဝင် ။

* * * * *

ရှမ်မာရာတောစခန်းသို့ မတ် ၁၃ ရက်။

တဟောင်းဒမ်းမှ ၇–မိုင်၄–ဖာလုံကွာ၏။ ကိုယ်တို့ရှေ့ပြေး အဖွဲ့မစားသာပါ၊ ရွာအထွက် ၃–မိုင်၄–ဖာလုံတွင် အဒွန်းချောက် ကမ်းပါးများ၊ သစ်လုံးလှေကားများဆောက်၊ အရေးပေါ်ဝါးတံတား များလုပ်ရ၏။ အားလုံးတက်ညီလက်ညီ ပျော်ပျော်ရွှင်ရွှင်ပင် ။

တချို့နေရာတွေမှာ လမ်းရယ်လို့မည်မည်ရရ မရှိပါ။ ၅၁ ခုနှစ် အာသံငလျင်ဒဏ်ကြောင့် တောင်ပြိုလမ်းပိတ်ကုန်၏။



ကျောက်တုံးတွေ၊ သစ်ပင်တွေ၊ အားလုံးဖရိုဖရဲ ကစဉ့် ကလျား၊ မြစ်ဝှမ်းအထက်ဘက်တွင်ရှိတဲ့မတ်စောက် မည်းမှောင် နေတဲ့ ကျောက်ဆောင်၊ ချောက်ကမ်းပါးကြီးတွေဟာ လမ်းရှာနေတဲ့ ကိုယ်တို့အဖွဲ့ကို ငုံ့ကြည့်နေဘိ၏။

အဒွန်းမြစ်ကလည်းတဟဲဟဲတဝုန်းဝုန်း၊ ရေတံခွန်တွေမှာ လုပနေ၏။ ၇–မိုင်၄–ဖာလုံအဆုံးတွင်အဒွန်းဝမ်မြစ်ဟာ အသွင် ပြောင်းသွား၏။ မြစ်ကြောင်းကျယ်ကျယ် ရေစီးငြိမ်ငြိမ်နှင့်ဖြစ်သည်။

ပြန့်ပြူးတဲ့ကမ်းခြေမှာ စခန်းတစ်ခုတွေ့ရ၏။ ရှမ်မာရာ တောစခန်းဟုသိရသည်။

အမြင့်ပေ ၇၀၀၀ ...။

ကမ်းပါးတစ်လျှောက်တွင်အပြာရောင်ထင်းရှူးတောများ...

* * * * *

နရဒုံတောစခန်းသို့ မတ်လ ၁၄ ရက်။

ခရီးအကွာ ၄–မိုင်ဖြစ်၏။

ကျဉ်းတဲ့လမ်းဖြစ်၏။ ဖြတ်လမ်းဘေး တောထူတဲ့တောင် တုန်းလေးများကို ဖြတ်ရ၏။ နှစ်မိုင်ခန့်အကွာတွင် ချောက်ကမ်း ပါးများတွေ့ရပြန်၏။ မနေ့ကလိုပင် လှေကားဆောက်ပြီး ကျော် တက်ကြရသည်။

အဒွန်းမြစ်ကလည်း ၄–မိုင်ခရီးအတွင်း ချောက်ကမ်းပါး ထူသည့်နေရာတွင် အရှိန်ပြင်းပြင်း ဝုန်းဝုန်းဒိုင်းဒိုင်း စီးဆင်းနေ၏။

ရောက်လာပြီးစခန်းတစ်ထောက်၊ နောက်ခံတောင်တုန်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကြားတွင် နရဒုံတောစခန်းပါတဲ့ ။

တလီထူးဒမ်းတောစခန်းသို့ မတ်လ ၁၅ ရက်။

ခရီးအကွာ ၇–မိုင်ဖြစ်၏။

မြစ်ကမ်းဘေး တောင်စွယ်တောင်တန်းများပေါ်တွင် ရောင်စုံတောင်ဇလပ်တောများ၊ ထင်းရှူးပြာတောများကို ဖြတ်သန်းရ၏။

၆–မိုင်ခန့်လောက် လျှောက်မိကြသောအခါ အရှေ့မြောက်ဘက်မှ စီးလာသည့်ချောင်းကစ်ခု ။

တလီဝမ်ဟုသိရ၏။ အဒွန်းဝမ်မြစ်ကို လာပေါင်းသည့်ချောင်းဖြစ်၏။ သစ်ပင်တစ်ပင်လှဲ၍ တံတားထိုးပြီးကူးရ၏။

တလီထူးဒမ်း စခန်းရောက်၏။ ဝါးချုံလေးများက မြေကွက်လပ်မရှိသလောက်ထူထပ်၏။

ချုံထွင်ရတာနဲ့ လက်တွေလဲပေါက်ပြဲ ဖူးဖူးရောင်လို့နေပါသည်။

* * * * *

ရစန်ဝမ်းတောစခန်းသို့ မတ် ၁၆–ရက်။

၈–မိုင်အကွာတွင်ရှိ၏။

လမ်းအတိအကျမရှိ၊ အင်ဂျန်ပြသော နေရာအတိုင်းလမ်းရှင်းလာခဲ့ကြရ၏။ ဝါးချုံပုလေးများကို ခုတ်ထွင်ရသည်မှာမသက်သာလှပါ။ တစ်မိုင်လောက်တွင် ဖလောင်ဝမ်မြစ်ကို သစ်ပင်တစ်ပင်လှဲပြီး တံတားထိုးဖြတ်ခဲ့ကြရသည်။

အဒွန်းဝမ်ကို တလီဝမ်လာပေါင်းသည့် နေရာမှစပြီး



အထက်ဘက်တစ်လျှောက်လုံး 'ဖလောင်ဝမ်မြစ်'ဟုခေါ်ကြောင်း သိရ။ ဟိုဘက်ကမ်းတွင် ခြေဖဝါးတစ်ခုစာသာ ကျယ်သည့်လမ်းကလေး။

ခဲရာခက်ဆစ်နှင့်လာခဲ့ကြရာ ကျယ်ပြန့်သာယာသည့်တောင်ကုန်းနိမ့်လျောလေးတွေဆီ ဆက်၍ကျော်ဖြတ်ရပြန်၏။ ၄–မိုင်ခန့်ရောက်မှ လမ်းဟာ ဖလောင်ဝမ်မြစ်ကမ်းကိုခွာပြီး 'ရခန်ဝမ်'မြစ်ဝှမ်းအတိုင်း တက်သွား၍ ထုံးစံအတိုင်းသစ်လုံးတံတားနဲ့မြောက်ဖက်ကမ်းကို ကူးကြရ၏။

စိမ်းစိမ်းစိုစို တောအုပ်များနှင့် ရခန်ဝမ်စခန်းသို့ရောက်သည်။ ခါကာဘိုရာဇီရဲ့ တစ်စိတ်တစ်ဒေသကိုလည်း လှမ်းမြင်နေရ၏။

သို့သော် ခါကာဘိုရာဇီရဲ့အလှကိုမူ ပြည့်ပြည့်ဝဝမြင်ရဖို့ ဒီတစ်ညစောင့်ရပါဦးမည်။

မတ်လ ၁၇–ရက်နေ့

နေအောင်စိုးမှတ်တမ်းမရေးတော့ပါ။

ရစန်ဒမ်းတွင်ညအိပ်စဉ်က အပြီးသတ်လိုက်၏။ ရှေ့ဆက်ရမည့်ခရီးတစ်လျှောက်အတွက် အခြေခံစခန်း ခိုင်ခိုင်မာမာ ဆောက်ပြီးမှ ဆက်လက်ရေးတော့မည်ဖြစ်၏။

ညကရှေ့ပြေးအဖွဲ့နှင့် ရစန်ဒမ်းတွင် ဆုံ၏။ယနေ့နံနက်အားလုံးတစ်စုတစ်စည်းတည်း ခရီးဆက်လက်ထွက်ခွာကြမည်။

ရှေ့တွင်ရှိသည့်စခန်းနာမည်က . . . အထန်ဘွန်ဝမ်ထူးခရီးအကွာ ၄–မိုင်၊ လမ်းလုံးဝမရှိကြောင်းသိရ၏။

အင်ဂျန်ကြီးတင်ပြောထားသည့်အတိုင်း မှန်ကန်လျက်ရှိသည်။ လမ်းလုံးဝမရှိ၊ အားလုံးခေးကိုယ်စီဖြင့် သိုင်းမင်းသားတွေ သုပ်လာကြရ၏။

www.burmeseclassic.com

www.burmeseclassic.com



ခုတ်သည်၊ ထစ်သည်၊ ဝင်သည်၊ ရှင်းသည်။ ထင်းရှူးတောတွေထဲမှာ လမ်းဖြစ်လာ၏။ရောင်စုံတောင်ဇလပ် တောတွေထဲမှာလည်း လမ်းဖြစ်လာ၏။ ထင်းရှူးကိုင်း၊ ထင်းရှူးခက်၊ ထင်းရှူးရွက်များကစဥ့်ကလျား၊ တောင်ဇလပ်ရောင်စုံပန်းများ အစုလိုက်အပုံ လိုက်၊ တောင်ဇလပ်ပန်းနံ့သင်းက လေတွင်ထုံမြလွင့်မျောလျက် ရှိ၏။

တောင်စောင်းတွေပေါ်မှ လျှောကျပြိုဆင်းနေသော ဆီးနှင်းတွေပေါ်ဖြတ်လိုက်၊ မြေသားပြင်ပေါ်နင်းလိုက်ဖြင့် အနောက်တောင်ဘက်မှ စီးဝင်လာသည့် အထန်ဘွန်ဝမ်ချောင်းနှင့် ရစန်ဝမ်ချောင်း ဆုံရှိအထန်ဘွန်ဝမ်ထူး စခန်းသို့ ရောက်လာကြတော့သည်။

'လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်လောက်က အစိုးရခရီးသွား အဖွဲ့ကြီးတစ်ဖွဲ့ကို ငါ့အဖေလမ်းပြပေးဖူးဟယ်ကွ၊ အခုငါဖို့မှာ အဲဒီလမ်းဟောင်းပဲ၊ ဟောဒီအထန်ဘွန်ဝမ်ချောင်းဘေးကနေ တက်သွားမယ်ရစန်ဝမ်နဲ့အထက်ဘွန်ဝမ်ချောင်းစွယ်နှစ်ခုကြားက တောင်တန်းကိုဖြစ်ဖြစ်တက်ပြီး ပတ်ဝန်းကျင်ကို လေ့လာကြမယ်၊ မင်းတို့ ရှာမှာ တောင်ထွတ်မဟုတ်ဘူး၊ ချိုင့်ဝှမ်းတစ်ခုမဟုတ်လား'

အင်ဂျန်ကခရီးလမ်းကိုရှင်းရင်းမေး၏။

'တို့ရှာနေတာ ခါကာဘိုရာဇီနဲ့ဂမ်လန်ရာဇီကြားက ချိုင့်ဝှမ်းပြင်ကြီးပဲ၊ ဂမ်လန်ရာဇီဘယ်မှာလဲ'

မြင့်မားလှသည့် တောင်တန်းတောင်ထွတ်များကို ဝေခွဲမရစွာကြည့်နေသော ခက်ဗန်က မေး၏။

'ဟိုး ... အနောက်တောင်ဘက် ငါးမိုင်လောက်မှာ ရှိတာဂမ်လန်ရာဇီပဲ'

'အဲဒီငါးမိုင်ခရီးဟာ ချိုင့်ဝှမ်းကြီးလား'



'ငါလဲမရောက်ဖူးဘူး၊ ရေခဲမြစ်တွေ၊ ရေခဲအိုင်တွေရှိတယ်လို့တော့ကြားဖူးတာပဲ'

'မင်းသွားလို့ဖြစ်မလားအင်ဂျန်'

'ကြိုးစားကြတာပေါ့ကွာ၊ ဖြစ်မှာပါ၊ နေပါဦး မင်းတို့ရည်မှန်းချက်နေရာက ခါကာဘိုရာဇီလား၊ ဂမ်လန်ရာဇီလား...'

'အဲဒီတောင်ကြီး နှစ်ခုလုံးရဲ့ ပတ်ဝန်းကျင်တစ်ဝိုက် ဆိုပါတော့'

ခေတ္တတိုင်ပင်ကြပြီးနောက် နေအောင်စိုး၊ အင်ဂျန်၊ ခက်ဗန်၊ ဦးဘွန်ရောင်ပါဝင်သော ရှစ်ယောက်တစ်ဖွဲ့က ခါကာဘိုရာဇီနှင့်ချက်နှာချင်းဆိုင် တောင်တန်းပေါ်သို့ တက်ရောက်လေ့လာရန် ထွက်ခွာ၏။ကျန်အဖွဲ့သားများ စခန်းတွင်ကျန်ရစ်ခဲ့ကြ၏။

ခုတ်ထွင်ရှင်းလင်း၍ တက်ခဲ့ကြသော နေအောင်စိုးတို့အဖွဲ့မှာ ပေတစ်သောင်းကျော်သို့ ရောက်လာကြပြီဖြစ်သည်။

ငွေတောင်ထွတ်ကြီး ။

တောင်ထိပ်တွင်ဖြူဆွတ်နေသည့်ဆီးနှင်းများ ။

ဘယ်အဖြူနှင့်မှမတူသည့်အဖြူ ။

အလှဆုံးအဖြူ ။

တောင်တန်းများပေါ် ဖိတ်လျှံကျနေသော ဆီးနှင်းထုမှာအောက်ဖက်ချောင်းဝှမ်းများတွင် စုပုံဖုံးအုပ်လျက် ရှိနေကြ၏။

ကြည့်လေရာရေခဲပြင်ဖြစ်၏။

မိရုဒနွှ သို့မဟုတ် မြင့်မိုရ်ချိုင့် ဘယ်ဆီမှာနည်း ။

နေအောင်စိုးသက်ပြင်းချမိပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၉)

အနံ့အောင်လျက်ရှိသော ဂျုံခင်းကြီးက မျက်စိတစ်ဆုံးပင်၊ တောင်ကြားလွင်ပြင်တစ်လျှောက်မှာ ယိမ်းနွဲ့လှုပ်ယမ်းနေကြ၏။

သိပ်သည်းသော ဂျုံခင်းရှည်ကြီးများကိုတိုးဝှေ့၍ လူတစ်ယောက်ပြေးလွှားလျက်ရှိသည်။ဂျုံခင်းအလယ်ရှိ တစ်ဖက်ရပ်တဲကလေးရှေ့ရောက်သောအခါ မောဟိုက်နွမ်းနယ်စွာရပ်တန့်လိုက်၏။

ဆယ်ပေကျော်ဆင်ကြီးတစ်ကောင် ဝင်သွားလျှင်ပင် ကောင်းစွာအကာ အကွယ်ပေးနိုင်အောင် ထူးထူးခြားခြား သန်စွမ်းရှည်လျားသော ဂျုံပင်များအကြားတွင် တဲကလေးမှာ ပျောက်ကွယ်လျက်ရှိနေပါ၏။

အထဲတွင် လူနှစ်ယောက်အငြင်းအခုန်ဖြစ်လျက်ရှိ၏။

'တော်စမ်းပါ ဝိဝေက ရယ်၊သင့်ရဲ့ပေါက်ကရစကားတွေ၊ ဝါး အိပ်တာပဲကောင်းတယ်'

'သင်မယုံဘူးလား ကနန္ဒ၊ ဒီကနေ့တော့ ထူးခြားမယ့်နေ့ပဲ၊ ငါပြောရင်ယုံစမ်းပါ'

'ဝါး ...'

နှာခေါင်းအလွန်ရှည်သော လူက ပျင်းရိစွာသမ်းဝေနေရာက ဘာမှမပြောပဲ လှဲအိပ်လိုက်၏။

'နောက်တစ်ခါကင်းတွဲရင် သင်နဲ့တွဲမပေးဖို့ကင်းတပ်မှူးကြီးဝေမန္တာကို ငါသတင်းပို့လိုက်တော့မယ်၊ သင်သိပ်ပျင်းတဲ့လူပဲ ကနန္ဒ၊ နှာခေါင်းကရှည်၊အပျင်းကထူ၊ဘာသွားသုံးမလဲ'

'ဟော့ ... ဝိဝေက တော် ... တော်'

ကနန္ဒ အိပ်ချင်စိတ်တွေပျောက်သွားပုံရ၏။ထထိုင်ရင်း



သက်သီးဆုပ်တပြင်ပြင်ဖြစ်နေ၏။

'ဘယ်နှယ့်လဲ အိပ်ချင်ပြေသွားပြီးလား၊ ဟား ဟား ငါက တောပါ ကနန္ဒရာ၊ ကင်းတပ်မှူးကြီးက အလစ်လာလာစစ်တတ်တယ် ဟုတ်လား . . . အာဒိ စောင့်လှည့်ပြီးတော့ သင့်အလှည့်ပဲ ရောက်တော့မယ် အသင့်ပြင်ဆင်ထားမှပေါ့'

'ငါညက ဆလာဒေဝီ ရဲ့အကကိုသွားကြည့်တာ ညဥ့်နက်သွားလို့ပါ'

'ဟင့်အင်း... တော်ပါပြီ၊ငါမအိပ်တော့ဘူး၊ စောစောကသင်ပြောတာဘာလဲ ဝိဝေက'

'ဒီနေ့အနှစ် နှစ်ဆယ်ပြည့်ပြီလေ၊ စဉ်းစားကြည့်ပေါ့'

'ဩော်... ဟုတ်လား၊ သခင်မ နှင်းကေသရာ ပြန်လာမယ် ဆိုတဲ့နေ့ပဲ၊ နေပါဦး သေဆုံးသွားတဲ့ လူတစ်ယောက်က ဘယ်လိုလုပ် ပြန်လာနိုင်မှာလဲ'

'အဂ္ဂဒေဝီ သခင်မကြီးဟာ နှစ်ပေါင်းများစွာ ကြာပြီးတဲ့နောက်မှာ သခင်မနှင်းကေသရာ အဖြစ်နဲ့ပြန်လာတဲ့သာဓက ရှိနေသားပဲ ကနန္ဒရဲ့'

'အဲဒါတော့ ငါမသိဘူး၊ သင်သိရင်ပြောစမ်းပါဦး၊ ဟုတ်ကော ဟုတ်လို့လား'

'သိပ်ဟုတ်တာပေါ့ အဂ္ဂဒေဝီ သခင်မကြီးဟာ သူပြန်လာမယ် ဆိုတာ အသေအချာပြောသွားသတဲ့၊ သခင်မလေး နှင်းကေသရာ ဖြစ်နဲ့လာတော့လဲ ဆံချင်တစ်မျှင် မွေးညှင်းတစ်ပင်တောင် မလွဲ အောင်တူသတဲ့၊ သူက အဂ္ဂဒေဝီ လို့ပြောပြီး သေနှအောင်ကိုလ နှစ် ပေါင်း ရာထောင်တုန်းက သူနဲ့အတူတူကွပ်မျက်ခံရတဲ့ မဟာဝိရ

www.burmeseclassic.com

www.burmeseclassic.com



ပဲလို့ မှတ်မိသတဲ့၊ အဲဒီအနှစ်ရာထောင်က သူတို့ဇာတ်လမ်းကို နှင်းကေ သရာဟာ ခရေစေ့တွင်းကျ ပြန်ပြောနိုင်တယ်၊ ကဲ မထူးဆန်းဘူးလား ကနန္ဒ '

'အေးပါ . . . အဲဒါထားပါတော့၊ အခုတစ်ခါ နှင်းကေသရာ ဘဝက သေလွန်ပြီးမှ တစ်ခါပြန်လာမှာက ဘယ်လိုပုံစံနဲ့လာမှာတဲ့လဲ'

'အဲဒါတော့ ငါလဲမတွေးတတ်ဘူး ကနန္ဒ ရေ အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာမှာထင်ပါရဲ့ '

ဝိဝေက၏ အတွေးအခေါ်ကြောင့် ကနန္ဒ၏နှာခေါင်းရှုံ့ကြီး က ရှုံ့သွားတော့၏

' အာဒိနဲ့လဲဖို့ အချိန်စေ့ပြီ သွားမယ်ဟေ့ ဝိဝေက '

ကနန္ဒ တဲတံခါးရွက်ကို ဖွင့်ပြီးထွက်လိုက်သောအခါ တဲရှေ့ တွင် တုန်ယင်မောဟိုက်စွာ ထိုင်နေသော အာဒိကိုတွေ့ရလေသည်။

' ဟင် . . . အာဒိ၊ သင်ဘာဖြစ်တာလဲ၊ မောကြီးပန်ကြီးနဲ့'

အာဒိ မဖြေနိုင်သေးပါ အသက်ကိုလုရှူနေရဆဲဖြစ်၏၊ ကနန္ဒ အသံကြောင့် ဝိဝေက ထွက်ကြည့်၏။

' အာဒိပါလား . . . ဘာဖြစ်သလဲ၊သင့်မျက်နှာကလဲ ဖြူဖြူ ဖြူရော်နဲ့တစ္ဆေတွေ့လာတဲ့အတိုင်းပါလား '

'တစ္ဆေ ဟုတ် . . . တာ . . . ပေါ့၊ တ . . . စ္ဆေဖြစ်မှာပါပဲ'

ကြောက်လန့်တုန်လှုပ်မှုကြောင့် တုန်အက်နေသည့် အသံကြီး က အာဒိ လည်ချောင်းထဲမှ ထွက်လာလေသည်။

' ငါ . . . ငါက . . . တစ္ဆေကိုတွေ့ . . . တွေ့ခဲ့ '

' သင် . . . အိပ်မက် မက်နေသလား အာဒိရယ် '

အာဒိ ခေါင်းကိုသွက်သွက်ခါအောင်ယမ်း၏။



' တစ္ဆေ မှ တစ္ဆေအစစ်၊ ထင်းရှူးပင်အောက်မှာ လမ်းလျှောက် နေတယ်၊ အို . . . ဘုရားကယ်တော်မူပါ၊တစ္ဆေ . . . သခင်မ နှင်းကေ သရာရဲ့တစ္ဆေ '

ကနန္ဒ နှင့် ဝိဝေက ၏ကိုယ်ကြီးတွေတောင့်တင်းသွားကြ၏။

' ဘယ်မှာလဲ အာဒိ၊ငါ့ကိုလိုက်ပြစမ်းပါ '

'မလုပ်ပါနဲ့ ဝိဝေက၊ ငါဟာသင့်လို သတ္တိမကောင်းပါဘူး'

အာဒိ တစ်ကိုယ်လုံးတုန်နေဆဲဖြစ်၏။ ကနန္ဒက သူ့ကိုယ်ကြီး ကိုဖက်ထား၍ ဆောက်တည်ရာရအောင် ကူညီနေရလေသည်။

'လာသာလာစမ်းပါ အာဒိရဲ့၊ သင့်ရဲ့တစ္ဆေနဲ့တွေ့ရင် ဝိဝေက လက်ဝါးစောင်းအကြောင်း ပြလိုက်စမ်းပါ့မယ်၊ သင်ကလဲ ဒီလောက် မကြောက်စမ်းပါနဲ့ '

' အလိုလေး . . . ဟိုရောက်ရင် သင့်လက်ဝါးစောင်းကိုသင် သတိရတော့မှာမဟုတ်ဘူး၊ သခင်မ အဂ္ဂဒေဝီနှင်းကေသရာ ဟာဘယ် လောက်လှတယ်ဆိုတာ သင်မေ့နေပြီလား '

' အစစ်ပဲ . . . အာဒိရေ ဝိဝေကဟာ တစ္ဆေကိုလက်ဝါးစောင်း အကြောင်းပဲပြမလား၊ ထိုင်ပဲရှိခိုးရမလားဆိုတာ ငါကြည့်ချင်စမ်းပါဘိ ဟား . . . ဟား '

' တိတ်စမ်း ကနန္ဒ၊ ဒါဟာ သေနအရှင်ရဲ့အရေးဖြစ်တယ်'

သေနအရှင်ဟု ဆိုလိုက်သဖြင့် ကနန္ဒရယ်သံချက်ချင်းတိတ် သွားတော့၏။

မှန်၏။

သေနအရှင်၏ သေရေးရှင်ရေး၊ဘဝအရေးဖြစ်၏။ ယခုရက် ပိုင်းအတွင်း အကြောင်းထူးက အသေအချာစုံစမ်းမပြု၍ သတင်းပို့

www.burmeseclassic.com

www.burmeseclassic.com



ဆက်လာ ျမည်ဟု အမိန့်ထုတ်ထားသည်မဟုတ်ပါလား။

'တစ်စုံတစ်ခု ထူးခြားရင်သွားရောက်စုံစမ်းရမှာ ငါတို့တာဝ ပဲ၊ ရယ်သွမ်းပြီး အချိန်ဖြုန်းမနေစမ်းပါနဲ့၊လာ . . . အာဒိ၊သင်တွေ့ လာတာ တစ္ဆေလား၊ ဒေါင်းတစ်ကောင် ကနေတာလားဆိုတာ အ သွားကြည့်ကြစို့ '

'အလိုလေး . . . လေး၊ အနီရောင်ဒေါင်းရယ်လို့ မြင့်ဖူးကြ လားဗျာ၊ တို့သခင်မရဲ့ တစ္ဆေအစစ်ပါ၊ ဝတ်ရုံနီနီကြီးနဲ့အဂ္ဂဒေ နှင်းကေသရာပါ ၊ တစ္ဆေပါ '

အာဒိ ရှန်းကန်ငြင်းဆန်နေစဉ်မှာပင် ကင်းတပ်မှူးကြီး ဝေမ္ဘ ရောက်လာ၏။ ဝိဝေက အကျိုးအကြောင်း ရှင်းလင်းတင်ပြ လိုက်သည်။

'သေချာအောင် သွားစုံစမ်းမှဖြစ်မယ်။ ကိုင်း . . . ကန ဂျူခင်းစောင့်နေခဲ့၊ အာဒိနဲ့ဝိဝေက ငါနဲ့လိုက်ခဲ့ '

အာဒိမငြင်းဆန်ရဲတော့ပါ ကြောက်ဆုတ်ကြောက်ဆုတ်ဖြ လိုက်လာရရှာလေသည်။

'ဘယ်မှာလဲ၊ အာဒိ၊ သင့်တစ္ဆေ '

တပ်မှူးကြီးက မေး၏။ အာဒိပါးစပ်ဟောင်းလောင်းဟာသွား ၏။ မျက်စိကိုပွတ်ကြည့်၏။

ဘာမှရှိမနေပါ။စောစောက သူတွေ့ခဲ့ရသလို နေရာ၌ဘာမှ တော့ပါ။ ကနဦး စတွေ့စဉ်က တစ္ဆေဟုစွပ်စွဲသော်လည်း ကေန်မှ ကား မပြောနိုင်။ ယခုတော့ ပို၍သေချာသွား၏။ အာဒိ ပို၍ကြော ဒူးတုန်လာရ၏။

'ပျောက် . . . ပျောက်သွားပြီ တပ်မှူးကြီး၊ ဒါ . . . ဒါကြော တ . . . တ . . . စ္ဆေ . . . ပါ . . . လို့ . . . ပြော . . . ပြောတာ



ကြက်သီးဖုငယ်များ အာဒိ၏အရေပြားအနှံ့တက်လာကြောင်း ဝိဝေက တွေ့နေရ၏။ တပ်မှူးကြီး ဦးနှောက်ခြောက်ရလေပြီ၊ အာဒိ မျက်စိမှားခြင်းတော့မဖြစ်နိုင်ပါ။ အာဒိသည် အဂ္ဂဒေဝီနှင်းကေသရာ သခင်မနှင့် အနီးကပ်နေဖူးသူဖြစ်၏။ ပန်းတော်ဆက်လည်းဖြစ်၏။

'သင်အိပ်ပျော်မနေဘူးဆိုတာ ငါမယုံချင်တော့ဘူး အာဒိ၊ သင် က တစ္ဆေလို့ ထင်တဲ့အရာကို ငါကလူပဲလို့တွက်ပြီး လာကြည့် တာဖြစ်တယ်။ အခုဘယ်မှာလဲတစ္ဆေ၊ ဘယ်မှာလဲလူ '

ကင်းတပ်မှူးကြီး စိတ်ဆိုးမာန်ဆိုးဖြစ်နေ၏၊ အာဒိ မျက်နှာ ငယ်ကလေးဖြင့် ငြိမ်နေသည်။မျက်လုံးတွေကတော့ အငြိမ်မနေ၊ ထင်းရှူး ပင်အုပ်အုပ်တွေဆီ ရွှေ့လျားရှာဖွေနေ၏။

'ဟော . . . ဟို . . . ဟို . . . မှာ '

အာဒိ၏ လက်ညှိုးကြီးက ဆတ်ခနဲမြောက်တက်သွား၏။ နောက်ခံဆီးနှင်းရောင်ထဲတွင် ထင်ရှားပြတ်သားစွာ လှုလှုလွင့်နေသော အနီရောင်။

'တစ္ဆေ . . . တ . . . တစ္ဆေ '

အာဒိ တစ်ချိုးတည်းနောက်လှည့်ပြေးတော့၏။

'ဘုရား . . . ဘုရား '

ကင်းတပ်မှူးကြီး ဝေမ္ဘ ဘုရားတလိုက်ပါသည်။ မြင်ကွင်း ကိုမယုံကြည်စွာ ငေးမောကြည့်နေမိ၏။ တစ္ဆေသည် အာဒိ ပြောသလို ထင်းရှူးပင်အောက်မှာ လမ်းလျှောက်မနေပါ။ တောင်စောင်းမြို လေးတစ်ခုပေါ်တွင် မတ်တပ်ရပ်နေခြင်းဖြစ်ပါ၏။

စောစောကတည်းက ရှိနှင့်နေသလား . . .

ယခုမှ ပေါ်လာလေသလား . . .

www.burmeseclassic.com

www.burmeseclassic.com



ကင်းတပ်မှူးကြီး မဝေခွဲတတ်။

အနီရောင်အပေါ်ဝတ်ရုံနှင့် မိန်းမပျို။

လက်နှစ်ဖက်ပိုက်၍ ခြေကိုအနည်းငယ်ခွဲပြီး ရပ်နေပုံမှာ ခန့်ညားထည်ဝါလှလွန်း၏။လှုပ်ရှားမှုမရှိသဖြင့် ကျောက်ဆစ်ရုပ်တု တစ်ခုဟုယုံမှားလောက်ပါပေသည်။ ဝတ်ရုံနီစသည်သာ လေတွင် တဖျပ်ဖျပ်လွင့်နေပါ၏။

ထိုစဉ်မှာပင် ထင်းရှူးအပင်ပေါ်မှ ဒေါင်းတစ်ကောင်ပျံဝဲဆင်းချ လာပြီး တစ္ဆေမရှေ့တွင် အမြီးကိုဖြန့်၍ ကနေတော့၏။

ကင်းတပ်မှူးကြီး က သူ့ဘေးကိုကြည့်လိုက်ရာ မျက်စိများကို ထပ်ခါထပ်ခါပွတ်နေသော ဝိဝေကကိုတွေ့ရ၏။

‘ ဘာဖြစ်နေတာလဲ ဝိဝေက ’

‘မျက်စိတွေကိုမယုံလို့ပါကင်းမှူးကြီး ၊ တစ္ဆေ ဟာ အဂ္ဂဒေဝီ နှင်းကေသရာ သခင်မနဲ့အတော်တူနေပါတယ် ’

‘ဟုတ်တယ်ဝိဝေက၊ သင့်မျက်စိတွေက ငါ့မျက်စိတွေထက် တော့ပိုကောင်းမှာပါပဲ၊ တစ္ဆေဟာငါတို့ သခင်မအစစ်ပဲလို့ ငါတော့ ထင်တယ် ’

‘ တစ္ဆေလား၊လူလား တပ်မှူးကြီး ’

‘တစ္ဆေဆိုတော့ ပျောက်သွားဦးမှာပဲ တပ်မှူးကြီးရဲ့၊ မပျောက် အောင်ဘယ်နှယ့်လုပ်ကြမလဲ၊ ဖမ်းပြီး သေနအရှင်ကို ဆက်လိုက်ရရင် တော့ . . .

‘ ငါတစ်ခုတော့ သေသေချာချာပြောရဲတယ် ဝိဝေက၊ ဒါဟာလူဖြစ်စေ၊ တစ္ဆေဖြစ်စေ သင်ဘယ်လိုမှ ဖမ်းလို့မမိနိုင်ဘူး ဆို တာပဲ ’



‘ကဲရပ်ပြီး စဉ်းစားနေတာကြာပါတယ်၊ တပ်မှူးကြီး ဟောဒီ နေရာမှာ ငြိမ်ငြိမ်ကလေးသာနေခဲ့ပါ ’

‘ သင်တစ်ယောက်တည်းသွားဖမ်းမယ်ပေါ့ ’

ဝိဝေက စိတ်အားထက်သန်စွာ ခေါင်းညိတ်၏။

‘ တစ္ဆေဖြစ်ဖြစ်၊လူဖြစ်ဖြစ် သေနအရှင်ကတော့ သဘောကျ တော်မူမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ အဂ္ဂဒေဝီနှင်းကေသရာသခင်မနဲ့ သိပ်တူတယ်မဟုတ်လား ’

‘ တစ်ခုလဲတို့များထည့်စဉ်းစားဖို့လိုတယ်၊ အဘွား ဝိကာရ အဟောမှာ ဒီနေ့ဟာ အဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာ သခင်မ ပြန်လည် ရောက်ရှိလာမယ်ဆိုတဲ့နေ့ပဲ၊ သခင်မဟာ တခြားမှာ သွား ရောက်ဝင်စားနေပြီးမှ အနှစ် နှစ်ဆယ်ပြည့်တဲ့နေ့မှာ တို့ဆီမှာ ပြန် လာတာမဖြစ်နိုင်ဘူး လား၊ လာ ... တစ္ဆေလား၊လူလားကွဲပြားအောင် သွားကြည့်ကြစို့ ’

‘ တစ္ဆေဆိုလဲ ဖမ်းမယ်၊ လူဆိုလဲ ဖမ်းရမှာပဲ တပ်မှူးကြီး’

ပုန်းကွယ်ရာမှ ထွက်လာကြ၏။

နီးလာလေလေ အံ့ဩရလေဖြစ်၏။

တစ္ဆေ ဖမ်းဖို့လာသော ယောကျ်ားကြီးနှစ်ယောက်မှာ တစ္ဆေမ အနီးရောက်တော့ ဒူးထောက်ခေါင်းငုံ့ပြီးသားတွေဖြစ်သွားရ၏။

‘ ခြေဘ် ... ကင်းတပ်မှူးကြီး ဝေမန္တာနဲ့ ဝိဝေက တို့ပါလား’

သူတို့အနီးသို့ ရောက်လာသည်အထိ တည်ငြိမ်စွာစောင့် ကြည့်နေသော တစ္ဆေမက ရွှင်ပျကြည်လင်စွာ ဆီးကြိုနှုတ်ဆက်၏၊ ကင်းတပ်မှူးကြီး၏ ငုံ့နေသောခေါင်းကြီးက ဆတ်ကနဲမော့လာရ တော့၏။

www.burmeseclassic.com

www.burmeseclassic.com



'သေနအရှင်ကော၊သူ့သခင်မကိုစောင့်နေသတဲ့လား'

အံ့သြမှုကြောင့် ကင်းတပ်မှူးကြီး တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေ၏။ ဖြေပြရန်စကားလုံးများ ပျောက်ဆုံးနေလေသည်။

'စောင့်မျှော်နေပါတယ် သခင်မ၊ သေနအရှင်ဟာ အနှစ်နှစ်ဆယ်လုံးလုံး မြင်းမိုရ်ရိုးချိုင့်ဝှမ်းထဲက အဂ္ဂဒေဝီနန္ဒမာလာသခင်မကြီးရဲ့ ဗိမာန်အနီးမှာနေပြီး သခင်မကြီးကိုစောင့်မျှော်နေပါတယ်'

ဝိဝေကဝင်၍ဖြေ၏။

'အို ...သူဟာနန်းဆောင်ကိုစွန့်ခွာသွားပြီလား'

'မဟုတ်ပါသခင်မ၊ ရံဖန်ရံခါ တောင်မြင့်တွေဆီ အမဲလိုက်ထွက်ပါတယ်၊ အမြဲလိုလိုရှိနေတတ်တာကတော့ သခင်မကြီး အဂ္ဂဒေဝီ ဗိမာန်ဆောက သစ်ခွတောထဲမှာပါ'

'မိရှဒန္ဓ နန်းဆောင်ကိုဘယ်သူအုပ်ချုပ်နေသလဲ'

'သေနာပတိ အသိဒယ ခေတ္တအုပ်ချုပ်နေပါတယ်'

'ဪ'

တစ္ဆေမ၏နှုတ်ခမ်းထောင့်စွန်းလေးတွေကတွန့်တက်သွား၏။

'ရူပမာလာ ကောဘယ်မှာလဲ'

'နန်းဆောင်မှာပဲ နေထိုင်လျက်ရှိပါတယ် သခင်မ'

'သူတို့လက်ထပ်မင်္ဂလာပြုပြီးကြပြီလား'

ဝိဝေက တိတိကျကျမဖြေနိုင်၊ ဂျုံ့ခြင်းကင်းဝင်နေရသဖြင့် နန်းဆောင်တွင် ဖြစ်ပျက်နေသမျှကို လုံးဝမသိရပါ။ ယနေ့ အနှစ်နှစ်ဆယ်ပြည့်ပြီး ယနေ့သည်ပင် ရူပမာလာသခင်မ နှင့် သေနအရှင်တို့၏ စေ့စပ်မင်္ဂလာပွဲနေ့မဖြစ်နိုင်သလို လက်ထပ်မင်္ဂလာပွဲနေ့ မဖြစ်နိုင်ပါသလော ။



သူလည်းမခန့်မှန်းတတ်ပါ။

'ဝေမန္တာ ၊ သင့်မှာပြောစရာစကားတွေ မရှိတော့ဘူးလား'

'သခင်မ'

'ဆိုပါဝေမန္တာ'

'အနှစ် နှစ်ဆယ်ကြာအောင် ဘာကြောင့်ပျောက်ဆုံးနေခဲ့ပါသလဲ'

တစ္ဆေမ မဖြေပါ။

အကြည့်ကို တောင်ထွတ်တွေဆီသို့ လွှဲလိုက်၏။ အတန်ကြာဆိတ်ငြိမ်စွာငေးနေ၏။

'သခင်မဟာ သေဆုံးပြီးပြီ မဟုတ်လား၊ အနှစ် နှစ်ဆယ်တောင်ကြာခဲ့ပြီပဲ'

'ငါဟာသေဆုံးခဲ့သလား ဝေမန္တာ၊ အင်း ...ဟုတ်ကောင်းဟုတ်ပါလိမ့်မယ်လေ'

'အို ...ဘုရား ...ဘုရား'

မျက်နှာကို လက်ဝါးကြီးဖြင့်အုပ်၍ တီးတိုးရေရွတ်ပြီး ကင်းတပ်မှူးကြီး ဝေမန္တာနောက်ဆုတ်သွား၏။

'မကြောက်ပါနဲ့ဝေမန္တာ ၊ ငါဟာ အဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာ အစစ်ဖြစ်ပါတယ်၊ ငါဟာသေဆုံးကောင်း သေဆုံးခဲ့ပါလိမ့်မယ်၊ ဒါပေမယ့် အိပ်မက်လိုပါပဲ၊ အိပ်မက်ထဲမှာ ပြေးလွှား လွင့်မျောနေတယ်၊ ငါ့ကိုယ်ငါ ပြန်ပြီးရှာဖွေနေတယ်၊ ငါနိုးလာတဲ့ အခါကျတော့ ပတ်ဝန်းကျင်ဟာ လွဲမှားနေတာကို ငါတွေ့ရတော့ တာပဲ၊ ငါ့ဒေသမဟုတ်ဘူး၊ ငါ့သံယောဇဉ်တွေ ငါ့အနားမှာမရှိဘူး၊ ငါ့ဘုရား၊ ငါ့သခင်၊ ငါ့အချစ်၊ ပြီးတော့က မိတ်ဆွေယောင်ဆောင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ရန့်သူ ဟား ... ဟား '

မုန်းတီးမှု၊ နာကြည်းမှု၊ ကြေကွဲမှုတွေနှင့်ရောပြွမ်းသော ရယ်မောသံဖြစ်၏။

' ဘုရား ... ဘုရား ၊ ဒါ ... တစ္ဆေမဟုတ်ဘူး၊ သခင်မ အဂ္ဂဒေဝီ နန္ဒမာလာနှင်းကေသရာပါပဲ၊ ဘုရားကိုသိတယ်၊ အဖကို သိတယ်၊ မိတ်ဆွေ ... အေးလေ၊ ရန်သူကိုသိတယ်၊ အိပ်မက်က နိုးလာတယ်ဆိုပါလား၊ တို့ဟာ အဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာ သခင်မရဲ့ အလောင်းကို ခုထိရှာမတွေ့သေးဘူး၊ ပျောက်ဆုံးနေသလား၊ သေဆုံး သွားသလားဆိုတာ ဘယ်သူမှ အသေအချာမသိခဲ့ဘူး၊ သူတစ္ဆေမဟုတ်ဘူး၊ ဒါတော့သေချာသွားပါပြီ '

ကင်းတပ်မှူးကြီး ဝေမန္တာ တောင်စဉ်ရေမရတွေတွေးနေမိ၏။

' ငါသေဆုံးခဲ့ပြီလို့ပြောတာ ဘယ်သူလဲ '

' သခင်မ ရူပမာလာပါ၊ သခင်မတို့နှစ်ယောက်ဟာ သမင် နက်ရထားနဲ့ ရေခဲအိုင်ကို အပျော်ဖြတ်မောင်းရင်း ရထားတိမ်းမှောက် သွားခဲ့ပါသတဲ့၊ အဲဒီအခါ သခင်မဟာ ရထားဆွဲ သမင်တစ်ကောင်နဲ့ အတူ ရေခဲအိုင်ထဲကျသွားခဲ့ပါသတဲ့၊ အဲဒီနှစ်ကရေခဲအိုင်ကြီးဟာ နေရာအနှံ့အပြား ထူးထူးခြားခြားရေခဲတွေပျော်နေပါတယ်သခင်မ '

' သေနအရှင်ဟာ ဘာကြောင့် အဂ္ဂဒေဝီ နန္ဒမာလာ သခင်မ ကြီးရဲ့ ဗိမာန်မှာ နှင်းကေသရာ ပြန်အလာကိုသွားစောင့်နေရတာလဲ ဝေမန္တာ '

' နှင်းကေသရာသခင်မလေးဟာ ဟိုးရှေးနှစ်ပေါင်း ထောင် သောင်းတုန်းက အဂ္ဂဒေဝီနန္ဒမာလာ သခင်မကြီးမို့လို့ အခုလို သေဆုံး တော့လဲ မူလခန္ဓာကိုယ်ဖြစ်တဲ့ အဂ္ဂဒေဝီနန္ဒမာလာသခင်မကြီး ရဲ့



ခန္ဓာကိုယ်နဲ့ သွားရောက်ပူးပေါင်းသွားလို့သာ နှင်းကေသရာ သခင်မ လေးရဲ့ အလောင်းကိုရှာမတွေ့တာ ဖြစ်မယ်ဆိုတဲ့ ယုံကြည်ချက် ကြောင့်ပါပဲ သခင်မ '

' အဲဒီယုံကြည်ချက်ကို သေနဦးနှောက်ထဲ ထည့်ပေးလိုက် သူက သေနာပတိ အသိဒယ ဖြစ်မှာပဲပေါ့ '

ကင်းတပ်မှူးကြီး ဝေမန္တာ ခေါင်းငုံ့ပြီးငြိမ်သက်နေ၏။ သူ့အနေနှင့် ခေါင်းမညိတ်ရဲပါ၊ ခေါင်းလည်းမခါရဲပါ။

' ကလဲ့စားချေလိုမှုကြောင့် ငါဟာမောပန်းစွာပြေးလွှားနေခဲ့ရ တယ် ဝေမန္တာ၊ ဒါဟာဘယ်လောက်ကြာသွားတယ်ဆိုတာ သင်ပြောမှ သိရပေတယ်၊ ဪ ... အနှစ်နှစ်ဆယ်တောင်မှ ကြာသွားခဲ့တာပါ လား၊ ကောင်းပြီ ... ကောင်းပြီ ... အဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာ အခုပြန်လာပြီ၊ သင်တို့ မိရှဒန္တကဘယ်လိုဆီးကြိုမလဲကြည့်ရအောင်၊ ကိုင်း ... ဝေမန္တာ ၊ သင်ဘာလုပ်ရမယ်ဆိုတာ သိပြီလား '

' ကျွန်တော်မျိုး လုပ်ရမှာကတော့ သေနအရှင်ထံအချိန်မဆိုင်း အခါမလင့်စေပဲ သတင်းအမြန်ပို့ဖို့ပဲရှိပါတယ်၊ ဒါပေမယ့် သခင်မ အနည်းငယ်မေးမြန်းခွင့်ပြုတော်မူပါ '

' သင့်သံသယတွေကို ငါကောင်းကောင်း ခြေဖျက်နိုင်ပါ တယ်၊ ကောင်းပြီ ဝေမန္တာ၊ မေးပေတော့ '

' ကျွန်တော်မျိုးရဲ့ အစိကတာဝန်ဟာ ကြီးမားပါတယ် သခင်မ မိရှဒန္တပျက်ရင် ကျွန်တော်မျိုးလည်း မြင့်မိုရ်ခါးပန်းက နှင်းခဲ တွေနဲ့အတူ လိမ့်ဆင်းလိုက်ဖို့ပဲရှိပါတော့တယ် '

' မှန်ပေတယ်၊ ငါခွင့်ပြုတယ်၊ သင်ကျေနပ်အောင်မေးပါ '

' သခင်မရဲ့ဖခင်ဟာ ဘယ်သူပါလဲ '

www.burmeseclassic.com

www.burmeseclassic.com



'ပုရောဟိတ် တြိအင်္ဂဖြစ်တယ် '

'သေနာပတိရဲ့ ညာလက်ရုံး အားအကိုးရဆုံးလူဟာ ဘယ်သူ ဖြစ်ပါသလဲ '

'ဒတ္တ၊ ဗိုလ်မင်းဒတ္တ '

'သေနာပတိရဲ့ အရေးအပေးဆုံး မိန်းမကိုသခင်မ သိပါရဲ့လား '

'ဆလာဒေဝီလို့ခေါ်တဲ့ ခါးသေးသေးနဲ့ ကချေသည်ပေါ့၊ ကိုင်း . . . ကိုင်း . . . သင်မေးရတာမောပါတယ်၊ ငါပြောပြမယ်၊ ဆလာ ဒေဝီနဲ့ ဒေဝစ္ဆရာဟာ သေနာပတိရဲ့အချစ်တော်နေရာရဖို့အစွမ်းကုန်ကြိုးစားခဲ့ကြတယ်၊ အဲဒီမှာ ဆလာဒေဝီကရသွားတယ်၊ ဒါဟာငါမသေဆုံးမီကအဖြစ်ပဲ၊ အခုတော့ ပြောင်းလွဲကောင်း၊ပြောင်းလွဲနေပေလိမ့်မယ်၊ သေနာပတိ အသိဒယဟာ အပြောင်းအလွဲကို နှစ်သက်လိုလားသူဖြစ်တယ် '

ကင်းတပ်မှူးကြီး ဝေမန္တာ မငြင်းနိုင်ပါ၊ မှန်ပါသည်။ယနေ့ သေနာပတိကြီး၏ အချစ်တော်မှာ ဒေဝစ္ဆရာ ဖြစ်နေပါလေသည်။

ထို့နောက် . . .

မည်သည့် လူစိမ်းမှမသိနိုင်သော နန်းဆောင်အဝင်လမ်းနှင့် အတွင်းဆောင်များတည်နေရာကို သခင်မသည်အပ်ကျမတ်ကျ ပြောပြပါလေသည်။

သံသယဖြစ်ဖွယ်အကြောင်းမရှိတော့ပါ။

ကင်းတပ်မှူးကြီး ဝေမန္တာ သည်ရှေ့သို့တိုးသွားပြီး သခင်မ အင်္ဂဒေဝီနန္ဒမာလာနှင်းကေသရာ၏ နှင်းပြင်စီး သားရေခြေနင်းရှည်ကြီးကို နဖူးဖြင့်ထိလိုက်မိပါ၏။



'အင်္ဂဒေဝီနန္ဒမာလာနှင်းကေသရာ ပြန်လာပြီဆိုတာ သေနအရှင်ကလွဲလို့ မည်သူမှမသိစေနဲ့ဦး၊ အထူးလျှို့ဝှက်ထားပါ ဝေမန္တာ၊ ကိုင်း . . . ပြန်ပေဦးတော့ '

'သခင်မကို တစ်ယောက်တည်းထားခဲ့ရမှာ ကျွန်တော်မျိုးစိတ်မချပါ၊ ဝိဝေကကိုသခင်မအပါးမှာ ထားခဲ့ပါရစေ '

'ငါ့မှာအခြွေအရံ အစောင့်အရှောက်တွေပါပါတယ်၊ငါ့အတွက်မစိုးရိမ်ပါနဲ့၊ သုံးရက်အတွင်း ထိုက်ထိုက်တန်တန် အကြိုတော်ထောက်လာဖို့ သေနအရှင်ကို လျှောက်ထားလိုက် . . . ကြားလား၊ သုံးရက်ကျော်ရင် အင်္ဂဒေဝီနန္ဒမာလာနှင်းကေသရာ ဟာသူ့နေရာကိုသူ့ဘာသာရောက်အောင်လာခဲ့မယ်လို့ . . . "

'ကောင်းပါပြီ . . . သခင်မ '

* * * * *

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂၀)

သေနာပတိ အာသိဒယ၏ နဖူးကြောကြီးတွေက ထောင်ထလျက်ရှိ၏။

သက်ပြင်းချလိုက်၊လမ်းလျှောက်လိုက်ဖြင့်လည်းရှိ၏၊ သမီးဖြစ်သူ ရူပမာလာ၏မိုက်လုံးကြီးပုံကို ချီးကျူးရမည်လား၊ ရှုံ့ချရမည်လားမပြောတတ်တော့ပါ။

မှန်သည် ...

သင်းမိုက်လွန်း၏၊ သေနထံမှ အချစ်ကို အနှစ် နှစ်ဆယ်ကြာအောင် သင်းမို့စိတ်ရှည်လက်ရှည် စောင့်ဆိုင်းနိုင်စွမ်းရှိ၏။

သေနကလည်း အဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာ ပြန်အလာကို စောင့်ဦးမည်တဲ့၊ အနှစ် နှစ်ဆယ်ပြည့်သို့ ပြန်မလာမှ ရူပမာလာကို လက်ထပ်မင်္ဂလာပြုမတဲ့။

သေန ...

ဒေါမျိုးနွယ်စု၏ ဦးသျှောင်သေန။

မိရှဒန္တရဲ့ အရှင့်သခင်သေန။

သင်းလဲ မိုက်လုံးကြီးဘိ၏။ နန်းဆောင်ကို စွန့်ခွာပြီး မြင့်မိုရ်ချိုင့်ဝှမ်းထဲမှာ အနှစ် နှစ်ဆယ်လုံးလုံးတောတွင်းသားတစ်ယောက်လို နေခဲ့၏။ အဲသည်မှာ အဂ္ဂဒေဝီနန္ဒမာလာသခင်မ၏ သချိုင်းရှိ၏။ သေနသွားရောက်စောင့်နေသည့် အကြောင်းကလည်းရှိနေ၏။ ထူးခြားဆန်းကျယ်သည့် အကြောင်းတစ်ရပ်လည်းဖြစ်ပါသည်။

အဂ္ဂဒေဝီနန္ဒမာလာ ...

ရှေးအတီတေကာလ မိရှဒန္တ၏ ပထမအရှင် မဟာဝီရ၏ ကြင်ယာတော် ၊ တုလွတ်ကင်းသောအလှပိုင်ရှင်ဖြစ်၏။



မဟာဝီရသခင်က ကောက်ယူတော်မမူခင် နန္ဒမာလာသည် ဒေါမျိုးနွယ်စုထဲမှ ကဏ္ဍာလုလင်နှင့်စုံမက်ခဲ့ဘူးသည်။ မဟာဝီရသခင် သိတော်မူ၍ နန္ဒမာလာနှင့်ကဏ္ဍာတို့ဖောက်ပြန်သည်ဟု အထင်တော်လွဲကာ ကွပ်မျက်ခဲ့၏။

လက်လွန်ပြီးမှ နောင်တရ၍ နန္ဒမာလာ၏ သင်္ချိုင်းဗိမာန်ကို သူမတူအောင်စီမံပြုလုပ်ခဲ့လေသည်။ အနှစ် အနည်းငယ်ကြာသော် တောင်မြင့်များဆီသို့ တောလိုက်သွားရင်း လေးသင့်၍ မဟာဝီရအရှင် လွန်တော်မူရ၏။

လွန်ခဲ့သည့် နှစ်ပေါင်း တစ်ထောင့်ခြောက်ရာ လောက်က ဖြစ်၏။

အစဦးတွင် ဒေါမျိုးနွယ်စုများ ဘာသာအယူဝါဒကွဲပြားကာ နှစ်စုကွဲသွားကြ၏။

တစ်စုမှာ မဟာယာနမှရွေ့လျားလာသော မန္တရယာန အယူဝါဒဖြစ်ပြီး ကျန်တစ်စုမှာ ဟီနယာနခေါ် ထေရဝါဒသမားများဖြစ်၏။

ထေရဝါဒကိုအခြေခံသော ဒေါမျိုးနွယ်စုအုပ်ချုပ်ချိန်၌ ထေရဝါဒခေါင်းမော်၏။ မန္တရယာနအုပ်ချုပ်ချိန်တွင် မန္တရယာနအယူ ရှိသောဒေါများဦးမော့လာသည်။

ယခင်အတိတ်ကာလက ဒေါမျိုးနွယ်စုတစ်ခုလုံး မဟာယာန ဗုဒ္ဓဘာသာဝင်များသာဖြစ်ခဲ့ကြသည်။

နောက်တော့ အိန္ဒိယပြည်မြောက်ပိုင်းသား ဟိန္ဒူဗြာဟ္မဏ တစ်ယောက်သည် ယင်း၏ကိုးကွယ်မှုဆိုင်ရာ အယူဝါဒများနှင့်အတူ မိရှဒန္တသို့ရောက်လာလေသည်။

ဝေဒ၊ ဗေဒင်၊ဆေးဝါး၊မန္တရားများနှင့်ယောဂီသမထ ကျင့်စဉ်

www.burmeseclassic.com

www.burmeseclassic.com



များကို ရေးသားစီရင်ထားသည့် ကျမ်းစာများ ...။

ဟိန္ဒူဗြာဟ္မဏဝါဒမူလကိုးကွယ်ရာဖြစ်သည့် သျှိဗား၊ဗိသျှနိုး၊ ဘူမိဒေဝီ၊ မဟာပိန္နဲ စသည့်သဘာဝကို အစိုးရသည့် နတ်များ။

ထိုအရာများက မိရှဒန္တတွင်ပျံ့နှံ့ခဲ့၏။ အစ်ကိုကြီးဖြစ်သည့် ပထမ မဟာဝီရသခင်၏ နန်းဆောင်တွင် ထိုတိုင်းတစ်ပါးသား ဟိန္ဒူဗြာဟ္မဏသည် ပုရောဟိတ်တစ်ဆူဖြစ်ခဲ့သည်။ အယူဝါဒတွင်လည်း ဟိန္ဒူဘာသာလည်းမက မဟာယာနစစ်စစ်လည်း မကျသော ကြား ဘာသာအဖြစ် မန္တရယာနသည် မိရှဒန္တကိုဝါးမျိုတော့သည်။

ဟိန္ဒူဗြာဟ္မဏ ပုရောဟိတ်ကြီးအဂ္ဂရောက်ရှိပြီး သုံးနှစ်အကြာ တွင် အိန္ဒိယတောင်ပိုင်းမှ ရဟန်းတော်တစ်ပါးလည်း ရောက်ရှိလာ သည်။ ရဟန်းတော်သည် ထေရဝါဒကိုလည်းကောင်း၊ အိန္ဒိယ တောင်ပိုင်းသုံးစာပေနှင့် ပါဠိကျမ်းစာများကိုလည်းကောင်း ယူဆောင် လာခဲ့၏။ မဟာယာနပျက်ဖြစ်သည့် မန္တရယာနဝါဒီကို မနှစ်မြို့က် သည့် မူလမဟာယာနများမှာ ထိုရဟန်းတော် ဥပါလိထေရ် အရှင် ရောက်လာသည်နှင့် ထေရဝါဒသို့ ကူးပြောင်းသက်ဝင်သွားကြ လေတော့သည်။ ထိုအထဲတွင် ညီတော်ဒေါ်သခင်လေးလည်း အပါ အဝင်ဖြစ်ခဲ့၏။

ထိုအခါမှစပြီး ဘာသာရေးကိုအစွဲထား၍ မိရှဒန္တသည် နှစ်ခြမ်းကွဲရလေတော့သည်။

တောင်ပိုင်းစရဏနယ်က ထေရဝါဒီ။

မြောက်ပိုင်း နဂရ နယ်က မန္တရယာန။

ဘယ်လိုမှ ညှို၍မရ။

ညီနောင်နှစ်ဦးလည်း သဘောကွဲရကြ၏။



သူ့နယ်ကိုယ့်နယ်ခွဲပစ်ကြ၏။

စရဏနယ်ကို ဒေါ်သခင်လေး။

နဂရနယ်ကို မဟာဝီရသခင်ကြီး။

သို့နှင့် နှစ်ပေါင်းများစွာကြာခဲ့ရ၏။

နဝမမြောက် ဝက်အုပ်စိုးချိန်တွင် ဘာသာရေးစစ်ပွဲဖြစ်ပြန်၏။ ထိုစစ်ပွဲတွင် စရဏနယ်ကို ဦးဆောင်သော သေန အောင်ပွဲခံခဲ့၏။

ဝက်ရှုံးနိမ့်ခြင်းသည်ပင် မန္တရယာနကျဆုံးခန်းပင်ဖြစ်တော့ သည်။

သေနနှင့်အတူ ထေရဝါဒသည်လည်း မိရှဒန္တကို ကြီးစိုးခဲ့၏။ သေနက သူ့ဘိုးဆေးဘီဘင်တွေလိုမဟုတ်၊ ပြတ်သားသည်။ဘာသာ ရေးလွတ်လပ်ခွင့်မပေး။

တစ်ပြည်တစ်ဘာသာစံနစ်ဖြင့် မန္တရယာနတွေကို အငုတ် မကျန်အောင် သုတ်သင်၏။ ဓားမိုးပြီး ဘာသာအယူဝါဒ ပြောင်းစေ ၏။ သေန၏ဓားက ထက်လွန်းသဖြင့် မန္တရယာနအားလုံး ထေရဝါဒ တွေဖြစ်ကုန်၏။

မန္တရယာနဆိုလျှင် စည်းစိမ်ကိုသိမ်း၍ ဇီဝန်ကိုလည်း ရက် ရက်စက်စက် ခြွေတတ်သောသေနအား မန္တရယာနအယူရှိသူများ ပြားပြားဝပ်ကြောက်ရ၏။ ဖိန့်ဖိန့်တုန်အောင်လန့်ရ၏။

ယခုဆိုလျှင် ထေရဝါဒသည် မိရှဒန္တတွင် ထွန်းလင်းတောက် ဆဲဖြစ်၏။

အင်း...သေန...သေန ၊ အယူဝါဒဆိုတာ အမိန့်အာဏာ နဲ့ လွှဲပြောင်းလို့ရတာမဟုတ်ဘူး၊ မန္တရယာနကို အရိုးထဲကစွဲပြီး နှစ်နှစ် ခြိုက်ခြိုက် လက်ခံကိုးကွယ်နေတဲ့လူအချို့ မင်းရဲ့နန်းဆောင်မှာရှိနေပါ

www.burmeseclassic.com



သေးတယ်ဆိုရင် မင်းအံ့သြမလား၊ ဒါပေမယ့် မင်းဘယ်တော့မှ သိရမှာမဟုတ်ပါဘူး ...။

လွန်ခဲ့သည့် အနှစ်ငါးဆယ်ခန့်ကတော့ နန္ဒမာလာသည် ပုရောဟိတ် တိုအဂ္ဂ၏ သမီးအနေဖြင့် ပြန်လည်မွေးဖွားလာခဲ့သည်။ နှင်းကေသရာဟုခေါ်၏။သို့သော် နန္ဒမာလာမှ နန္ဒမာလာပါပဲ၊ချွတ်စွပ်ပါပဲ။

နှင်းကေသရာ အဖြစ် နန္ဒမာလာသခင်မကြီးပြန်လည်မွေးဖွားလာခဲ့ခြင်းကို မည်သူမျှယုံမှားသံသယမရှိခဲ့ကြ။ နန်းဆောင်တွင် အမြတ်တနိုးချိတ်ထားသော နန္ဒမာလာ၏ ပုံတူပန်းချီကားနှင့် တစ်ဆံချည်မလွဲအောင်တူ၏။ သူမကိုယ်သူမ အဂ္ဂဒေဝီနန္ဒမာလာဟုပြော၏။

ထို့ကြောင့် အဂ္ဂဒေဝီနန္ဒမာလာ အမည်တွင်ခဲ့၏။ လက်ရှိအရှင်သေနကိုမြင်မြင်ချင်း ဟိုဘဝများစွာက ကဏ္ဍဖြစ်သည်ဟုဆို၏။နောက်တော့ ...။

သေနနှင့်အဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာတို့ ချစ်ကြိုက်သွားကြ၏။ လက်ထက်မင်္ဂလာပြုမည့်ဆဲဆဲ ရေခဲအိုင်ထဲနစ်မြုပ်၍ အဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာဆုံးပါး၏။အလောင်းကိုပင် ရှာမရပါ။

အဂ္ဂဒေဝီနန္ဒမာလာသည် နှင်းကေသရာ အဖြစ်ပြန်လာခဲ့ဖူးပြီ။

နှင်းကေသရာသည်လည်း အနှစ် နှစ်ဆယ်လွန်မြောက်ပြီးနောက် ပြန်လာလိမ့်မည်ဟု သေန မျှော်လင့်လျက်ရှိ၏။

'အင်း... သေန... သေန၊ ရှုးလဲရှုးပါလေရဲ့၊ အရှုးထိပ်ခေါင်ဘွဲ့သာအပ်နှင်းလိုက်ချင်တော့တယ်၊ အဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာ ဘယ်တော့မှ ပြန်မလာဘူးဆိုတာ ငါကလွဲလို့ဘယ်သူသိနိုင်မလဲ၊



အဲ... နေပါဦး၊ ဘာဖြစ်လို့များ အနှစ်နှစ်ဆယ်ကြာအောင် ငါဟာ သေနကို စောင့်ဆိုင်းနေစေခဲ့မိပါလိမ့်...။ အင်း... ဒါဟာ ဟို အမိုက်မကြောင့်ပဲ၊ မိရှုပကြောင့်ပဲ၊ သင်းအလို လိုက်ခဲ့မိသမျှ အကျိုး တရားရယ်လို့ လက်ဆုပ်လက်ကိုင်ဘာမှလဲ မဆုပ်ကိုင်နိုင်ခဲ့သေးပါ လား၊ အနှစ်နှစ်ဆယ်အတွင်းမှာ နှင်းကေသရာဟာ ပြန်လည်မွေးဖွားလာနိုင်တယ်ဆိုတာ ငါတွေးမိဖို့ကောင်းတာပေါ့ ...။

'အင်း... သင်းဦးခေါင်းထဲ ၊ သေနဦးခေါင်းထဲကို မဟုတ်တဲ့ အတွေးမဖြစ်နိုင်တဲ့အတွေး၊ ဘယ်သူကများ သွင်းပေးသွားပါလိမ့်မလဲ'

သေနပတိ အာသိဒယ၏ အတွေးများကမတည်ငြိမ်ပါ၊ ဟိုရောက်လိုက် သည်ရောက်လိုက်ဖြင့် ယောက်ယက်ခတ်၍နေ၏။

' ဟေး ... သေရည်ဆက်ကြစမ်း '

နောက်ဆုံး စိတ်ရှုပ်ထွေးစွာဖြင့် အော်လိုက်၏။ သေနာပတိ၏ နောက်ဘက်မှ ခန်းဆီးထူကြီး လှုပ်ရှားသွားပြီးနောက် သေရည် တကောင်းနှင့်ရွှေလင်ပန်း ရွှေဖလားကိုင် မိန်းမပျိုတစ်ယောက် ထွက်လာ၏။

' အလို ... ဆလာဒေဝီ '

မိန်းမပျိုက သေရည်တကောင်းကိုပိုက်ပြီး သေနာပတိရှေ့၌ ခေါင်းငုံ့လျက်ရပ်နေသည်။

' သင်ကို ဒတ္တရဲ့အဆောင်ပို့ထားတယ်မဟုတ်လား '

မိန်းမပျိုထံမှ ရှိုက်သံထွက်လာသည်။

' ဒီမှာ ငိုလား ...ဘာလားလုပ်မနေစမ်းနဲ့ မယ်မင်း[illegible] ငါသိပ်စိတ်ရှုပ်နေတယ်၊ ဒေဝဠ္ဍရာကော ...ဒေဝဠ္ဍရာ '

www.burmeseclassic.com

www.burmeseclassic.com



'ဒေဝန္တရာဟာ ဆလာဒေဝီထက် ပိုမလှပါဘူးသခင်'

'သွားစမ်း ... သင့်ကို ဒတ္တ အတွက်ငါပေးထားပြီးပြီ၊ ငါ့ အဆောင်ကိုနောက်မလာခဲ့နဲ့'

'ဗိုလ်မင်း ဒတ္တကလဲ ဆလာဒေဝီကို စိတ်မဝင်စားပါဘူး သခင်၊သူစိတ်ဝင်စားတာက သေနာပတိရဲ့သမီးရူပကိုပါ၊သေနာ ပတိ အသိဒယရဲ့သမီးရူပမာလာကိုပါ'

'ဘာ ...'

သေနာပတိ၏ အသံကြီးက ကျယ်လောင်လွန်းလှသဖြင့် ဆလာဒေဝီသည် သေရည်တကောင်းကို ချ၍ပြေးတော့၏။ တံခါး ပေါက်ဝတွင် တိုက်မိခိုက်မိသံတွေ ကြားရပြီးနောက် တစ်စုံတစ် ယောက်ဝင်လာပြန်လေသည်။

'ဒတ္တ ...'

'မှန်ပါတယ်သေနာပတိ'

'သင်ဘာဖြစ်လို့ ဆလာဒေဝီကို စိတ်မဝင်စားတာလဲ'

ဗိုလ်မင်း ဒတ္တမဖြေ၊ မတုန်မလှုပ်ရပ်နေ၏။ သေနာပတိကို ကြည့်နေသော မျက်လုံးများထဲတွင် အဖြေကရှိနေသည်။

'သူ့ကိုသင့်ကြင်ရာအဖြစ် ပေးတာမှမဟုတ်ပဲ၊ တစ်ခါ တစ်လေ စိတ်အပန်းဖြေဖို့အတွက်လောက်ပဲ၊ ဆလာဒေဝီဟာ အဆိုလဲ ကောင်းတယ်၊ အကလဲတော်တယ်၊ အပြုအစုလဲ လက်သာတယ်၊ ဒါပေမယ့်ငါကအသစ်မှ ကြိုက်တာကလား၊ ဟား ... ဟား ဒါနဲ့ သင်စိတ်ဝင်စားနေတာများရှိသလား"

ဗိုလ်မင်းဒတ္တအကြည့်ကို သေနာပတိ၏မျက်နှာပေါ်မှ ရုပ် သိမ်းလိုက်၏။ ရုတ်တရက်ဖြေ၍မထွက်ပါ



'ပြောလေ ...'

'သည်းခံပါ သေနာပတိ'

'သည်းခံရမယ်ဟုတ်လား၊ ဘာကိုလဲ၊ သင်ဘာကိုဆိုချင် တာလဲ'

'ရူပမာလာ'

စကားလုံးတွေက ဗိုလ်မင်းဒတ္တ၏ လည်ချောင်းထဲသို့ ထိတ် လန့်တကြား ပြန်ပြေးဆင်းသွားကြ၏။ ရူပမာလာဆိုတာ သေန အရှင်နဲ့သာထိုက်တန်သူ မဟုတ်ပါလား။

'ဟား ... ဟား ... ဒတ္တရယ်၊ တယ်ညံ့တာကိုး၊သင်စိတ်ဝင် စားနေတာ ငါ့သမီး မဟုတ်လား၊ ရူပမာလာကို မဟုတ်လား၊ သင်ဘာ ဖြစ်လို့ မကြိုးပမ်းခဲ့သလဲ၊ သင်ယောကျ်ား မဟုတ်ဘူးလား'

ဗိုလ်မင်းဒတ္တ မယုံနိုင်အောင်ဖြစ်သွားရသည်။ သေနာပတိ ၏စကားများက မြှောက်ထိုးပင့်ကော်ဆန်နေ၏။ အကယ်ဆိုလျှင် ရူပမာလာသည် သေနအရှင်နှင့်ရည်စူးထားသည့် ပင်မြင့်စံအဂ္ဂဒေဝီ မဟေသီ မဟုတ်ပါလား။

'ဘာထူးသလဲ'

သေနာပတိက စကားကိုလွှဲလိုက်၏။ ရယ်သွမ်းနေသည့် မျက်နှာကလည်းပြန်လည်တည်ကြည်သွားသည်။

'သေနအရှင်ထံက ခြေမြန်ရောက်လာပါတယ်၊ သူ့မှာသတင်း စကားတွေပါလာပါတယ် သေနပတိ'

'ဘယ်မလဲ ခေါ်လိုက်စမ်း'

ဗိုလ်မင်းဒတ္တ နောက်သို့လှည့်ပြီး လက်ခုတ်တီးလိုက်၏။ အလွန် ခြေဖဝါးဗျက်ကျယ်သော လူတစ်ယောက် ရှိသော[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည်။

' ဆိုစမ်း . . . '

' စေ့စပ်မင်္ဂလာပြုဖို့ နောက်ထပ် ရပ်သတ္တတစ်ပတ်မျှ စောင့်ဆိုင်းစေလိုကြောင်း သေနအရှင်က စကားပါးလိုက်ပါတယ် သေနာပတိ '

' ဘာ . . . နောက်ထပ်တစ်ပတ် '

သေနာပတိက ကျယ်လောင်စွာ ရေရွတ်လိုက်၏။

' စောင့်ရမယ် . . . ဟုတ်စ၊ ဘာကြောင့်စောင့်နေရမှာလဲ၊ ရူပမာလာဟာ ဟိုနှမ်အတော်ကြာစောင့်ဆိုင်းခဲ့ပြီးပြီ မဟုတ်လား၊ နေဦး . . . မဟုတ်သေးဘူး၊ ဒါဟာကံကြမ္မာအပြောင်းအလဲ ဖြစ်နိုင်တယ်၊ စောင့်ဆိုင်းဖို့ ငါသဘောတူသင့်တာပေါ့၊ ဟုတ်ပြီ . . . ငါသဘောတူတယ်၊ ငါ့စိတ်ကူးကို ကောင်းမကောင်း အမကောင်အထည်ဖော်နိုင် တာပဲ၊ အင်း . . . ငါဟာ သမီးရဲ့အလိုပဲလိုက်ရမလား၊ ငါ့အလိုပဲငါလိုက်ရမလား၊ ပြတ်သားဖို့လိုလာပြီ၊ သင်သိပ်ည့်တယ်ဒတ္တ၊ သင့် အတွက်အခွင့်အရေးဟာတစ်ပတ်ပဲကျန်တော့တယ်၊နားလည်လား'

ဗိုလ်မင်းဒတ္တ တုန်လှုပ်သွား၏။

' ဒါဟာ တကယ်ပဲလား၊ သေနာပတိဟာ တကယ်ပဲ ငါ့ကို အခွင့်အရေးပေးနေတာလား၊ တစ်ပတ်တည်းကျန်တော့သတဲ့၊ ဒီတစ်ပတ်နဲ့ ရူပရဲ့အချစ်ကိုရဖို့ဘယ်လိုဖြစ်နိုင်ပါ့မလဲ၊ သေနအရှင်က စေ့စပ်မင်္ဂလာပြုဖို့ စောင့်ဆိုင်းရမယ့်ကာလ အပိုင်းအခြားကို ဒီ့ထက် ကြာကြာဆွဲထားနိုင်ရင်တော့ ငါ့အတွက်အလားအလာ ကောင်းလိမ့် မယ်ထင်တယ်၊ ရူပအချစ်ကိုရဖို့ ငါဟာတစ်ကြိမ်မက တောင်းဆိုခဲ့ဖူးပါရဲ့၊ဒါပေမယ့် . . . ဒါပေမယ့် . . . အို . . . ငါ့အတွက်တစ်ပတ်တည်း

BURMESE CLASSIC



ငါလက်လျှော့လိုက်ရမလား၊ လက်လျှော့လိုက်ရတော့မလား '

' မဖြစ်နိုင်ဟုယူဆသဖြင့်လက်လျှော့ထားခဲ့ပြီးသောကိစ္စ တစ်ရပ်သည် ဗိုလ်မင်းဒတ္တ၏ ဦးနှောက်ကိုလည်းကောင်း၊ အသည်းနှလုံးကိုလည်းကောင်းနှိုးဆွဖိညှစ်လျက်ရှိနေတော့၏။

' အရေးကြီးတဲ့သတင်းစကားတစ်ရပ်လဲ ကျွန်တော်မျိုးယူ ဆောင်လာခဲ့ပါတယ် သေနာပတိ '

' ပြောစမ်း . . . မြန်မြန် '

' သခင်မအဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာ ပြန်လည်ရောက်ရှိ လာသလိုလို သတင်းစကားကြား . . . '

' ဘာ . . . '

သေနာပတိအာသိဒယ အသံကြီးကဟိန်းသွား၏။

' မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး '

ဗိုလ်မင်းဒတ္တင့်ပေးထားသော သေရည်ခွက်ကို စားပွဲထက်သို့ ဆောင့်ချလိုက်သဖြင့် ဖိတ်စင်ကုန်၏။

' ဘယ်လိုမှမဖြစ်နိုင်တဲ့သတင်းပဲ၊ သင်ဘယ်ကကြားခဲ့သလဲ မောင်မင်း '

' သူတို့ ဒီသတင်းကို အထူးလျှို့ဝှက်ထားပါတယ် သေနာ ပတိ၊ ပြောတဲ့လူကတော့ ကင်းတပ်မှူး ဝေမန္တာပါ '

' အင်း . . . ဘယ်လိုတဲ့တုံး . . . ပြောစမ်းပါဦး၊ အဂ္ဂဒေဝီ နန္ဒမာလာနှင်းကေသရာဟာ အုဝဲအရွယ်ပြန်လည်မွေးဖွားလာသတဲ့ လား ဟား . . . ဟား '

' မဟုတ်ပါဘူး သေနာပတိ၊ ကင်းတပ်မှူးကြီး ဝေမန္တာ အပြောကတော့ သခင်မအဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာကို ဝထေတီ

www.burmeseclassic.com

www.burmeseclassic.com



နုဂိုအသွင်နဲ့၊ နုဂိုကိုယ်ခန္ဓာနဲ့တွေ့ခဲ့ရပါသတဲ့ ’

‘ ဟေ . . . ’

သေနာပတိ၏ မျက်လုံးကြီးများက အဆမတန်ပြူးကျယ်သွား၏။ ရုတ်ခြည်းတုန်ယင်လာသော လက်ချောင်းများ၏အဖြစ်ကို ဖုံးကွယ်လိုသဖြင့် သေရည်ခွက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်ရ၏။

‘ ဝေမန္တာကို ငါတွေ့ချင်တယ် ဒတ္တ၊ သင်စီစဉ်စမ်း ’

‘ သင်းက သေနအရှင်ရဲ့လူဆိုတာလည်း သတိပြုပါဦး သေနာပတိ ’

တိတ်ဆိတ်စွာနားထောင်နေသော ဗိုလ်မင်းဒတ္တက သတိပေး၏။

‘ သေနအရှင်နဲ့ဝေမန္တာ တွေ့ပြီးပြီလား ’

‘ မဆုံတွေ့ရသေးပါ သေနာပတိ၊ သေနအရှင်ဟာ အနောက်မြောက်ဘက် တောင်မြင့်တွေပေါ် အမဲလိုက်သွားနေပါတယ်၊ အဲဒီမှာ တစ်ပတ်လောက်ကြာဦးမှာမို့ ကျွန်တော်မျိုးတို့ကို ဒီသတင်းစကားပါးဖို့ လွှတ်လိုက်ခြင်းဖြစ်ပါတယ်၊ အမှန်တော့ သခင်မအဂ္ဂဒေဝီနန္ဒမာလာ နှင်းကေသရာ ပြန်ရောက်လာတဲ့ သတင်းကို ကင်းတပ်မှူးကြီး ဝေမန္တာဆီက ကျွန်တော်မျိုးသိရခြင်း မဟုတ်ပါ။ ကင်းစောင့်ရဲမက် အာဒိဆီက သိခဲ့ရခြင်းသာဖြစ်ပါတယ်၊ အာဒိအပြောကတော့ သခင်မအဂ္ဂဒေဝီ နန္ဒမာလာနှင်းကေသရာရဲ့ တစ္ဆေပါတဲ့ ’

‘ အို . . . သျှီဗား ၊ ဘယ်လိုတွေဘာလိမ့် ’

သေနာပတိညည်းတွားလိုက်မိ၏။ လက်ဝါးနှစ်ဘက်ကို တင်းကျပ်စွာဆုပ်ညှစ်၍ နဖူးဖြင့်ထိထောက်ထားရင်း အတော်ကြာ



အောင် ငြိမ်သက်နေ၏။

‘ ကောင်းပြီ . . . မောင်မင်း၊ သင်အနောက်မြောက်ဘက်က တောင်မြင့်တွေပေါ်ကိုလိုက်သွားပြီး သေနအရှင်အတွက် သတင်းတစ်ခု ဆောင်ယူပို့ပေးစမ်း၊ ကတ္တီပါအနက်ရောင် အမွေးရှည်တွေနဲ့ အင်မတန် ထွားကျိုင်းတဲ့ သမင်နက်အုပ်ကြီးတစ်အုပ်ဟာ တိဗက်တောင်တန်းတွေဖက်တက်ရောက်သွားတာ မြင့်ကြောင်း သတင်းပဲ။ နားလည်လား၊ တွေ့မြင်တဲ့လူက ဗိုလ်မင်းဒတ္တ၊ သတင်းအပို့ခိုင်းတဲ့လူက သေနာပတိလို့ပြောလိုက်၊ ဒီသတင်းသာရရင် သေနအရှင်ဟာ ရူပမာလာနဲ့စေ့စပ်မင်္ဂလာပွဲကို မုချထပ်မံရက်ရွှေ့ဆိုင်းပြီး သမင်နက်အုပ်နောက်လိုက်လိမ့်မယ်၊ ဝေမန္တာနဲ့ တွေ့ဆုံဖို့ရက်ဟာလဲ ဝေးကွာသွားလိမ့်မယ်၊ ကိုင်း . . . သွားလေတော့ . . . ’

ခြေမြန်တော်ဆက်သားသည် ဗိုလ်မင်းဒတ္တ နှင့် သေနာပတိကို အရိုအသေပြုပြီး ပြန်လည်ထွက်ခွာသွား၏။

‘ ဒတ္တ ၊ သင်က အဂ္ဂဒေဝီနန္ဒမာလာ သခင်မကြီးရဲ့ ဗိမာန်ကို သွားပြီး အခြေအနေကိုလေ့လာရမယ်၊ တပ်မှူး ဝေမန္တာနဲ့တွေ့ဆုံပြီး သတင်းစကားရသရွေ့ နှိုက်ခဲ့၊ ကိုင်း... သင်လဲသွားတော့၊ သင့်အတွက် ရက်တွေတိုးလာပြီ နားလည်ရဲ့လား ’

လှုပ်ရှားလာရပြန်သော စိတ်ကိုငြိမ်သက်အောင်ထိန်းသိမ်းရင်းက ဗိုလ်မင်းဒတ္တသည် သေနာပတိအား အရိုအသေပေး၍ ခန်းဆောင်ထဲမှထွက်ခဲ့လေသည်။

အပေါက်ဝမှအထွက်တွင် ကြော့ကြော့မော့မော့ လျှောက်လာနေသော ရူပမာလာနှင့် မျက်နှာချင်းဆိုင်မိကြ၏။ ဗိုလ်မင်းဒတ္တ၏ မျက်လုံးများ တဖျတ်ဖျတ် အရောင်တောက်လာ၏။ အပေါက်ဝကို

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကြီးဖြင့်ပိတ်ပြီး ကာဆီးထားလိုက်သည်။

'ဘာလုပ်တာလဲ ဒတ္တ'

'ပြောစရာရှိလို့ပါ ရူပရယ်'

'ဘာ ...အပ်ကြောင်းထပ်ဦးမလို့လဲ'

'နှင်းကေသရာ ပြန်ရောက်လာပြီတဲ့'

'ဘာ ...ဘာ ...သင် ...ဘာပြောလိုက်တယ်'

ဗိုလ်မင်းဒတ္တက နောက်တစ်ကြိမ်ထပ်ပြော၏။ ရူပမာလာ၏ မျက်နှာတွင်သွေးဆုတ်သွားတော့၏။

'အို ...မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး၊ သူဘယ်တော့မှပြန်မလာဘူး ...ပြန်မလာဘူး'

သွေးရူးသွေးတန်းဖြင့်အော်ရင်း ရူပမာလာသည် ဗိုလ်မင်းဒတ္တ၏ကိုယ်ကြီးအား အင်နှင့်အားနှင့် တွန်းတိုက်၍ ပြေးဝင်သွားတော့၏။

ဗိုလ်မင်းဒတ္တ ချာခနဲလှည့်ထွက်ခဲ့သည်။

သူကတော့ အဂ္ဂဒေဝီနန္ဒမာလာနှင်းကေသရာ ပြန်လာစေချင်ပါ၏။ သို့မှသာအားလုံး လူမှန်နေရာမှန် ပြန်ရောက်သွားမည်ဖြစ်ပါ၏။

ခုတော့ .....။ ။

* * * * *

BURMESE CLASSIC

www.burmeseclassic.com